
www.burmeseclassic.com



BURMESE CLASSIC

# အသုတ်မထောင်

မောင်ပေါ်ထွန်း

# UP AT THE VILLA

W. SOMERSET MAUGHAM

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [၄၉၃]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၆၄၁]

ပထမအကြိမ်

၁၉၈၅ ခု၊ နိုဝင်ဘာလ

မျက်နှာဖုံး ပန်းချီ စံတိုး
မျက်နှာဖုံးရိုက် သိန်းမြင့်ဝင်း
အုပ်ချုပ် တထောင့်နှစ်ရာ
တန်ဖိုး နှစ်ဆယ်ကျပ်

ပုံနှိပ်သူ ဒေါ်ခင်ရီ[၀၂၅၀၅]၊ နေရီရီ ပုံနှိပ်တိုက်
၂က၊ အနောက်လမ်း၊ သခင်မြပန်းခြံအနီး၊ ရန်

ထုတ်ဝေသူ ဒေါ်မြင်းရှင်[၀၁၇၉၁] ၊မေယု စာပေ
၃၄၉၊ ၈ လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပ

မောင်ပေါ်ထွန်း

# UP AT THE VILLA

W. Somerset Maugham

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အခြား စာအုပ်များ

စာအုပ်ဟူသည်
စာနယ်ဇင်းဟူသည်
နိုင်ငံမြစ်ဝှမ်းမှ တော်လှန်ရေး
ကျွန်မချစ်တဲ့ ဆူကာနို
ပက်တီဟာဘ်စ် နှင့် အက်စ်အယ်အေဂိုက်း
'ပင်တဂွန်
ယက်ဇ်တူရှင်ကို သို့မဟုတ် တိုက်ပွဲဝင်ကဗျာဆရာ
မောင့်အက်တန် နှင့် အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲ
ဂျွင်ဂျုန်း သို့မဟုတ် သေမင်းတမန်
မျိုးဆက်သွေး
မြစ်ကြောင်းရယ် ကုန်စင်
ကျေးရွာ ကျေးကြောင်း
သေမြေး ရှင်မြေး
ကြိုကြိုးစည်ရာ
ပိပိရိရိ
မဒမ်ဂျုနက်အကြောင်း
ကမ္ဘာ့ဝရန်
အနိုင်မခံ
ချစ်ဆိပ်ရည်
ရေမြေခြားသော်လည်း
တောင်ကြီးဖဝါးအောက်

## ၁

စံအိမ်ကြီးသည် ကုန်းမြင့်ပေါ်တွင် တည်ရှိသည်။ အိမ်ရှေ့ လသာဆောင်မှ ကြည့်လိုက်လျှင် ဗလောရင့်မြို့၏ အံ့ဖွယ်လှပသော ရှုခင်းကို အပေါ်စီး မြင်နေရသည်။

အိမ်နောက်ဘက်တွင် ဥယျာဉ်ဟောင်းကြီးတခု ရှိသည်။ ရောင်စုံ ပန်းပင်များ၊ တညီတညာ ဖြတ်ထားသော သစ်ပင်များ၊ စည်းရိုးခတ်ထားသော မြေစိုက်ပန်းအိုးများ၊ မြက်ခင်းလမ်းများနှင့် အတုဖန်တီးထားသောလိုက်ဂူများက ဥယျာဉ်ကြီး၏ အလှကို ဖြည့်စွက်ပေးနေကြသည်။ လိုက်ဂူနှင့်ဆက်ထားသောရေကတော့မှ အေးမြ ကြည်လင်သည့်ငွေရောင် ရေမျှင်တန်းများ တလှင့်လှင့် တဖွားဖွား ပန်းထွက်နေကြသည်။

စံအိမ်ကြီးမှာ ရှေးဟောင်းအိမ်ကြီး ဖြစ်သည်။ ဗလောရင့်မြို့သား သူကောင်းမျိုးတဦးက ဆယ့်ခြောက်ရာစုတွင် ဆောက်လုပ်ခဲ့သည်။ နောင်အခါတွင် ထို ပတ္တိုလ်ကြီး၏အမွေခံမျိုးဆက်များမှာ စီးပွားဆုတ်ယုတ်

www.burmeseclassic.com

www.burmeseclassic.com



လာသောကြောင့် ထိုအိမ်ကြီးကို အင်္ဂလိပ်လူမျိုး မိသားစုတစုအား လက်ပြောင်း ရောင်းချခဲ့ကြသည်။ ထိုမိသားစုမှ တဆင့် မေရီပင်တန်က အချိန်ကာလ အကန့်အသတ်ဖြင့် ငှားရမ်းနေထိုင်ခဲ့ခြင်း ဖြစ်သည်။

အိမ်ခန်းများက ကျယ်ကျယ်ဝန်းဝန်းနှင့် ခမ်းခမ်းနားနား ရှိသည်။ သို့ရာတွင် အိမ်ကြီးမှာ အလွန်အမင်း ကြီးလှသည် မဟုတ်သောကြောင့် အိမ်ရှင်များ ထားခဲ့သော အိမ်ဖော် သုံးယောက်၏ အကူအညီဖြင့် မေရီက နိုင်နိုင်နင်းနင်း စီမံ ခန့်ခွဲနိုင်သည်။ ကျယ်ဝန်းသော အိမ်ခန်းများနှင့်စာလျှင် အိမ်ထောင် ပရိဘောဂများ ပြည့်ပြည့်စုံစုံ မရှိလှသော်လည်း ရှိသမျှမှာ အကောင်းစား ရှေးဟောင်းလက်ရာများ ဖြစ်၍ ခမ်းနားပြီး ကျက်သရေရှိသည်။ တအိမ်လုံးတွင် ပိုက်သွယ် ရေပူလေပူပေးစနစ် တပ်ဆင်ထားခြင်း မရှိသောကြောင့် မေရီရောက်လာသော မတ်လကုန်ခါနီးအချိန်တွင် ခိုက်ခိုက်တုန်အောင် ချမ်းအေးနေဆဲ ရှိသေးသည်။ သို့သော် အိမ်ရှင် လီယိုနတ်တို့က ရေပူရေချိုးခန်းများ အလုံအလောက် တပ်ဆင်ပေး၍ အဆင်ပြေသွားသည်။ အိမ်ကြီးမှာလည်း ကျယ်ကျယ်သာသာနှင့် နေချင့်စဖွယ် ဖြစ်လာသည်။

ယခုအခါ ဇွန်လထဲသို့ ရောက်လာခဲ့ပြီ။

မေရီသည် အပြင်မထွက်သော နေ့များတွင် လသာဆောင်သို့ ထွက်ကာ ဖလော်ရင့်မြို့၏ အမိုးခုံးများနှင့်



ဂုံလစ်မွမ်းချွန် ရှုခင်းများကို ကြည့်ယင်းဖြင့် လည်းကောင်း၊ နောက်ဖေး ဥယျာဉ်ထဲတွင် နားနားနေနေ အချိန်ဖြုန်းယင်းဖြင့် လည်းကောင်း တနေ့တာကို ကုန်လွန်စေသည်။

သူသည် ဤအိမ်ကြီးသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပထမ ရက်သတ္တပတ်များတွင် သာယာသော ရှုခင်းများကို လိုက်လံကြည့်ရှုယင်းဖြင့် အချိန်ဖြုန်းခဲ့သည်။ ဆယ့်သုံးရာစုခေတ် 'ဘာဂျယ်လို' နန်းတော်နှင့် ဆယ့်ခြောက်ရာစုခေတ် 'ဥဖိဇီ' နန်းတော်များကို သွားရောက်ကြည့်ရှုခဲ့သည်။ သမိုင်းဝင် ရှေးဟောင်း ဘုရားရှိခိုးကျောင်းများသို့ သွားလည်ခဲ့သည်။ လမ်းအို လမ်းဟောင်းများထဲတွင် တယောက်တည်း အေးအေးလူလူ လျှောက်သွားနေခဲ့သည်။

သို့သော် ယခုအချိန်တွင်တော့ အသိမိတ်ဆွေများနှင့် နေ့လယ်စာ သို့မဟုတ် ညစာစားရန်မှတပါး မြို့ထဲသို့ သိပ်မထွက်ဖြစ်တော့။ ဥယျာဉ်ထဲတွင် လမ်းလျှောက်ခြင်းနှင့် စာဖတ်ခြင်းတို့ကိုသာ ပို၍ ခုံမင် နေတော့သည်။ ပျင်းပျင်းရှိလာ၍ အပြင် ထွက်ချင်လျှင်လည်း ဖီယက်ကားလေးကို ကိုယ်တိုင်မောင်းကာ မြို့ပြင်ရှုခင်းများကိုသာ လှည့်လည်ကြည့်ရှုတတ်လေသည်။ သူ့စိတ်ထဲတွင် တပ်စကင်နီ နယ်မြေ၏ ရှုခင်းလောက် ဘယ်ရှုခင်းကမျှ မလှဟုထင်မိသည်။ သစ်ပင်ပန်းမန်များ ပွင့်ဖူး ဝေဆာချိန်၊ ပေါ်ပလာပင်များ ရွက်သစ်လဲ့ချိန်၊

www.burmeseclassic.com

www.burmeseclassic.com



သံလွင်ပင်များ ပုရစ်ဖူး ထွက်ချိန်တွင် တပ်စကင်နီ နယ်မြေ၏ တောတောင် သဘာဝရှုခင်းသည် အလွန်ပင်သာယာလှပသည်။ မေရီသည် လှပသော ရှုခင်းကိုကြည့်ကာ ဘယ်တုန်းကမျှ မခံစားခဲ့ရဖူးသော စိတ်ရွှင်လန်း ပေါ့ပါးမှုကို အမှတ်သညာထင် ခံစားရသည်။

မေရီ၏ ခင်ပွန်းမှာ လွန်ခဲ့သောနှစ်က ကွယ်လွန်သွားခဲ့သည်။ ယင်းနောက်ပိုင်းတွင် အမွေဆက်ခံရေးကိစ္စနှင့် ပတ်သက်၍ ရှေ့နေများ၏ ဆင့်ခေါ်ခြင်း၊ စစ်ဆေး မေးမြန်းခြင်းများကို အကြိမ်ကြိမ်ခံခဲ့ရသည်။ ထိုကာလအတွင်း ဖလောရင့် မြို့ပြင်ရှိ ကုန်းမြင့်ပေါ်မှ အိမ်ကြီးကို ငှားရမ်းမည် ဖြစ်ကြောင်း လီယိုနတ်တို့ လင်မယားက စကားကမ်းလှမ်းလာသောအခါ မေရီက ဝမ်းမြောက် ဝမ်းသာ လက်ခံခဲ့သည်။ ဤအိမ်ကြီးတွင် စိတ်ပြေလက်ပျောက် အေးအေးလူလူ နေထိုင်ကာ မိမိ၏ အနာဂတ်ဘဝ အဆင်ပြေရေးအတွက် ဘာလုပ်ရမည် ဆိုသည်ကို ခေါင်းအေးအေးဖြင့် စဉ်းစား ဆုံးဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။ အိမ်ထောင်သက် ရှစ်နှစ်ကာလအတွင်း ငွေကို ရေလိုသုံးကာ လိုတရ ဘဝဖြင့် မတောင့်မတ မကြောင့်မကြ နေခဲ့ရငြားသော်လည်း ပျော်ရွှင် ချမ်းမြေ့သော အိမ်ထောင်သည် ဘဝကိုတော့ မရခဲ့ရှာ။ ယခု အသက် သုံးဆယ် အရွယ်တွင် မုဆိုးမဘဝသို့ ရောက်ခဲ့ရသည်။ သို့သော် သူ့အနေဖြင့် ငွေရေးကြေးရေး ကိစ္စ အတွက်



တော့ ပူပင်စရာမရှိ။ လက်ဝတ်လက်စား အတွင်းပစ္စည်းများ အထိုက်အလျောက် ရှိသေးသည်။ ထို့ပြင် နှစ်စဉ်ဝင်ငွေကလည်း မနည်းလှ။ အိမ်ထောင်ရှင်မ ဘဝတုန်းကကဲ့သို့ လက်မဖွာပဲ စည်းနှင့် ကမ်းနှင့် သုံးစွဲသွားမည် ဆိုလျှင်တော့ သူ့အဖို့ တသက်တာ အတွက် ကောင်းကောင်းကြီး ဖူလုံပါသေးသည်။ ပေးစရာရှိသော ကြွေးမြီများကို အပြေအလည် ပေးဆပ်ပြီးလျှင် သူ့လက်ထဲတွင် ကြေးပြားတပြားပင် ကျန်တော့မည် မဟုတ်ဟူ၍ ရှေ့နေများက ပြောပြစဉ်ကမူ သူ့အနေဖြင့် အတော်ကလေး ရင်လေးနေခဲ့ရသည်။ ယခုအချိန်တွင်တော့ ငွေရေးကြေးရေး ကိစ္စအတွက် လုံးဝပူပင်စရာ မရှိတော့။ မိမိ၏အနာဂတ်ဘဝ အဆင်ပြေရေးအတွက် ခေါင်းအေးအေးထား၍ စီမံကိန်း ချရန်သာ လိုတော့သည်။

ယခု သူ ဖလောရင့်မြို့သို့ ပြောင်းရွှေ့လာခဲ့သည်မှာ နှစ်လခွဲပင် ရှိခဲ့ပြီ။ ယခုအခါ သူ့အနေဖြင့် ဘယ်ကိစ္စကို မဆို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ပြီဟုလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားပြီ။

သူ အင်္ဂလန်နိုင်ငံမှထွက်ခွာလာခါနီးတွင်ဖခင်သဖွယ် ဦးလေးသဖွယ် ခင်မင် လေးစားသော ရှေ့နေကြီးတဦးက သူ့လက်ကို အသာပုတ်ကာ ကြင်နာမှု အပြည့်ဖြင့် စကားတခွန်း ပြောလိုက်သည်။

www.burmeseclassic.com



'ဒီအချိန်မှာတော့ ကိုယ့် ကိုယ် ကိုယ် ကျန်းမာအောင် အားမာန် ရှိလာအောင် နေဖို့ကလွဲပြီး ဘာမှ ပူစရာ ပင်စရာ မရှိတော့ပါဘူး တူမရယ်၊ မင်းရဲ့ ရုပ်ရည်နဲ့ ပတ်သက်လို့တော့ ဒီအနေနဲ့ ဘာမှပြောစရာ မလိုပါဘူး၊ မင်းက အရွယ်လဲ ရှိသေးတယ်၊ ချောလဲ အလွန် ချောတယ်၊ မင်း နောက်ထပ် အိမ်ထောင်ပြုဦးမယ်ဆိုတာ ငါ လုံးဝ သံသယ မရှိဘူး၊ ဒါပေမယ့် တခုတော့ စေတနာနဲ့ သတိပေးချင်တယ်၊ နောက်တကြိမ် အိမ်ထောင် ပြုမယ်ဆိုယင် အချစ်အတွက် မပြုပါနဲ့၊ အမှားကြီး မှားလိမ့်မယ်၊ အဲဒီတော့ မိမိဂုဏ်သိက္ခာ ရှိဖို့အတွက် ဘဝကြင်ဖော်ကောင်း ရဖို့အတွက်ကိုသာ အဓိကထားပြီး အိမ်ထောင်ဘက် ရွေးပါ တူမ'

မေရီသည် ထိုစဉ်က ရှေ့နေကြီး၏စကားကို ရယ်ပစ်ခဲ့သည်။ သူက 'အိမ်ထောင်ရေး' ဆိုသော စကားကို မကြားချင်တော့။ အိမ်ထောင်ရေး၏ ခါးသီးသော အတွေ့အကြုံကို သူ ရှစ်နှစ်လုံးလုံးခံစားသိရှိခဲ့ရပြီ။တခါ သေဖူး ပျဉ်ဖိုး နားလည်ခဲ့ပြီ။ သူ့အနေဖြင့် ဘဝ 'အကျဉ်းထောင်' ထဲသို့ နောက်ထပ်တဖန်ပြန်ဝင်လိုစိတ် လုံးဝ မရှိတော့။

သို့သော် အဖြစ်က ဆန်းတော့ တော်တော်ဆန်းသည်။ 'ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာ



လည်း ဖြစ်ရတာ' ဆိုသော လောက သဘာဝသည် မှန်ကန်လှသည်။

ယခုပင် ကြည့်ပါတော့။

အတွေ့အကြုံ ရင့်ကျက်သော ရှေ့နေအိုကြီးက ဆင်ခြင်တုံတရား ပြည့်စုံစွာဖြင့် ပြောလိုက်သော အိမ်ထောင်ရေးကိစ္စကို ယခု လောလောဆယ်တွင် မေရီက မစဉ်းစားချင်ပဲ စဉ်းစားနေရပြီ။ စဉ်းစားနေရရုံသာမက ယနေ့ညနေတွင်ပင် ဖြူသည် မည်းသည် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချရတော့မည့် အခြေအနေနှင့် ပက်ပင်းတိုးနေရပြီ။

ဆာအဂ္ဂါဆွစ်က လွန်ခဲ့သော ဆယ့်ငါး မိနစ်ခန့်ကလေးကမှ မေရီထံသို့ ဖုန်းဆက်ခဲ့သည်။

သူသည် အရေးပေါ်ကိစ္စဖြင့် လော့ဒ်ဆီးဖဲယားနှင့် တွေ့ဆုံရန် ကိန်းမြို့သို့ ချက်ချင်း 'သွားရောက်ရမည် ဖြစ်ကြောင်း၊ သို့သော် ကိန်းမြို့သို့ မသွားမီ မေရီနှင့် ဝင်တွေ့သွားလိုကြောင်း....။

လော့ဒ်ဆီးဖဲယားမှာ အိန္ဒိယပြည်ဆိုင်ရာအတွင်းဝန် ဖြစ်သည်။ သူ့ထံမှ အရေးပေါ် ချက်ချင်း ဆင့်ခေါ်ခြင်းမှာ ကေန္တ ဆာအဂ္ဂါဆွစ်အား အရေးပါသော တာဝန်တခုခု ပေးလိုသောကြောင့်သာ ဖြစ်ရမည်။ ဆာအဂ္ဂါဆွစ်က ဤအချက်ကို အကြွင်းမဲ့ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းရာထူးကိုလည်း အလွန်အမင်း လိုချင်နေ
သည်။

ဆာအဂ္ဂါဆွစ်သည် မေရီ၏ ဖခင်ကဲ့သို့ပင် အိန္ဒိယ
ပင်ရှိညာဥ်ခံ ဝန်ထမ်း (အိုင်စီအက်) တဦး ဖြစ်သည်။
အမှုထမ်းကောင်း ဘွဲ့တံဆိပ် (ကေစီအက်အိုင်) ဖြင့်
ချီးမြှင့်ခံရသူလည်း ဖြစ်သည်။ သူသည် အိန္ဒိယနိုင်ငံ
တွင် အနောက်မြောက် ပြည်နယ်များဆိုင်ရာ ဘုရင်ခံ
အဖြစ် ၄ ါးနှစ်တိတိ ထမ်းဆောင်ခဲ့သည်။ ထိုကာလ
အတွင်း ငြိမ်မသက်ဖြစ်နေသော ပြည်နယ်များကို
ငြိမ်ဝပ်အေးချမ်းအောင် ထူးချွန်စွာ အုပ်ချုပ်နိုင်ခဲ့
သည်။ အိန္ဒိယနိုင်ငံရှိ အိုင်စီအက် အမှုထမ်းများအနက်
အတော်ဆုံး ပုဂ္ဂိုလ်တဦး အဖြစ်ဖြင့် သူ၏ အမှုထမ်း
သက် ကာလကို အောင်မြင်စွာ ပြီးဆုံးစေခဲ့သည်။
သူသည် စွမ်းရည်ပြည့်ဝသော အုပ်ချုပ်ရေး အရာရှိ
ကောင်းတဦး ဖြစ်သည်။ သူက ခေါင်းမာသည်။
သို့သော် နည်းပရိယာယ် ကြွယ်သည်။ အာဏာရှင်
ဆန်သည်။ သို့သော် ရက်ရောသည်။ သူ့ဘက် ကိုယ့်
ဘက် မျှမျှတတ ကြည့်တတ်သည်။ ထို့ကြောင့်လည်း
ဟိန္ဒူနှင့် မွတ်ဆလင်လူမျိုးများက သူ့ကို ယုံကြည်
ကြသည်။ အားကိုးကြသည်။

မေရီသည် ဆာအဂ္ဂါဆွစ်အား ကလေးဘဝကပင်
သိကျွမ်းခင်မင်ခဲ့သည်။ မေရီ၏ဖခင် ငယ်ငယ်ရွယ်ရွယ်



နှင့် ကွယ်လွန်သွားသောအခါ မေရီတို့သားအမိသည်
အိန္ဒိယနိုင်ငံတွင် ဆက်မနေတော့ပဲ အင်္ဂလန်နိုင်ငံသို့
ပြန်လာခဲ့ကြသည်။ ဆာအဂ္ဂါမှာ ခွင့်နှင့် ပြန်လာသော
အခါတိုင်း မေရီတို့အိမ်တွင်သာ အမြဲတမ်း တည်းခို
လေ့ ရှိသည်။

ထိုစဉ်က မေရီမှာ ကလေးအရွယ်သာ ရှိသေး
သည်။ ဆာအဂ္ဂါက မေရီကလေးအား ရုပ်သေးပွဲ
များ၊ ဆပ်ကပ်ပွဲများသို့ ခေါ်သွားသည်။ မေရီ
ဆယ်ကျော်သက်အရွယ် ရောက်လာသောအခါ ဆာ
အဂ္ဂါနှင့်အတူ ရုပ်ရှင်ကြည့်ကြသည်။ ပြဇာတ် သွား
ကြသည်။ ဆာအဂ္ဂါကမေရီထံသို့ မွေးနေ့လက်ဆောင်
များနှင့် ခရစ္စမတ် လက်ဆောင်များ အမြဲဘမ်းပို့ပေး
သည်။

မေရီ အသက် ဆယ့်ကိုးနှစ် အရွယ် ရောက်တော့
မိခင်ဖြစ်သူက ပြောသည်။

'မေမေသာ သမီးနေရာမှာ ရှိယင်တော့ အဂ္ဂါနဲ့
ပတ်သက်လို့ သိပ်ပြီး အတွေးခေါင်နေမှာ မဟုတ်ဘူး၊
သမီးတော့ သတိထားမိမလား မထားမိဘူးလား
မသိဘူး၊ မေမေကတော့ သမီးကို အဂ္ဂါက ချစ်နေပြီ
ထင်တာပဲ သမီး'

မေရီက ရယ်ပစ်လိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'သူက အဘိုးကြီးပါ မေမေ'

'အဘိုး မကြီးသေးပါဘူး၊ သူ့အသက်က အခုမှ လေးဆယ့်သုံးနှစ်ပဲ ရှိပါသေးတယ်'

မေမေ့အသံက ခပ်ပြတ်ပြတ်။

သို့သော်လည်း မေရီက မေမေ့စကားကို နားမထောင်။ နောက်နှစ်နှစ် အကြာတွင် သူချစ်သော မက်သယူးပင်တန်နှင့် လက်ထပ်လိုက်သည်။ အဂ္ဂါက မေရီအတွက် မင်္ဂလာ လက်ဆောင်အဖြစ် အိန္ဒိယမှ အဖိုးတန် မြကျောက်များပင် ပေးပို့လိုက်သေးသည်။

နောက်ပိုင်းတွင် မေရီတို့လင်မယား အိမ်ထောင်ရေး မပြေလည်ကြောင်း သိရသော အခါတွင်လည်း အဂ္ဂါက စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ ကြင်နာနှစ်သိမ့်စကားတွေ ပြောခဲ့သည်။

အိန္ဒိယနိုင်ငံတွင် အမှုထမ်းကာလ ပြီးဆုံးသောအခါ ဆာအဂ္ဂါသည် အင်္ဂလန်နိုင်ငံသို့ ပြန်လာခဲ့သည်။ မေရီ့အကြောင်းကို စုံစမ်းကြည့်သောအခါ အီတလီနိုင်ငံ ဖလောရင့်မြို့သို့ ပြောင်းသွားပြီဟု သိရသည်။ သည်ကြားထဲတွင်သူက မေရီထံသို့ ကြိုးကြားကြိုးကြား လာရောက်လည်ပတ်လေ့ ရှိသည်။ အစတော့ တရက်နှစ်ရက်.... နောက်တော့ တဖြည်းဖြည်းနှင့် တပတ်နှစ်ပတ်အထိ နေလာသည်။ သည်တော့မှ အဂ္ဂါသည်



မိမိအား လက်ထပ်ခွင့် တောင်းရန် အချိန်ကို စောင့်ဆိုင်းနေကြောင်း မေရီ သဘောပေါက်မိတော့သည်။

သူ ငါ့ကို ချစ်နေတာ ဘယ်လောက်များ ကြာပြီလဲ။ ဘယ်တုန်းကများစပြီး ချစ်ခဲ့တာပါလိမ့်။

မေရီသည် အတိတ်ကို ပြန်တွေးကြည့်သည်။ သူဆယ့်ငါးနှစ် သမီးအရွယ်ကတည်းကပင် ဖြစ်ကြောင်း ဖြစ်လိမ့်မည်ဟု ထင်မိသည်။ ထိုစဉ်က အဂ္ဂါသည် အိန္ဒိယနိုင်ငံမှ ခွင့်နှင့် ပြန်လာသည်။ ထိုအချိန်တွင် မေရီမှာ သူ မျှော်လင့်ထားသလို ကလေးတယောက် မဟုတ်တော့၊ အပျိုဖော်ဝင်စ ဆယ်ကျော်သက်ရွယ် မိန်းမချောလေးတယောက် ဖြစ်နေပြီ။

တွေးကြည့်လိုက်လျှင် သူ့အချစ်နှင့်သူ့သစ္စာတရားကို လေးစားစရာတော့ ကောင်းလှပါ၏။

သို့သော် အသက်က စကားပြောသည်။ အသက်အရွယ်က ကွာဟလွန်းလှသည်။

ဟိုတုန်းက မေရီမှာ ဆယ့်ကိုးနှစ်။ အဂ္ဂါက လေးဆယ့်သုံးနှစ်။ ယခုကျတော့ မေရီက သုံးဆယ်။ အဂ္ဂါက ငါးဆယ့်လေး။ နှစ်ဆယ့်လေးနှစ် ကြီးတောင်ကွာနေသည်။

သို့သော် တဘက်မှ ကြည့်လိုက်ပြန်တော့လည်း ဆာအဂ္ဂါမှာ သာမန် အိုင်စီအက် တယောက်မဟုတ်။ နိုင်ငံသိ ထင်ရှားသော ပုဂ္ဂိုလ်ကြီးတယောက်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်လည်း ရာထူးတွေ တဆင့်ပြီးတဆင့် တက်နိုင်သေးသည့် ပုဂ္ဂိုလ်ကြီး တယောက်။ လောလောဆယ်တွင် မေရီမှာ မိခင်ကြီးကလည်း ကွယ်လွန်သွားခဲ့ပြီ။ သွေးနီးသော ဆွေမျိုးသားချင်း ဆို၍လည်း အားကိုးစရာ တယောက်မျှ မရှိတော့။ သူ့အဖို့ လောလောဆယ်တွင် အရင်းနှီးဆုံး မိတ်ဆွေဆို၍ ဆာအင်္ဂါမှတပါး တခြားမည်သူမျှ မရှိတော့။ သူ ခင်မင်လေးစားသူ ဆို၍လည်း ဆာအင်္ဂါမှတပါး ဘယ်သူမှ မရှိတော့။

ငါ့ကို စဉ်းစားချိန်ပေးယင် သိပ်ကောင်းမှာပဲ။ ဒါမှ ငါ့အနေနဲ့ ကိုယ့်စိတ်ကို ကိုယ် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်မှာဟု မေရီက တွေးမိသည်။

သို့သော် မကြာမီ အချိန်ပိုင်းအတွင်း ဆာအင်္ဂါ ရောက်လာတော့မည်။

သူ့ကို ဘယ်နေရာတွင် တွေ့ဆုံ ဧည့်ခံရပါမည်နည်း။ ဧည့်ခန်းကြီးထဲ တွင်ပင် ဧည့်ခံရမည်လား။ ဧည့်ခန်းကြီးထဲမှာက ဆယ့်ငါးရာစုနာမည်ကျော်လူငယ်ပန်းချီဆရာ ဂါလန်ဒါယို၏ နံရံကပ်ပန်းချီကားများ၊ ရှိနေစန်းခေတ် စားပွဲ ကုလားထိုင် များနှင့် အလွန်ခမ်းနားလှမသည့် ပန်းဆွဲ မီးပဒေသာကြီး ရှိသည်။

ထို့ကြောင့် ဧည့်ခန်းကြီးထဲတွင် လက်ခံတွေ့ဆုံလျှင် သိပ်ပြီး ခမ်းနားနေမည်။ ပွဲနေပွဲထိုင် ဆန်နေမည်။ စိတ်လွတ်ကိုယ်လွတ် မရှိပဲ သိပ်ပြီး တင်းကျပ်နေမည်။



သို့ဆိုလျှင် သူ့ကို လသာဆောင်မှ စောင့်မျှော်နေသည်က ပို၍ကောင်းလိမ့်မည်။

မေရီသည် ပျင်းပျင်းရှိလျှင် လသာဆောင်တွင် ထိုင်ကာ ဖလောရင့်မြို့၏ ဘယ်တော့မှ မငြီးငွေ့နိုင်သော ဆည်းဆာရှုခင်းကို တမက်တမောကြည့်နေတတ်သည်။ လသာဆောင်တွင် တွေ့ဆုံခြင်းသည် ကိန်းကြီးခန်းကြီးလည်းမနိုင်။ အမှတ်မထင် ခရီးသွားဟန်လွှဲသဘောလည်း ပို၍ဆန်သည်။ အကယ်၍ ဆာအင်္ဂါက ချစ်ခွင့်ပန်လာလျှင်လည်း လေညင်းသွဲ့သွဲ့ သုတ်ဖြူးနေသော လသာဆောင်တွင် သက်သောင့်သက်သာ လက်ဖက်ရည်သောက်ယင်း မုန့်စားယင်း စကားပြောရသည်က နှစ်ယောက်စလုံးအတွက် ပို၍အဆင်ပြေနိုင်သည်။ နေရာထိုင်ခင်းကတော့ အခြေအနေနှင့် အကိုက်ညီဆုံး ဖြစ်သည်။ ဟိတ်ကြီးဟန်ကြီးလည်း မရှိလှ။ အလွန်အမင်း စိတ်ကူးယဉ်စရာလည်း မကောင်းလှ။ လသာဆောင် ဝရန်တာတွင် စည်ပိုင်းများဖြင့် စိုက်ထားသော လိမ္မော်ပင်များရှိသည်။ ပန်းတွေ ဝေဝေဆာဆာ ဖူးပွင့်နေသော ကျောက်သေတ္တာ ပန်းအိုးကြီးများရှိသည်။ ဝရန်တာလက်ရန်းတန်းကို ကျောက်သားဖြင့် ပြုလုပ်ထားသည်။ ဝရန်တာတန်းပေါ်တွင် ကျောက်ပန်းအိုးများ အကွာအဝေးညီညီ စီတန်းချထားသည်။ ဝရန်တာ အစွန်း တဘက် အချက်တွင် သူဌေးဝင် ကျောက်ရုပ်ဟောင်း နှစ်ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မေရီသည် ကြိမ်ကုလားထိုင် ရှည်ကြီးပေါ်တွင် လှဲနေသည်။ အိမ်စေနီနာက လက်ဖက်ရည်ပွဲယူ၍ ဝင်လာသည်။ တခြားကုလားထိုင်လွတ်တလုံးကို ဆာအဂ္ဂါ အတွက် အဆင်သင့်ချထားသည်။

ကောင်းကင်တွင် တိမ်တောင်တိမ်လိပ်များ ကင်းစင်ကာ ကြည်လင်နေသည်။ အောက်ဘက်အဝေးဆီမှ ဖလော်ရင့်မြို့သည် ဇွန်လညနေခင်း၏ ဆည်းဆာရောင်ဖြင့် အလှကြီးလှနေသည်။

ကားရပ်သံ ကြားလိုက်ရသည်။

ခဏကြာတော့ နီနာ၏ယောကျ်ားစီရိုက ဆာအဂ္ဂါကို လသာဆောင်သို့ ဦးဆောင်ခေါ်လာခဲ့သည်။

ဆာအဂ္ဂါက အရပ်ရှည်ရှည်နှင့် ထောင်ထောင်မောင်းမောင်းရှိသည်။ ပုံကျသော အကောင်းစားအပြာရောင် သက္ကလတ်ဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်စားထားသည်။ ဦးထုပ်ကတော့ အနက်ရောင် ဟွန်းဘတ်ဦးထုပ်။ သူ့ကိုကြည့်ရသည်မှာ အားကစားသမားတယောက်နှင့် တူလှသည်။ သူ့ရုပ်သွင်က ခန့်ညားပြီး ကျက်သရေရှိသည်။

ဦးထုပ်ကို ချွတ်လိုက်သောအခါ နက်မှောင်ပြီး ညီညီညာညာ တွန့်လိမ်နေသော ဆံပင်များကို မြင်ရသည်။ ဆံဖြူတချောင်းမျှ မရှိသေး။ အိန္ဒိယနေရောင်ကြောင့် သူ့မျက်နှာက ကြေးရောင်တောက်နေသည်။



မျက်နှာက သွယ်သွယ်၊ မေးရိုးက ကားကား၊ နှာခေါင်းက လင်းယုန်နှာခေါင်း၊ ထူထဲသော မျက်ခုံးအောက်မှ အပြာရောင် မျက်လုံးများက နက်ရှိုင်းပြီး အားမာန်အပြည့်ရှိသည်။

သူ့အသက်က ငါးဆယ့်လေးနှစ်တဲ့လား။

သူ့ရုပ်သွင်ကို ကြည့်ပြီး ပြောရလျှင်တော့ လေးဆယ့်ငါးနှစ်က တနှစ်မှမပိုသေးသူ တယောက်ဟု ထင်ရသည်။ တကယ်တော့ သူသည် ရင့်ကျက်သော အသက်အရွယ်တွင် ရင့်ကျက်စွာ ချောနေလှနေသူ တယောက်ပင် ဖြစ်သည်။ သူ့ရုပ်သွင်က မာန်မာနကင်းပြီး ကျက်သရေအပြည့်ရှိနေသည်။ မြင်လျှင်မြင်ချင်း လေးစားမိရသော ဥပဓိရုပ်မျိုး၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်ရှိသော ရုပ်သွင်မျိုး၊ ဘယ်အခက်အခဲ ဘယ်အခြေမျိုးနှင့် ရင်ဆိုင်ရရ ဘယ်တော့မှ အရှုံးမပေးသည့် လူစားမျိုးဖြစ်ကြောင်း ပေါ်လွင်နေသည်။

သူက အချိန်ဖြုန်း မနေတော့ပဲ လိုရင်းကိစ္စကို တန်းပြောသည်။

'လော့ဒ်ဆီးဖဲယားက ဒီနေ့မနက်ပဲ ငါ့ကိုဖုန်းဆက်တယ်၊ သူက ငါ့ကို ဘင်္ဂလားပြည်နယ် ဘုရင်ခံရာထူးကို ပေးတယ်၊ သူတို့က သက်ဆိုင်ရာ ပြည်နယ်အကြောင်း ဘာမှမသိသေးတဲ့ လူသစ်တယောက်ကို မခန့်ချင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒေသခံ နယ်မြေအကြောင်း ကျွမ်းပြီးတဲ့လူကိုပဲ ခန့်ချင်ကြတယ်’

‘အဲဒီတော့.... ဦးက လက်ခံလိုက်ပြီဆိုပါတော့’

‘ဟုတ်တယ်၊ လက်ခံလိုက်ပြီ၊ ဒီရာထူးက ငါအလိုချင်ဆုံး ရာထူးတခုပဲ’

‘ကျွန်မ ဝမ်းသာပါတယ်’

‘ဒါပေမယ့် ဆွေးနွေးစရာ လုပ်ငန်းတွေ အများကြီးရှိသေးတယ်၊ ဒီနေ့ညနေ ငါ မီလန်ကိုသွားရမယ်၊ အဲဒီကမှ ကိန်းကို လေယာဉ်စီးမယ်၊ နှစ်ရက် သုံးရက်လောက်တော့ ကြာလိမ့်မယ်၊ တော်တော်တော့ ငြီးငွေ့စရာကောင်းမှာပဲ၊ ဒါပေမယ့် လော့ဒ်ဆီးဖဲယားက ငါနဲ့ ခုချက်ချင်းတွေ့ချင်နေတယ်’

‘ဟုတ်ပါတယ်၊ ဒါသဘာဝကျပါတယ်’

ဆာအဂ္ဂါ၏ ပါးလွှာဖြီး တင်းမာသော နှုတ်ခမ်းအစုံတွင် အပြုံးရိပ်သန်းသွားသည်။ သူ့မျက်လုံးများက နူးညံ့စွာ အရောင်တောက်လာကြသည်။

‘အခု ငါလက်ခံရမယ့် ရာထူးဟာ သိပ်အရေးကြီးတယ်ဆိုတာ မင်းလဲ သိပြီးသားပါ မေရီ၊ ဒီရာထူးမှာ အောင်အောင်မြင်မြင် စွမ်းဆောင်နိုင်ယင် ငါ့ရဲ့ အနာဂတ် ဘဝတလျှောက်လုံး အောင်လံ ထူသွားရမှာပဲ’



‘ဦး အောင်မြင်မယ် ဆိုတာ ကျွန်မလဲ ကျိန်းသေ...က် ယုံကြည်ပါတယ်’

‘ဒီရာထူးက အလုပ်တွေ အများကြီး လုပ်ရမယ်၊ ...ာဝန်တွေ အများကြီး ယူရမယ်၊ ဒါပေမယ့် ငါ ...ကြောက်ပါဘူး၊ ငါက ဒီလို အလုပ်မျိုးမှ လုပ်ချင်...ာ၊ ဘင်္ဂလားပြည်နယ် ဘုရင်ခံဟာ ပြည်နယ်တခုလုံး...ာ အကြီးဆုံးပဲ၊ ဘုရင်ပဲ၊ နန်းတော်တမျှ ကြီးကျယ်...်းနားတဲ့ စံအိမ်တော်ကြီးမှာ နေရမယ်၊ နိုင်ငံတော်...ည့်ခံပွဲတွေ အမျိုးစုံနဲ့ ဧည့်ခံရမယ်’

သူ့စကားက ဘာကိုဦးတည်ကြောင်း မေရီက ချက်...င်း သိလိုက်သည်။ သို့သော် သူက ဘာမှ ထင်မြင်...က် မပေးပဲ ပြုံး၍သာ နားထောင်နေသည်။ တကယ်...တော့ ဆာအဂ္ဂါ၏ စကားကြောင့် မေရီ၏ အတွင်း...တ်ထဲ၌ လှုပ်ရှားနေမိသည်။

ဆာအဂ္ဂါက ဆက်ပြောသည်။

‘တကယ်တော့ ဒီလိုရာထူးမျိုးကို လက်ခံမယ့် လူ...တယောက်အတွက် အိမ်ထောင်ရှင်မ လိုကို လိုအပ်...တယ်၊ လူပျို လူလွတ်တယောက် အနေနဲ့ ဒီရာထူးကို...ာဝန်ကျေကျေ ထမ်းဆောင်နိုင်ဖို့ ဆိုတာ ...ဝ...လွယ်ဘူး’

www.burmeseclassic.com

www.burmeseclassic.com



'ဦးရဲ့ ကြီးကျယ် ခမ်းနားလှတဲ့ အဆင့်အတန်းကို မျှဝေခံစားနိုင်မယ့် အရည်အချင်းပြည့်အမျိုးသမီးတွေ တပုံကြီးရှိမှာ သေချာပါတယ်'

ဤစကားကို မေရီက ဟန်ဆောင်မှု မရှိပဲ တကယ် ရိုးသားစွာပင် ပြောလိုက်သည်။

'ငါ အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်း သုံးဆယ်တိတိ နေခဲ့ပေမယ့် မင်းက ဒီလိုပဲ ပြောလိမ့်မယ်ဆိုတာ မသိပဲ မနေခဲ့ပါဘူး မေရီ၊ ဒါပေမယ့် ငါ့အနေနဲ့ ကံဆိုးတာ တခုကတော့ မိန်းမတွေ အများကြီး ရှိပေမယ့် ငါ နှစ်သက်မြတ်နိုးတဲ့ လူက တလောကလုံးမှာ တယောက်တည်းပဲ ရှိနေတယ်လေ'

ဟော...မြားဦးကတော့ တည့်တည့်ကြီး လာနေပြီ။ မေရီက ဘာပြန်ပြောရပါမည်နည်း။ လက်ခံလိုက်ရမှာလား၊ ငြင်းပယ်လိုက်ရမှာလား။

ဘုရား....ဘုရား....၊ လောကမှာ ဆိုးဖြတ်ရ အခက်ဆုံး ဆိုတာ ဒီလိုကိစ္စမျိုးကို ပြောတာပဲ ထင်ပါရဲ့။

ဆာအင်္ဂါက မေရီအား မသိမသာ စေ့ကြည့်ယင်း အကဲခတ်နေသည်။ ပြီးတော့မှ သူက ဆက်ပြောပြန်သည်။

'ငါဟာ မင်းကို ကုပ်ဝဲ ဆံပင် အုပ်အုပ်ကလေးနဲ့ ချာတိတ်မလေး အရွယ်ကတည်းက ချစ်နေခဲ့တယ်လို့



ပြောယင် မင်းလုံးဝ မသိတဲ့အကြောင်းကို ငါက ပြောသလိုများ ဖြစ်နေမလား ဟင်....'

အို သူ့စကားက ဘယ်လိုပါလိမ့်။ ဘယ်လို ဖြေရပါလိမ့်။ ရယ်ပစ်လိုက်တာပဲ အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်ပါရဲ့။

သို့သော် မေရီက မရယ်ပဲ ပြန်ပြောလိုက်သည်။

'အို....ဦးကလဲ၊ အဓိပ္ပာယ် မရှိတာတွေ လာပြောပြန်ပါပြီ'

'အဓိပ္ပာယ် မရှိတာ ပြောနေတာ မဟုတ်ပါဘူး မေရီ၊ နှလုံးသားမေတ္တာနဲ့ တကယ်ပြောနေတာပါ၊ ငါ့ဘဝမှာ ငါမြင်ဖူးတွေ့ဖူးတဲ့မိန်းမချော တွေထဲမှာတော့ မင်းဟာ အလှဘုရင်မပါပဲ၊ ချစ်မြတ်နိုးစရာ အကောင်းဆုံးပါပဲ၊ ဒါပေမယ့် ငါ့အနေနဲ့ မင်းရဲ့ မေတ္တာ တုံ့ပြန်မှုကို မရနိုင်ဘူး ဆိုတာတော့ ငါသိပါတယ်၊ ငါက မင်းထက် အသက် နှစ်ဆယ့်ငါးနှစ်တောင် ကြီးနေတယ်၊ မင်းဖေဖေနဲ့မှ အတူတူလောက် ရှိတဲ့လူ၊ မင်းအပျိုပေါက်အရွယ် ရောက်လာတော့ ငါ့ကို ခေတ်နောက်ပြန် ဆွဲနေတဲ့ ပေါကြောင်ကြောင် အဘိုးကြီးလို့ ထင်ခဲ့တယ် မဟုတ်လား'

'အို....မထင်ပါဘူး၊ ကျွန်မ အဲဒီလို ဘယ်တော့မှ မထင်ခဲ့ပါဘူး' မေရီက မုသားတဝက် အမှန်တဝက်ဖြင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘အေးလေ၊ ဘယ်လိုပဲထင်ထင် တကယ်တမ်း မင်း အနေနဲ့ အိမ်ထောင်ဘက် ရွေးတဲ့ အခါကျတော့ မင်းနဲ့ ရွယ်တူယောကျ်ား တယောက်ကို ရွေးမှာကတော့ သဘာဝ ကျပါတယ်၊ ဒါပေမယ့် ငါ တခုတော့ စကားစပ်မိတုန်း ပြောပါရစေ၊ မင်း အိမ်ထောင် ပြုတော့မယ်လို့ ငါ့ဆီကို စာနဲ့လဲ ပြောခဲ့တယ်၊ ပါးစပ်နဲ့လဲ ပြောခဲ့တယ်၊ အဲဒီတုန်းက မင်းတို့ အိမ်ထောင်ရေး သာယာ ချမ်းမြေ့ ပါစေလို့ ငါ တကယ့်စေတနာ အပြည့်နဲ့ ဆုတောင်းခဲ့ပါတယ်၊ နောက်ပိုင်း မင်းတို့ အိမ်ထောင်ရေး အဆင်မပြေကြောင်း သိရတော့ ငါ အကြီးအကျယ် စိတ်မကောင်း ဖြစ်ခဲ့ရတယ်၊ ဒါကိုတော့ မင်း အလေးအနက် ယုံကြည်စေချင်ပါတယ်’

‘ဒါကတော့ အဲဒီတုန်းက ကျွန်မတို့ အိမ်ထောင် ပြုတာ အသက်အရွယ်ကလဲ ငယ်ကြသေးတာကိုး’

‘အဲဒီအချိန်ကစပြီး အတိတ်ကို ပြန်ကြည့်လိုက်မယ် ဆိုယင် တံတားအောက်မှာ ရေတွေအများကြီး စီးဆင်းသွားကြပါပြီ မေရီ၊ ဒီတော့ အဲဒီအချိန်တုန်းက မင်းနဲ့ ငါ အသက်အရွယ် ကွာခြားမှုကို မင်းက အလေးအနက်ထားခဲ့သလို အခုအချိန်မှာလဲ အလေး အနက်ထားနေတုန်းပဲ ရှိသေးမလားလို့ ငါ တွေးမိ တယ်’



ဤမေးခွန်းက လွယ်မယောင်နှင့် ဖြေရခက်သော မေးခွန်းဖြစ်သည်။ ထို့ကြောင့် မဖြေပဲ နေလိုက်ပြီး သူ့စကားကို သူဆက်ပြောခြင်းကပင် ပိုကောင်းလိမ့်မည်ဟု မေရီက ယူဆမိသည်။

‘ငါဟာ ငါ့ကိုယ်ငါ ကျန်းမာ သန်စွမ်းအောင် အမြဲတမ်း သတိထားပြီး ပြုပြင်နေထိုင်တယ် မေရီ၊ ကိုယ့်အသက်ကိုလဲ ဘယ်တော့မှမတွက်ဘူး၊ ငါ့အသက် ကြီးနေပြီလို့ တစက်ကလေးမှ မတွေးဘူး၊ ဒါပေမယ့် အဆိုးဆုံး အချက်ကတော့ အသက်ကြီးလာပေမယ့် မင်းက အရွယ်လုံးဝမကျတဲ့အပြင် အလျင်ကထက် ဘောင် ပိုလှလာတာပဲ’

မေရီက ပြုံးမိသည်။

‘ဦးကို ကြည့်ရတာ နည်းနည်း စိတ်လှုပ်ရှားနေ သလိုပဲ နော်၊ ဦး ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်မ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး၊ ဦးက အင်မတန် စိတ် ဓာတ်ကြံ့ခိုင်တဲ့ ပုဂ္ဂိုလ်တယောက် မဟုတ်လား’

‘မင်းက တော်တော် ကြောက်စရာ ကောင်းတဲ့ မိန်းကလေးပဲ၊ ဒါပေမယ့် မင်းပြောတာ မှန်ပါတယ်၊ ငါ စိတ်လှုပ်ရှားနေမိတယ်၊ ငါဟာ သံမဏိလူသား တယောက်ဖြစ်ပေမယ့် လောလောဆယ်မှာ မင်းလက် ခုပ်ထဲကရေလို ဖြစ်နေတယ် မေရီ’

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုယင် ဦးက ကျွန်မကို ရည်းစားစကား ပြော
နေတယ်လို့ ကျွန်မထင်ယင် မှန်မှာလား ဟင်....'

'သိပ်မှန်တာပေါ့၊ မင်း ထိတ်လန့်သွားသလား
အံ့ဩသွားသလား'

'ကျွန်မ ဘယ်လိုမှ မဖြစ်မိပါဘူး၊ ဦးကို ကျွန်
ဘယ်လောက်အထိ ခင်မင် လေးစားတယ်ဆိုတာ ဦ
အသိပါ၊ ကျွန်မ တွေ့ဖူးတဲ့ လူတွေထဲမှာ ဦးဟာ
အတော်ဆုံးပါပဲ၊ ဦးက ကျွန်မကို လက်ထပ်လိုတယ
လို့ ပြောလာတော့ ကျွန်မအနေနဲ့ ဂုဏ်လဲ ယူမိပ
တယ်၊ ဝမ်းလဲသာမိပါတယ်'

'ဒါဆိုယင်....ဒါဆိုယင်.... မင်း....ငါ့ကို....ငါ့ကို
လက်ထပ်နိုင်မှာလား ဟင်....'

မေရီ၏ နှလုံးသားထဲတွင် အမည်မဖော်တတ်သော
စိုးရိမ်မှုတခု ဖြစ်ပေါ်သွားသည်။

တကယ်ဆိုသော် ဆာအဂ္ဂါအား ရုပ်ရည်ရူပကာ
အရရော ရာထူးဂုဏ်သိန်အရရော လုံးဝငြင်းစရာမရှိ
ဘဂ်လားပြည်နယ် ဘုရင်ခံကတော် ဖြစ်ဖို့ဆိုသည်က
လည်း ရဘောင့်ရခဲသော ဆုလာဘ်ကြီးတခု၊ မင်းသ
တပါး၏ ကြင်ယာတော်ကဲ့သို့ တထီးတနန်း ခမ်းခမ်း
နားနား နေရမည့်ဘဝ။ လက်ညှိုးညွှန်ရာ ချောင်းဖြ
အောင် ခိုင်းစေစရာ အိမ်တော်စေတွေ လက်ထော
အမှုထမ်း အရာထမ်းတွေကလည်း တပုံကြီး။



'ဒါနဲ့ ဦး ခရီးထွက်တာ နှစ်ရက် သုံးရက်တော့
ကြာမယ် နော်....'

မေရီက ဆာအဂ္ဂါ၏ မေးခွန်းကို တိုက်ရိုက်မဖြေပဲ
မေးခွန်းဖြင့်ပင် ပြန်၍တုံ့ပြန် လိုက်သည်။

'ဟုတ်တယ်၊ သုံးရက်လောက်တော့ ကြာလိမ့်မယ်၊
လော့ဒ်ဆီးဖဲ့ယားက လန်ဒန်ကို ပြန်သွားရဖို့ရှိတယ်'

'ဒါဆိုယင် ဦးပြန်လာတဲ့အခါမှ ကျွန်မက အဖြေ
ပေးပါရစေလား'

'ရပါတယ်၊ အခြေအနေအရ အလွန်ကောင်းတဲ့
အစီအစဉ်ပဲ၊ မင်းအနေနဲ့ စဉ်းစားဖို့ အချိန်ရတာ
ပေါ့၊ မင်းက တထိုင်တည်းနဲ့ ငြင်းလိုက်ချင်တဲ့ စိတ်ရှိ
ယင် စဉ်းစားဖို့ အချိန်ယူနေစရာမလိုဘူးလို့ ထင်မိ
တယ်'

'ဒါပေါ့၊ ဦးပြောတာ မှန်ပါတယ်'

'ဒါဖြင့် လောလောဆယ် ဒီလောက်နဲ့ပဲ ရပ်ထား
လိုက်ကြတာပေါ့ ဟုတ်လား၊ ငါ အခု ရထားအချိန်
မီအောင် သွားရမှာကို စိတ်တောင်မကောင်း ဖြစ်မိ
တယ်'

မေရီက ဆာအဂ္ဂါအား သူ့ကားနားအထိ လမ်း
လျှောက်ပြီး လိုက်ပို့သည်။

'ဩော်.... ဒါနဲ့၊ ဦး ဒီည ပါတီပွဲ မတက်နိုင်တဲ့
အကြောင်း ထိပ်တင်မဖုရားဆီ အကြောင်းပြန်ပြီးပြီ
လား'

www.burmeseclassic.com

www.burmeseclassic.com



မေရီနှင့် ဆာအဂ္ဂါတို့ နှစ်ယောက်စလုံးကို မေ
သမီးကြီး ဆန်ဖရာဒီနန်ဒိုက ယနေ့ည ညစာစားပွဲ
ဖိတ်ထားသည်။

'အကြောင်းပြန်လိုက်ပြီးပါပြီ၊ ငါသူ့ဆီဖုန်းဆက
ပြီး ပြောလိုက်တယ်၊' ဖလောရင့်မြို့က နှစ်ရက် သုံးရက်
လောက် ထွက်သွားစရာရှိတယ်လို့ ပြောလိုက်တယ်'

'ဘာကိစ္စနဲ့ သွားမယ်ဆိုတာကော ပြောလိုက်သေ
သလား'

ဆာအဂ္ဂါက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီး....

'ဒီအဘွားကြီးက မင်းသိတဲ့အတိုင်း သိပ်ပြ
နိုင်ထက်စီးနင်း နိုင်တာ၊ သူက ဒီလိုအချိန်မျိုး မှာ
ကပ်ပြီး ခရီးထွက်ရမလားဆိုပြီး ငါ့ကို ပစ်ဆူတော
တာပဲ၊ ဒါနဲ့ ငါက အမှန်အတိုင်း ဖွင့်ပြောလိုက်
တော့တာပေါ့'

'အို ဒါပေမယ့် ကိစ္စမရှိပါဘူး၊ သူက ဦး ကိုယ်
စား တက်မယ့် လူတယောက်ယောက်တော့ ထပ်ရှာပ
လိမ့်မယ်၊ မပူပါနဲ့'

မေရီက ဘာရယ်လို့ မဟုတ်ပဲ အမှတ်တမဲ့ပင် ပြ
ပြောလိုက်သည်။

'မင်းက ငါ့ကိုယ်စား စီရိုကိုခေါ်သွားယင် ကောင်
လိမ့်မယ် ထင်တယ်'



'ဟင့်အင်း....မခေါ်ဘူး၊ ကျွန်မတယောက်တည်းပဲ
သွားမယ်၊ စီရိုနဲ့ နီနာတို့ကို သူတို့ အပြင်ထွက်ချင်
ထွက်ကြဖို့ ကျွန်မ ပြောလိုက်ပြီးပြီ'

'အချိန်မတော် ညကြီးမင်းကြီး တယောက်တည်း
ကားမောင်းသွားတာ စိတ်မချရဘူး မေရီ၊ လမ်းတွေ
က လူသိပ်ပြတ်တယ်၊ ဒါဆို ငါ့ကိုပေးထားတဲ့ ကတိ
ကိုတော့ မပျက်မကွက် ထိန်းစေချင်တယ်'

'ဘာကတိလဲ၊ ဩော် .... ဟို ခြောက်လုံးပြူး
သေနတ်ဆောင်သွားဖို့ကို ပြောတာလား၊ ပါတီပွဲကို
သေနတ်ယူသွားရတာ တော်တော်ကြောင်တဲ့အလုပ်ပဲ၊
ပြီးတော့ တပ်စကင်နီနယ်က လမ်းတွေကလဲ အင်္ဂလန်
ကလမ်းတွေလို လုံခြုံစိတ်ချရပါတယ်ဦးရဲ့၊ ဒါပေမယ့်
ဦးက ကျွန်မ ခြောက်လုံးပြူးယူသွားမှ စိတ်ချမ်းသာ
မယ် ဆိုယင် စိတ်ချပါ၊ ဒီည ကျွန်မ ယူသွားပါ့မယ်'

မေရီသည် တယောက်တည်း ကားမောင်းထွက်
ခြင်းကို နှစ်သက်ကြောင်း၊ တနိုင်ငံ တမြေခြားတွင်
လူဝိမ်းတွေကို စိတ်မချရကြောင်း သိထားသောကြောင့်
ဆာအဂ္ဂါက မေရီအား ခြောက်လုံးပြူးတလက် ပေး
ထားခဲ့သည်။ ဖလောရင့်မြို့ထဲသို့ တယောက်တည်း
သွားသည့်အခါတိုင်း ခြောက်လုံးပြူးကို ကိုယ်နှင့်
မကွာ ဆောင်သွားပါမည် ဟူသော ကတိကိုလည်း
မေရီထံမှ အရ တောင်းထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'မတော်တဆ အန္တရာယ် ကြုံလာယင် မင်းကိုယ်မင်း ကာကွယ်နိုင်ဖို့ လိုအပ်တယ်၊ ဒါမှ ငါ စိတ်အေးရမှာပဲ'

စီရိုက ဆာအင်္ဂါအတွက် ကားတံခါး ဖွင့်ပေးသည်။ ဆာအင်္ဂါက အင်္ကျီအိတ်ထဲမှ လိုင်ရာငါးဆယ် တန်တရွက် ထုတ်၍ စီရိုအား ပေးလိုက်သည်။

'ဒီမှာ ငါပြောမယ် စီရို၊ ငါ လောလောဆယ် ခရီးထွက်စရာ ရှိတယ်၊ နှစ်ရက် သုံးရက် ကြာမယ်၊ ဒီနေ့ည ပါတီပွဲကို မင်းမမလေးကို လိုက်မပို့နိုင်တော့ဘူး၊ အဲဒီတော့ သူ ကားနဲ့ထွက်သွားတဲ့အခါ ခြောက်လုံးပြူးကို ပေးလိုက်ဖို့ မမေ့နဲ့၊ သူက ခြောက်လုံးပြူးကို ယူဖြစ်အောင် ယူသွားပါ့မယ်လို့ ငါ့ကိုကတိပေးထားပြီးပြီ'

'ဟုတ်ကဲ့၊ စိတ်ချပါ ဆရာကြီး၊ သူ့ကားထဲ ကျွန်တော် ဆက်ဆက် ထည့်ပေးလိုက်ပါ့မယ်'

၂

မေရီသည် မျက်နှာကို အလှခြယ်နေသည်။ နီနာက ရောက်တတ်ရာရာ ဟိုစကား သည်စကား ပြောယင်း စိတ်ဝင်စားစွာဖြင့် နောက်မှ ရပ်ကြည့်နေသည်။

နီနာမှာ အိမ်ရှင်လီယိုနတ်တို့ မိသားစုနှင့် တော်တော်ကြာကြာ နေခဲ့ရသောကြောင့် အင်္ဂလိပ်စကားကို အတော်ကလေး ပြောတတ်နေပြီ။ မေရီမှာလည်း ဤစံအိမ်ကြီးသို့ ရောက်လာပြီး ငါးလနီးပါးအတွင်း အီတာလျံစကားကို တော်တော်ကြီး ပြောတတ်ခဲ့ပြီ။ ထို့ကြောင့် သူတို့နှစ်ယောက်မှာ ဘာသာစကား အခက်အခဲ မရှိတော့ပဲ ပြောရေးဆိုရေး၌ အဆင်ချောနေပြီ ဖြစ်သည်။

'ငါ မိတ်ကပ်ခြယ်တာ သိပ်မျှားနေသလားနီနာ' မေရီက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမလေးရဲ့ သဘာဝ အရောင်ကိုက လှနေပြီးသားပဲ၊ အဲဒါကို မမက အရောင် ထပ်တင်နေတော့ ကျွန်မတော့ လုံးဝ နားမလည်ဘူး'

'ပါတီပွဲလာကြတဲ့ အမျိုးသမီးတွေလဲ မိတ်ကပ်တွေ အပုံစား ခြယ်လာကြမှာ နီနာရဲ့၊ ငါက ဘာမှ မခြယ်ပဲ သွားယင် ရှက်စရာကြီး ဖြစ်နေမှာပေါ့'

ထို့နောက် မေရီက အပေါ်ရုံအင်္ကျီ လှလှလေးကို ဝတ်သည်။ ကြိုတင်ရွေးထားသော စိန်ရွှေ ရတနာ လက်ဝတ်လက်စားများကို ဆင်သည်။ ပြီးတော့ ခေါင်းပေါ်တွင် ဦးထုပ် ကလေးကို ဆောင်းလိုက်သည်။

သူတို့သည် အာနို မြစ်ကမ်းပါးအနီးမှ စားတော်ဆက် တခုသို့ သွားကြရမည် ဖြစ်သည်။ ယင်းစားတော်ဆက်သည် အစားအသောက် ကောင်း မွန် သော ကြောင့် နာမည် ကြီးသည်။ သို့သော် ပါတီပွဲကို စားတော်ဆက်ထဲတွင် မလုပ်ပဲ လေဟာပြင် မြက်ခင်းပြင်ပေါ်တွင် တည်ခင်းကျွေးမွေးရန် စီစဉ်ထားသည်။ ဇွန်လည်၏ နွေးထွေးသော လေကို ရှူရှိုက်ယင်း မြစ်တဘက်ကမ်းမှ အိမ်အိုအိမ်ဟောင်း များကို လရောင် ဖွေးဖွေးတွင် မြင်ရသည်မှာ အလွန် ကြည်နူးစရာ ကောင်းလှသည်။ ပါတီပွဲတွင် ဧည့်ခံ ဖျော်ဖြေရန် မင်းသမီးကြီးက အဆိုတော်တယောက်လည်း အဆင်



သင့် ရှာထားသည်။ ယင်းအဆိုတော်၏ အသံမှာ တမူထူးခြားပြီး ငွဲမက်စရာ ကောင်းလှသည်ဟု ဆိုသည်။

မေရီက လက်ပွေ့အိတ်ကို ကောက်ယူလိုက်သည်။

'ကဲ ဒါဆို ငါသွားတော့မယ်'

'မမလေး.... ခြောက်လုံးပြူး မေ့နေပြီထင်တယ်'

ခြောက်လုံးပြူးကို မှန်တင်ခုံပေါ်တွင် တင်ထားသည်။

မေရီက ရယ်လိုက်သည်။

'ငါ မမေ့ပါဘူး၊ ခုပဲ ယူမလို့ပါ၊ ဒါနဲ့ ဒီခြောက်လုံးပြူးက ဘာအသုံးဝင်မှာမို့လဲ၊ ငါ့တသက်မှာ ဘယ်သေနတ်မှ မကိုင်ဖူးပါဘူး၊ သေနတ်မြင်ယင်လဲ သေမလောက်ကြောက်တယ်၊ ပြီးတော့ ငါ့မှာ သေနတ်ကိုင်ခွင့် လိုင်စင်လဲ ရှိတာ မဟုတ်ဘူး၊ ငါ့ဆီမှာ သေနတ်တွေ့သွားယင် ဘာမဟုတ် ညာမဟုတ်နဲ့ ဒုက္ခရောက်နေဦးမယ်'

'ဒါပေမယ့် မမက ခြောက်လုံးပြူးကို ယူသွားပါ့မယ်လို့ ဆရာကြီးဆီမှာ ကတိပေးထားတယ် မဟုတ်လား'

'အို....အဲဒီ ဆရာကြီးက အရူးကြီးပါ'

'ဒီလိုပဲ မမလေးရဲ့၊ ယောကျ်ားတွေဟာ ချစ်သူရှိလာယင် ရူးကြတာချည်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



မေရီက အဝေးသို့လှမ်း၍ ငေးနေသည်။ သူကဤကိစ္စကို ဤအဆင့်ထက်ကျော်၍ မပြောချင်။ အီတာလျံအိမ်ဖော်များက ချစ်စရာ ကောင်းကြသည်။သစ္စာရှိကြသည်။အလုပ်ကြိုးစားကြသည်။ သို့သော် အိမ်ရှင်၏ကိုယ်ရေးကိုယ်တာကို စပ်စုခြင်းမရှိကြဟူ၍တော့ ပြောလို့မရ။ သူနှင့်ဆာအင်္ဂါတို့၏ ကိစ္စကို နီနာအနေဖြင့်ပါဝင်ဆွေးနွေးလိုသော ဆန္ဒရှိကြောင်း မေရီက ကောင်းကောင်းကြီး အကဲခတ်မိခဲ့ပြီးဖြစ်သည်။

သူက လက်ဝှေ့အိတ်ကို ဖွင့်လိုက်သည်။

'ကဲ အဲဒီပစ္စည်းထည့်'

စီရိုက ကားကို အိမ်ရှေ့သို့ ပတ်မောင်းလာသည်။

ကားက နှစ်ယောက်ထိုင် အမိုးဖွင့် ကားကလေး။ ဤစံအိမ်ကြီးသို့ ပြောင်းလာပြီးတော့မှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဤအိမ်ကြီးမှ ပြန်ပြောင်းသောအခါ ပြန်ရောင်းမည်ဟု ရည်ရွယ်ထားသည်။

မေရီက ကားပေါ်တက်၍ အိမ်ရှေ့ လမ်းကျဉ်းကလေးအတိုင်း ဖြည်းဖြည်းမောင်းကာ သံတံခါး ဂိတ်ဝမှ ထွက်လာခဲ့သည်။ ထို့နောက် လေတဖြူးဖြူး



တိုက်နေသော လမ်းကြားမှတဆင့် ဖလောရင့်သို့သွားသော ပေတာရာလမ်းမကြီးအတိုင်း မောင်းလာခဲ့သည်။

ကားမီးကိုဖွင့်ကာ နာရီကို ကြည့်လိုက်သည်။

အချိန်တွေ အများကြီး ကျန်သေးသည်။

အေးအေးဆေးဆေး မောင်းသွား၍ရသည်။

သူက ပါတီပွဲသို့ စောစောရောက်လိုစိတ်မရှိ။ညစာကိုလည်း ပါတီပွဲတွင် မစားချင်။ ပွဲမှ ပြန်ပြီးတော့မှ စံအိမ်ကြီး၏ လသာဆောင်တွင်ထိုင်ကာ တယောက်တည်း အေးအေးလူလူစားချင်သည်။ ယခုလို ဇွန်လ၏ ညနေစောင်းတွင်၊ တဖြည်းဖြည်းနှင့် အမှောင်ထု လွှမ်းခြုံလာသည်အထိ လသာဆောင်တွင်ထိုင်ကာ ညစာစားရသည်ကို သူအလွန် နှစ်ခြိုက်သည်။ထူးခြား ချိမ်နိုသော စိတ်၏ငြိမ်းချမ်းမှု အရသာကိုခံစားရသည်။ ထင်း ငြိမ်းချမ်းမှုသည် ထိုင်းမှိုင်း တွေဝေခြင်းမရှိ။ တက်ကြွမှုရှိသည်။ ဦးနှောက်ကြည်လင်ပြီး အာရုံ ငါးပါးလုံးကိုလည်း ရှင်သန်လှုပ်ရှားစေသည်။ တပ်စကင်နီနယ်မြေ၏ အလင်းရောင်နှင့်လေတို့ကလည်း ထူးခြားသည်။ ရုပ်ပိုင်းစိတ်ပိုင်းနှစ်ခုစလုံးကို ရှင်လန်းတက်ကြွစေသည်။ ကမ္ဘာကျော် ဂီတပညာရှင်ကြီး မိုးဇက်၏ တေးသွားကို နားထောင်ရသလို ခံစားရသည်။ မသိသော အဆွေးစိတ်ကို နှိုးဆွပေးသော်လည်း တချိန်တည်းတွင် ပျော်ရွှင်မှုကိုလည်းပေးသည်။ နှစ်သိမ့်မှုကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ရသည်။ စိတ်အာရုံသည် ကိုယ်ခန္ဓာထဲမှ ပျံ့ထွက်သွားပြီး အမည်မဖော်နိုင်သော လွတ်လပ်ပျော်ရွှင်မှုကို နှစ်နှစ်ခြိုက်ခြိုက်ခံစားရသည်။ ကိုယ်စိတ်နှစ်ပါး ပျော်ရွှင်ချမ်းမြေ့နေသော ထိုကဏတွင် ဘဝ၏ ဝန်ထုပ်ဝန်ပိုးများ ဖိစီးခြင်းကို လုံးဝသတိမရတော့။ ပကတိငြိမ်းချမ်းခြင်း အရသာကိုသာ ခံစားနေရသည်။

**ငါ တော်တော်မိုက်တာပဲ။ ပါတီပွဲကိုမသွားပဲ နေဖို့ကောင်းတာ။ အန်ကယ်အင်္ဂါ ထွက်သွားကတည်းက တခါတည်း ပြင်းလိုက်ဖို့ ကောင်းတာ။**

သို့သော် တကယ်တော့ သူယင်းသို့ တွေးတာမှားသည်။ သူသည် ယနေ့ညနေပိုင်းတွင် ပြဿနာအရပ်ရပ်ကို အေးအေးဆေးဆေး စဉ်းစားနိုင်အောင် အချိန်တွေအများကြီး ပေးခဲ့ပြီးဖြစ်သည်။ သူ့အနေဖြင့် ဆာအင်္ဂါ၏ ရည်ရွယ်ချက်ကို အစောကြီးကတည်းကပင် ကြိုတင်မှန်းဆ နိုင်ခဲ့သော်လည်း ဆာအင်္ဂါက သူ့အား ချစ်စကား ဖြုန်းစားကြီး ပြောလာလိမ့်မည်ဆိုသည်ကိုကား ယနေ့ညနေပိုင်းအထိ သူက မထင်ခဲ့။ သူ့ဘက်မှ ဆုံးဖြတ်ချက်တခုကို ပြတ်ပြတ်သားသား ချမှတ်ပြီးသည်အထိ ဆာအင်္ဂါက စောင့်ဆိုင်းနေလိမ့်မည်ဟု သူကယူဆခဲ့သည်။ အချိန်အခါက တောင်းဆိုချက်အရသာ အဖြူအမည်း အဖြေပေါ်လာလိမ့်မည်ဟု ထင်ခဲ့သည်။



ယခုတော့ ဆာအင်္ဂါက ခရီးရောက် မဆိုက်ပင် သူ့အား တဲ့တိုးကြီး ရင်ဖွင့်သွားခဲ့ပြီ။

သူ တော်တော်ကို စိတ်ဓာတ် ကျသွား မိသည်။ သူ့ဘဝတွင် ဆုံးဖြတ်ရန် အခက်ခဲဆုံးပြဿနာကြီးနှင့် ရင်ဆိုင်နေရပါချေလားဟု ထင်မိသည်။

သို့သော် လောလောဆယ်တွင် မြို့တွင်းသို့ ဝင်လာပြီး လမ်းပေါ်တွင် ကြိတ်ကြိတ်တိုး သွားလာနေကြသော လူအုပ်များနှင့် စက်ဘီးတန်းကြီးများကြောင့် တွေးသက်စအတွေး ပြတ်သွားကာ ကားကိုသာ သတိထားပြီး မောင်းလာခဲ့ရသည်။

စားတော်ဆက်သို့ရောက်တော့ သူက နောက်အကျဆုံးဖြစ်နေသည်ကို တွေ့ရသည်။

မင်းသမီးကြီး ဆန့်ဖာဒီနန့်ဒိုမှာ အမေရိကန်သူဖြစ်သည်။ မွဲပြာပြာ လိုင်းတွန့်ဆံပင်နှင့် မျိုးရိုးမာန်အပြည့်ရှိသည်။ အီတလီနိုင်ငံတွင် နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ခန့်ရှိပြီ။ ဇာတိနိုင်ငံသို့ တခေါက်မျှ မပြန်သေး။ သူ၏ ကြင်ယာတော်မှာ ရိုမန် မင်းသားတပါးဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း အစိတ်လောက်ကပင် ကွယ်လွန်သွားခဲ့ပြီ။ မင်းသမီးကြီးတွင် အီတာလျံ တပ်မတော်၌ သားနှစ်ယောက်ရှိသည်။

ယခုအချိန်တွင် မင်းသမီးကြီးမှာ ပိုက်ဆံတော့ ပြောရလောက်အောင် မချမ်းသာတော့။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အလွန် နှုတ်လျှာထက်သည်။ စိတ်ကောင်းရှိသည်။ အရုပ်အမောင်း ထောင်ထောင်မောင်းမောင်း ရှိသော်လည်း ရုပ်ချောသည်ဟု မဆိုသာ။ သို့သော် မျက်လုံးလှသည်။ ခန္ဓာကိုယ် အချိုးအဆစ် ပြေပြစ်သည်။ ထို့ကြောင့် ရုတ်တရက်ကြည့်လျှင် ငယ်ငယ်တုန်းက ထက်ပင် ချောနေ လှနေသေးသည်ဟု ထင်ရသည်။

မင်းသမီးကြီးသည် ခင်ပွန်းသည်အပေါ် သစ္စာဖောက်ခဲ့သည်၊ မျှောက်မထားခဲ့သည်ဟု ပြောကြသည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ရှိအောင်နေတတ်သူဖြစ်သောကြောင့် ဘာမှမထိခိုက် သိက္ခာမကျ။ သူ၏ ထူးခြားသော အရည်အချင်းတခုက သူသိက္ခာမဲ့လို့သူ မှန်သမျှနှင့် သိက္ခာမဲ့အောင်လုပ်တတ်သည်။ လူတိုင်းကလည်း သူနှင့် သိက္ခာမဲ့ချင်ကြသည်။ သူနှင့် သိက္ခာမဲ့ရတာကို ဂုဏ်ယူကြသည်။

ပါတီပွဲသို့ လာကြသူများတွင် အပျော်ခရီး ထွက်လာကြသော အင်္ဂလိပ်လူမျိုး ဗိုလ်မှူးကြီး ဂရေ့စ် ထရိုင်ယယ်တို့ လင်မယား၊ အီတာလျံ အမျိုးသားအမျိုးသမီး ဆယ့်ကိုးယောက်နှင့် အင်္ဂလိပ်အမျိုးသားလူငယ် ရှိုလီဖလင့်တို့ ပါဝင်ကြသည်။ ဖလောရင့်သို့ မေရီရောက်လာပြီးနောက် ရှိုလီဖလင့်နှင့် သိက္ခာမဲ့ ရင်းနှီးရသည်။ ရှိုလီဖလင့်က မေရီအား အလွန် စိတ်



ဝင်စားနေကြောင်း သူ့အပြောအဆိုနှင့် အမူအရာကို ကြည့်၍ သိသာလှသည်။

'ကျွန်တော်က တမင်တကာ ဖိတ်လို့လာရတဲ့ လူ မဟုတ်ပါဘူးဗျာ၊ ဖိတ်တဲ့လူ မလာလို့ လူစား လာရတာပါ'

ရှိုလီက မေရီနှင့် လက်ဆွဲနှုတ်ဆက်ယင်း ပြောသည်။

'သူလာတာ တော်တော် ကောင်းတယ် မေရီ' မင်းသမီးကြီးက ပြောသည်။ 'ဆာအဂ္ဂါက သူ့ ကိန်းကို သွားရမယ်လို့ ဖုန်းဆက်တော့ ကိုယ်က ရှိုလီကို လှမ်းဖိတ်လိုက်တယ်၊ သူက တခြား အစီအစဉ်တခုကို ဖျက်ပြီးလာခဲ့ရတာ'

'အစ်မတော်ကြီးနဲ့သာ အတူတူ ညစာစားရမယ်ဆိုယင် ကျွန်တော်တော့ လောကမှာ တခြားဘယ်သူ ဖိတ်ဖိတ် လိုးဝသွားမှာမဟုတ်ပါဘူး' ရှိုလီက ခပ်မြူးမြူးကလေး ပြောသည်။

မင်းသမီးကြီးက မပြုံးချင်ပြုံးချင် ပြုံးသည်။

'သူ့ အဖိတ်မခံရခင် ကတည်းက ဒီပွဲကို ဘယ်သူတွေလာမယ်ဆိုတာ သူက ကြိုတင်သိထားပြီး ပြီ မေရီရဲ့'

'ဒါဆို သူ့ထောက်ခံချက်အရ ကျွန်မတို့ ဒီပွဲကို တက်ကြရတာ ဂုဏ်ယူစရာပဲပေါ့ အစ်မတော်ကြီးရယ်'

www.burmeseclassic.com

www.burmeseclassic.com



မေရီက အရွှန်းဖောက်လိုက်သည်။

'မင်းက တော်တော် ကြောက်စရာ ကောင်းတဲ့ လူဆိုးပဲ ရိုလီ၊ မင်းရုပ်ရည်ကလဲ မင်းအပြစ်ကို ခွင့်လွှတ်နိုင်လောက်အောင် မချောဘူး၊ ဒါပေမယ့် တို့က မင်းကို သဘောတော့ကျပါတယ်'

မင်းသမီးကြီးပြောတာ မှန်ပါသည်။

ရိုလီက မိန်းမတွေ စွဲမက်လောက်အောင် ရုပ်ချော သူတယောက် မဟုတ်။

ကိုယ်လုံးကိုယ်ပေါက်က ကြည့်ပျော် ရှုပျော်တော့ ရှိပါ၏။ သို့သော် အရပ်အမောင်းက လူစဉ်မီရုံလောက် သာရှည်သည်။ အဝတ်အစား ဝတ်ထားလျှင်တော့ ဥလကောင်းသူတယောက်လို့ ထင်ရသည်။ သူ့တကိုယ် လုံးမှ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို တခုစီကြည့် လျှင် သိသိသာသာပြေပြစ်လှပတာဟူ၍ တခုမျှမရှိ။

သူ့သွားတွေက ဖြူတော့ဖြူသည်။ သို့သော် မညီ မညာ ဖရိုဖရဲ။ အသားအရေက လတ်တော့လတ်သည်။ သို့သော် ကြည်ကြည်လင်လင် မရှိ။ ဆံပင် ကောင်း သော်လည်း အရောင်က မလှ။ အနက်ရောင်လိုလို အညို ရောင်လိုလို ရွှေရောင်လိုလို။ မျက်လုံးတွေက ကျယ် သည်။ သို့သော် အားမရှိသော မွဲပြာရောင် ပျော့။

သူ့ ဟန်ပန်မူရာက လောကတွင် ဘယ်အရာကိုမှ အလေးအနက် မထားသည့် ဟန်ပန်မျိုး။ သူ့က



သဘောမကျသူများက လူပေလူတေဟု သမုတ်ကြ သည်။ ဉာဏ်များသည်ဟု စွပ်စွဲကြသည်။ အရင်းနှီးဆုံး မိတ်ဆွေများကိုပင် သစ္စာဖောက်တတ်သည်ဟု ပြစ်တင် ကြသည်။

ပြီးတော့ သူက နာမည်ပျက်လည်း ရှိသည်။ အသက် နှစ်ဆယ်ကျော်ကလေးတွင် စေ့စပ် ကြောင်းလမ်းထား သော ခင်ပွန်းလောင်းရှိပြီးသား မိန်းကလေးတယောက် ကိုခိုးပြေးသည်။ သုံးနှစ်ကြာတော့ လင်နှင့်ကွာရှင်း ပြတ် ရန် ရုံးတော်သို့လျှောက်လွှာ တင်ထားဆဲ အမျိုးသမီး တယောက်နှင့် ကြာခိုသည်။ ဤတွင် သူ့ မိန်းမက သူ့ကို ကွာရှင်းပြတ်စဲ လိုက်သည်။ သူက အိမ်ထောင် ထပ်ပြုသည်။ သို့သော် ယခင် သူနှင့်ကြာခို၍ လင်ကြီး နှင့် ပြတ်စဲရန် လျှောက်လွှာ တင်ထားသော မိန်းမနှင့် မဟုတ်။ တခြား မိန်းမတယောက်နှင့် ဖြစ်သည်။ နောက် နှစ်နှစ် သုံးနှစ်လောက် ကြာတော့ ယင်းမိန်းမကိုလည်း မပေါင်းတော့ပဲ ပစ်ထားခဲ့သည်။

ယခု သူ့ အသက်က သုံးဆယ်ကျော်ကျော်ကလေးပဲ ရှိသေးသည်။

သူ့အကြောင်းကို တိုတိုနှင့် ခြုံပြောရလျှင် နာမည် ပျက်နှင့် လူသိများနေသော လူရှုပ်လူပွေ တယောက်ဟု ပြောရလိမ့်မည်။ သူ့တွင် အကျင့်စာရိတ္တနှင့် ပတ်သက် ၍ ထောက်ခံစရာ ကောင်းကွက် တကွက်မျှမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သည်လို တေလေကြမ်းပိုး တယောက်နှင့် ဆုံစည်း အောင် သူနှင့်သူ့ ဇနီးတို့အား ဤပါတီပွဲသို့ မင်းသမီးကြီးက ဖိတ်မှ ဖိဘ်တတ်ပလေတယ်ဟု ဗိုလ်မှူးကြီး ထရိုင်ယယ်က အံ့သြမိသည်။

ဗိုလ်မှူးကြီး အနေဖြင့် နှစ်ယောက်ချင်း စကား ပြောစရာလူ ရှိလျှင် 'ဒီ ရိုလီဆိုတဲ့ အကောင်က အမျိုး ကောင်းသမီး တယောက်နဲ့ အခန်းတည်း တစားပွဲ တည်း ထိုင်သင့်တဲ့ အကောင် မဟုတ်ဘူးဗျ' ဟုရှ ပြောမိကောင်း ပြောမိမည် ဖြစ်၏။

ညှော်သည်များ အားလုံး စားပွဲတွင် နေရာယူကြ သောအခါ ရိုလီဖလင့်က ဗိုလ်မှူးကြီးကတော် လေဒီ ဂရေ့စ်နှင့် ဘေးချင်းကပ် ထိုင်လျက်သား ဖြစ်နေ သည်။

ရိုလီက ရည်ရည် မွန်မွန် ဟန်ပန်နှင့် အလ္လာပ သလ္လာပ စကားတွေ ပြောတော့ လေဒီဂရေ့စ်က စိတ် မဝင်စားသည့် အေးစက်စက် မျက်နှာဖြင့် ဟန်ဆောင် ပြီး နားထောင်နေသည်။ ဒါကို မြင်ရတော့ ဗိုလ်မှူး ကြီးက ကျိတ်ပြီး ဝမ်းသာနေမိသည်။

အဆိုးဆုံးကတော့ ရိုလီက မိန်းမတွေ ကျလောက် အောင် အာဝဇ္ဇန်း ကောင်းသူ တယောက် မဟုတ် သော်လည်း ဗိုလ်မှူးကြီးကတော် လေဒီဂရေ့စ်၏



မောင်ဝမ်းကွဲ ဖြစ်နေခြင်းပင် ဖြစ်သည်။ သူက မိဘ အမွေတွေ ရပြီး အတော်ကလေး ချမ်းသာနေသည်။ သို့သော် အလုပ်ကတော့ ဘာအလုပ်မှ မလုပ်။ အမွေ ရသော ပိုက်ဆံဖြင့် ထိုင်စားနေသူ ဖြစ်သည်။ ဘယ် မိသားစုမဆို သူ့လို လူပေါကြော့ 'သိုးမည်း' တယောက်တော့ ရှိတတ်သည်။ ဒါနှင့်တောင်များ မိန်းမတွေက သူ့ကို ဘာကြောင့် သဘောကျနေကြပါ လိမ့်ဟု ဗိုလ်မှူးကြီးက တွေးပြီး အံ့သြမိသည်။ တကယ် တော့ ရိုလီက ရုပ်မချောသော်လည်း မိန်းမတွေ 'ကျ' သည့် အချက်အချက်တော့ ရှိသည်။ ယင်းအချက်က တခြားမဟုတ်။ 'ဆန့်ကျင်ဘက် လိင်ပိုင်ရှင်များ စွဲမက် လောက်သည့် ဥပမိရုပ်ပင် ဖြစ်သည်။ ဤအချက်ကို ဗိုလ်မှူးကြီးက မမြင်၊ မသိ။ သူက လူရိုးကြီး။

မိန်းမ တယောက်က ရိုလီအား ဘယ်လောက်ပင် မကြိုက် မကြိုက်၊ သူနှင့် နာရီဝက်လောက် ထိုင်ပြီး စကားပြောလိုက်လျှင် ထိုမိန်းမ နှလုံးသား အရည် ပျော်ကျသွားရမည်သာ ဖြစ်သည်။ ရိုလီ အကြောင်းကို ဘယ်သူတွေက ဘယ်လောက်ပင် မကောင်းပြော ...း‌ချင်း ထို မိန်းမက လုံးဝ ယုံတော့မည် မဟုတ်။

ပို့ရှ

သို့သော် ရိုလီကို ဘာကြောင့် သဘောကျရသလဲ ထိုမိန်းမအား မေးကြည့်သော်လည်း ထိုမိန်းမက အဖြေ အကျ အဖြေပေးနိုင်ဖို့ ခဲယဉ်းကောင်း ခဲယဉ်းလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် ရှိလီသည် ရုပ်ရည် ချောမောသူ တယောက် မဟုတ်။ ထူးထူး ခြားခြား ပြောစမှတ် ပြုရ လောက်သော ဟန်ပန်မူရာမျိုးလည်း တခုမျှမရှိ။ သူ့ကို ကြည့်လိုက်လျှင် ကားတိုက်ရှေ့ရုံမှ သာမန် စက်ပြင် ဆရာ တယောက် လောက်သာ ထင်ကြလိမ့်မည်။ သူက ဝတ်ကောင်း စားလှများကို အကြမ်းထည်လို သဘော ထားပြီး ဝတ်သည်။ သူ့ရုပ်ကိုသူ ဘယ်လိုပုံမျိုး ပေါက် နေ ပေါက်နေ လုံးဝ ဂရုမစိုက်။ ပို၍ ဆိုးသည်က လောကတွင် ဘယ်အရာကိုမှ အလေးအနက် မထား ခြင်း ဖြစ်သည်။ အဆုံးစွန် ပြောရလျှင် ဆန့်ကျင်ဘက် လိင်နှင့် သံဝါသ ပြုခြင်းကိုပင် စိတ်မဝင်စားသလို ပြောဆို နေထိုင်တတ်သည့် လူစားမျိုး ဖြစ်သည်။ သို့ သော် သူ့အနေဖြင့် မိန်းမတွေထံမှ တခုသာ လိုချင် ကြောင်းကိုတော့ သိသိသာသာ ပြတတ်သည်။ သူက စိတ်လှုပ်ရှားမှု လုံးဝမရှိ။ ဘယ်တော့မှ ပျာပျာသလဲ မဖြစ်။ သည်အချက်ကြောင့်ပင် မိန်းမတွေက မခံချိ မခံသာ ဖြစ်ကြရသည်။မရိုးမရွ ဖြစ်ကြရသည်။

ပြီး[illegible]သော် သူ့တွင် တဘက်သား စိတ် ဝင်စားစရာ ကြီး[illegible]းမှုကလေးတွေတော့ ရှိသည်။

သူ့ဟန်ပန် မူရာက ကြမ်းတမ်းပေမယ့် သိမ်မွေ့ နူး ညံ့ခြင်း တမျိုးလည်းရှိသည်၊ ပြောင်ချော် ပြက်ချော် ပြောတတ်သည့်အထဲ စွဲမက်လောက်သည့် တည်ငြိမ်မှု



လည်း ရှိသည်။ ပြီးတော့ မိန်းမများသည် ယောကျ်ား များနှင့် မတူသော လူသတ္တဝါ တမျိုးဆိုသည်ကိုလည်း ပင်ကိုသိဖြင့် သိထားသူ ဖြစ်သည်။ သည်အချက်ကြောင့် သူ့စကားကို ကြားရလျှင် မိန်းမတွေက ဂုဏ်ယူရသည်။ ထို့ပြင် သူ့နှုတ်ခမ်းများက ညို့မောတ်ပါသည်။မျက်လုံး ပြာတွေက ယုယမှု ရှိသည်။

ရှိလီ့အကြောင်းကို မင်းသမီးကြီးက သူ့ဝါသနာ အတိုင်း တဲ့တိုးကြီးပင်ပြောသည်။

'တကယ်တော့ သူက ကောင်းတဲ့လူ မဟုတ်ဘူး၊ လူပွေလူတေတယောက်၊ ဒါပေမယ့် ကိုယ်သာ အသက် သုံးဆယ်လောက် ပြန်ငယ်သွားမယ်ဆိုယင်၊ သူကလဲ ကိုယ့်ကို ကျွန်တော်တို့နှစ်ယောက် လစ်ကြစို့လို့ ပြော လာမယ် ဆိုယင် ကိုယ်တော့ သူ့နောက်ကို ချက်ချင်း ထလိုက်သွားမှာပဲ၊ သူက ကိုယ့်ကို တပတ်အတွင်း လွှင့် ပစ်ထားခဲ့လို့ ကိုယ့်တဘဝလုံး ကုန်းကောက်စရာ မရှိ အောင် စုံးစုံးကြီးပဲ နစ်ချင်လဲနစ်ပါစေတော့'

သို့သော် မင်းသမီးကြီးက စားပွဲတွင် တဦးချင်း အကြောင်းထက် ဘုံအကြောင်းရပ်များကိုသာ ပို၍ ပြောချင်သည်။ ထို့ကြောင့် ဧည့်သည်များ အားလုံး နေရာယူကြပြီးသောအခါ သူက မေရီဘက်သို့ ဦးလှည့် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ဒီပွဲကို ဆာအဂ္ဂါ မလာနိုင်တာ ကိုယ်တော့ တကယ် စိတ်မကောင်းဘူး မေရီ'

'သူလဲ စိတ်မကောင်းပါဘူး၊ ကိစ္စက မမျှော်လင့်ပဲ ပေါ်လာတော့ ချက်ချင်း ထွက်သွားရတာကိုး'

'သူ့ကိစ္စက တကယ့် လျှို့ဝှက်ချက်ကြီးပဲ၊ တခြား ဘယ်သူ့မှတော့ မပြောကြပါနဲ့၊ သူ့ကို ဘင်္ဂလား ပြည်နယ် ဘုရင်ခံ ခန့်လိုက်ပြီ ဆိုပဲ'

'ဟင်.... တယ်ဟုတ်ပါလား၊ ဒီသတင်း တကယ် အမှန်ပဲလား' ဗိုလ်မှူးကြီးက အော်ပြောလိုက်သည်။ 'ဒီရာထူးက တကယ်ကောင်းတဲ့ ရာထူးပဲ'

'ဒါနဲ့ သူ့ကို ဒီရာထူးမှာ ခန့်လိုက်ပြီဆိုတာ အချိန် ကပ်ပြီး တအံ့တသြ သိရတာလား'

'အဲဒီလို မဟုတ်ပါဘူး၊ အဲဒီ ရာထူးအတွက် လျာ ထားတဲ့ လူတွေထဲမှာ သူလဲပါတယ်ဆိုတာ သူ ကြိုသိ ထားတယ်'

မေရီက ပြန်ပြောလိုက်သည်။

ဗိုလ်မှူးကြီးက ဆက်ပြီး....

'အင်း....တကယ်တော့ သက်ဆိုင်ရာက လူမှန် နေရာမှန် ရွေးချယ်လိုက်တယ် ဆိုရမှာပေါ့လေ၊ သူသာ ဒီရာထူးမှာ စွမ်းစွမ်းတမံ ထမ်းဆောင်ပြနိုင်မယ် ဆိုယင် ဘုရင်ခံချုပ်တောင် ဖြစ်လာနိုင်သေးတယ်၊ ကျုပ် သေချာပေါက် ပြောရဲပါတယ်'



'ကိုယ့်သဘောကို အမှန်အတိုင်း ပြောရမယ်ဆိုယင် အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်ကတော်သာ ဖြစ်မယ်ဆိုယင် လောကမှာ တခြား ဘာကိုမှ မလိုချင်တော့ဘူးလို့တောင် တွေးမိတယ်' မင်းသမီးကြီးက ပြောသည်။

'ဒီလိုဆို အစ်မတော်ကြီးက သူနဲ့တခါတည်း ဘာ ဖြစ်လို့ လက်မထပ်လိုက်တာလဲ' မေရီက နောက်လိုက်သည်။

'အို....ဒါနဲ့ သူက အိမ်ထောင် မရှိဘူးလား' လေဒီ ဂရေ့စ်က ဖြတ်မေးလိုက်သည်။

'မရှိဘူး' 'မင်းသမီးကြီးက မေရီဘက်သို့ လှည့်ကာ မနာလိုကြည့် တချက်ကြည့်လိုက်ယင်း 'ကိုယ်က အဖြစ် မှန်ကို သိုဝှက်မထားပဲ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက် မယ်၊ ဆာအဂ္ဂါဟာ ဒီမှာ တလခွဲလောက် နေသွား တုန်းက ကိုယ့်ကို လာပြီးရစ်နေတာ တနေ့မှမပြတ်ဘူး'

ရိုလီက သဘောကျကာ တခစ်ခစ် ရယ်နေသည်။ ပြီးတော့ မေရီအား မျက်တောင် ရှည်ကြီး များ နှင့် စောင်းကြည့်လိုက်သည်။

'ဒါနဲ့ အစ်မတော်ကြီးက ဆာအဂ္ဂါကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီလား၊ အဲဒီလိုသာ ဆိုယင်တော့ သူ့ ခမျာ တော်တော် သနားစရာပဲ'

'နုတ်ဖက်တဲ့ စုံတွဲလို့ပြောယင် မမှားပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



မေရီက ပြောသည်။

မင်းသမီးကြီးနှင့် ရိုလီတို့က သူ့ကို တမင်စနေမှန်း သူ သိသည်။ သို့သော် သူကလည်း ငုံ့မခံပဲ ပြန်၍ပက်သည်။

ဆာအင်ဂွါက သူ မေရီကို ချစ်နေကြောင်း ဖလောရင့်မြို့ရှိ သူ့မိတ်ဆွေများနှင့် မေရီ၏ မိတ်ဆွေများကို ပြောပြထားပြီး ဖြစ်သည်။ ဆာအင်ဂွါနှင့် မေရီတို့ကိစ္စ ဘယ်အခြေအနေထိ ရောက်နေသည်ကို မင်းသမီးကြီးက မေရီအား တကြိမ်မက မေးဖူးသည်။

'ကျွန်မတော့ ကာလကတ္တားမြို့ ရာသီဥတုကို အစ်မတော်ကြီး ကြိုက်မှကြိုက်ပါ့မလားလို့ တွေးမိတယ်'

လေဒီ ဂရေ့စ်ကပြောသည်။ သူက အရာပေ်သိမ်းကို အလေးအနက်ထား၍ တွေးတတ်သူဖြစ်သည်။

'အို ကိုယ်က အိမ်ထောင်ဘက်ကို ရာသက်ပန်ရှိးမြေကျရှယ်ကိုးပြီး ရွေးရမယ့်အရွယ် မဟုတ်တော့ပါဘူး၊ ရှင်တို့သိတဲ့အတိုင်း ကိုယ့်မှာအဓိပ္ပာယ်မရှိ အချိန်ဖြုန်းနေဖို့ အချိန်လဲမရှိတော့ဘူး၊ ဒါကြောင့်မို့ ရိုလီကိုလဲ ကိုယ့်နှလုံးသားထဲမှာ စွဲစွဲမြဲမြဲ သိမ်းမထားတာပေါ့၊ ပြီးတော့ သူက သိပ်ပြီးအကျင့်ကောင်းတဲ့သူလဲ မဟုတ်ဘူးလေ'



ဗိုလ်မှူးကြီးက ပန်းကန်ပြားထဲမှ ပုစွန်ကြော်ကို ရှုံ့မဲ့မဲ့မျက်နှာဖြင့် ငုံ့ကြည့်နေသည်။ သူ့ဇနီးကတော့ မပြုံးချင် ပြုံးချင် ပြုံးနေသည်။

စားတော်ဆက်တွင် ဂီတအဖွဲ့တဖွဲ့ရှိသည်။ အဖွဲ့ဝင်တွေက နေပယ်သားတွေ၊ အဝတ်အစားကလည်း အဟောင်းအနွမ်းတွေကို ဖြစ်သလိုဝတ်ကြသည်။ သူတို့က နေပယ်ရိုးရာတေးဂီတ တွေကို သီဆိုတီးမှုတ်လေ့ရှိကြသည်။

မင်းသမီးကြီးက စကားဝိုင်းခေါင်းစဉ် ပြောင်းလိုက်သည်။

'ကဲ ကိုယ်တို့ သီချင်းနားထောင်ဖို့ အချိန်တန်ပြီ ထင်တယ်၊ ရှင်တို့အားလုံး သိပ်ပြီးကြိုက်ကြမှာပါ။ အဆိုတော်က အသံလဲ သိပ်ကောင်းတယ်၊ သီချင်းကလဲ ခံစားချက် အပြည့်ပါတယ်၊ ဟာရိုးအတ်ကင်ဆန်က သူ့ကို အော်ပရာထဲ သွင်းပေးဖို့တောင် စိတ်ကူးထားတယ်' မင်းသမီးကြီးက စားပွဲထိုးမှူးကို ခေါ်လိုက်ပြီးနောက်.... 'ကဲ လုပ်စမ်းပါ၊ တနေ့က ကိုယ် ဒီကိုလာတုန်းက ဆိုတဲ့သီချင်းနဲ့ ဖြေဖျော်ဖို့ လုပ်ပါဦး'

'ဟာ ကျွန်တော်အများကြီး ဝမ်းနည်းပါတယ် အစ်မတော်ကြီး၊ အဆိုတော်က ဒီည မလာနိုင်လို့ပါ၊ သူ နေမကောင်းလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ၊ အဲဒါမှ ဒုက္ခပဲ၊ ဘယ့်နှယ် ကိုယ်က ကိုယ့်မိတ်ဆွေတွေကို အဲဒီသီချင်း နားထောင်စေချင်လို့ တမင်ဖိတ်ပြီး ညစာကျွေးတာ'

'သူက လူစားတယောက်တော့ ပို့ပေး လိုက်ပါတယ် ခင်ဗျား၊ တယောဆရာကလေး တယောက်ပါ၊ ကျွန်တော့်သူ့ကို ခေါ်လိုက်ပါ့မယ်'

'ကိုယ်က တယောကို မကြိုက်ဆုံးပဲ၊ ကြောင်သေအူနဲ့ မြင်းမြီး ခြစ်သံကို လူတွေ ဘာကြောင့် ကြိုက်တယ်ဆိုတာ ကိုယ်တော့ လုံးဝ မစဉ်းစားတတ်အောင်ပဲ'

စားပွဲထိုးမှူးမှာ ဘာသာစကား ခြောက်မျိုးလောက်အထိ ရေရေလည်လည် ပြောတတ်သော်လည်း မင်းသမီးကြီး၏ စကားကိုတော့ တလုံးမှ နားမလည်။ သူက သူ့တင်ပြချက်ကို မင်းသမီးကြီးက သဘောတူသည်ဟုထင်ကာ တယောဆရာကလေးထံသို့ လျှောက်လာခဲ့သည်။

တယောဆရာကလေးက ကုလားထိုင်မှ ထကာ ရှေ့သို့တိုးလာသည်။

လူပုံက ပိန်ပိန်ပါးပါးနှင့် အသားအရောင် ခပ်မွဲမွဲ။ မျက်လုံးတွေက ဂနာမငြိမ်။ ဆာလောင် မွတ်သိပ်နေသည့်ပုံမျိုး။ မျက်နှာက ညှိုးညှိုး။ အဝတ်အစားကလည်း အဟောင်းအနွမ်းကို ကဗျာဆန်ဆန် ဝတ်ထားသည်။ သို့ပေမယ့် သူ့ပုံက ထမင်းငတ်နေသည့် ရုပ်သွင်ပေါ်နေသည်။ မျက်နှာက သွယ်ပြီး ဟောက်ပက်နေသည်။



သူက တယောကို စတင်တီးခတ်သည်။

'ဂျီယိုဗန်နီ.... မင်းလူကလဲ မဝံ့မရဲနဲ့ ပါလား၊ အလိုလို ကြောက်နေသလိုပဲ'

မင်းသမီးကြီးက စားပွဲထိုးမှူးကို လှမ်းပြောလိုက်သည်။

သည်တကြိမ်မှာတွင်တော့ ဂျီယိုဗန်နီက မင်းသမီးကြီး၏ စကားကို နားလည်သည်။

'သူက သိပ်မဆိုးပါဘူး အစ်မတော်ကြီး၊ မကြိုက်ယင် ခွင့်လွှတ်ပါခင်ဗျား၊ ကျွန်တော်ကလဲ ဒီကိစ္စမျိုးကို ဘာမှနားမလည်ပါဘူး၊ ဒါပေမယ့် မနက်ဖြန်မှာတော့ ဟိုအဆိုတော် လာပါလိမ့်မယ် ခင်ဗျား'

ဂီတဝိုင်းက ဆူဆူညံညံဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်သီဆိုနေကြသည်။

ဆူညံသံကို အကာအကွယ်ယူကာ ရှိုလီက မေရီဘက်သို့လှည့်၍ စကားပြောသည်။

'ဒီညမှာတော့ မင်းအလှဆုံးပါပဲ'

'ကျေးဇူးတင်ပါတယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



ရိုလီ၏ မျက်လုံးများ အရောင်တလက် လက်တောက်လာကြသည်။

'မင်းနဲ့ပတ်သက်လို့ ထူးခြားချက်တခုကို ငါပြောပါရစေ၊ မင်းက တခြားအမျိုးသမီးတွေနဲ့ မတူဘူး၊ လူတယောက်က မင်းကိုသိပ်လှတယ်လို့ ပြောတဲ့အခါ မင်းက အဲဒီအကြောင်း ဘာမှမသိသလို ဟန်ဆောင်မနေဘူး၊ မင်းရဲ့လက်တဘက်မှာ လက်ချောင်း ငါးချောင်းရှိတယ်လို့ အပြောခံရသလို ,မင်းက ပုံမှန်အတိုင်း ရိုးရိုးကလေးပဲ ခံယူတတ်တယ်'

'ကျွန်မ အိမ်ထောင်ပြုတဲ့ အချိန်အထိ ကျွန်မရဲ့ အလှဟာ ထမင်းအိုးပါပဲ၊ ဖေဖေ ဆုံးသွားတော့ ကျွန်မတို့ သားအမိနှစ်ယောက် မိသားစုပင်စင် တခုတည်းနဲ့ မလောက်မင ရပ်တည်နေခဲ့ရတယ်၊ ပန်တျာကျောင်းကထွက်ပြီး ချက်ချင်း ကျွန်မ ပြဇာတ်တွေမှာ ပါဝင်ကပြခဲ့တယ်၊ အဲဒါဟာ ကျွန်မရဲ့အလှကြောင့်ပဲပေါ့၊ လှဘာဟာ ကျွန်မအတွက် ကံကောင်းပါတယ်'

'မင်းအနေနဲ့ ရုပ်ရှင်မင်းသမီးလုပ်ယင် ပိုပြီးတော့ ကံကောင်းမယ်လို့ ငါယုံကြည်တယ်'

မေရီက ရယ်သည်။

'ကျွန်မမှာ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ ဗီဇမပါပါဘူး၊ ရုပ်ပဲရှိတာပါ၊ တခြားဘာမှ မရှိပါဘူး၊ တကယ်လို့



ကျွန်မ ပြဇာတ်လောကမှာ ဆက်နေခဲ့ယင်တော့ တနေ့မှာ ရုပ်ရှင်သရုပ်ဆောင်ပညာကို လေ့လာခွင့် ရနိုင်စရာရှိပါတယ်၊ ဒါပေမယ့် အိမ်ထောင်ကျတော့ ပြဇာတ်လောကက ထွက်လိုက်ရပါတယ်'

မေရီ့မျက်နှာ မသိမသာ ညှိုးသွားသည်။ သူက အတိတ်ကို တွေးပြီး စိတ်မကောင်း ဖြစ်သွားပုံရသည်။ ရိုလီက မေရီကို ဘေးစောင်းကြည့်နေသည်။ မေရီ၏ ဘေးစောင်းအလှက စွဲမက်စရာ ကောင်းလှသည်။ တကယ်လည်း ပြောစမှတ် ပြုရလောက်အောင် ချောမော လှပသော အမျိုးသမီး တယောက်ပါပေ။ သူက ခန္ဓာကိုယ် အချိုးအစားလည်း ပြေပြစ် လှပသည်။ အသားအရောင်ကလည်း ဝင်းကြည် လှပသည်။

'မင်းက ရွှေညိုရောင် အလှဘုရင်မပဲ'

ရိုလီ ပြောတာ မှန်ပါသည်။ မေရီ၏ ဆံပင်က ရွှေရောင် ရင့်ရင့်။ မျက်လုံးက ပြူးကျယ်ပြီး အညိုရင့်ရောင်။ အသားအရေက ရွှေရောင် ဖျော့ဖျော့။ သူ၏ ထင်ကို အေးစက်စက် အမူအရာကို သည်အလှတွေက ဖုံးလွှမ်း သွားသောကြောင့် သူ့ ရုပ်သွင်က မြင်ရသူ ဘဝင် ဆူရလောက်အောင် ကြွတက်လာကြခြင်း ဖြစ်သည်။

'ငါမြင်ဖူးတဲ့ အမျိုးသမီးတွေထဲမှာ မင်း အလှဆုံးပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



‘ဒီစကားမျိုး ပြောခဲ့တာ မိန်းမ ဘယ်နှစ်ယောက် ရှိပြီလဲ’

‘အများကြီးပဲ၊ ဒါပေမယ့် အခု ငါ ပြောတာ ဟိုတုန်းက ပြောခဲ့တာတွေထက် နည်းနည်းကလေးမှ မလျော့ပါဘူး’

မေရီက ရယ်သည်။

‘ကျွန်မတော့ မယုံပါဘူး၊ ကဲပါ ဒီကိစ္စတွေ ဘေးချိတ်ထားလိုက်ပါတော့’

‘ဘာလို့ ဘေးချိတ်ရမှာလဲ၊ ဒီကိစ္စကို ငါက သိပ်ပြီး စိတ်ဝင်စားတာ’

‘ကျွန်မ ဆယ့်ခြောက်နှစ် သမီး အရွယ်က စပြီး ကျွန်မ သိပ်လှတယ်လို့ လူတွေက ပြောလာခဲ့ကြတယ်၊ ဒီစကားတွေ ကြားရဖန်များတော့ ကျွန်မ နားငြီးလှပြီ၊ တကယ်တော့ အလှဟာ မိန်းမတယောက်အဖို့ အဖိုးတန် ကိုယ်ပိုင်ပစ္စည်း တခုပါ၊ အလှရဲ့ တန်ဖိုးကို မသိယင် ကျွန်မ အရူးပဲပေါ့၊ ဒါပေမယ့် အလှဟာ အလှပိုင်ရှင်ကိုကောင်းကျိုးပေးသလို မကောင်းကျိုးလဲ ပေးတတ်ပါတယ်’

‘မင်းက သိပ်ပြီး ဆင်ခြင်တုံတရား ရှိတဲ့ မိန်းကလေးပဲ’

‘ရှင်က မြှောက်ပေမယ့် ကျွန်မ ဘယ်လိုမှ မခံစားရပါဘူး’



‘ငါက မင်းကို မြှောက်နေတာ မဟုတ်ပါဘူး၊ အမှန်တရားကို ပြောနေတာပါ’

‘ရှင် မြှောက်နေတာ မဟုတ်ဘူးလား၊ ကျွန်မကတော့ ရှင့်စကားမျိုးကို ခဏခဏ ကြားနေရလို့ နားတလော်နေပြီ၊ သာမန် မိန်းမတယောက်ကို ဦးထုပ်ဆက်ဆောင်ပေးပါ၊ လှတဲ့ မိန်းမကို စာအုပ် လက်ဆောင်ပေးပါတဲ့၊ ဒီ သဘောပဲ မဟုတ်ဘူးလား’

မေရီ့ စကားကြောင့် ရိုလီ အမူအရာ ‘တစက် ကလေးမျှ ပျက်မသွား။

‘မင်းကြည့်ရတာ ဒီနေ့ည စိတ်တိုနေသလိုပဲ’

‘ရှင် အဲ့ဒီလို ထင်တာ ဝမ်းနည်းပါတယ်၊ ကျွန်မမှာ စိတ်တိုစရာအကြောင်း ဘာမှ မရှိဘူးဆိုတာ နောက်ဆုံး စကားအဖြစ် ပြောလိုက်မယ်’

‘မင်းကို ငါ အရူးအမူး ချစ်နေမိပြီဆိုတာ မင်း သတိထားမိရဲ့လား’

‘အရူးအမူးဆိုတဲ့ စကားလုံးကို လက်လွတ်စပယ် သုံးသင့်ဘူး၊ ပြီးခဲ့တဲ့ ရက်တွေက ရှင် ကျွန်မနဲ့ ပြောဆို ဆက်ဆံခွင့်ရတာကို သဘောကျနေတယ် ဆိုတာတော့ ကျွန်မ အကဲခတ်မိပါတယ်၊ ကျွန်မက ကျလဲ ချောချာကိုး၊ မုဆိုးမ၊ လှတယ်၊ စေ့စပ်ထားတဲ့ လူ မရှိဘူး၊ ဖလောရင့်မြို့မှာ တယောက်တည်း လာနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရှင်လို လူတယောက်အဖို့ ကျွန်မဟာ ပစ်မှတ်ကောင်း တခုပဲပေါ့’

‘အဲဒီအတွက် မင်းက ငါ့ကို အပြစ်တင်မှာလား။ တကယ်တော့ အနုလို နွေဦးကာလမှာ လေရှူးနဲ့အတူ လူငယ်တယောက်ရဲ့ နှလုံးသားထဲမှာလဲ အချစ်စိတ်တွေပဲ ကွန့်မြူး နေတတ်တာဟာ သဘာဝပါ’

သူ့အမူအရာက တည်ငြိမ်သည်။ ပွင့်လင်းသည်။ ဟန်ဆောင်မှု လုံးဝမရှိ။

မေရီက သူ့ စကားတွေကို ပြုံးပြီး နားထောင်သည်။

‘ရှင့်ကို ကျွန်မ အပြစ် မတင်ပါဘူး၊ ဒါပေမယ့် ရှင်က နွားချိုမှာ လာပြီး နွားနို့ ညှစ်နေတာကိုး၊ အစီအစဉ်ယံမရှိ အချိန် ဖြုန်းနေတာကိုတော့ ကျွန်မ မုန်းတယ် ရှင့်’

‘တယ်ပြီး တန်ဖိုးရှိတဲ့ စကားပဲ၊ ဒါပေမယ့် ငါ့မှာ အချိန်တွေ အများကြီး ရှိပါတယ်၊ ငါ အကြာကြီး စောင့်နိုင်ပါတယ်’

‘ကျွန်မ ဆယ့်ခြောက်နှစ်သမီး အရွယ် ကတည်းက ယောကျ်ားတွေက ကျွန်မအချစ်ကို လိုချင်ကြတယ်၊ သူတို့က အရွယ်စုံပဲ၊ အဘိုးကြီးတွေလဲ ပါတယ်၊ လူငယ်တွေလဲ ပါတယ်၊ ရုပ်ချောတာလဲ ပါတယ်၊ ရုပ်ဆိုးတာလဲ ပါတယ်၊ ဒါပေမယ့် သူတို့မှာ တူညီတာ တခုတော့ ရှိကြတယ်၊ အဲဒါက တခြားမဟုတ်ဘူး၊ သူတို့ ကျွန်မကို ချစ်ကြတယ်ဆိုတာ တခြားကြောင့် မဟုတ်ဘူး၊ သူတို့ရဲ့ ရမ္မက်စိတ်ကို ဖြေချင်လို့ သက်သက်ပဲ’



‘ဒါနဲ့ မင်းမှာ တကယ်ချစ်တဲ့လူ ရှိခဲ့ဖူးသလား’

‘တယောက်တော့ ရှိခဲ့တယ်’

‘ဘယ်သူလဲ’

‘ကျွန်မ ယောကျ်ားပေါ့၊ အဲဒါကြောင့် သူ့ကို ကျွန်မ လက်ထပ်ခဲ့တာ’

ထိုနောက် စကားပြတ်သွားကြသည်။

မင်းသမီးကြီးက ကြားဖြတ် ဝင်လာသဖြင့် စကားဝိုင်းမှာ ရောက်တတ်ရာရာ သောင်းပြောင်းထွေလာ ပြန်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၃

သူတို့သည် တော်တော် ညဥ့်နက်မှ ညစာစားကြသည်။ ဆယ့်တနာရီ ထိုးတော့ မင်းသမီးကြီးက စားသောက် စရိတ် ရှင်းပေးလိုက်သည်။

ဧည့်သည်တွေ မပြန်မီ တယော ဆရာလေးသည် ပန်းကန်ပြားတချပ် ကိုင်ကာ ဧည့်သည်တွေ ရှေ့သို့ ရောက်လာသည်။ ပန်းကန်ပြားထဲတွင် တခြား စားပွဲ များမှ လူတွေ ပေးလိုက်သော ပိုက်ဆံ အကြွေများနှင့် ကျပ်တန် အနည်းငယ် ပါလာသည်။ ယခုကဲ့သို့ ဧည့် ပရိသတ်ထံမှ အလှူခံရသော ပိုက်ဆံသည်ပင် သူတို့ ဂီတ အဖွဲ့ဝင်များအတွက် အခကြေးငွေ ဖြစ်သည်။

မေရီက လက်ဆွဲအိတ်ကို ဖွင့်လိုက်သည်။

'နေပါစေ....မပေးနဲ့၊ ငါ ပေးလိုက်မယ်'

ရှီလီက ပြောသည်။

သူက အင်္ကျီအိတ်ထဲမှ တဆယ်တန်တရွက် ထုတ်၍ ပန်းကန်ပြားထဲ ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလဲ ပေးချင်သေးတယ်'

မေရီက ယင်းသို့ ပြောပြီး ရာတန်တရွက် ထပ်ပေ
လိုက်သည်။

တယောဆရာကလေးက မေရီအား အံ့သြစွာ ကြည့
နေသည်။ ထို့နောက် ဦးညွတ်အရိုအသေပြုကာ နေရာ
ပြန်ထွက်သွားသည်။

'မင်းက ဘာဖြစ်လို့ အဲဒီလောက်တောင် ပေးလို
ရတာလဲ၊ အလကား အဓိပ္ပာယ် မရှိတာ'

ရိုလီက မေရီ၏ လုပ်ရပ်ကို မကျေနပ်သံဖြင့် ပြော
သည်။

'သူ့ ခမျာ သနားစရာ၊ တယောထိုးတာလဲ တော
တော် ဆိုးဆိုးမွှားရွားပဲ၊ အတော်ကလေး ချို့တဲ့ရှာ
ရတယ်'

'အဲဒါကြောင့်မို့ ပြောတာပေါ့၊ သူတို့ကို သိပ်ပြ
မျှားမျှား စားစား ပေးဖို့ မလိုပါဘူး၊ တဆယ် ကျ
ကျပ်လောက် ဆိုယင် တော်လောက်ပြီ၊ သူတို့ကလဲ အဲ
ထက် ပိုပြီး မမျှော်လင့်ပါဘူး'

'ကျွန်မ သိပါတယ်၊ အဲဒါကြောင့်မို့လဲ ကျွန်
ပေးလိုက်တာပါ၊ အဲဒီပိုက်ဆံဟာ သူ့ အတွက် အမျ
ကြီး ဖြစ်နေလိမ့်မယ်၊ အဲဒါမှ သူ့ တသက်မှာ ထူးထူ
ခြားခြား မှတ်မှတ်ရရ ဖြစ်သွားမှာပေါ့'



ညှော်သည်တွေ အံသီးသီး အသက အသက ကိုယ့်ကားပေါ် ကိုယ် တက်ကြသည်။ မင်းသမီးကြီးက ဗိုလ်မှူးကြီး ထရိုင်ယယ်တို့ လင်မယားကို သူ့ကားပေါ် တက်စေသည်။

'မေရီက ရိုလီ့ကို သူ့ ဟိုတယ်ရှေ့မှာ ချပေးခဲ့ပေါ့ ဟုတ်လား၊ ကိုယ်က သူနဲ့ လမ်းမသင့်လို့ပါ' ဟု မင်းသမီးကြီးက ပြောသည်။

'ဟုတ်ပါတယ်၊ ဖြစ်နိုင်ယင် လမ်းကြုံ လိုက်ပါ့ရစေဗျာ' ဟု ရိုလီက တောင်းပန်သည်။

ဤအစီအစဉ်မှာ ကြိုတင်ညှိထားသော အစီအစဉ် ဖြစ်ကြောင်း မေရီ ချက်ချင်း နားလည်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သည် အဘွားကြီးက သည်လို ချစ်မှုရေးရာ ကိစ္စမျိုးကို အရွယ်နှင့် မလိုက်အောင် အလွန်ဝါသနာ ပါသောကြောင့် ဖြစ်သည်။ သို့သော် လောလောဆယ်တွင် မေရီအနေဖြင့် ဘယ်နည်းနှင့်မျှ ငြင်းကွက် မရှိ။

ထို့ကြောင့်....

'ရပါတယ်၊ လိုက်ခဲ့ပါ' ဟူ၍သာ အလိုက်သင့် ပြန်ပြော လိုက်ရတော့သည်။

သို့ဖြင့် သူတို့နှစ်ယောက် ကားပေါ် တင်ကာ သဘောဆိပ် လမ်းအတိုင်း မောင်းထွက် လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တလမ်းလုံးကို လရောင်က ရွှန်းရွှန်းမြမြ ပက်ဖျန်းထားသည်။

နှစ်ယောက်စလုံး စကား မပြောကြ။

ရှိလီက မေရီသည် သူနှင့် မပတ်သက်သော အတွေးများကို တွေးနေခြင်း ဖြစ်လိမ့်မည် ဟု ယူဆပြီး အနှောင့်အယှက် မပြုမိရန် ငြိမ်ချက်သား ကောင်းစွာဖြင့် ထိုင်၍ လိုက်ပါလာခဲ့သည်။

သို့သော် သူ ဟိုတယ်သို့ရောက်သောအခါတွင်တော့ သူက ကားပေါ်မှ မဆင်းသေးဘဲ....

'ညကလေးက လှလိုက်တာဗျာ၊ ဒီလို သာယာလှပတဲ့ ညမျိုးမှာ အိပ်ရာထဲဝင်ပြီး အချိန်ဖြုန်းရမှာ နှမြောစရာပဲ၊ ဖြစ်နိုင်ယင် နည်းနည်းကလေး မောင်းလိုက်ပါဦးလား၊ သိပ်ပြီး အိပ်ချင်နေပြီလား ဟင်'

'မအိပ်ချင်သေးပါဘူး'

'ဒါဆိုယင် တို့နှစ်ယောက် မြို့ပြင်တပတ်လောက် ပတ်လိုက်ကြယင် မကောင်းဘူးလား'

'သိပ် ညဉ့်နက်သွားမယ်ထင်တယ်'

'မင်းက အမှောင်ကို ကြောက်တာလား၊ ငါ့ကို ကြောက်တာလား'

'ဘာကိုမှ မကြောက်ဘူး'

မေရီသည် ကားကိုပြန်၍ လှည့်လိုက်သည်။ မြစ်ကြောင်းလမ်းအတိုင်း မောင်းလာခဲ့သည်။



မကြာမီတွင် မြို့ပြင်သို့ ထွက်လာသည်။ စိုက်ခင်းများကို ဖြတ်ကျော်လာခဲ့သည်။ လမ်းဘေး ယာတဲကလေး တလုံးတလေကို တခါတခါ လှမ်းမြင်ရသည်။ မိုးသို့ထိုးနေသော စိုက်ပရပ်ပင်များကို လရောင်နောက်ခံဖြင့် တည်ငြိမ်စွာမြင်ရသည်မှာ မျက်စိပသာဒရှိလှသည်။

'ဒါနဲ့ မင်းက ဆာအဂ္ဂါနဲ့ တကယ်လက်ထပ်တော့မှာလား'

ရှိလီက နိဒါန်းမပါပဲ ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သည်။

မေရီက သူ့ကို လှည့်ကြည့်သည်။

'ကျွန်မက သူ့အကြောင်း တွေးနေတယ်လို့ ရှင်က ထင်လို့လား'

'ဘယ့်နှယ် ထင်လို့ ဖြစ်ပါ့မလဲ'

မေရီက ခဏစဉ်းစားနေသည်။ ပြီးတော့မှ....

'သူ ဒီနေ့ ကိန်းကို ထွက်မသွားခင် ကျွန်မဆီ ဝင်သွားသေးတယ်၊ သူက လက်ထပ်ခွင့်တောင်းတယ်၊ ကျွန်မက သူပြန်လာတော့မှ အဖြေပေးမယ်လို့ ပြောလိုက်တယ်'

'ဒါဆို မင်းက သူ့ကို မကြိုက်ဘူးဆိုပါတော့'

မေရီက ကားကို စက်ရှိန်လျှော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က အဲဒီလို ဘာကြောင့်ထင်ရတာလဲ'

'မင်းက သူ့ကို တကယ်ကြိုက်ယင် စဉ်းစားဖို့ အချိန်သုံးရက်တောင်းနေစရာ မလိုပါဘူး၊ တထိုင်တည်းနဲ့ပဲ လက်ခံလိုက်ယင် ကိစ္စ ပြတ်တာပဲ'

'ရှင်ပြောတာ မှန်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်မ သူ့ကို မကြိုက်ပါဘူး'

'ဒါပေမယ့် သူကတော့ မင်းကို သိပ်ပြီးကြိုက်နေတယ်'

'သူက ကျွန်မဖေဖေနဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတယောက်ပါ၊ သူ့ကို ကျွန်မ ကလေးဘဝကတည်းက သိခဲ့တာ၊ သူက ကျွန်မကိုသိပ်ခင်တယ်၊ ကြင်နာမှုလဲ ရှိတယ်၊အဲဒါကြောင့် ကျွန်မက သူ့ကို ခင်လဲခင်တယ်၊ ကျေးဇူးလဲတင်တယ်'

'သူက မင်းထက် အနှစ် နှစ်ဆယ်လောက်တော့ ကြီးလိမ့်မယ်ထင်တယ်'

'ကျွန်မထက် နှစ်ဆယ့်လေးနှစ်ကြီးတယ်'

'သူနဲ့လက်ထပ်ယင် ခံစားရမယ့် စည်းစိမ်ဂုဏ်သိန်ကို မင်း မက်မောမိသလား'

'မက်မောတာပေါ့၊ ဘယ်မိန်းမမဆို မက်မောမိမှာပဲ၊ ရှင်သိထားဖို့က ကျွန်မလဲ လူသားတယောက်ပါ'

'အဲဒီတော့ ကိုယ်မချစ်တဲ့လူတယောက်နဲ့ နေရတာ ပျော်စရာအိမ်ထောင်ရေးဖြစ်လိမ့်မယ်လို့ မင်းက ထင်သလား'



'ကျွန်မက အချစ်ကို မလိုချင်တော့ဘူး၊ အချစ်ကို ရွံမုန်းနေပြီ'

သူ့အသံက မာသည်။ ရိုလီ လန့်ပင် လန့်သွားမိသည်။

'မင်းအသက်အရွယ်နဲ့ ဒီစကား ပြောတာ အံ့သြစရာပဲ'

သူတို့သည် မြို့ပြင်သို့ တော်တော်ဝေးဝေး ရောက်လာခဲ့ကြပြီ။ ကားကလေးသည် လမ်းကျဉ်း ကလေးတခုထဲသို့ ကွေ့ဝင်လာသည်။ ကောင်းကင်တွင် တိမ်တောင်တိမ်လိပ်များ အလျဉ်းမရှိ။ လမင်းကြီးက ထိန်ထိန်သာလျက်။

မေရီသည် ကားကို ရပ်လိုက်သည်။

'ကျွန်မက ကျွန်မယောကျ်ားကို သိပ်ပြီး ချစ်ခဲ့တယ်၊ သူနဲ့လက်ထပ်တော့ လူတွေက ကျွန်မကို အရူးလို့ပြောကြတယ်၊ သူက အရက်သမား ဖဲသမားတဲ့၊ ကျွန်မက သူတို့ပြောတာ ဂရုမစိုက်ခဲ့ဘူး၊ သူကလဲ ကျွန်မကို သိပ်ပြီး လက်ထပ်ချင်တယ်၊ အဲဒီတုန်းက သူ့မှာ ပိုက်ဆံတွေ အများကြီးရှိတယ်၊ ဒါပေမယ့် ကျွန်မက သူ့ကိုပိုက်ဆံကြောင့် လက်ထပ်တာ မဟုတ်ဘူး၊ သူ့မှာ တပြားမှမရှိလဲ ကျွန်မ လက်ထပ်မှာပဲ၊ သူဟာ ဘယ်လောက်ထိ ချစ်စရာကောင်းတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်မသိဘူး၊ သူက ရုပ်လဲချောတယ်၊ ပျော်ပျော်လဲ နေတတ်တယ်၊ ဘယ်တော့မှ စိတ်မညစ်တတ်ဘူး၊ အဲဒီတုန်းက ကျွန်မတို့ဘဝကတော့ တကယ့် ပျော်စရာကြီးပဲ၊ သူက အားမာန်လဲ ရှိတယ်၊ စိတ်ကောင်း ရှိတယ်၊ ကြင်နာတတ်တယ်၊ သိမ်မွေ့တယ်၊ ချိုသာတယ်၊ နူးညံ့တယ်၊ ဒါပေမယ့် အရက်မူးလာယင်တော့ အားလုံး ပြောင်းပြန် ဖြစ်သွားတော့တာပဲ၊ ဆူဆူပူပူလုပ်တယ်၊ ကြိမ်းမောင်းဆဲဆိုတယ်၊ ရိုင်းစိုင်း ကြမ်းတမ်းတယ်၊ ရန်လုပ်တယ်၊ အဲဒါကို ကျွန်မ စိတ်အညစ်ဆုံးပဲ၊ ကျွန်မအရွက်ဆုံးပဲ၊ ဒါပေမယ့် ကျွန်မ သူ့ကို စိတ်မဆိုးပါဘူး၊ သူက အရက်မူးပြေသွားယင် ကျွန်မကို တောင်းပန်တယ်၊ ကျွန်မကို စိတ်ညစ်အောင် လုပ်ခဲ့မိတဲ့အတွက် သူစိတ်မကောင်းဖြစ်ရတယ်၊ တကယ်တော့ သူက အရက်ကို မသောက်ချင်ပါဘူး၊ အပေါင်းအသင်းကြောင့် သောက်ရတာပါ၊ အပေါင်းအသင်းတွေက အတင်းသောက်ခိုင်းတော့ အားနာပါးနာနဲ့ သောက်မိတော့တာပဲ၊ အဲ....သူက အရက်နှစ်ခွက် သုံးခွက်ဝင်သွားယင်တော့ သူ့ကိုယ်သူ လုံးဝ သတိ မအုပ်နိုင်တော့ဘူး၊ ကျွန်မက အိပ်ရာထဲ တွဲချိပြီး ပို့ရတာ ချည်းပဲ။

'သူ အရက်ပြတ်အောင် ကျွန်မနည်းမျိုးစုံနဲ့ကြိုးစားပါတယ်၊ ဒါပေမယ့် မရပါဘူး၊ အလကားပါပဲ၊ အရက်ကျွန် တယောက်ကိုပြုပြင်လို့ရတယ်ဆိုတာ ကျွန်မ



လုံးဝမယုံဘူး၊ ဒီလိုနဲ့ ကျွန်မမှာ သူ့ရဲ့ သူနာပြုလို အထိန်းတော်လို ဖြစ်လာရတော့တယ်၊ ကျွန်မက သူ့ကို ဟန့်တားယင်လဲ သူက မကြိုက်ပြန်ဘူး၊ စိတ်ဆိုး မာန်ဆိုးနဲ့ ဆူပူ ကြိမ်းမောင်း လာတယ်၊ ကျွန်မ ဘဝက မလွယ်ပါဘူး၊ တော်တော်ခက်ခဲတဲ့ ဘဝပါ၊ ကျွန်မကို သူ့ အထိန်းတော်ကြီးလို သဘောထားလာတာကိုလဲ ကျွန်မက လုံးဝ မကြိုက်ဘူး၊ ဒါပေမယ့် သူ အရက် မသောက်ဖြစ်အောင် ကျွန်မက တတ်နိုင်သမျှ ကာကွယ် တားဆီးတယ်၊ တခါတလေ ကျွန်မကိုယ်ကျွန်မ မထိန်းနိုင်တော့တာနဲ့ ဒေါသ ပေါက်ကွဲပြီး သူနဲ့ အကျယ်အကျယ် ရန်ဖြစ်ရတယ်။

'သူက ဖဲကိုလဲ အသက်လောက် ချစ်တဲ့လူ၊ အဆိုးဆုံးက အရက်မူးမူးနဲ့ ဖဲရိုက်တော့ ဝက်ဝက်ကွဲ ရှုံးတော့တာပေါ့၊ သူ မသေပဲ အသက် ရှင်နေယင်လဲ ဖဲရှုံးလို့ ဒေဝါလီ ခံရတဲ့ ဘဝကို ကျိန်းသေ ရောက်မှာပါ၊ အဲ့ဒါဆိုယင် ကျွန်မလဲ ပြဇာတ်ထဲ ပြန်ဝင်ပြီး သူ့ကို လုပ်ကျွေးရမှာပဲ၊ တခါတလေ သူ တညလုံး ပြန်မလာဘူး၊ အဲဒါဆိုယင် သူ မူးရူးပြီး လမ်းပေါ်မှာ ထမဆုံး တွေ့တဲ့ မိန်းမနဲ့ ကြုံရာမှာ ဝင်အိပ်နေပြီ ဆိုတာ ကျွန်မ မမြင်ပဲနဲ့ အတပ်သိပြီ၊ ပထမတော့ ကျွန်မ ဒေါသလဲ ထွက်မိတယ်၊ မနာလိုလဲ ဖြစ်မိတယ်၊ နောက်တော့ တဖြည်းဖြည်းနဲ့ ကျွန်မ ကိုယ့်စိတ်ကိုယ် ဖြေလာနိုင်တယ်၊ နို့ မဟုတ်ယင် သူ လူမှန်း သူမှန်းမသိ မူးလာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ချေးစော်နံနံ အရက်စော် နံနံနဲ့ ကျွန်မကို ဘီလူးစီး သရဲစီး ဒုက္ခပေးမယ်၊ အဲဒီအချိန်မှာ သူက ကျွန်မကို တကယ်ချစ်လို့ မဟုတ်ဘူး၊ အရက်တန်ခိုးနဲ့ စိတ်ဖြေ တာ။

'သူ့အတွက်တော့ ကျွန်မ ဖြစ်ဖြစ် တခြား မိန်းမ ဖြစ်ဖြစ် ဘာမှ မထူးပါဘူး၊ သူ ဆန္ဒ ပြည့်ဝသွားတဲ့ အခါကျတော့ တခေါခေါနဲ့ ခွေးသေခွေးမော တုံး ကနဲ အိပ်ပျော်သွားတော့တာပဲ၊ အဲ့ဒါကြောင့် ကျွန်မ က အချစ်ကို ရွံမုန်းနေပြီလို့ ပြောခဲ့တာ၊ အဲဒါကို ရှင်က အံ့ဩနေတယ် မဟုတ်လား၊ ကျွန်မဟာ အချစ် ဆိုတဲ့ အကြောင်းကြောင့် ယောကျ်ား တယောက်ရဲ့ ကျေးကျွန်လို ဖြစ်ခဲ့ရတယ်၊ အနိုမ်ခံခဲ့ရတယ်၊ အရှက်ကွဲ ခံခဲ့ရပါတယ်ရှင်'

'ဒါနဲ့များ မင်းက သူ့ကို ဘာလို့ ကွာရှင်း မပစ် တာလဲ'

'အို....ကျွန်မ ဘယ်လိုလုပ်ပြီး ကွာရှင်းလို့ ရပါ့ မလဲ၊ သူက ကျွန်မကို မှီခိုနေရတဲ့လူ၊ သူက အရက်ကျွန် ဘဝ ရောက်ပြီး သူ့ကိုယ်သူ ဘာမှ မလုပ်တတ်တော့ သလို ဖြစ်နေတာ၊ သူ မဟုတ်တာ တခုခုဖြစ်ယင်လဲ ကျွန်မပဲ ကူညီရတယ်၊သူ နေထိုင်မကောင်း ဖြစ်ယင်လဲ ကျွန်မကိုပဲ အားကိုးတယ်၊ သူက ကလေးတယောက်လို ကျွန်မကိုပဲ အစစအရာရာ အားကိုးနေတော့တယ်'



ပြောယင်း သူ့အသံ တိမ်ဝင်သွားသည်။

'အဲ့ဒီ အချိန်မှာ သူက ဘဝပျက်နေပြီ၊ ကျွန်မလဲ သူ့ကြောင့် အသည်းကွဲနေပြီ၊ သူက ကျွန်မကို သစ္စာ ဖောက်တယ်၊ လိမ်ညာတယ်၊ အရက် ခိုးသောက်တယ်၊ ကျွန်မကို မုန်းသွားပါစေတော့ ဆိုပြီး ကျွန်မက သူ စိတ်ညစ်အောင် ဆူပူကြိမ်းမောင်းတယ်၊ အမျိုးမျိုး အနှောင့်အယှက်ပေးတယ်၊ ဒါပေမယ့်လဲ သူက ကျွန်မ ကို မုန်းမသွားဘူး၊ မြတ်မြတ်နိုးနိုး ချစ်မြဲပဲ၊ သူ့ကို ကျွန်မ ဘယ်တော့မှ ပစ်မသွားဘူးဆိုတာ သူ သိတယ်၊ ကျွန်မ ပစ်သွားယင် သူ့ဘဝတုံးပြီဆိုတာ သူ သိတယ်၊ သူ့ မိတ်ဆွေတွေ ဆိုတာကလဲ အလကား လူညာတွေ၊ သူ့ဆီမှာ ကပ်စားကြတယ်၊ သူ့ကို လိမ်ညာကြတယ်၊ သူ့ပိုက်ဆံတွေကို ဒမြ တိုက်ကြတယ်၊ အဲဒီလူတွေ သူ့ အနားက ခွာသွားကြတော့ သူ ပိုပြီး အရက်သောက် လာတယ်၊ တိရစ္ဆာန် တကောင်လို ရိုင်းလာတယ်၊ကြမ်း လာတယ်။

'သူ အသက် ရှင်နေနေ သေသွားသွား ကျွန်မက သာ သူ့ရဲ့ မိတ်ဆွေမှန် မိတ်ဆွေစစ် ဆိုတာကိုတော့ သူ ကောင်းကောင်း သိတယ်၊ သူ ကောင်းစားစား ဆင်းရဲရဲ ဘဝ တလျှောက်လုံး စိတ်ထား မပြောင်းဘဲ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်မယ့်လူဟာ ကျွန်မသာ ဖြစ် တယ်ဆိုတာကို ကျွန်မကလဲ ကောင်းကောင်း သိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ သူ ကျွန်မ ရင်ခွင်ထဲမှာသေသွားတော့ ကျွန်မမှာ အသည်းကွဲ ကျန်ရစ်ခဲ့ရတယ်'

မေရီ၏ မျက်နှာပေါ်တွင် မျက်ရည်တွေ စီးကျ လာသည်။ သူက စိတ်ကို ချုပ်တည်းထားချင်စိတ် မရှိ တော့။ အလိုက်သင့်ပင် လွှတ်ပေးလိုက်တော့သည်။

မေရီအနေဖြင့် အားရပါးရ ငိုပစ်လိုက်လျှင် စိတ် သက်သာရာ ရသွားနိုင်သည်ဟု ယူဆကာ ရိုလီကလည်း ဘာမှ ဝင်မပြောပဲ ငြိမ်ချက်သား ကောင်းစွာဖြင့် ထိုင် နေသည်။

ရိုလီက စီးကရက် တလိပ် ထုတ်၍ မီးညှိသည်။

'ကျွန်မလဲ တလိပ်လောက်၊ ကျွန်မတော့ ရူးများ ရူးနေပြီလားမသိဘူး'

ရိုလီက ဗူးထဲမှ ဆေးလိပ်တလိပ် ထုတ်ကာ မေရီ အား ပေးလိုက်၏။

'ကျွန်မ လက်ကိုင်ပဝါ လိုချင်တယ်၊ လက်ပွေ့ အိတ်ထဲမှာ'

လက်ပွေ့အိတ်က သူတို့ နှစ်ယောက်ကြားတွင် ရှိ သည်။ ရိုလီက လက်ပွေ့အိတ်ကို ဖွင့်၍ လက်ကိုင် ပဝါကို စမ်းရှာသော အခါ ခြောက်လုံးပြူးကို သွား စမ်းမိသည်။

'ဒီ သေနတ်က ဘာလုပ်မလို့လဲ'



'အင်္ဂါ ပေးထားခဲ့တာပါ၊ သူက ကျွန်မကို တယောက်တည်း လမ်းမထွက်စေချင်ဘူး၊ ထွက်ယင်လဲ အရံအတား သဘောနဲ့ သေနတ် ယူသွားစေချင်တယ်၊ ဒါကြောင့် ဘယ်သွားသွား သေနတ် ယူသွားပါ့မယ် လို့ သူ့ကို ကျွန်မ ကတိပေးလိုက်ရတယ်၊ အဓိပ္ပာယ် မရှိတဲ့ ကြောင်တောင်တောင် အလုပ်ဆိုတာ ကျွန်မလဲ သိပါတယ်' ရိုလီက ခေါင်းစဉ်သစ် တင်လိုက်သော ကြောင့် မေရီမှာ ဝမ်းနည်းစိတ်တွေ ပြေပျောက်သွား သည်။ 'ကျွန်မ စိတ်လွှတ်ကိုယ်လွှတ် ဖြစ်သွားမိတယ်၊ ဆောရီးပဲ'

'ဒါနဲ့ မင်းယောကျ်ား ဆုံးတာ ဘယ်တုန်းကလဲ'

'တနှစ်ရှိပြီ၊ အခုတော့ သူ သေသွားတာကိုပဲ ကျေး ဇူး တင်မိတယ်၊ သူ မသေပဲ အသက်ရှင်နေယင် ကျွန်မ ဟာ မျက်ရည်နဲ့ မျက်ခွက် ရှိမှာပဲ၊ သူလဲ အဝ တုံးပြီး ဖြစ်ရှိမှာပဲ'

'သူက ငယ်ငယ်ရွယ်ရွယ်နဲ့ အသေစောတယ် ဆိုရ မှာပဲနော်'

'သူ သေရတာက ကားမှောက်ပြီး သေတာ၊ လူမှန်း မသိအောင် မူးနေတယ်၊ တနာရီ မိုင် ခြောက်ဆယ် နှုန်းနဲ့ မောင်းလာတုန်း လမ်းပေါ်မှာ ဧလစ် ဖြစ်ပြီး မှောက်သွားတာ၊ နာရီပိုင်းအတွင်း သေသွားတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူ အသက်မထွက်ခင် တွေ့လိုက်ရတာ တကယ့် သနာ စရာပါပဲ၊ သူက မင်းကို ငါ အမြဲတမ်း ချစ်နေပါတယ် မေရီရယ်လို့ ပြောပြီး အသက်ထွက်သွားတယ်' မေရီ သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီးတော့မှ....'သူ အ သွားတာ တမျိုးတော့ ကောင်းပါတယ်လေ၊ သူ့ ကျွန်မရော ဝဋ်ကျွတ်သွားတာပေါ့'

နှစ်ယောက်သား စကား ဆက်မပြောပဲ ဆေးလိ သောက်နေကြသည်။ ရှီလီက နောက်တလိပ် ထပ်ညှိ သည်။

'ဒါနဲ့ မင်းအတွက် ဘာမှ အဓိပ္ပာယ် မရှိတဲ့ လူ တယောက်ကို လက်ထပ်ယင် မင်းကိုယ်မင်း ကျွန်ဘ ရောက်အောင် လုပ်တာနဲ့ တူနေမယ်ဆိုတာ မင်း တွေး မိရဲ့လား'

ရှီလီက စကားကို အစပ်သင့်အောင် ဆက်ပေးလိုက် သည်။

'ရှင်က အဂ္ဂါအကြောင်း ဘယ်လောက် သိထား လဲ'

'သူ ဒီကိုလာပြီး မင်းကို ပိုးပန်းနေတဲ့ တ ကျော်ကျော် အတွင်းမှာတော့ သူနဲ့ ခဏခဏ ဆုံ ပါတယ်၊ သူက နယ်ချဲ့ 'အင်ပိုင်ယာ အမှုတော်ထ တယောက်ပဲ၊ ငါ့အနေနဲ့ကတော့ ဘယ်ဘက်က ကြည့်လို့ မရပါဘူး'



မေရီက ခစ်ကနဲ ရယ်သည်။

'ကျွန်မကတော့ ရှင့်လို မထင်ဘူး၊ သူက အားမာန် တယ်၊ လိမ္မာတယ်၊ စိတ်ချ ယုံကြည်ရတယ်'

'ငါ့မှာတော့ အဲဒီ အရည်အချင်းတွေ တခုမှ မရှိ ဘူး'

'အဲဒီအကြောင်း ခဏမေ့ထားလိုက်ယင် ကောင်း မယ် ထင်တယ်'

'ကောင်းပြီလေ၊ ဒါနဲ့ သူ့ရဲ့ ကောင်းတဲ့ အရည် အချင်းတွေ ပြောပြစမ်းပါဦး'

'သူက ကြင်နာမှု ရှိတယ်၊ ဆင်ခြင်တုံတရားရှိတယ်၊ ဝရည်မှန်းချက် ကြီးတယ်၊ သူဟာ ကြီးကျယ်တဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့ပြီးပြီ၊ နောက်လဲ ပိုပြီး ကြီးကျယ်တဲ့တာဝန်တွေကို ထမ်းဆောင်ဦးမှာ သေ ချာတယ်၊ ကျွန်မက သူ့ကို ပိုပြီး အောင်မြင်အောင် ကူညီနိုင်မယ်လို့ ထင်တယ်၊ ကျွန်မရဲ့ ခံယူချက်ကို ပြော ယင် ကျွန်မအနေနဲ့ ဘဝမှာ လူတွေအတွက် အကျိုး ရှိတဲ့ အလုပ်တခုကို လုပ်သွားချင်တယ်၊ အဲဒီလို ပြော ယင် ရှင်က သဘောပေါက်မှာ မဟုတ်ဘူး၊ ကျွန်မကို အမြင်မကြောင်း တယောက်လို့ပဲ ထင်လိမ့်မယ်'

'ဒါနဲ့ မင်းက ငါ့ကို ဘယ်လို ထင်သလဲ၊ ဘယ်လို သလဲ၊ မြင်ထားတာကလေးတွေ ပြောပြစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ဘာမှ မမြင်ပါဘူး'

မေရီက ရယ်လိုက်သည်။

'ငါတော့ မယုံဘူး'

'ရှင် ဒီလောက်တောင် သိချင်ယင်လဲ ကျွန်မ ပြော ပြပါ့မယ်၊ သေသေချာချာ နားထောင်၊ ရှင်က အဖြုန်း သမား၊ လူပေါ်ကြော့၊ ဘဝမှာ ပျော်ပျော်နေဖို့က လွဲပြီး ဘာကိုမှ မတွက်တဲ့လူ၊ ရှင်လိုလူမျိုးကို အထင် ကြီးနေတဲ့ မိန်းမတွေကလဲ တပုံကြီး'

'မင်း ထင်မြင်ချက် မဆိုးဘူး၊ တော်တော် ပီပြင် မှန်ကန်ပါတယ်၊ ငါက ဘာမှ လုပ်စရာ မလိုအောင် အမွေတွေ ရထားတယ်၊ ဒါဟာ ငါ ကံကောင်းတယ် ဆိုရမှာပဲ၊ လောကမှာ ထမင်းနပ်မှန် မစားရတဲ့ ဆင်းရဲ သားတွေရဲ့ ပါးစပ်ထဲက ထမင်းလုတ်ကို လုယူနိုင်ဖို့ အတွက် ငါ အလုပ်တခုခု လုပ်ရမယ်လို့ မင်းက ယူဆ သလား၊ အခုချိန်ထိ ငါခံယူထားတာကတော့ ဘဝကို တတ်နိုင်သလောက် ပျော်ပျော် နေသွားဖို့ပဲ၊ ငါဟာ ဘဝကို သိပ်ပြီး မြတ်နိုးတယ်၊ ခင်တွယ်တယ်၊ ငါ့ဆန္ဒ ချက် အတိုင်း ဘဝကို ဘဝအတွက် ပျော်ပျော် နေ သွားနိုင်လောက်တဲ့ အခြေအနေကို ရောက်လာတာ ငါ ကံကောင်းတာပဲ၊ အခွင့်အရေး ရသမျှ လူသား တယောက်အနေနဲ့ အသုံးချမသွားနိုင်ယင် အဲဒီ လူဟာ



အရှုံးပဲပေါ့၊ ငါက မိန်းမတွေကို ကြိုက်တယ်၊ မိန်းမ တွေကလဲ ငါ့ကို ထူးထူးခြားခြား မြန်ကြိုက်ကြတယ်၊ အခုအချိန်မှာ ငါ အရွယ် ကောင်းသေးတယ်၊ နုပျို သေးတယ်၊ ဒါပေမယ့် နုပျိုမှုဆိုတာ တာရှည်ခံတာ မဟုတ်ဘူး၊ ထာဝရ မဟုတ်ဘူး၊ အဲဒီတော့ ငါ့ အနေနဲ့ အရွယ်ရှိတုန်း နုပျိုနေတုန်းမှာ ရနိုင်သမျှ အခွင့်အရေး ကို ဘာလို့ မယူပဲ နေရမှာတုံး'

'ရှင့် အတွေးအခေါ်က အဂ္ဂါနဲ့တော့ အပြတ် အသတ် ကွာတာပဲ'

'ဟုတ်ပါတယ်၊ ငါ လက်ခံပါတယ်၊ ဘာပဲ ဖြစ်ဖြစ် ငါကတော့ ပျော်ပျော်နေ သေခဲ့သမားပဲ'

'ဒါနဲ့ အဂ္ဂါက ကျွန်မကို လက်ထပ်ခွင့် တောင်း ထားတယ်ဆိုတာ ရှင် မေ့နေတယ် ထင်တယ်၊ အခု ရှင် ပြောနေတာတွေက မဆိုင်တာတွေပဲ'

'မင်းက ဒီစကား ဘာကြောင့် ပြောရတာလဲ'

'ဩော်....အဲဒါလား၊ တကယ်တော့ ရှင့်မှာ အိမ် ထောင်နဲ့ မဟုတ်လား'

'ဒါတော့ မင်း လုံးဝ မှားပြီ၊ ငါက မိန်းမနဲ့ ကွာ ရှင်း ထားတာ နှစ်လတောင် ရှိသွားပြီ'

'ရှင်က တော်တော် လျှို့လျှို့ဝှက်ဝှက် နိုင်တဲ့ လူပဲ နော်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ သဘာ၀ကိုး၊ မိန်းမတွေဟာ အိမ်ထောင်ရေး ကိစ္စနဲ့ ပတ်သက်လာယင် တော်တော် နားလည်ရ ခက်တယ်၊ အမှန်ကတော့ ဘာမှ ပြဿနာ မရှိယင် ပိုကောင်းမှာပဲ၊ တို့အားလုံး ကိုယ့်အကြောင်းကိုယ် သိကြပြီးသားပါ'

'ရှင် ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်မ သဘောပေါက်ပါတယ်' မေရီကပြုံးလိုက်သည်။ 'ဒါနဲ့ ရှင်က ရှင့်ရဲ့ လျှို့ဝှက် ပြစ်မှုကြီးကို ကျွန်မဆီမှာ ဘာဖြစ်လို့ လာပြီး ဖြောင့်ချက် ပေးနေရတာလဲ၊ ဘာလဲ ရှင့်ကို ကျွန်မက သနားလာယင် ရှင်က ကျွန်မကို မင်္ဂလာလက်စွပ် ပေးနိုင်ဖို့ အခွင့်အရေး ရမယ် ထင်လို့လား'

'မင်း ဒီလောက်တောင် မရူးသေးဘူး ဆိုတာ သိနိုင်တဲ့ အသိဉာဏ်တော့ ငါ့မှာ ရှိပါသေးတယ် အချစ်ရယ်'

'ရှင်က ကျွန်မကို အဲ့ဒီလို ခေါ်စရာ မလိုပါဘူး'

'ဟာ လိုတာပေါ့၊ ငါက မင်းကို လက်ထပ်ခွင့်တောင်းဖို့ စိတ်ကူးနေတဲ့ လူပဲ'

'တကယ်လား၊ ဘာကြောင့်လဲ'

'ငါတော့ ဒီစိတ်ကူးကို ဆိုးတယ်လို့ မထင်ဘူး၊ မင်းကရော ထင်သလား'

'ထင်ရုံတင် ဘယ်ကမလဲ၊ ရှင့် စိတ်ကူးက ပုပ်ဆွေးနေတဲ့ စိတ်ကူးပဲ၊ ဒီစိတ်ကူး ရှင့်ခေါင်းထဲ ဘယ်လို ရောက်လာတာလဲ'



'သူဟာသူ ရောက်လာတာပဲ၊ မင်းက မင်းယောကျ်ားအကြောင်း ပြောပြတော့ ငါက မင်းကို သိပ်ပြီး ခင်မင်သွားမိတယ်၊ ဒီစိတ်က ချစ်တဲ့စိတ်နဲ့ တခြားစီ၊ မင်း သိပါတယ်၊ ဒါပေမယ့် ငါက မင်းကို ချစ်လဲချစ်တယ်၊ မင်းဘ၀ကို သိရတော့ မင်း အပေါ်မှာ ငါ အကြီးအကျယ် ကြင်နာခြင်း ဖြစ်ပေါ်လာမိတယ်'

'ရှင်က ဒီစကားမျိုး ပြောရမယ့် လူစားမျိုး မဟုတ်ပါဘူး၊ ရှင်က မိန်းမတယောက်ကို အရည် ပျော်ကျအောင် ဘယ်အချိန်မှာ ဘယ်စကားမျိုး ပြောရမယ်ဆိုတာ သိပုံရတယ်'

'ငါက ဘယ်စကားပဲဖြစ်ဖြစ် မခံစားပဲနဲ့ မပြောပါဘူး'

'အို...တော်စမ်းပါ၊ ကျွန်မ ခေါင်းအေးအေးနဲ့ စိတ်ကောင်း ဝင်နေတာ ရှင် ကံကောင်းတယ်၊ ကဲ ကျွန်မတို့ မြို့ထဲ ပြန်ဝင်ကြစို့၊ ကျွန်မ ရှင့်ကို ဟိုတယ်အထိ ပို့ပေးခဲ့မယ်'

'ဒါဟာ ငါ့အတွက် အဖြေပဲလား'

'ဒါပေါ့'

'ဘာဖြစ်လို့လဲ'

'ရှင်က အံ့သြနေသလား၊ ကျွန်မက ရှင့်ကို တစက်ကလေးမှ မချစ်နိုင်တာ'

www.burmeseclassic.com

www.burmeseclassic.com



'ငါမအံ့သြပါဘူး၊ မင်းဒီလို တုံ့ပြန်မယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် အေးအေးဆေးဆေး ပြန်ပြီး စဉ်းစားပါဦး'

'ကျွန်မ စဉ်းစားပြီးပြီပဲ၊ ပြန်စဉ်းစားစရာ မလိုတော့ပါဘူး'

'ဒါဆို ဆာအင်္ဂါကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆိုပါတော့'

'လောလောဆယ်တော့ အဲ့ဒီလိုပဲ ဆိုပါတော့၊ ကျွန်မနဲ့ အခုလို စကားလာပြောတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်မမှာ စကားပြောမယ့်လူ မရှိဘူး၊ သိပ်ဆိုးတာပဲ၊ ရှင်က ကျွန်မကို ဆုံးဖြတ်ချက်တခုချနိုင်အောင် ကူညီတာကိုလဲ ကျေးဇူးတင်ပါတယ်'

'ဘယ်လိုများ ကူညီခဲ့လို့ပါလိမ့်ဗျာ'

'ရှင်တို့ယောကျ်ားတွေနဲ့ ကျွန်မတို့ မိန်းမသားတွေ မတူတာရှိတယ်၊ ကျွန်မတို့က ရှင်တို့တွေးသလို မတွေးဘူး၊ စောစောက ကျွန်မနဲ့ ရှင်နဲ့ ပြောခဲ့တာတွေ အားလုံးဟာ ဆာအင်္ဂါနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ်၊ ဆာအင်္ဂါက ကျောက်တောင်ကြီးလိုပဲ၊ အင်မတန်တည်ကြည်တယ်၊ ကြံ့ခိုင်တယ်၊ ယုံကြည်ချက် ပြင်းပြတယ်၊ သူ့ကို ကျွန်မ ဘယ်လောက်ထိ မှီခိုရမယ်ဆိုတာ ကျွန်မသိတယ်၊ သူ့ကိုလက်ထပ်ယင် ကျွန်မတသက်လုံး



ကြီးပွားမယ်၊ ရှင့်ကိုယူယင် ကျွန်မငတ်သေမယ်၊ သူက ကျွန်မ တဘဝလုံးအတွက် လုံခြုံမှု ပေး နိုင်တယ်၊ ဒီအချိန်မှာ ကျွန်မအနေနဲ့ သူ့ကို သိပ်ပြီး ချစ်ခင်မိတယ်၊ ဒါဟာ တကယ့်စစ်မှန်တဲ့ အချစ်ပါပဲ'

'လမ်းက သိပ်ကျဉ်းတယ်၊ ငါ တက်မောင်းပြီး ကားကို လှည့်ပေးရမှာလား'

'မလိုပါဘူး၊ ကျွန်မကားကို ကျွန်မလှည့်တတ်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

မေရီ၏ စကားကြောင့် ရှိုလီ ရင်ထဲ နင့်ကနဲတချက် ခံစားလိုက်ရသည်။ ကားကိစ္စကြောင့်မဟုတ်၊ မေရီ၏ စကားက နည်းနည်းကြီးကျယ်သောကြောင့်ဖြစ်သည်။

ရှိုလီက တချက်ရယ်လိုက်သည်။

'ဘေးကဘက်တချက်မှာ မြောင်းရှိတယ်၊ မင်းကြောင့် ငါမြောင်းထဲကျသွားယင်တော့ ဒုက္ခပဲ'

'ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်းပါ'

ရှိုလီက ဝီးကရက်တလိပ် ထုတ်၍ ညှိကာ မေရီ ကား မောင်း တာ ကို အကဲခတ် ကြည့်နေသည်။ မေရီက ကားသက်ကိုင်ဘီးကို အားပြုပြီး လှည့်သည်။

စက်ရပ်သွားသည်။

စက်ပြန်နှိုးသည်။

ကလပ်ကို ပြန်တင်လိုက်သည်။ ကားကို ဖြည်းဖြည်းလှည့်သည်။ ခဏကြာတော့ ကားကလေးသည် လမ်းမပေါ်သို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ငြိမ်ချက်သား ကောင်းစွာဖြင့် မောင်းလာကြသည်။ တလမ်းလုံး စကားတခွန်းမျှ မပြောကြ။

ဟိုဘယ်သို့ရောက်တော့ တော်တော်ညဥ့်နက်နေပြီ။ တံခါးတွေတောင် ပိတ်ထားပြီ။

ရိုလီက ကားပေါ်မှ မဆင်းသေး။

'ကဲ ရောက်ပြီလေ'

မေရီက သတိပေးလိုက်သည်။

'ငါ သိပါတယ်'

သူက ရှေ့တည့်တည့်ကို ငေးကြည့်ယင်း မတုန်မလှုပ် ထိုင်နေဆဲ။ မေရီက နားမလည်သည့် မျက်နှာဖြင့် ကြည့်လိုက်သည်။ ရိုလီက ပြုံးပြီး ပြန်လှည့်ကြည့်သည်။

'တကယ်တော့ မင်းဟာ အရူးပဲ၊ မေရီ.... မင်းက ငါ့ကို အပြတ်ငြင်းလိုက်တယ်နော်၊ ဒါပေမယ့် ကိစ္စမရှိ ပါဘူး၊ ငါဘယ်လိုမှမဖြစ်ပါဘူး၊ ဒါပေမယ့် ငါက မင်းထင်တာထက် လင်ကောင်းတယောက် ဖြစ်နိုင်တယ် ဆိုတာတော့ ငါပြောရဲပါတယ်၊ မင်းအနေနဲ့ ကိုယ့် အဖေလောက်ရှိတဲ့ အဘိုးကြီးတယောက်ကို လက်ထပ် ဖို့ ဆုံးဖြတ်လိုက်တာ တော်တော်မှားတယ်၊ သူက မင်း ထက် နှစ်ဆယ့်ငါးနှစ်တောင်ကြီးတယ်၊ မင်းက အခုမှ အသက်သုံးဆယ်ပဲရှိသေးတယ်၊ မင်းဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ်လူသားတယောက်ပါ၊ မင်းမှာ အိမ်ထောင် တဆက်ပျက်ခဲ့တယ်၊ ဒါပေမယ့် ဒါက အကြောင်း မဟုတ်ပါဘူး၊ ဒီအရွယ်နဲ့ ဘာမဆိုပြန်ပြီး အဖတ်ဆယ် လို့ရနိုင်ပါသေးတယ်၊မင်းဟာ မလှဲ့မသွေ ချစ်သူထင်ရှာ လိမ့်ဦးမယ်၊ဘာဖြစ်လို့လဲဆိုယင် မင်းဟာ အချစ်အတွက် တည်ဆောက်ထားတာပါ၊ မင်းအနေနဲ့ အချစ်ကို ပေယျာလကံ လုပ်ထားလို့ မရပါဘူး၊ မင်းအသက်က သိပ်ပြီး ငယ်သေးတယ်၊ ဘဝတံခါးကို ပိတ်ဖို့ အရွယ် မဟုတ်သေးဘူး၊ သိပ်ပြီး စောနေသေးတယ်'

'ရှင့်စကားက လွန်လာပြီ ရိုလီ၊ ရှင်ပြောပုံက အိပ် ရာထဲ ဝင်ဖို့သာ လူ့ဘဝရဲ့ အဓိက ရည်မှန်းချက်လို့ ပြောသလို ဖြစ်နေပြီ'

'ဒါနဲ့ မင်းမှာ ချစ်သူ ရှိဖူးသလား'

'ဘယ်တုန်းကမှ မရှိခဲ့ဘူး'

'မင်းကို မင်းယောကျ်ားသာမက ယောကျ်ားတွေ အားလုံးက ချစ်ကြလိမ့်မယ်'

'အဲဒါတော့ ကျွန်မ မသိဘူး၊ တချို့ ယောကျ်ား တွေကတော့ အဲဒီလို ပြောဖူးပါတယ်၊ အဲဒီ အပြော တွေကို ကျွန်မက ခေါင်းထဲ လုံးဝမထည့်ပါဘူး၊ ကျွန်မဟာ မြောက်ပင့်မြှောက်ပင့်ချော့မြှူတာကို ခံနိုင်ပါတယ်လို့ မပြောလိုပါဘူး၊ ဒါပေမယ့် ကျွန်မက ဘယ်တော့မှ မြှောက်ပင့်ချော့မြှူ မခံဘူး'

www.burmeseclassic.com



'ဩော်....မင်းရဲ့အလှနဲ့ နုပျိုခြင်းကို အလဟဿ ဖြုန်းတီးပစ်မှာကို ငါတွေးပြီး နှမြောမိလိုက်တာ၊ အလှတို့ နုပျိုခြင်းတို့ ဆိုတာက ခဏကလေးပဲ ခံတယ် မေရီ၊ အလှအရသာ နုပျိုခြင်း အရသာတွေကို မခံစားရယင် လောကမှာ ချမ်းသာတယ်ဆိုတာ ဘာလဲ၊ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ မင်းက အကြင်နာတရား ရှိတဲ့ အမျိုးသမီးတယောက်၊ မင်းရဲ့ အလှရတနာ စည်းစိမ် ဥစ္စာတွေကို စွန့်ကြဲ ပေးကမ်းမယ်ဆိုတဲ့ စိတ်မျိုးလုံးဝ မပေါ်ပေါက်ဘူးလား ဟင်'

မေရီက ငြိမ်နေသည်။

ခဏကြာတော့မှ သူက ပြောသည်။

'ရှင့်ကို ကျွန်မ တခုပြောမယ်၊ ရှင်က ကျွန်မကို ရှင့်ထက်တောင် ပိုရူးသေးတယ်လို့ ပြောမှာကိုတော့ သိပ်ကြောက်ပါတယ် ရှင်'

'ဒါ အများကြီး ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ပြောစရာ ရှိတာ ပြောသာပြောပါ'

'ကျွန်မဟာ တခြားမိန်းမတွေ တော်တော် များများထက် ပိုချောတယ် ဆိုတာကို ကျွန်မ မသိယင် ကျွန်မ အရူးပေါ့၊ ကျွန်မဟာ အခု နောက်ပိုင်း ကာလတွေမှာ အချိန်တွေ အများကြီး ရခဲ့တယ်၊ အဲဒီ အချိန်တွေ အများကြီးကို အကျိုးမရှိတဲ့ အတွေးတွေ တွေးပြီး ကျွန်မ ဖြုန်းပစ်ခဲ့မိတယ်၊ တကယ်လို့ ကျွန်မ အနေနဲ့ ချစ်သူတယောက်ကို မရွေးမဖြစ် ရွေးခဲ့ယင် အဲဒီ လူဟာ ရှင်နဲ့တော့ တူမှာ မဟုတ်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရယင် အချစ်ကိစ္စနဲ့ ပတ်သက်လာယင် ရှင့်ကို ကျွန်မက နောက်ဆုံးမှ ရွေးမှာပဲ၊ ဒါပေမယ့် တကယ်လို့ အခြေမဲ့ အနေမဲ့ ဆင်းရဲသား တယောက်၊ အထီးကျန် တကိုယ်ရေသမား တယောက်၊ ဘဝမှာ ပျော်စရာ ဆိုလို့ ဘာမှ မရနိုင်ရှာတဲ့ လူတယောက်၊ ပိုက်ဆံနဲ့ ဝယ်လို့ ရနိုင်တဲ့ အကောင်းဆုံး ဘဝ အရသာကိုလဲ တခါမှ မခံစားဖူးတဲ့ လူတယောက်၊ အဲဒီလို လူတယောက်ကသာ ကျွန်မဆီမှာ တခုခုပေးပါလို့ အသနား ခံလာယင် ကျွန်မကတော့ သူ့တသက် မမေ့နိုင်လောက်အောင် ပေးနိုင်သမျှ အကုန် ပေးပစ်လိုက်မှာပဲ၊ သူ့အတွက် နောက်ထပ်ပြန်ပြီး ခံစားလို့ မရနိုင်တဲ့ ပျော်ရွှင်မှုမျိုးကို ရသွားအောင် ရက်ရက် ရောရော ပေးပစ်လိုက်မှာပဲ'



'ငါတော့ ဒီလောက်ရူးတဲ့ အတွေးအခေါ်မျိုးကို တသက်မှာ တခါမှ မကြားဖူးသေးပါဘူး'

'ကဲ....ဒီတော့ ကားပေါ်က ဆင်းတော့လေ၊ ကျွန်မလဲ အိမ်ပြန်တော့မယ်'

မေရီက ခပ်ရွှင်ရွှင်ကလေး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘မင်းတယောက်တည်း ပြန်လို့ ဖြစ်ပါ့မလား’

‘စိတ်ချ၊ ဖြစ်ပါတယ်’

‘ကဲ….ဒါဆို ဂွတ်နိုက်ပဲ၊ မင်းရဲ့ နယ်ချဲ့ အင်ပိုင်ယာ အမှုတော်ထမ်းကြီးနဲ့ပဲ လက်ထပ်လိုက်ပါတော့မေရီရေ’

●

## ၄

မေရီသည် အဝေးပြေး လမ်းမကြီးအတိုင်း ပြန်မောင်း လာခဲ့ပြီးနောက် ဖလောရင့်မြို့၏ တိတ်ဆိတ်နေသော လမ်းများကို တလမ်းပြီးတလမ်း ဝင်လာခဲ့သည်။

ခဏကြာလျှင် စံအိမ်ကြီးရှိသောကုန်းမြင့်လမ်းပေါ်သို့ ရောက်လာသည်။ တောင်ကုန်းက တော်တော် မြင့်သည်။ မြင်းခွာသဏ္ဌာန် လမ်းကွေ့များကိုလည်း ခက်ခက် ခဲခဲ ချိုးကွေ့ တက်လာရသည်။

လမ်းတဝက်လောက်တွင် ခပ်ဝိုင်းဝိုင်း ရိပ်သာဆောင် ကလေးတခုနှင့် ရှည်ရှည်မြင့်မြင့် စိုက်ပရပ်ပင်ကြီး တပင် ရှိသည်။ ရိပ်သာဆောင်ရှေ့တွင် ဆင်ဝင် အမိုးခုံးကလေး လုပ်ထားသည်။ ထိုနေရာမှ ကြည့်လိုက်လျှင် ကက်သီဒရယ် ဘုရား ရှိခိုးကျောင်းနှင့် ဖလောရင့်မြို့တွင်းမှ တိုက်တာ အဆောက်အအုံ များ၏ အချွန်အတက် အခုံးအမြင့် များကို မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုခင်း၏ ဆွဲဆောင်မှုကြောင့် မေရီက ကားကို ရပ်ကာ ကားထဲမှ ထွက်လိုက်သည်။ လမ်းဘေး ကုန်း စွန်းအနီးသို့ လျှောက်လာခဲ့ပြီး မျက်စိတဆုံး မျှော် ကြည့်လိုက်သည်။ဆုံးစမထင် ကြည်လင်သော ကောင်း ကင်ပြင်ကျယ်အောက်မှ ချိုင့်ဝှမ်းလျှိုမြောင် တဝန်း လုံးကို လရောင်ဖွေးဖွေးဖြင့် ခြုံလွှမ်းထားသည်။ မြင်ရ သော ရှုခင်းက သာယာလှပလွန်းသောကြောင့် ရင်ထဲ တွင် တနင့်တပိုးခံစားရမိသည်။

ရှုခင်းကို တရှိုက်မက်မက် ခံစားနေယင်းမှ စိုက်ပရိုင် ပင်ရိပ်အောက်တွင် ရပ်နေသော လူတယောက်ကို သတိ ပြုမိသည်။ ထိုသူသောက်နေသော စီးကရက် မီး ရောင်ကို မြင်နေရသည်။

ထိုသူသည် မေရီထံသို့ ဦးတည်ကာ လျှောက်လာ နေသည်။ မေရီက ထိတ်ကနဲဖြစ်သွားသည်။ သို့သော် စိတ်ကိုတင်းကာ ဟန်မပျက် နေလိုက်သည်။

လူစိမ်းက ခေါင်းပေါ်မှ ဦးထုပ်ကိုချွတ်၍ အရို အသေပြုသည်။

'ခွင့်လွှတ်ပါခင်ဗျား၊ ဟိုစားတော်ဆက်မှာတုန်းက ကျွန်တော့်ကို ရက်ရက်ရောရော ပိုက်ဆံပေးခဲ့တာ မမပဲ မဟုတ်လား၊ မမရဲ့စေတနာကို အများကြီး ကျေးဇူးတင်ပါတယ် မမ'



မေရီက သူ့ကို ချက်ချင်းမှတ်မိသွားသည်။

'သြော် လက်စသတ်တော့ မင်းက တယောဆရာ လေးကိုး'

တယောဆရာကလေးသည် စားတော်ဆက်မှာတုန်း ကလို ထူးထူးဆန်းဆန်း နေပယ်အမျိုးသား ဝတ်စုံကို ဝတ်မလာတော့။ ညစ်ညစ်ပေပေ ဖျင်ကြမ်း ဝတ်စုံ ကိုသာ ဝတ်ထားသည်။ သူက အင်္ဂလိပ် စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်သည်။ သို့သော် အသံက တော့ ခပ်ဝဲဝဲ။

'ကျွန်တော်က အိမ်ရှင်ဆီမှာ အခန်းနေ့ စား သောက်စရိတ် အကြွေးတင်နေပါတယ်၊ အိမ်ရှင်မကြီး က ကျွန်တော့်အပေါ်မှာ သိပ်ပြီး ကောင်းပါတယ် ခင်ဗျား၊ ဒါပေမယ့် သူ့မျော ဆင်းရဲတော့ ပိုက်ဆံ လိုပြီးလိုနေပါတယ်၊ မမကျေးဇူးကြောင့် ကျွန်တော် သူ့ကို အကြွေးဆပ်နိုင်ခဲ့ပါတယ်'

'ဒါနဲ့ မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ'

'ကျွန်တော် အိမ်ပြန်လာယင်းနဲ့ ခဏရပ်ပြီး ရှုခင်းကို ကြည့်နေတာပါ'

'ဒါဆို မင်းက ဒီအနားတင်ပဲ နေတာလား'

'ဟုတ်ပါတယ် မမ၊ မမရဲ့ စံအိမ်ကြီးကို တက်လာ လမ်းပေါ်မှာ တဲအိမ်ကလေးတွေ တွေ့ပါလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဲဒီက တဲအိမ်ကလေးတအိမ်မှာ အခ
ငှားနေပါတယ်'

'ငါနေတဲ့နေရာကို မင်း ဘယ်လိုလုပ်ပြီး သိသ

'မမ ကားနဲ့ ဖြတ်မောင်းသွားတာကို ကျွန်တေ
ခဏ ခဏ မြင်ရပါတယ်၊ မမရဲ့ စံအိမ်ကြီးနောက်
သိပ်လှတဲ့ ဥယျာဉ်ကြီးနဲ့ အိမ်ထဲမှာ နံရံကပ် ပန်း
ကားတွေရှိတယ်ဆိုတာလဲ ကျွန်တော်သိရပါတယ်'

'မင်း အဲဒီအိမ်ကြီးထဲ ရောက်ဖူးသလား'

'မရောက်ဖူးပါဘူးခင်ဗျား၊ ကျွန်တော့် အခ
အနေမျိုးနဲ့ ဘယ်လိုရောက်ဖူးပါ့မလဲ မမရယ်၊ ဥယျာ
မှူး ပြောပြလို့ သိရတာပါ'

မေရီသည် ယခုမှ စောစောက မသိမသာ စိုးရိ
များ လုံးဝပျောက်သွားတော့သည်။ တယောဆ
ကလေးက စကားပြောချိုသာသည်။ သူ့ကိုကြည့်ရ
နည်းနည်းရှက်နေပုံရသည်။ စားတော်ဆက်မှာထုန်း
သူ့ အမူအရာ ညှိုးညှိုးငယ်ငယ် ဖြစ်နေပုံကို ပြန်လ
မြင်ယောင်မိသည်။

'မင်း ဥယျာဉ်နဲ့ ပန်းချီကားတွေကို ငါနဲ့လိုက်
မကြည့်ချင်ဘူးလား'

'ဟာ ဘယ့်နှယ်ပြောပါလိမ့် မမရယ်၊ အဲဒီလို
ကြည့်ရမယ်ဆိုယင် ကျွန်တော့်အနေနဲ့ ဝမ်းသာလို့ မ
တော့ပါဘူး၊ ဘယ်တော့ လိုက်ကြည့်ရမလဲ မမ'



မေရီသည် ရှိုလီနှင့် စကားပြောခဲ့ရတာကိုလည်း
ကျေနပ်နေသည်။ ရှိုလီက သူ့အား မမျှော်လင့်ပဲ
က်ထပ်ခွင့် တောင်းတာကိုလည်း စိတ်လှုပ်ရှားကာ
င်ရှင် မြူးမြူး ဖြစ်နေသည်။

ထို့ကြောင့် သူက အိပ်ရာဝင်ချင်စိတ် မရှိသေး။

'အခုပဲ လိုက်ကြည့်လေ'

သူက အမှတ်မထင် ပြန်ပြောလိုက်သည်။

'ဟင် အခုလိုက်ကြည့်ရမယ်၊ တကယ် ပြောတာ
ား မမ'

တယောဆရာကလေးက မယုံကြည်နိုင်အောင် ဖြစ်
နေသည်။

'တကယ်ပြောတာပေါ့၊ ဥယျာဉ်ကြီးက အခုလို
ကြည့်ညမှာ အလှဆုံးပဲ'

'ဝမ်းသာလိုက်တာ မမရယ်'

'ကဲ ကားပေါ်တက်.... သွားကြမယ်'

လူငယ်က မေရီ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။
မရီက ကားကို စက်နှိုးပြီး ဆက်မောင်းလာခဲ့သည်။
အိမ်ကလေးတွေ ပြွတ်သိပ် ဆောက်ထားသော နေရာ
ို ရောက်လာသည်။

'အဲဒါ ကျွန်တော်နေတဲ့ နေရာပေါ့မမ'

လူငယ်က လက်ညှိုးထိုးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မေရီက ကားကို စက်ရှိန် သတ်လိုက်ပြီး ခနော်ခ[illegible] ဆောက်ထားသော တဲအိမ်ကလေးတွေကို လှမ်းကြည့် လိုက်သည်။ တဲအိမ်ကလေးများမှာ ဝက်သိုက်လို ရှု[illegible] ပွေနေကြသည်။

;

ကားကို ဆက်၍ မောင်းထွက်လာသည်။ မကြာမ တွင် စံအိမ်ကြီး၏ ဂိတ်ဝသို့ ရောက်လာသည်။

တံခါးကို တွန်းဖွင့်ကာ ခြံထဲသို့ ဝင်လာခဲ့ကြသည်။

မေရီက ကားကို စက်ရပ်လိုက်သည်။ ပြီးသော် နှစ်ယောက်သား အိမ်ရှေ့ လမ်းကျဉ်းကလေးအတိုင်း လျှောက်လာကြသည်။

စံအိမ်ကြီး၏ သီးသန့်ခန်းများနှင့် မေရီ၏အိပ်ခန်း တို့က ဒုတိယထပ်တွင် ရှိ၍ ကြောင်လိမ် လှေကားဖြင့် တက်ရသည်။

မေရီက တံခါးကို ဖွင့်သည်။ မီးတွေကို ဖွင့်သည်။

ခန်းမဆောင်ကြီးထဲတွင် ကြည့်ရှုစရာ ထွေထွေ ထူးထူး မရှိ။ မေရီက လူငယ်အား နံရံကပ် ပန်းချီကား တွေရှိသော ဧည့်ခန်းထဲသို့ တန်းခေါ်လာခဲ့သည်။

ဧည့်ခန်းကြီးက အလွန် ကျက်သရေ ရှိသည်။ အိမ်ရှင်က ထိုအခန်းကြီးကို လက်ရာ အမြောက်ဆုံး ပန်းချီကားတွေ ပရိဘောဂတွေဖြင့် အစွမ်းကုန် အလှ ဆင်ထားသည်။ အပွင့်စုံ ဧည့်ခန်းကြီး၏ ခန့်ညား တည်



ငြိမ်လှန်းခြင်းကို အရောင်စုံ ပန်းအိုးကြီးများက ဖြည့် ထားသည်။ နံရံကပ် ပန်းချီကားများမှာ ဆေးရောင် [illegible]နေကြပြီ။ သို့သော်လည်း ဆယ့်ခြောက်ရာစု ခေတ် လက်ရာများက ခေတ်ဟောင်း အနုပညာ၏ ထွေပြား ဆန်းကြယ်သော ဂန္ထဝင် အလှကို ဖော်ပြနေကြသည်။

'လှသိုက်တာ မမရယ်၊ ခမ်းနား လိုက်တာ၊ ဒီလို လက်ရာတွေကို တော်ရုံတန်ရုံ အနုပညာ ပြတိုက်ကြီး တွေတောင် တွေ့ရမယ် မထင်ပါဘူး၊ ကျွန်တော်ဖြင့် ဒီလို လက်ရာတွေကို ကိုယ်ပိုင် ပိုင်ဆိုင်တဲ့လူတောင် ရှိမယ်လို့ ထင်ခဲ့မိတာ အမှန်ပါပဲ'

လူငယ်က တအံ့တဩဖြင့် အားပါးတရ ပြော သည်။

လူငယ်၏ ဝမ်းသာမှုကို မြင်ရတော့ မေရီကလည်း စိတ်လှုပ်ရှားခြင်း ဖြစ်မိသည်။

'ဒါတွေ အားလုံး မမ ပိုင်တာချည်းပဲလား ဟင်'

'ငါ မပိုင်ပါဘူး၊ ငါ့မိတ်ဆွေတွေ ပိုင်တာပါ၊ သူ တို့က ငါ့ကို ဒီအိမ်ကြီး ငှားထားတာ'

'ကျွန်တော် စိတ် မကောင်းပါဘူး မမ၊ တကယ် တော့ မမလို အလှန်လှပတဲ့ အမျိုးသမီးတယောက်က သာ ဒီလို လှပတဲ့ပစ္စည်းတွေကို ပိုင်ဆိုင်သင့်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ....လာ၊ မင်းကို ငါ ဝိုင်အရက် တိုက်မယ်၊ ပြီးတော့မှ အိမ်နောက်က ဥယျာဉ်ကြီး သွားကြည့်ကြမယ်'

'အို....မလုပ်ပါနဲ့ မမရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်က ညစာတောင် မစားရသေးပါဘူး၊ အရက်သောက်ယင် မူးသွားမှာ စိုးလို့ပါ'

'မင်းက ဘာဖြစ်လို့ ညစာ မစားသေးတာလဲ'

လူငယ်က ကလေးတယောက်လို ရိုးသားစွာ ရယ်လိုက်သည်။

'ကျွန်တော့်မှာ ပိုက်ဆံမှ မရှိတော့တာပဲ မမရယ်၊ မမပေးတဲ့ ပိုက်ဆံလဲ အကြွေးဆပ်လိုက်လို့ ကုန်သွားပြီ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး မမ၊ ကျွန်တော့်အတွက် မပူပါနဲ့၊ ဒီနေ့ မစားရပေမယ့် မနက်ဖြန်တော့ စားရမှာပါ'

'အို....ညစာ မစားပဲနေလို့ ဘယ်ဖြစ်မလဲ၊ လာစမ်းပါ၊ စားစရာ ဘာရှိသေးသလဲ၊ သွားကြည့်ရအောင်'

'ကျွန်တော် မဆာလို့ပါ မမရယ်၊ နေပါစေ၊ ဒုက္ခမရှာပါနဲ့၊ အခုလို မမနဲ့ နေရတာက ညစာ စားရတာထက် ပိုကောင်းပါတယ်၊ လရောင်အောက်က ဥယျာဉ်ကြီးကိုသာ ကျွန်တော့်ကို ကျေးဇူးပြုပြီး ပြပါမမ'



'ဥယျာဉ်ကြီးက ဘယ်မှ ထွက်မပြေးပါဘူး၊ လရောင်ကလဲ ရှိနေဦးမှာပါ၊ မင်းကို ငါ ညစာ ကျွေးချင်သေးတယ်၊ ပြီးတော့မှ မင်း ကြည့်ချင်တာတွေ စိတ်ရှိ လက်ရှိ လျှောက်ကြည့်ပေါ့ ဟုတ်လား'

သို့ဖြင့် သူတို့နှစ်ယောက် မီးဖိုဆောင်ထဲ ဝင်လာကြသည်။ အခန်းက အကျယ်ကြီး။ ကြမ်းပြင်ကို ကျောက်ပြား ခင်းထားသည်။ လူပေါင်း ငါးဆယ်လောက် ချက်ပြုတ် ကျွေးမွေးနိုင်လိမ့်မည်။

စီရီနှင့် နီနာတို့ လင်မယားက အစောကြီးကပင် အိပ်သွားကြပြီ။ စုဖို့မူးကလည်း ကုန်းမြင့် လမ်းတဝက်တွင် ရှိသော သူ့တဲကလေးသို့ ပြန်သွားပြီ။

မေရီနှင့် သူစိမ်းလူငယ်တို့သည် တိတ်ဆိတ်နေသော အခန်းထဲတွင် စားစရာများ လိုက်ရှာနေကြသည်။ သူတို့ကိုယ်သူတို့ စံအိမ်ကြီးကို ညဉ့်နက်သန်းခေါင် ဝင်ရောက်ဖောက်ထွင်းနေသူများကဲ့သို့ပင် ထင်မိကြသည်။

ကြောင်အိမ်ကို ဖွင့်ရှာသောအခါ ပေါင်မုန့် ဝိုင်အရက် ကြက်ဥ ဝက်ပေါင်ခြောက်နှင့် ထောပတ်များ တွေ့ရသည်။

မေရီက လျှပ်စစ်မီးဖိုကိုဖွင့်၍ ပေါင်မုန့်ကို မီးကင်သည်။ ပြီးတော့ ကြက်ဥကို ဒယ်အိုးထဲ ဖောက်ထည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ မင်းက ဒီဝက်ပေါင်ခြောက်တွေကို ပါးပါး လှီး၊ ပြီးတော့ ကြော်ရအောင်၊ ဒါနဲ့ မင်းနာမည်လဲ ပြောပါဦး'

လူငယ်က ဝက်ပေါင်ခြောက်ကို တဘက်၊ ဓားကို တဘက်ကိုင်ကာ ခြေစုံရပ်လိုက်ယင်း....

'ကျွန်တော့်နာမည် ကားလ်ရစ်ချတားလို့ ခေါ်ပါတယ် မမ၊ အနုပညာကျောင်းသားပါ'

'အို့ ငါက မင်းကို အီတာလျံလူမျိုးလို့ပဲ ထင်ခဲ့တာ၊ မင်းနာမည်က ဂျာမန်နာမည်လိုပဲ နော်'

'ကျွန်တော်က ဩစတြီး ယား နိုင် ငံ ရှိ တုန်း က ဩစတြီးယားသားပါ'

သူ့ အသံတွင် မကျေနပ်သံပါသလို ထင်ရ၍ မေရီက စူးစမ်းသည့် မျက်နှာနှင့် လှည့်ကြည့်လိုက်သည်။

'မင်းက အင်္ဂလိပ်စကား ဘယ်လို ပြောတတ်လာတာလဲ၊ အင်္ဂလန်မှာ နေဖူးလို့လား'

'မနေဖူးပါဘူး၊ ကျောင်းမှာ သင်ရလို့ ပြောတတ်တာပါ၊ တက္ကသိုလ်မှာ သင်ခဲ့ရတာ' သူက ရှုတ်တရက် ပြုံးလိုက်ပြီးတော့မှ 'ဟာ.... မမက သိပ်တော်တာပဲ နော်'

'ဘာတော်တာလဲ'

'အချက်အပြုတ်တော်တာကို ပြောတာပါ'



'ငါဟာ သူများအိမ်မှာ အိမ်ဖော်လုပ်ခဲ့ဖူးတယ်၊ ဒါကြောင့် အချက်အပြုတ် ကျွမ်းကျင်ခဲ့တာလို့ ပြောယင် မင်းယုံမှာလား'

'လုံးဝ မယုံနိုင်ပါဘူး'

'ဒါဖြင့် ငါဟာ တသက်လုံး ခြေမွေး မီးမလောင် လက်မွေး မီးမလောင် ဇိမ်နဲ့နေလာခဲ့ရတယ်၊ ငါ့ကို ပြုစုဖို့ အိမ်ဖော်တွေလဲ အများကြီးရှိတယ်ဆိုယင်ကော'

'ဒါတော့ ယုံတယ် မမ၊ ဟို ပုံပြင်ထဲက မင်းသမီးကလေးလိုပေါ့နော်'

'ဟုတ်တာပေါ့၊ ငါက ကြက်ဥလဲ ကောင်းကောင်း ကြော်တတ်တယ်၊ ဝက်ပေါင်ခြောက်လဲ ကြော်တတ်တယ်၊ ဘာကြောင့်ဆို ငါ့ကို ကင်ပွန်းတပ်မင်္ဂလာ လုပ်တုန်းက မင်းပြောတဲ့ ပုံပြင်ထဲက မေမေ နတ်သမီးက သင်ပေးလိုက်လို့ပဲ'

အားလုံးအဆင်သင့် ဖြစ်သောအခါ စားစရာတွေကို ပန်းကန်ထဲထည့်ကာ လင်ပန်းပေါ်တင်ကြသည်။ ထို့နောက် မေရီက ဦးဆောင်ပြီး စားသောက်ခန်းထဲ ဝင်လာကြသည်။ စားသောက်ခန်းကလည်း အကျယ်ကြီး။ မျက်နှာကြက်ကို ဆေးရောင် ခြယ်ထားသည်။ အခန်းအစွန် တဘက်တချက်စီတွင် ပန်းဖော် ကန့်လန့်ကာတခုစီ တပ်ဆင်ထားပြီး နံရံများတွင် ဖယောင်းတိုင်ခုံကြီးများ ချိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် စားသောက်စားပွဲကြီးတွင် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

'ကျွန်တော် အခုလို အဝတ်အစား ညစ်ညစ်ပေပေနဲ့ လာရတာ ရှက်တောင် ရှက်မိတယ် မမ' ကားလ်က ပြုံးပြီးပြောသည်။ 'ဒီအခန်းက သိပ်ပြီး ခမ်းနားနေတယ်၊ ကျွန်တော့်အဝတ်အစားနဲ့ မလိုက်ဘူး၊ ရှေးပန်းချီကားတွေထဲကလို ပိုးဖဲကတ္တီပါ ဝတ်ကောင်းစားလှနဲ့မှ လာဖို့ကောင်းတာ'

သူ့ဝတ်စုံက ဟောင်းနွမ်းနေပြီ။ ရှူးဖိနပ်ကလည်း အဖာအထေး။ လည်ပင်းဖွင့်ထားသော ရှပ်အင်္ကျီက နွမ်းကြေနေပြီ။ သူ့လည်ပင်းတွင် လည်စည်းမပါ။

ဖယောင်းတိုင်ကြီးများ၏ မီးရောင်အောက်တွင် သူ့မျက်လုံးများက မှောင်မည်းပြီး ဟောက်ပက်နေသည်။ ဆံပင်က အနက်ရောင် ခပ်တိုတိုညှပ်ထားသည်။ ပါးနှစ်ဘက်က ချိုင့်ဝင်နေသည်။ မေးရိုးက ကားကား။ အသားအရေက ဖြူရော်ရော်။

ဂီတဝိုင်းဝတ်စုံ ဝတ်ထားလျှင် ဥဖီဇီနန်းတော် ပြတိုက်ရှိ ဘရွန်ဇီနိုပန်းချီကားထဲမှ မင်းသားကလေး တယောက်နှင့်ပင် တူသလိုလို မေရီကထင်မိသည်။ တကယ်တော့ သူ့ရုပ်ရည်က မဆိုးလှ။

'မင်းအသက် ဘယ်လောက်ရှိပြီလဲ'



'နှစ်ဆယ့်သုံးနှစ်ပါ မမ'

'ဒါနဲ့များ ဘာလို့ စိတ်ဓာတ်ကျနေရတာလဲ၊ နုပျို လန်းဆန်းတဲ့ အရွယ်ကောင်းပဲ'

'ဘာအခွင့်အရေးမှ မရှိယင် နုပျိုခြင်း ဆိုတာလဲ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ မမရယ်၊ တကယ်တော့ ကျွန်တော်က အကျဉ်းထောင်ထဲ ရောက်နေရတဲ့လူပါ၊ ဘယ်တော့မှ လွတ်မြောက်လမ်း မရှိတော့ပါဘူး'

'မင်းက အနုပညာရှင်လား'

သူက ရယ်သည်။

'မမက ကျွန်တော် တယောထိုးတာကို ကြည့်ပြီး မေးတာလား၊ တကယ်တော့ ကျွန်တော်က တယောဆရာ မဟုတ်ပါဘူး၊ ကျွန်တော် ဩစတြီးယားက ထွက်ပြေးလာတော့ ဟိုတယ်တခုမှာ ဝင်လုပ်ပါတယ်၊ ဒါပေမယ့် ဟိုတယ်က ရှုံးလို့ ကျွန်တော့်ကို အလုပ်က ထုတ်ပစ်လိုက်တယ်၊ နောက်ပိုင်းမှာ ရရာ ပျံ့ကျ အလုပ် တခု နှစ်ခု ဝင်လုပ်သေးတယ်၊ ဒါပေမယ့် ကျွန်တော်က နိုင်ငံခြားသား ဖြစ်နေတော့ အလုပ်လုပ်ရတာ အဆင်မပြေဘူး၊ နိုင်ငံကူး လက်မှတ်မပါလို့ အခက်အခဲ တွေ့ရတယ်၊ ဒါနဲ့ ရရာတီးဝိုင်းတွေမှာ မတောက်တခေါက် တယောဝင်ထိုးပြီး အသက်မွေးရတယ်၊ ဒါပေမယ့် ဒီအလုပ်ကလဲ နေ့တိုင်း မရှိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ မင်းက ဩစတြီးယားက ဘာဖြစ်လို့ ထွက်ပြေးလာတာလဲ'

'အချို့ ကျောင်းသားတွေက ဂျာမနီနဲ့ ပူးပေါင်းရေးအဖွဲ့ကို ဆန့်ကျင်ကြတယ်၊ ကျွန်တော်တို့က လျှို့ဝှက် တော်လှန်ရေးအဖွဲ့ ဖွဲ့ကြတယ်၊ တကယ်တော့ ကျွန်တော်တို့ အမှားပါ၊ ကျွန်တော်တို့မှာ ရည်မှန်းချက် မရှိဘူး၊ ရလဒ်ကတော့ ကျောင်းသားနှစ်ယောက် ပစ်သတ် ခံရတယ်၊ တခြား ကျောင်းသားတွေကို အကျဉ်းစခန်း ပို့တယ်၊ ကျွန်တော့်ကိုလဲ အလုပ်ကြမ်းနဲ့ ထောင်ခြောက်လ ချတယ်၊ ဒါပေမယ့် ကျွန်တော်က ထွက်ပြေးပြီး အီတလီ နိုင်ငံထဲ ဝင်လာခဲ့တယ်'

'မင်း အဖြစ်က တကယ် လန့်စရာကြီးပါလား ကွယ်'

'တကယ်တော့ ဒီအဖြစ်မျိုး ခံရတာ ကျွန်တော် တယောက်တည်း မဟုတ်ပါဘူး၊ ကျွန်တော့်လို ခံရတဲ့ လူတွေ တကမ္ဘာလုံးမှာ ထောင်သောင်းမက ရှိနေပါသေးတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ လွတ်မြောက်လာခဲ့ပြီ'

'ဒီတော့ မင်းရဲ့ အနာဂတ် ဘဝအတွက် ဘယ်လို စိတ်ကူးထားသလဲ'

ကားလ် မျက်နှာ ညှိုးကျသွားသည်။ သူက မေရီ၏ မေးခွန်းကို ပြန်ဖြေရန် ပါးစပ်ဟသည်။ သို့သော် ချက်ချင်း အမူအရာ တမျိုး ပြောင်းသွားပြီး ရယ်ပင်လိုက်သည်။



'ဒီကိစ္စကို လောလောဆယ် ကျွန်တော် မတွေးပါရစေနဲ့ မမရယ်၊ တန်ဖိုး မဖြတ်နိုင်တဲ့ ဒီအချိန်ကလေးမှာ ကျွန်တော့်ကို ပျော်ပျော်ရွှင်ရွှင် နေခွင့် ပြုစေချင်ပါတယ်၊ ကျွန်တော့်ဘဝမှာ ဒီလို ပျော်ရွှင်မှုမျိုးကို တခါမှ မရခဲ့ပါဘူး၊ နောက်ပိုင်း ဘယ်လိုပဲ ဖြစ်လာဖြစ်လာ ဒီအချိန်ကလေးကိုတော့ ကျွန်တော် လွတ်လွတ်လပ်လပ် ခံစားသွားချင်ပါတယ်၊ တသက်လုံး မမေ့လို့ မရနိုင်အောင် မှတ်မှတ်ရရ ခံစား သွားချင်ပါတယ် မမရယ်'

မေရီက လူငယ်အား တအံ့တဩ ကြည့်နေမိသည်။ သူကိုယ်သူ ရင်တွေပင် ခုန်လာသလို ခံစားမိသည်။

သူအနေဖြင့် စိတ်ကူးယဉ် နယ်ကျွံခြင်းမှ အချိန်ရွေး ရုန်းထွက်နိုင်သည်ဟု သူက ရိုလီအား အပြောင်အပြက် သဘောဖြင့် ပြောခဲ့သည်။ ယခု သူသည် ထို အခြေအနေမျိုးသို့ ရောက်နေပြီလော။

သူ့စိတ် လှုပ်ရှားလာသည်။ ဂနာမငြိမ် ဖြစ်လာသည်။ အရက်ကလည်း သောက်နေကျထက် ပို၍ သောက်မိပြီ။ ဝိုင်အရက်နီ အပြင်းစား။ ကားလ်လည်း အဖော် ရပါစေတော့ဟု သဘောထားကာ ငကား

www.burmeseclassic.com

www.burmeseclassic.com



တပြောပြောနှင့် သောက်ယင်း စံချိန်လွန်ပြီး ဦးနှော
သို့ တက်လာခဲ့ပြီ။

အချိန်ကလည်း မနည်းတော့။

သန်းခေါင်ပင် ကျော်သွားပြီ။

နွေးထွေးသော လေညင်းက ပြတင်းပေါက်မျာ
တဆင့် တသွင်သွင် သုတ်ဖြူး ဝင်ရောက်လာသည်။
ရနံ့ကလည်း လှိုင်သင်းနေသည်။

မေရီသည် စိတ်လှုပ်ရှားလွန်ကာ အားအင် ဆု
ယုတ်လာသလိုပင် ခံစားမိသည်။ အသည်းနှလုံး
ရင်ထဲတွင် အရည်ပျော်ကျသွားသလို ထင်မိသည်
တချိန်တည်းတွင် သွေးတွေလည်း တကိုယ်လုံးရှိ သွေး
ကြောများထဲသို့ ပြေးဝင်နေသလို ခံစားနေရသည်

သူက စားပွဲမှ ဖြတ်ကနဲ ထရပ်လိုက်သည်။

'ကဲ မင်းကိုငါ ဥယျာဉ်လိုက်ပြမယ်၊ အဲဒါပြီး
မင်း ပြန်တော့'

ဥယျာဉ်သို့ သွားလျှင် နံရံကပ် ပန်းချီကား
ရှိသော ဧည့်ခန်းကြီးထဲမှ ဖြတ်သွားတာကပို၍ အ
ပြေသည်။

ထို့ကြောင့် မေရီက ကားလ်အား ထိုလမ်းအတိ
ခေါ်လာခဲ့သည်။ အခန်းထဲရောက်လာသောအခါ
ဘောင်တွင် ချထားသည့် လှပသော ပန်းချီရှေ့



သေတ္တာကိုမြင်တော့ ခဏရပ်ကြည့်နေသည်။ ထို့နောက်
ဓာတ်စက်ကို သွားမြင်သည်။

'ဘယ့်နှယ် ဒီနေရာမှာ ဒီပစ္စည်း ရောက်နေတာ
အဆန်းပါလား'

'တခါတလေ ငါက အဲဒါကြီးဖွင့်ပြီး ဥယျာဉ်ထဲ
မှာ တယောက်တည်း ထိုင်နေတယ်'

'ကျွန်တော် အခုဖွင့်ကြည့်ရမလား'

'ကြိုက်သလိုလုပ်'

ကားလ်က ဓာတ်စက်ကို ဖွင့်လိုက်သည်။ တိုက်တိုက်
ဆိုင်ဆိုင် ဓာတ်ပြားက ဩစတြီးယား ဂီတပညာရှင်ကြီး
စထရောက်၏ တေးသွားဖြစ်နေသည်။ ကားလ်က ဝမ်း
သာအားရဖြင့် အသံထွက်၍ပင် အော်လိုက်မိသည်။

'ဟာ....ဗီယင်နာ....၊ ကျွန်တော်တို့ ဗီယင်နာ မြို့သူ
မြို့သားတွေ အကြိုက်ဆုံး တေးသွားပါလား'

သူက မေရီ၏မျက်နှာကို ရွှန်းရွှန်းစားစား လှည့်
ကြည့်လိုက်သည်။ မေရီ၏ မျက်နှာလည်း လန်းဆန်း
ကြည်လင်နေသည်။ ကားလ်က ဘာကို ပြောချင်
ကြောင်း မေရီက အလိုလိုသိလိုက်သည်။

တချိန်တည်းတွင် ကားလ်က ကြောက်ရွံ့သလိုလို
အားနာသလိုလို ဖြစ်နေသည်ကိုလည်း သတိပြုမိလိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



မေရီက ပြုံးလိုက်ပြီး....

'မင်း ကတတ်သလား'

'အိုး သိပ်တတ်တာပေါ့ မမ၊ ကျွန်တော် တကယ် ကတတ်ပါတယ်၊ တယောထိုးတာထက် ပိုကတတ်ပါတယ်'

'ဒါဖြင့် ကပြစမ်းပါ'

ကားလ်က လက်နှစ်ဘက်ဖြင့် မေရီကို သိုင်းဖက်လိုက်သည်။

ခမ်းနား ကျယ်ဝန်းသော ဧည့်ခန်းကြီးထဲတွင် ဗီယင်နာမြို့သား ကမ္ဘာကျော် ဂီတပညာရှင်ကြီး၏ ဂန္ထဝင်တေးသွားအလိုက် ညကြီးမင်းကြီး နှစ်ယောက်သား ရှင်မြူးစွာ ကကြသည်။

ထို့နောက် မေရီက ကားလ်၏ လက်ကိုဆွဲကာ ဥယျာဉ်ထဲသို့ ခေါ်ထုတ်လာခဲ့သည်။

လမင်းက ထိန်ထိန်သာနေသည်။ ရွှန်းမြသော လရောင်အောက်တွင် ညီညာစွာ ဖြတ်ညှပ်ထားသော ပန်းချုံများ၊ လှပသော ရေးဟောင်း သင်္ချင်ပင်များ၊ ရေသွင်းလိုဏ်ဂူများနှင့် မြက်ခင်းများကို မြင်ရသည်မှာ အလှဆုံးနှင့် ရင်ခုန်စရာ အကောင်းဆုံးဖြစ်သည်။ မိမိ၏ ဂုဏ်ဒြပ်အဆင့်အတန်းနှင့် အသက်အရွယ်ကို မေ့သွားကာ နုပျိုသစ်ဆန်းသော ဘဝသစ်တခုသို့ ရောက်လာ



သလို ထင်မှတ်ရသည်။ နွေဦးလေနုအေးကလေးကလည်း ဖြူဖွေးသော ညပန်းရနံ့များဖြင့် ထုံသင်းလျက်ရှိသည်။

သူတို့သည် တယောက်လက်ကို တယောက်ဆွဲကာ တိတ်ဆိတ်စွာဖြင့် လျှောက်လာခဲ့ကြသည်။

'လှလိုက်တာ မမရယ်၊ ရင်ထဲမှာ မချိမဆန့် ခံစားရအောင်ကို လှတာပဲ' ကားလ်က ခံစားချက် အပြည့်ဖြင့် တိုးတိုးညည်းလိုက်သည်။ ပြီးတော့ သူက ဂျာမန်စာဆိုကြီး ဂါထား၏ 'ဖောက်စ်' လင်္ကာကြီးထဲမှ 'ပျော်စရာကောင်းလိုက်တာ၊ ကုန်လွန်သွားခဲ့တဲ့ အချိန်တွေကို ပြန်လာဖို့ တောင်းပန်လိုတာ....' ဟူသော စာပုဒ်ကို သူက ရွတ်ဆိုသည်။ 'မမတော့ ဒီစံအိမ်ကြီးမှာ နေရတာ သိပ်ပျော်မှာပဲ နော်....'

'သိပ်ပျော်တာပေါ့'

မေရီက ပြုံးလိုက်သည်။

'ဝမ်းသာပါတယ် မမရယ်၊ မမက ကြင်နာတတ်တယ်၊ စိတ်ကောင်းရှိတယ်၊ စေတနာ ကောင်းတယ်၊ မမဟာ ဒီလိုနေရာမျိုးနဲ့ ထိုက်တန်ပါတယ်၊ မမလို လူတယောက်အနေနဲ့ လောကမှာ ဘာမဆို လိုတာရနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်'

မေရီက အသံထွက်အောင် ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လောကမှာ မျှော်လင့်လို့ ရနိုင်တာ အားလုံးကို မမ ရနိုင်ပါတယ်'

တယောဆရာလေးက ဆွေးဆွေး မြည့်မြည့်ဖြင့် သက်ပြင်းတချက် မှုတ်ထုတ်လိုက်သည်။

'ကျွန်တော်တော့ ဒီညပဲ သေသွားယင် ပိုကောင်းလိမ့်မယ်လို့ ထင်မိတယ် မမရယ်၊ ဒီနေ့ညလို ပျော်ရွှင်မှုမျိုးကို ကျွန်တော့်တသက်မှာ ဘယ်တော့မှ ပြန်မရနိုင်တော့ပါဘူး၊ ကျွန်တော့်တသက် မမေ့နိုင်တော့မယ့်ညပါပဲ၊ ဒီညကို ကျွန်တော့်အသက်ရှင်နေသမျှ သတိရနေပါလိမ့်မယ်၊ မမရဲ့အလှ၊ ရှုခင်းရဲ့အလှတွေကို ကျွန်တော် ဘယ်လိုလုပ်ပြီး မေ့ပျောက်လို့ ရနိုင်ပါတော့မလဲ၊ ကျွန်တော်တော့ မမကို ကောင်းကင်ဘုံက နတ်မိမယ်လို့ အမြဲတမ်းသတိရနေတော့မှာပဲ၊ မမကို မယ်တော်မာရီလို သဘောထားပြီး မမဆီမှာ အမြဲတမ်း ဆုတောင်းနေတော့မှာပဲ'

သူက မေရီလက်ကို မြှောက်ကိုင်ကာ သူ့နှုတ်ခမ်းများနှင့် ရှရှကလေး ဖိကပ်ထားလိုက်သည်။ ပြီးတော့ ခေါင်းကိုငုံ့ကာ တရှိုက်မက်မက် နမ်းရှုပ်နေသည်။

မေရီက ကားလ်၏ ပါးပြင်နှစ်ဘက်တွင် သူ့ လက်နှစ်ဘက်ကို တယုတယ တင်ထားလိုက်သည်။

ကားလ်က ရုတ်တရက် ဒူးထောက် ထိုင်ချလိုက်သည်။ မေရီ၏ဂါဝန်စကို ညင်သာစွာနမ်းသည်။



မေရီသည် တကိုယ်လုံး သိမ့်သိမ့်တုန်သွားမိသည်။ ကြီးစွာသော ကြည်နူးခြင်းအရသာကိုလည်း အမှတ်ထင်ထင် ခံစားနေရသည်။

သူက ကားလ်၏ခေါင်းကို လက်နှစ်ဘက်ဖြင့် ညှပ်ကိုင်ကာ အပေါ်သို့ မယူလိုက်သည်။ ပြီးတော့ ကားလ်၏ နှုတ်ခမ်းကို နမ်းသည်။ ပါးစပ်ကို နမ်းသည်။

အမည်ဖော်ပြခြင်းငှာ မစွမ်းနိုင်သော ထူးဆန်းသော ခံစားမှုတခုကို ခံစားရသည်။ သူ့နှလုံး အိမ်ထဲတွင် မေတ္တာရေကြည်များနှင့် ပြည့်လျှမ်းလာသည်။

ကားလ်က ထိုင်ရာမှပြန်ထသည်။ မေရီတကိုယ်လုံးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

သူက အသက်နှစ်ဆယ့် သုံးနှစ် အရွယ် လူငယ်တယောက်။

ထိုအသက်အရွယ် လူငယ်တယောက်အဖို့ မေရီသည် ဆုတောင်းပတ္တနာ ပြုရမည့် နတ်မိမယ် တယောက်မဟုတ်။ ပိုင်ဆိုင်ရမည့် မိန်းမတယောက်သာ ဖြစ်ရပေလိမ့်မည်။

သူတို့နှစ်ယောက် တိတ်ဆိတ် ငြိမ်သက်နေသော အိမ်ကြီးထဲသို့ ပြန်ဝင်လာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅

အခန်းထဲတွင် မီးရောင်မရှိ။ သို့သော် ပြတင်းပေါက်များ ဖွင့်ထား၍ လရောင်ဖြင့် ထိန်လင်းနေသည်။

မေရီက ရှေးဟောင်း နောက်မှီ ကုလားထိုင်တွင် ထိုင်နေသည်။ ကားလ်က မေရီ့ ခြေရင်းတွင်ထိုင်ကာ သူ့ဦးခေါင်းကို မေရီ၏ ဒူးနှင့်မှီထားသည်။ သူ …းကရက်သောက်နေသည်။ မီးရောင်က အမှောင်ထဲတွင် …ရှိနေသည်။

ကားလ်၏ နောက်ကြောင်း ရာဇဝင်ကို မေရီက မေးတော့ ကားလ်က အသေးစိတ်ပြောပြသည်။

သူ့ဖခင်သည် ဝန်ကြီးချုပ် ဒေါလဖူးစ်၏လက်ထက် (၁၉၃၂-၃၄) တွင် ဩစတြီးယားနိုင်ငံ မြို့ကလေး …မြို့မှ ပုလိပ်အရာရှိတဦးဖြစ်သည်။ ထိုစဉ်က ဩစတြီးယားနိုင်ငံ အနှံ့အပြားတွင် ဆူပူမှုများ ဖြစ်ပွားလျက်ရှိ… ဆူပူသူများအား ကားလ်၏ဖခင်က ပြင်းပြင်း ထန်

www.burmeseclassic.com

www.burmeseclassic.com



ထန် နှိမ်နင်းခဲ့သည်။ ဒေါလဖူးစ်ကွယ်လွန်၍ ရှူးရှ်
တက်လာသောအခါတွင်လည်း ကားလ်၏ ဖခင်မှ
တာဝန်ကျေပွန်မှုနှင့် သစ္စာရှိမှုတို့ကြောင့် ရာထူးတည်
ခဲ့သည်။ သို့သော် သူက မင်းသားကြီး အိုတိုအား နို
တော်အမိပတိအဖြစ် တင်မြှောက်ရေးကို အားပေးခဲ့
သည်။ သို့မှသာ ဩစတြီးယားနိုင်ငံကို တိုင်းတပါးရန်
ကာကွယ်နိုင်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။
သူက မျိုးချစ်စိတ် အလွန်ပြင်းထန်သည်။ ဩစတြီးယား
နိုင်ငံအား ဂျာမနီက စုပ်မျိုသွားမည့်အရေးကို အလွ
တွေးပူသည်။ ထို့ကြောင့် သူသည် နောက်သုံးနှ
အတွင်းတွင် နာဇီဩဇာခံ ဩစတြီးယားသစ္စာဖောက်
တို့၏ လျှို့ဝှက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ပြင်းပြင်း
ထန်ထန် နှိမ်နင်းခဲ့သည်။

သို့သော် အကာအကွယ်မဲ့သော ဩစတြီးယားနိုင်
ကလေးထဲသို့ ဂျာမန်တပ်များ ဝင်ရောက်လာသော
တွင် သူသည် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ကာ အဆုံး
စီရင်သွားခဲ့သည်။

ထိုစဉ်က ကားလ်မှာ လူပျိုပေါက် အရွယ်ကလေး
မျှသာ ရှိသေးသည်။ ဖခင်သေဆုံးသွားသောအခါ
ကျောင်းထွက်လိုက်ရသည်။ သူက အနုပညာ သမိုင်း
အဓိက ကျောင်းသား။ အခွင့်သာလျှင် ကျောင်းဆ



ဝင်လုပ်မည်ဟု သူက ရည်ရွယ်ထားသည်။ သို့သော်
မျိုးခြား အုပ်ချုပ်သူ လက်အောက်တွင် ဩစတြီးယား
အမျိုးသားလူငယ် တယောက်အနေဖြင့် အလုပ်ရဖို့
အရေးမှာ ထင်သလောက် မလွယ်လှ။

တနေ့တွင် ကားလ်သည် နာဇီအာဏာရှင်ဟစ်တလာ
၏ မိန့်ခွန်းကို သွား၍ နားထောင်သည်။ ဟစ်တလာက
လင့်ဇ်မြို့ရှိ လင်းဟောက်စ် နန်းတော် လသာဆောင်မှ
ရပ်ကာ အောင်ပွဲခံ မိန့်ခွန်း မြွက်ဟသည်။ လူထု
ပရိသတ် ကြားထဲမှ နားထောင် နေသော ကားလ်
ကလေးမှာ ဒေါသစိတ်ကြောင့် တကိုယ်လုံး ဆတ်ဆတ်
တုန်နေသည်။

ပရိသတ်တွေက အောင်ပွဲခံ ခေါင်းဆောင်ကြီးအား
လက်ခုပ် လက်ဝါးတီးကာ ဩဘာပေးကြသည်။

သို့သော် မကြာမီတွင်ပင် ဩစတြီးယား ပြည်သူ
များက နာဇီ အုပ်ချုပ်ရေးကို ရွံမုန်းလာပြီး နာဇီ
နယ်ချဲ့တို့အား ပြန်လည် မောင်းထုတ်ရန် လျှို့ဝှက်
အသင်းအဖွဲ့များ ဖွဲ့လာကြသည်။ အသင်းဝင်တွေလည်း
တနေ့ထက်တနေ့ များလာသည်။

ဤသို့ဖြင့် ကားလ်ကလေးမှာလည်း နာဇီ ဆန့်ကျင်
ရေး အမျိုးသား လွတ်မြောက်ရေး အဖွဲ့ဝင်တယောက်
ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လျှို့ဝှက် အစည်းအဝေးများ ပြုလုပ်ကာ လျှို့ဝှက် စီမံကိန်းများ ချမှတ်ကြသည်။ သို့သော် သူတို့၏ လုပ်ရပ်များကို နာဇီ လျှို့ဝှက် ပုလိပ်အဖွဲ့က ထောက်လှမ်းသိရှိပြီး စာနေ့တွင် အသင်းဝင်များကို တပြုံကြီး ဖမ်းဆီးတော့သည်။

ဖမ်းဆီးမိသူများအနက် နှစ်ယောက်ကို ကျန်လူများအား သတိပေးသည့်အနေဖြင့် ချက်ချင်း ပစ်သတ်လိုက်သည်။ ကျန်လူများကို နာဇီ အကျဉ်းစခန်းများသို့ ပို့လိုက်သည်။ ကားလ်မှာ သုံးလအကြာတွင် အကျဉ်းစခန်းမှ ထွက်ပြေးလာခဲ့သည်။ ကံကောင်းထောက်မသဖြင့် အန္တရာယ် တစုံတရာ မတွေ့ပဲ အီတာလျံ နယ်စပ်ကို ဖြတ်ကျော် ဝင်ရောက်လာနိုင်ခဲ့သည်။

BURMESE CLASSIC

အီတလီ နိုင်ငံ ရောက်တော့ သူ့မှာ နိုင်ငံကူးလက်မှတ်လည်း မပါ။ တခြား ဘာ စာရွက်စာတမ်းမှလည်း မပါတော့။ အားလုံးကို နာဇီအကျဉ်းစခန်းမှ သိမ်းဆည်းထားလိုက်ပြီ ဖြစ်သည်။

ထို့ကြောင့် အီတလီနိုင်ငံသို့ ရောက်လာသည့်တိုင်အောင် ပြန်လည် အဖမ်းခံရမည့်အရေးကို အချိန်တိုင်းတွေးကြောက် နေရသေးသည်။ ကံမကောင်းလျှင် အလုပ်မရှိ ခြေသလုံးအိမ်တိုင် အဖြစ်လည်း ဖမ်းဆီးပြီး ထောင်ချနိုင်သည်။ သို့မဟုတ်လျှင် နာဇီ အကျဉ်းစခန်းသို့လည်း ပြန်ပို့နိုင်သည်။ နာဇီ အကျဉ်းစခန်း သွားရလျှင်တော့ မနိုင်ငယ်ကန် အလုပ်ကြမ်းတွေကို သေလုမျှောပါး လုပ်ရတော့မည်မှာ သေချာနေတော့သည်။ ရေဲ့ကက်ပင် ပို့၍ ဆိုးပေလိမ့်မည်။



'ကျွန်တော့်မှာ ဖေဖေ့လိုသာ ခြောက်လုံးပြူးရှိယင် ကိုယ့်ကိုယ်ကိုယ် ပစ်သတ်လိုက်မှာပဲ မမ'

သူက မေရီ့လက်ကို ကိုင်ကာ သူ့ ရင်ဘတ်ပေါ်တွင် တင်လိုက်သည်။

'ဟောဒီမှာ အခု မမလက်နဲ့ ထိနေတဲ့ စတုတ္ထနံ့ ပဉ္စမ နံရိုးကြားထဲ တချက်တည်း ပစ်ထည့်လိုက်မယ်'

'အို....မောင်လေးကလဲ ဒီလို မပြောကောင်းပါဘူး ကွယ်'

မေရီက ရုတ်တရက် ကျောချမ်းသွားကာ သူ့လက်ကို ပြန်ရုပ်လိုက်သည်။

ကားလ်က စိတ်မပါသလို ခြောက်ကပ်ကပ်ကြီး ရယ်နေသည်။

'ကျွန်တော် အာနိုမြစ်ကို ခဏခဏ သွားပြီး ရေထဲစိုက်ကြည့်နေတာ မမ မသိဘူး၊ ဟုတ်တယ်၊ မထူးတော့ပါဘူး မမရယ်၊ ကျွန်တော့်ဘဝမှာ ဘာမှ မျှော်လင့်ချက် မရှိတော့တဲ့ တနေ့မှာတော့ ရေထဲ ခုန်ချလိုက်တာ အကောင်းဆုံးပဲပါ'

www.burmeseclassic.com

www.burmeseclassic.com



မေရီက စိတ်မကောင်းစွာဖြင့် သက်ပြင်းချသည်။ သည်ကောင်လေး၏ ကံကလည်း ဆိုးကို ဆိုးလွန်းသည်။ သူ့ကို ဘယ်စကားပြော၍ နှစ်သိမ့်ရမည်နည်း။ နှစ်သိမ့်စကား ပြော၍လည်း သူ့ဒုက္ခက ပြေပျောက်သွားမည် မဟုတ်။

သူက မေရီ၏လက်ကို ဆုပ်ကိုင်ထားသည်။

'ကျွန်တော့်အတွက် မမ စိတ်မကောင်း ဖြစ်နေရပြီ' သူက နူးညံ့စွာ ပြောသည်။ 'စိတ်မကောင်း မဖြစ်ပါနဲ့ မမရယ်၊ ကျွန်တော့်ဘဝ ကတော့ လမ်းဆုံးရောက်နေပါပြီ၊ ကျွန်တော့်မှာ ဘာပဲလုပ်လုပ် နောင်တရစရာလဲ မရှိတော့ပါဘူး၊ အခုလို စိတ်ချမ်းသာစရာ ကောင်းတဲ့ ညမှာ မမနဲ့ တွေ့ရတာကိုပဲ ဝမ်းသာလှပါပြီ၊ သေပျော်ပါပြီ'

ထို့နောက် စကားမပြောကြတော့။ နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသည်။

မေရီက ကားလ်၏ ဘဝကုသိုလ် မကောင်းပုံကို တွေးနေသည်။ သူ့အဖို့ ထွက်ပေါက်မရှိတော့။ သူ့ကို ဘာအကူအညီ ပေးရမည်နည်း။ ပိုက်ဆံ ပေးရမည်လား။ ပိုက်ဆံပေးလိုက်လျှင် အခိုက်အတန့် အားဖြင့်တော့ ပြေလည်သွားမည်။ သို့သော် ထာဝရမဟုတ်။ ပိုက်ဆံကုန်သော နေ့တွင် ဒုံရင်း ဒုံရင်း ပြန်ရောက်မည်သာ ဖြစ်သည်။



ပြီးတော့ သည်ကောင်လေးက စိတ်ကူးယဉ်သမားကလေး။ ကြီးကြီးကျယ်ကျယ် စကားလုံးကြီးတွေကို ပြောသည်။ သူ့ဘဝ အတွေ့အကြုံက အရှယ်မမျှအောင် ကြောက်စရာကောင်းလှသော်လည်း သူက ဘဝအတွေ့အကြုံထက် စာအုပ်ထဲမှ အတွေ့အကြုံကိုသာ ပြောနေသည်။ ထို့ကြောင့် သူ့ကို အကူအညီပေးလျှင်လည်း လွယ်လွယ်နှင့် လက်ခံလိမ့်မည် မထင်။

ကြက်တွန်သံကြားရသည်။

တိတ်ဆိတ်သော အကာလ ည အချိန် တွင် ဖြစ်၍ အသံက စူးရှလှသည်။ မေရီသည် အမှတ်တမဲ့မို့ လန့်ပင် လန့်သွားမိသည်။

ကားလ်၏လက်ထဲမှ သူ့လက်ကို ပြန်ရုပ်လိုက်သည်။

'ကဲ ပြန်ဖို့အချိန်တန်ပြီ မောင်လေး'

'မပြန်သေးဘူး.... မပြန်သေးဘူး မမရယ်'

'မကြာခင် ရောင်နီလာတော့မယ်'

'ခဏနေပါရစေဦးလား မမရယ်' သူက ကြမ်းပြင်တွင် ထိုင်နေရာမှ ဒူးထောက်၍ထကာ မေရီအား ပွေ့ဖက်လိုက်သည်။ 'မမကို ကျွန်တော် သိပ်ချစ်တာပဲ မမရယ်'

မေရီက ကားလ်၏လက်များကို ဆွဲဖယ်လိုက်ပြီး

'မဖြစ်ဘူး၊ မင်းပြန်ကို ပြန်မှဖြစ်မယ်၊ အချိန် နှောင်းနေပြီ၊ ကဲ ပြန်ပါတော့ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ကားလ်၏ နှုတ်ခမ်းများတွင် အပြုံးရိပ် သန်းသွားသည်ကို မေရီက မြင်ခြင်းထက် ခံစားခြင်းဖြင့် သိလိုက်သည်။

ကားလ် ရှန်းထပြီး ကုတ်အင်္ကျီနှင့် ရှူးဖိနပ်ကို ရှာနေသည်။ မေရီက မီးဖွင့်လိုက်သည်။ ကုတ်အင်္ကျီ ဝတ်ပြီးသောအခါ ကားလ်က မေရီအား နောက်ထပ် ပွေ့ဖက်ထားလိုက်ပြန်သည်။

'ချစ်စရာ ကောင်းလိုက်တာ မမရယ်' သူက လေသံဖြင့် တိုးတိုးကလေးပြောသည်။ 'မမဟာ ကျွန်တော့်ကို စိတ်ချမ်းသာအောင် အများကြီး လုပ်ပေးခဲ့ပြီ၊ ကျွန်တော် အများကြီး စိတ်ချမ်းသာခဲ့ရပြီ'

'မမလဲ ဝမ်းသာပါတယ်ကွယ်'

'မမဟာ ကျွန်တော့်ကို အသက်ရှင်အောင် လုပ်ပေးခဲ့တယ်၊ မမနဲ့တွေ့ရတာ ကျွန်တော် လိုချင်တာတွေ အားလုံးရခဲ့ပြီ၊ ကျွန်တော် အနာဂတ်ကို မတွေးတော့ဘူး၊ ဖြစ်ချင်သလို ဖြစ်လာပါစေတော့၊ ဒီလိုဆိုတော့ လဲဘဝဟာ သိပ်မဆိုးပါလား၊ တခုခုတော့ အဓိပ္ပာယ်ပေါက်လာတော့မှာပဲ'

'ဒီတော့ မင်းက ဘယ်တော့မှ မမေ့နိုင်တော့ဘူး ဆိုပါတော့'

'ဘယ်တော့မှ မမေ့နိုင်တော့ဘူး'



မေရီက သူ့နှုတ်ခမ်းကို ကားလ်၏ နှုတ်ခမ်းအနီးသို့ ကပ်ပေးလိုက်ယင်း....

'ကိုင်း ဒီလိုဆို ပြန်တော့လေ.... ဂွတ်ဘိုင်'

'ဘယ်လောက်ကြာကြာအထိ ပြန်သွားရမှာလဲ မမရယ်' သူက ဆို့နင့်စွာဖြင့် တိုးတိုးကလေး မေးသည်။

မေရီက သူ့ကိုယ်ကို ပြန်ခွာလိုက်ပြီးနောက်....

'ရာသက်ပန် ပြန်ပါတော့ မောင်လေးရယ်၊ မမက မကြာခင်မှာပဲ ဒီနေရာက ထွက်သွားရတော့မယ်၊ သုံးလေးရက်ပဲ လိုတော့တယ်၊ နောက်ဆိုယင် တို့ဘယ်တော့မှ မတွေ့ရတော့ဘူး၊ မင်းက ငါ့ဘဝပျက်စီးတာ မြင်ချင်သလား ဟင်'

'ဒါပေမယ့် ကျွန်တော်က မမကို နောက်ထပ် တွေ့ချင်သေးတယ်၊ တွေ့ကို တွေ့ရမယ်၊ နောက်ထပ် တကြိမ်တည်းပါ၊ တကြိမ်တည်းပါ၊ နို့မဟုတ်ယင် ကျွန်တော် သေရပါလိမ့်မယ် မမရယ်'

'မမစကားကို နားထောင်စမ်းပါ မောင်လေးရယ်၊ အဓိပ္ပါယ်ရှိရှိ စဉ်းစားကြည့်စမ်းပါ၊ စိတ်လိုက်မာန်ပါ လုပ်တာ မကောင်းပါဘူး၊ မမ ပြောနေ တာက ဘယ်လိုမှ မဖြစ်နိုင်လို့ပါ၊ အခု ငါတို့ခွဲရတော့မယ်၊ အသက်လုံး ခွဲရတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'မမကို ကျွန်တော်ချစ်တယ်၊ မမက ကျွန်တော့်ကို မချစ်ဘူးလား ဟင်'

မေရီက အင်တင်တင်ဖြစ်နေသည်။ သူက မရက်စက်ချင်။ သို့သော်လည်း လောလောဆယ်တွင် အမှန်တရားကို ပြောမှဖြစ်တော့မည်ဟု ထင်မိသည်။

သူက ခေါင်းကို ခါယမ်းကာ ပြုံးယဲ့ယဲ့ဖြင့် ပြောလိုက်သည်။

'ဟင့်အင်း.... မင်းကို မမ မချစ်ဘူး'

ကားလ်က နားမလည်သလို အမူအရာဖြင့် မေ မျက်နှာကို စိုက်ကြည့်နေသည်။

'ဒါဖြင့် ကျွန်တော့်ကို ဒီကို ဘာလို့ ခေါ်လာ တာလဲ'

'မင်းက အဖော်မဲ့နေတယ်၊ တယောက်တည်းဖြစ်နေ တယ်၊ စိတ်ဆင်းရဲနေတယ်၊ မင်းကို မမက ခဏတ စိတ်ချမ်းသာမှုပေးချင်တယ်'

'အို.... လက်စသတ်တော့ ဒီလိုကိုး၊ ရက်စက်လှချ လား မခရယ်၊ ကမ်းကုန်အောင် ရက်စက်ပါပေ့ မ ရယ်'

'ဒီလို မပြောပါနဲ့ကွယ်' မေရီ၏ အသံက တိမ် သွားသည်။ 'မမက မင်းကို ရက်စက်ဖို့ လုံးဝမရည်ရွ ပါဘူး၊ မမရဲ့ အသည်းနှလုံးမှာ ကြင်နာမှုတွေ သန ခြင်းတွေ ပြည့်လျှံနေပါတယ် မောင်လေးရယ်'



'ကျွန်တော်က ခင်ဗျားဆီက ကြင်နာမှုလဲ မလို ချင်ဘူး၊ သနားတာလဲ မလိုချင်ဘူး၊ ခင်ဗျား ကျွန် တော့်ကို အစကတည်းက ဘာဖြစ်လို့ တယောက်တည်း ထားမပစ်ခဲ့တာလဲ၊ အခုတော့ ခင်ဗျား ကျွန်တော့်ကို နတ်ပြည် ခေါ်သွားတယ်၊ ပြီးတော့ မြေကြီးပေါ် ကန်ချလိုက်တယ်၊ မရဘူး၊ မရဘူး၊ ဒီလိုလုပ်လို့ မရဘူး'

သူက သည်လို စကားကြီး စကားကျယ်တွေကို ပြောပြန်တော့လည်း အထင်ကြီးစရာ ဖြစ်နေသည်။ သူ့စကားတွေက ဒေါသ မပေါက်ကွဲ၍ ထွက်လာသော စကားတွေဖြစ်သည်။ သို့သော် သူ့ အမူအရာတွင် ကြေ ကွဲခြင်း အသွင်ကိုလည်း မြင်ရသည်။ သည်အချက်က မေရီ၏ နှလုံးသားကို မသိမသာ ထိခိုက်သွားသည်။ ကားလ်အနေဖြင့် ဤကဲ့သို့ ပြုမူလာလိမ့်မည်ဟု မေရီက လုံးဝ မထင်ခဲ့။

'အမှန်ကတော့ ဒီလိုဖြစ်ရတာ မမ အမှားပါ၊ ဒါ ပေမယ့် မမက မင်းကို ဒုက္ခပေးဖို့ ရည်ရွယ်ချက် မရှိ တာတော့ အမှန်ပါကွယ်'

ကားလ်၏ မျက်လုံးများတွင် အချစ်၏ အရိပ် အရောင်ကို လုံးဝမမြင်ရတော့။ အေးစက် ခက်မာသော ဒေါသရိပ်သာ ပေါ်လွင်နေတော့သည်။ နှုတ်ကပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြူရော်နေသော သူမျက်နှာသည် ပို၍ဖြူသွားသည်။ လူသေမျက်နှာလို ဖြစ်သွားသည်။ မေရီမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ သူ မှားခဲ့ပြီ ဆိုတာကို ယခုမှ သိတော့သည်။ ယခုအချိန်တွင် အိမ်ဖော်များ လည်း အိပ်ပျော်နေကြပြီ။ သူက ဟစ်အော်လိုက်လျှင် လည်း မည်သူမျှ ကြားမည်မဟုတ်။

'ငါမှားပြီ.... ငါမှားပြီ'

လောလောဆယ်တွင် သူ့အနေဖြင့် အမိက လုပ် ရမည့် လုပ်ငန်းကတော့ စိတ်မလှုပ်ရှားပဲ ခေါင်းအေး အေးဖြင့် အကြံထုတ်ခြင်းသာ အကောင်းဆုံး ဖြစ် လိမ့်မည်။ သူ လုံးဝ မကြောက်ကြောင်းကို ကားလ် သိအောင် ပြုရမည်။

'မမ အများကြီး စိတ်မကောင်း ဖြစ်မိပါတယ် မောင်လေးရယ်၊ မောင်လေးကို စိတ်မချမ်းသာ ဖြစ် အောင် လုပ်ဖို့ မမ မရည်ရွယ်ခဲ့တာ အမှန်ပါ၊ အခု မောင်လေး စိတ်မချမ်းသာ ဖြစ်ရတဲ့အတွက် မမ လျော်ကြေး ပေးရမယ်ဆိုယင်လဲ ဝမ်းသာစွာနဲ့ ပေး အဆင်သင့်ပါ'

ကားလ်က မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

'ခင်ဗျား ဘာပြောတာလဲ၊ ကျုပ်ကို ပိုက်ဆံ ပေး မလို့လား၊ လာဘ်ထိုးမလို့လား၊ ခင်ဗျား ပိုက်ဆံ ကျုပ် မလိုချင်ဘူး၊ ဒါနဲ့ ခင်ဗျားမှာ ပိုက်ဆံ ဘယ် လောက်များ ရှိလို့လဲ'



မေရီက မှန်တင်ခုံပေါ်မှ လက်ပွေ့အိတ်ကို ယူလိုက် သည်။ အိတ်ကို ဖွင့်၍ လက်နှိုက်လိုက်တော့ ခြောက် လုံးပြူးကို စမ်းမိသည်။ သူ ထိတ်ကနဲ ဖြစ်သွားသည်။

သူ့တသက်တွင် ဘယ်တုန်းကမှ သေနတ်တချက် ပစ်ခဲ့ဖူး။

အို....ဒီအခြေအနေအထိတော့ဖြစ်မလာနိုင်ပါဘူး။ သို့သော် သူ့မှာ သေနတ်ရှိနေတာကိုတော့ ဝမ်း သာမိသည်။

အင်း....အဂ္ဂါက ငါထင်ခဲ့သလို လူအ လူရိုးကြီး တယောက် မဟုတ်ပါလား။ တကယ်ကို အမြော်အမြင် ရှိတဲ့ လူတော်ကြီးတယောက်ပါလား။

မေရီသည် သူ့စိတ်ကူးနှင့်သူ ဝမ်းသာသွားသည်။ စိတ်ကိုလည်း ပို၍ ထိန်းချုပ်နိုင်လာသည်။

'မမမှာ ပိုက်ဆံ လိုင်ရာ နှစ်ထောင် သုံးထောင် လောက်တော့ ရှိတယ်၊ ဒါဆိုယင် မင်းအနေနဲ့ ဆွစ် ဇာလန်ကို သွားနိုင်လောက်အောင်တော့ လုံလောက် ပါတယ်၊ အဲဒီမှာက ပိုပြီး စိတ်ချရတယ်'

'ခင်ဗျားက သဌေးမကြီးဆိုတော့ ပိုက်ဆံစကား ပြောတာပေါ့ ဟုတ်လား....၊ ဟုတ်တယ်....ခင်ဗျားက

www.burmeseclassic.com



တညတာ ပျော်ရွှင်မှုကို ပိုက်ဆံနဲ့ ဝယ်ယူတယ်
ခင်ဗျားရဲ့ ချစ်သူတွေကို ဒီလိုပဲ အမြဲတမ်း ပိုက်
ပေးနေတာပဲလား၊ ကျုပ်က ပိုက်ဆံလိုချင်ယင်
မဖြစ်စလောက် ပိုက်ဆံလေးနဲ့ ကျေနပ်မယ် ထင်
လား၊ ကျုပ်က ပိုက်ဆံလိုချင်ယင် ခင်ဗျားကိုယ်
ဝတ်ထားတဲ့ လက်ဝတ်လက်စားတွေကိုပါ တခုမ
ယူမယ်၊ သိရဲ့လား'

'မင်းလိုချင်ယင် ယူနိုင်ပါတယ်၊ ယူပါ၊ အဲဒါတွေ
ငါ့အတွက် ဘာမှ တန်ဖိုးမရှိပါဘူး၊ ဟိုမှာ မှန်တ
ပေါ်မှာ တင်ထားတယ်၊ သွားယူပါ'

'ခင်ဗျားအလကားမိန်းမ၊ ယောကျ်ားတယောက်
ပိုက်ဆံပေး ဝယ်လို့ ရတယ်လို့ ထင်တာ ခင်ဗျ
အသုံးမကျတဲ့ မိန်းမပဲ၊ ကျုပ်သာ ပိုက်ဆံလိုချင်
ခင်ဗျားဆီက တောင်းမနေဘူး၊ နာဇီတွေနဲ့ ပေါ
လည်လည် လုပ်လိုက်ယင် ပိုက်ဆံတွေ သုံးမကုန်အော
ရနိုင်တယ်၊ သိရဲ့လား'

'ဘုရားရေ.... ငါ့ကို မင်း နားလည်အောင်
ဘယ်လိုမှ မတတ်နိုင်တော့ပါလား၊ ငါက မင်း
အကူအညီ ပေးနေတာပါ၊ အဲဒါကို မင်းကို ငါ
ပေးနေတယ်လို့ မင်းက ထင်တယ်၊ မင်း ထင်ချင်သ
ထင်ပါ၊ ငါက အဲဒီအတွက် မင်းကို ကျေနပ်အော



န်ပြီး ကူညီချင်လို့ ပါ၊ မင်းကို ငါ စော်ကားမိယင်
စ်နာအောင် လုပ်မိယင် ငါ တောင်းပန်ပါတယ်၊
င်လွှတ်ပါ၊ မင်း စိတ်ချမ်းသာယင် ငါ ဝမ်းသာပါ
ယ်'

'ခင်ဗျား ညာတာ၊ အလကားမိန်းမ၊ တန်ဖိုးမရှိတဲ့
န်းမ၊ ခင်ဗျားဘဝမှာ ကောင်းတာတွေ ဘာလုပ်ခဲ့
လဲ၊ ပြောစမ်းပါ၊ ခင်ဗျားလုပ်ခဲ့တာတွေက ခင်ဗျား
ဒင် စိတ်ချမ်းသာဖို့ အတွက်ပဲ မဟုတ်လား၊ ခဏတာ
တ်ပျော်ရွှင်မှု ရှာတယ်၊ အတွေ့အကြုံသစ် ရှာတယ်၊
း‌ငွေ့နေတဲ့ အချိန်မှာ အပျင်းပြေစရာ ရှာတယ်၊ အဲဒီ
တွက် တခြားလူတွေ ဘယ်လောက် ခံစားရတယ်
တာကို လုံးဝ ထည့်မတွက်ဘူး၊ ဂရုမစိုက်ဘူး၊
ါပေမယ့် ဒီတကြိမ်မှာတော့ ခင်ဗျားမှားပြီ၊ ကိုယ်
သိတဲ့ တစိမ်းတရံဆံ ယောကျ်ားတယောက်ကို အချိန်
တော် အိမ်ထဲခေါ်လာတာ တကယ့် အန္တရာယ်ကြီးပဲ၊
ျုပ်က ခင်ဗျားကို နတ်မိမယ် တယောက်လို့ ထင်ခဲ့
ယ်၊ လက်စသတ်တော့ ခင်ဗျားက ဖာသည်မ ဖြစ်
နေတယ်၊ ခင်ဗျားက ကျုပ်ကို ဒုက္ခပေးသလို တခြား
သူတွေကို ဒုက္ခမပေးနိုင်အောင် ကျုပ်က ခင်ဗျားကို
ကြမ်းဖက်ယင် ဖြစ်ပါတယ်၊ ဘယ်သူမှ သိမှာ မဟုတ်
ူး၊ ဒီအိမ်ထဲ ကျုပ် ဝင်လာတာ ဘယ်သူမှ မမြင်ဘူး'
သူ ရှေသို့ တိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မေရီ ကြက်သီးထသွားသည်။

သူ့ရုပ်က ကြောက်စရာကြီး။ သူ ဘီလူးစီးနေပြီ။ မျက်နှာကို ရှုံ့မဲ့ထားသည်။ မျက်လုံးတွေက အရောင်တလက်လက် ထွက်နေသည်။

မေရီက ဟန်မပျက်အောင် သူ့ကိုယ်သူ ကြိုးစားပြီး ထိန်းထားသည်။ လက်ပွေ့အိတ်ကိုလည်း သူ့လက်ထဲတွင် ကိုင်ထားဆဲ။

ခြောက်လုံးပြူးကို ဖြတ်ကနဲ ဆွဲထုတ်ပြီး ကားလ်၏ ရင်ဝတည့်တည့်ကို ချိန်ထားလိုက်သည်။

'မင်း ခု ချက်ချင်း ထွက်သွားပါ၊ မသွားယင် ငါ မောင်းဖြုတ်လိုက်မယ်' မေရီက အော်ပြောသည်။

'ပစ်လိုက်ပါ၊ ပစ်လိုက်ပါ' သူက ပြန်အော်သည်။

သူ ရှေ့သို့ တလှမ်း ထပ်တိုးလာသည်။

'မင်း နောက်တလှမ်း တိုးလာယင် ငါ ပစ်ထည့်လိုက်တော့မယ်'

'ပစ်လိုက်ပါ....ပစ်လိုက်စမ်းပါ၊ ကျုပ်က အသက်ကို နှမြောနေတယ်လို့ ခင်ဗျားက ထင်သလား၊ ခင်ဗျား ကျုပ်ကို သတ်လိုက်ယင် ပိုတောင် ကောင်းသေးတယ်၊ ဒါမှ ဒုက္ခတွေ အားလုံး ငြိမ်းသွားမယ်၊ ပစ်လိုက်စမ်းပါ၊ ပစ်လိုက်စမ်းပါ၊ ခင်ဗျားကို ကျုပ် ခွင့်လွှတ်ပါတယ်၊ ခင်ဗျားကို ကျွန်တော်ချစ်ပါတယ်'



သူ့မျက်နှာ ကြည်လင်လာသည်။ ဒေါသရိပ်များ လုံးဝမရှိတော့။ မျက်လုံးနက်ကြီးတွေကလည်း အပြုံးရိပ် ဆောင်ကာ ရွှန်းရွှန်းတောက်လာကြသည်။

သူ ရှေ့သို့ ထပ်တိုးလာသည်။

ခေါင်းကို နောက်သို့ လှန်လိုက်သည်။

လက်နှစ်ဘက်ကို ဘေးသို့ ဖြန့်တန်းလိုက်သည်။

ရင်ကို ကော့ပေးလိုက်သည်။

'ပစ်ပါ....ပစ်လိုက်စမ်းပါ၊ ခင်ဗျားအခန်းထဲ သူခိုးဖောက်ဝင်လာလို့ ပစ်သတ်လိုက်တယ်ပေါ့၊ ဒါဆို အားလုံး ပြီးနေပြီပဲ၊ ကဲ....ပစ်စမ်းပါ၊ ပစ်....ပစ်၊ မြန်မြန်ပစ်'

မေရီက ခြောက်လုံးပြူးကို လက်မှ လွှတ်ချလိုက်သည်။ ထို့နောက် မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်၊ ကုလားထိုင်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်တော့သည်။ မျက်လုံးအစုံမှ မျက်ရည်တွေ တရဟော သွန်ကျလာကြသည်။

ကားလ်က မေရီ့ကို ရပ်ကြည့်နေသည်။ ခဏကြာတော့မှ သူက....

'ဘာလဲ....ခင်ဗျား သတ္တိမရှိဘူးလား၊ တော်တော် အနားစဆာကောင်းတဲ့ မိန်းမပဲ၊ တော်တော်မိုက်မဲတဲ့ မိန်းမ၊ ကဲ....လုပ်ပါဦး၊ ခင်ဗျား တခြားယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



တွေကို မြှုဆွယ်သလို ကျုပ်ကိုလဲ မြှုဆွယ်ပါဦး၊ ကဲ— လုပ်စမ်းပါ၊ မြှုဆွယ်စမ်းပါဗျ’

သူက မေရီ့တကိုယ်လုံးကို သိုင်းကြုံးပွေ့ဖက်ပြီး ဆွဲယူရန် ကြိုးစားသည်။ သူ ဘာရည်ရွယ်ချက် ရှိသည်ကို မေရီမသိ။ ရှိုက်ငိုခဲ့နယင်းမှ ကုလားထိုင်ကိုသာ အတင်းဆွဲကပ်ထားသည်။ သူက မေရီ၏လက်ကို ခပ်ပြင်းပြင်း တချက် ရိုက်လိုက်သည်။ မေရီက နာလွန်း၍ အော်လိုက်ပြီး လက်လွှတ်သွားသည်။

သူက မေရီ့အား အလျင်အမြန် ဆွဲမကာ အခန်းကို ဖြတ်၍ ပွေ့ချီယူလာသည်။ ထို့နောက် ခုတင်ပေါ်သို့ ခပ်ကြမ်းကြမ်း ပစ်တင်လိုက်သည်။

ထို့နောက် သူလည်း မေရီ၏ဘေးတွင် လှဲအိပ်လိုက်သည်။ မေရီ၏ လက်နှစ်ဘက်ကို ဖမ်းချုပ် ထားပြီး အကြမ်းပတမ်း နမ်းရှုပ်နေသည်။

မေရီက ရုန်းထွက်ရန် ကြိုးစားသည်။ သို့သော် သူက တအား ချုပ်ကိုင်ထားသည်။ အားချင်းမမျှ။ သူက အလွန်သန်သည်။ လူပုံက ပိန်သလောက် အားက အလွန်သန်သည်။ မေရီမှာ မလူးသာ မလွန့်သာတော့။ နောက်ဆုံးတော့ မေရီက လုံးဝ ရုန်းထွက်ရန် မကြိုး စား တော့ပဲ လုံးဝ အားလျှော့လိုက် တော့သည်။

၆

သူ ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

မေရီမှာ တကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

သူက ခုတင်ဘေးတွင် ရပ်ကာ မေရီကို စိုက်ကြည့်နေသည်။

‘ခင်ဗျားက ခင်ဗျားကို တသက်မမေ့ဖို့ ကျွန်တော့်ကို ပြောခဲ့တယ်၊ ကျွန်တော်က မေ့သွားမှာပါ၊ ခင်ဗျားသာ တသက်လုံး မမေ့ပဲနေတော့မှာ’

မေရီက မလှုပ်မယှက် ငြိမ်သက်နေသည်။ ကြောက်ရွံ့သော မျက်လုံးများဖြင့် သူ့ကိုစိုက်ကြည့်နေသည်။

သူက ခပ်သွဲ့သွဲ့ကလေး ရယ်လိုက်သည်။

‘မကြောက်ပါနဲ့၊ ကျွန်တော် ခင်ဗျားကို ဘာမှ မလုပ်တော့ပါဘူး’

မေရီက မည်သို့မျှ ပြန်မပြော။ သို့သော် သူ၏ ရက်စက်သော ဒေါသမျက်လုံးဒဏ်ကိုတော့ ကြာကြာ မခံနိုင်။ ထို့ကြောင့်မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲတွင် စမ်း၍ လျှောက်သွားသော သူ့ခြေသံကို ကြားရသည်။

ထို့နောက် သေနတ်သံတချက် ရုတ်တရက် ကြားလိုက်ရသည်။ တဆက်တည်းတွင်ပင် တစုံတခု ပြိုလဲသံကိုလည်း ကြားလိုက်ရသည်။

မေရီသည် ခုတင်ပေါ်မှ ထိတ်ထိတ်လန့်လန့် ကမန်းကတန်း ခုန်ဆင်းလိုက်သည်။

'ဘုရားရေ.... မင်း ဘာလုပ်လိုက်တာလဲ ဟင်'

ကားလ်သည် ပြတင်းပေါက်ရှေ့တွင် လဲနေသည်။ လရောင်က သူ့အပေါ်သို့ ဖြာကျလျက်....။

မေရီက ကားလ်၏ဘေးတွင် ဒူးထောက် ထိုင်ချလိုက်ပြီး မျက်ကလူးဆန်ပျာဖြင့် လှုပ်ခေါ်နေသည်။

'ကားလ်....ကားလ်.... မင်း....မင်း....ဘာလုပ်လိုက်တာလဲ ဟင်၊ ကားလ်....ကားလ်.... ဘာဖြစ်သွားတာလဲ ဟင်'

မေရီက ကားလ်၏ လက်တဘက်ကို ဆွဲ မလိုက်သည်။ ပြန်လွှတ်လိုက်သောအခါ ရုပ်သေးလက်လို ကြမ်းပြင်ပေါ်သို့ ဘုတ်ကနဲ ပြန်ကျသွားသည်။

မျက်နှာကို လက်နှင့် စမ်းကြည့်သည်။

နှလုံးကို စမ်းကြည့်သည်။

သူ အသက် မရှိတော့။



မေရီသည် ကြမ်းပြင်ပေါ်တွင် အရုပ် ကြိုးပြတ် ထိုင်ချလိုက်ပြီးနောက် အလောင်းကောင်ကို ကြောက်လန့်စွာဖြင့် စိုက်ကြည့်နေသည်။

မေရီ၏စိတ်သည် ဟင်းလင်းပြင်လို ဖြစ်သွားသည်။ သူ ဘာလုပ်ရမှန်း မသိတော့။ သူ့ ခေါင်းထဲတွင် တဝီဝီ လည်နေသည်။ မူးမေ့ လဲကျသွားတော့မလားဟုပင် ထင်ရသည်။

သူ ဖြတ်ကနဲ လန့်သွားသည်။ အသံလိုလို ကြားလိုက်သောကြောင့် ဖြစ်သည်။ လှေသွားလမ်းဆီမှ တရှပ်ရှပ် အသံ ကြားရသည်။ ဖိနပ်မပါပဲ လျှောက်လာသော အသံမျိုး။

အသံ ပျောက်သွားသည်။

တံခါးအပြင်ဘက်မှ တယောက်ယောက် ဖြစ်နိုင်သည်။

သူ နားစွင့်နေလိုက်သည်။

တံခါးကို ကြောက်လန့်စွာ စိုက်ကြည့်နေသည်။

တံခါးခေါက်သံ သဲ့သဲ့ပေါ်လာသည်။

သူ့တကိုယ်လုံး သိမ့်သိမ့်တုန်သွားသည်။

အသံကုန် လန့်၍ မအော်မိအောင် မနည်းကြိုးအားတင်းပြီး ထိန်းထားလိုက်ရသည်။

ကြမ်းပြင်ပေါ်တွင် မတုန်မလှုပ် ထိုင်နေဆဲ။ သူ့ဘေးမှ အလောင်းကောင်လိုပင် တချက်မျှ တုတ်တုတ်မလှုပ်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံ ပေါ်ထွက်လာပြန်သည်။

အစွမ်းကုန် စိတ်တင်းပြီး မေးလိုက်သည်။

'ဘယ်သူလဲ'

'ကျွန်မပါ မမ' နီနာ၏အသံ....။ 'သေနတ်သံလိုလို ကြားလိုက်ရလို့ပါ မမ'

မေရီက လက်နှစ်ဘက်ကို တအားဆုပ်ကာ စိတ်ကို ထိန်းပြီး ပုံမှန်အသံဖြင့်....

'ညည်း အိပ်မက် မက်တာ ဖြစ်ပါလိမ့်မယ်၊ ငါလဲ ဘာသံမှ မကြားလိုက်မိပါလား၊ ကဲ....ကဲ.... ပြန်အိပ်ချေတော့၊ ပြန်အိပ်ချေတော့'

'ဟုတ်ကဲ့ပါ မမ'

ပြန်လည်တိတ်ဆိတ်သွားသည်။ ခဏကြာတော့မှ ပြန်လျှောက်သွားသော ခြေသံများ ကြားရသည်။

သည်တော့မှ မေရီသည် သက်မကြီး ဟင်းကနဲ ချလိုက်သည်။

သို့သော် သည်အတိုင်း နေ၍မဖြစ်။ တခုခုတော့ အမြန်ဆုံးလုပ်ရမည်။

သူက အလောင်းကောင်ကို ပြန်ကြည့်လိုက်သည်။

ကြက်သီးတွေ ဖြန်းကနဲ ထသွားသည်။

သူက ဆောင့်ကြောင့် ပြင်ထိုင် လိုက်ပြီးနောက် သူ့လက်နှစ်ဘက်ကို လူသေကောင်၏ လက်မောင်း



အောက်သို့လျှိုကာ တံခါးအပြင်ဘက်သို့ ဆွဲထုတ်ရန် ကြံသည်။ သို့သော် သူ့ကိုယ်သူ ဘာလုပ်နေမှန်း မသိ။ အလောင်းကို အိမ်ပြင်သို့ဆွဲထုတ်ရန် စိတ်ကူးမိခြင်းမှာ သွေးရူးသွေးတန်းဖြင့် ထင်ရာ စွတ်လုပ်နေခြင်းသာ ဖြစ်သည်။ သို့သော် အလောင်းက တော်တော် လေးသည်။

သူ ဆွဲ၍မရ။ အားမရှိတော့သလို ဖြစ်နေသည်။ သူ ဘာလုပ်ရမည်ကို တွေးမရအောင် မွန်ထူနေသည်။

နီနာကို ပြန်လွှတ်လိုက်မိတာ မှားတာပဲ ဟူသော အတွေး ခေါင်းထဲဝင်လာသည်။

သို့သော် သူ ဘယ်လို ရှင်းပြမှာလဲ။ ဘာမှမဖြစ်ပါဘူးလို့ ပြောလိုက်ပြီးမှ သည်လူသေအလောင်းကြီးကို ကြည့်ပြီး နီနာက ဘယ်လိုထင်မည်နည်း။ ဘာသံမှ မကြားပါဘူးဟု ပြောလိုက်ပြီးမှ နီနာ့ကိုပြန်ခေါ်၍ လည်း လုံးဝမဖြစ်တော့။

ပြဿနာ၏ ခက်ခဲမှု အတိုင်းအတာကို တွေးမိသော အခါ တကိုယ်လုံး ထူပူသွားသည်။

တခေါင်းလုံး ချာချာလည်နေသည်။ ဝဲဂယက်ထဲ ရောက်နေသလို ဖြစ်နေသည်။

သူသည် ရှက်ခြင်း ကြောက်ခြင်းဒဏ်ကို အလူး အလိမ့် ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားလ်သည် သူကိုယ်သူ ဘာကြောင့် သတ်သေသွားရသလဲဟု မေးလာလျှင် ဘယ်လိုပြန်ပြောမည်နည်း။

သူ့အနေဖြင့် အကောင်းဆုံး လုပ်နိုင်တာ တခုကတော့ အဖြစ်မှန်ကို ဖွင့်ပြောလိုက်ရန်သာ ဖြစ်သည်။

သို့သော် သို့သော်.... အဖြစ်မှန်ကလည်း ကျော်မကောင်း ကြားမကောင်း ရှက်စရာကြီး။

တိုင်ပင်ဖော် တိုင်ပင်ဖက် တယောက်မှ မရှိဲအမှောင်ထဲ၌ အလောင်းကောင်ကြီးနှင့်အတူ နေနေရသည်မှာ ကြောက်စရာ ကောင်းလှပါဘိ။

သည်အတိုင်း နေ၍မဖြစ်တော့။တယောက်ယောက်ကို ခေါ်မှ ဖြစ်တော့မည်။

သူ အကူအညီ လိုနေပြီ။

အကူအညီ.... အကူအညီ....။

တယောက်ယောက် ထံမှ အကူအညီ တောင်းကိုတောင်းရတော့မည်။

ပထမဦးစွာ ရှိုလီကို သတိရသည်။

အကူအညီတောင်းစရာ ရှိုလီ တယောက်သာ မြင်သည်။ သူခေါ်လိုက်လျှင် ရှိုလီ ချက်ချင်း ရောက်လာမည်မှာ သေချာသည်။

ရှိုလီက သူ့ကိုခင်သည်။ ချစ်သည်ဟုလည်း ပြောသည်။



တကယ်တော့ ရှိုလီက လူကောင်း တယောက်ဟုတ်။ သို့သော် စိတ်ကောင်းတော့ရှိသည်။

ဘာပဲဖြစ်ဖြစ် ရှိုလီက သူ့ကို အကြံဉာဏ် တခုခုတော့ ပေးနိုင်လိမ့်မည်။

သို့သော် အချိန်က အလွန်နှောင်းနေပြီ။ သည်အချိန်ကြီးမှာ သူ့ကို ဘယ်လိုဆက်သွယ်၍ ရနိုင်ပါမည်နည်း။ သို့သော် မိုးလင်းအောင် စောင့်နေလို့လည်း လုံးဝမဖြစ်။သည်ကိစ္စက ချက်ချင်း လုပ်ရမည့်အလုပ်။ မြန်နိုင်လေ ကောင်းလေ။

ခုတင်ဘေးတွင် တယ်လီဖုန်း ရှိသည်။ ဟိုတယ်နံပါတ်ကို သူသိသည်။ အင်္ဂါတည်းနေခဲ့စဉ်က သူ့ထံ ခဏခဏ ဆက်ခဲ့သည်။

သူ ဖုန်းနံပါတ်ကို ကောက်လှည့်လိုက်သည်။

ဘာသံမှ မကြားရ။

ခဏကြာတော့မှ အီတာလျံသံနှင့် စကားပြောသံကြားရသည်။ ညစောင့်ဖြစ်နိုင်သည်။

ညစောင့်အား ရှိုလီ၏အခန်းသို့ ဆက်ပေးရန် ပြောလိုက်သည်။

တဘက်မှ တယ်လီဖုန်းမြည်သံ ကြားနေရသည်။

သို့သော် ဘယ်သူမှ လာမကိုင်။

သူ စိုးရိမ်စိတ် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုလီ အပြင်များ ထွက်သွားသလား။ သူနှင့် ခွဲကြ ပြီးနောက် တနေရာသို့များ ဆက်သွားသလား။ ဖဲ ရိုက်ရန် သွားတာလည်း ဖြစ်နိုင်သည်။ လမ်းမှာ မိန်းမ တယောက်တွေ့၍ လိုက်သွားတာလည်း ဖြစ်နိုင်သည်။

တဘက်မှ အိပ်ချင်မူးတူးနှင့် မာဆတ်ဆတ်အသံ ကြားလိုက်ရတော့မှ လည်ချောင်းထဲမှ အလုံးကြီး ကျသွားတော့သည်။

'ဟုတ်ကဲ့.... ဘာကိစ္စ....'

'ရိုလီ....ကျွန်မပါ၊ မေရီလေ၊ ကျွန်မတော့ အကြီး အကျယ် ဒုက္ခတွေ့နေပြီ'

ရိုလီက ခပ်သဲ့သဲ့ကလေး ရယ်လိုက်သည်။

'ဒီအချိန်ကြီးမှာမှ ဘာဒုက္ခတွေ့ရတာလဲ၊ ပြော ပါဦး၊ ဘာဖြစ်တာလဲ'

'ဖုန်းနဲ့ပြောလို့ မဖြစ်ဘူး၊ သိပ် အရေးကြီးတယ် ရှင် ကျွန်မဆီ လာခဲ့စေချင်တယ်'

'ဘယ်တော့လဲ'

'ခုချက်ချင်းပဲ၊ မြန်နိုင်သမျှ အမြန်ဆုံး လာခဲ့ပါ ကျေးဇူးပြုပြီး လာဖြစ်အောင် လာပါ'

မေရီ့အသံက တုန်နေသည်။

'ကောင်းပြီ၊ ငါ လာခဲ့မယ်၊ ဘာမှ မပူနဲ့'

နောက်ဆုံး စကားငါးလုံးကြောင့် မေရီ၏ ရင်ထဲ တွင် အေးသွားသည်။



လက်ထဲမှ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ရိုလီ ဘယ်လောက်ကြာမှ ရောက်လာမည်နည်းဟု တွေးပူနေသည်။ လာရမည့်ခရီးက သုံးမိုင် ကျော်သည်။ ပြီးတော့ ကုန်းတက်ကြီး။

ဤအချိန်တွင် တက္ကစီကားငှား၍ ရနိုင်တော့မည် မဟုတ်။ လမ်းလျှောက်လာလျှင်လည်း အနည်းဆုံး တနာရီလောက် ကြာလိမ့်မည်။ ထိုအချိန်ဆိုလျှင် အရုဏ် တက်ပြီ။

မေရီ ဂနာမငြိမ်တော့။ အခန်းထဲတွင်လည်း မနေ ချင်တော့။ အလောင်းကောင်ကြီး မြင်နေရသည်မှာ ကြောက်စရာ ကောင်းလှသည်။

ကမန်းကတန်း အဝတ်အစား လဲသည်။

မီးကို ပြန်ပိတ်လိုက်သည်။

တံခါးကို အသံမမြည်အောင် သတိနှင့် ဖွင့်သည်။

ပြီးတော့ အပြင်သို့ ထွက်လာခဲ့သည်။

အိမ်ရှေ့ ကားလမ်းကလေးအတိုင်း လျှောက်လာ သည်။ လမ်းဘေး သစ်ပင်တန်းအောက်မှ မှောင်ရိပ် ကွယ်၍ လျှောက်လာသည်။ စောစောတုန်းကတော့ သူ့ လရောင်ကို အလွန် နှစ်သက်ခဲ့သည်။ ယခုတော့ လရောင်ကို မုန်းနေပြီ။

ခြံဝင်းဂိတ်ဝသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ရပ်ကာ အဝေးသို့ မျှော်ကြည့်နေ
သည်။

စောင့်နေရသည်မှာ ကြာလွန်းလှသည်ဟု ထင်
သည်။ ရင်တဖိုဖို ဖြစ်နေသည်။

ထိုအခိုက် ခြေသံလိုလို ကြားလိုက်ရသည်။ ရင်ထဲ
ထိတ်ကနဲ ဖြစ်သွားသည်။ ကမန်းကတန်း အမှောင်ထဲ
ဝင်နေလိုက်သည်။

ကုန်းမြင့် လှေကားအတိုင်း တယောက်ယောက်
တက်လာသံ ကြားနေရသည်။

ဘယ်သူများပါလိမ့်....။ ခြေသံက တော်တော်
မြန်သည်။

လူတယောက် အမှောင်ထဲမှ ထွက်လာသည်။

ရှီလီ။

ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

'ရှင် တကယ်လာပြီနော်၊ ဘုရားသခင် ကျေးဇူး
ပါပဲရှင်၊ မြန်လိုက်တာ၊ ဘယ်လိုများ လာသလဲ ဟင်'

'ညစောင့်က အိပ်နေတယ်၊ ဒါနဲ့ သူ့စက်ဘီး ဆွဲခိုး
လာခဲ့တာ၊ စက်ဘီးကို တောင်ခြေမှာ ဝှက်ထားခဲ့
တယ်၊ ခြေထောက်နဲ့ တက်တာက ပိုမြန်မယ် ထင်လို့'

'ကဲ....လာ'

ရှီလီက မေရီ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။



'ငါမေးတာလဲ ဖြေစမ်းပါဦး၊ မင်း ဘာဖြစ်နေ
ာလဲ၊ ပြူးတူးပြဲတဲနဲ့'

မေရီက ခေါင်းကို ခါယမ်းလိုက်သည်။ သူ မပြော
င်သေး။ ထို့ကြောင့် ရှီလီ၏လက်ကို ဆုပ်ကိုင်ကာ
မ်ဘက် အပြေးကလေး ဆွဲခေါ်လာခဲ့သည်။

'တတ်နိုင်သမျှ ပါးစပ်ပိတ်ထား၊ စကား လုံးဝ
ပြောနဲ့'

အိမ်ထဲအဝင်တွင် မေရီက လေသံဖြင့် ပြောသည်။
သူက ဦးဆောင်ပြီး အခန်းထဲ ဝင်လာကြသည်။

အခန်းတံခါးကို ဖွင့်သည်။ ရှီလီက နောက်မှလိုက်
င်သည်။

တံခါးရွက်ကို ပြန်စေ့ပြီး သော့ခတ်လိုက်သည်။
မေရီသည် တော်တော်ကြာသည်အထိ မီးခလုတ်ကို
မတွေ့ ဖြစ်နေသည်။ သူ့လက်တွေ တုန်နေသည်။

မီးခလုတ်ကို စမ်းမိပြီ။

ဖောက်ကနဲ အသံမြည်သွားသည်။

မျက်နှာကြက်မှ ပန်းဆွဲ မီးပဒေသာကြီးမှ အလင်း
င်ကြောင့် တခန်းလုံး ထိန်ထိန်လင်းသွားသည်။

ပြတင်းပေါက်အနီးမှ ကြမ်းပြင်တွင် လဲနေသော
လောင်းကောင်ကို ရုတ်တရက် မြင်လိုက်ရသောအခါ
ီ မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ....' သူက အော်လိုက်သည်။ ပြီးအော မေရီကို ဖြတ်ကနဲ လှည့်ကြည့်ကာ 'ဒါက ဘယ်လို တာလဲ'

'သူ သေနေပြီ'

'အေး....သေနေသလိုပဲ'

ရိုလီက ကြမ်းပြင်တွင် ဒူးထောက် ချလိုက်သည် ကားလ်၏ မျက်ခွံကို လှန်ကြည့်သည်။ ထို့နောက် မေ လုပ်ခဲ့သလို နှလုံးသွေးကို စမ်းကြည့်သည်။

'ဟုတ်တယ်....သူ သေသွားပြီ' ခြောက်လုံးပြူး လက်ထဲမှာ ဆုပ်ထားတုန်း။ 'သူ့ကိုယ်သူ ပစ်သတ် လား'

'ရှင်က ကျွန်မ သတ်တယ် ထင်လို့လား'

'အိမ်ဖော်တွေ ဘယ်မှာလဲ၊ ပုလိပ်ခေါ်သေးလား'

'မခေါ်ဘူး'

မေရီက လည်ချောင်းထဲမှ တံတွေးကို မျိုချလိုက် သည်။

'ခေါ်မှဖြစ်မယ်၊ ဒီအတိုင်း ထားလို့ မဖြစ်ဘူး တခုခုလုပ်မှ ဖြစ်မယ်'

သူ့ကိုယ်သူ ဘာလုပ်နေမှန်း မသိပဲ အလော ကောင် လက်ထဲမှ သေနတ်ကို ဖြုတ်ယူလိုက်သည်။

ပြီးတော့ သေနတ်ကို ကြည့်နေသည်။



'ငါ့ကို မင်း ကားထဲမှာ ပြတဲ့ သေနတ်နဲ့ သိပ်တူ လား'

'အဲဒီ သေနတ်ပဲပေါ့'

ရိုလီက မေရီ့ကို စိုက်ကြည့် လိုက်သည်။ သူ နားမလည်နိုင်အောင် ဖြစ်နေသည်။ ဘယ်လို နားလည် ပါ့မည်နည်း။ အဖြစ်အပျက်ကိုက နားမလည်နိုင် လောက်ကြီး။

'သူ့ကိုယ်သူ ဘာကြောင့် သတ်ရတာလဲ'

'ဒီ မေးခွန်းကို ကျေးဇူးပြုပြီး မမေးပါနဲ့'

'သူ ဘယ်သူ ဘယ်ဝါဆိုတာ မင်းသိသလား'

'မသိဘူး'

မေရီ့ မျက်နှာတွင် သွေးမရှိ။ တကိုယ်လုံးလည်း တုန် နေသည်။ မူးမေ့ လဲကျ သွားတော့မည်ဟုပင် ထင်ရ သည်။

'ကိုယ့်ကိုယ်ကိုယ် ထိန်းထားစမ်းပါ မေရီ၊ ကြောက် နေလို့ ဘာမှ အကျိုးမရှိနိုင်ဘူး၊ နေဦး၊ ငါ စားသောက် ခန်းသွားပြီး ဘရန်ဒီ ယူပေးမယ်၊ စားသောက်ခန်း ဘယ်မှာလဲ'

သူက သွားရန် ခြေလှမ်း ပြင်လိုက်တော့ မေရီက အော်ပြီး လိုက်တားသည်။

'အိမယ်လေး....ကျွန်မကို ပစ်မသွားပါနဲ့၊ ကျွန်မ ဒီမှာ တယောက်တည်း မနေရဲဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို လာ....လိုက်ခဲ့'

ရိုလီက မေရီ့ ပခုံးကို ဖက်ပြီး ခေါ်လာခဲ့သည်။

စားသောက်ခန်း ထဲတွင် ဖယောင်းတိုင် မီးတွေ မငြိမ်းသေး။

ပထမဆုံး မြင်လိုက်ရသော အရာများမှာ စောစော ပိုင်းက မေရီနှင့် ကားလ်တို့ ညစာ စားခဲ့ကြသော စားကြွင်း စားကျန်များ ဖြစ်သည်။ ပန်းကန်ပြား နှစ်ချပ်၊ ဖန်ခွက်နှစ်လုံး၊ ဝိုင်အရက်ပုလင်း၊ ကြက်ဥနှင့် ဝက်ပေါင်ခြောက် ကြော်ခဲ့သော ဒယ်အိုး။

ရိုလီက စားပွဲနားသို့ လျှောက်လာသည်။

ကားလ်ထိုင်ခဲ့သော ကုလားထိုင် ဘေးတွင် သူ့ ဦးထုပ်ပျော့ အစုတ်ကလေးကို တွေ့ရသည်။

ရိုလီက ဦးထုပ်ကို ကောက်ယူပြီး ကြည့်သည်။ ပြီးတော့ မေရီဘက် လှည့်လိုက်သည်။ မေရီက သူ့ မျက်လုံးဒဏ်ကို မခံနိုင်။

'ကျွန်မ သူ့ကို မသိဘူးလို့ ခုနက ပြောခဲ့တာ မမှန် ဘူး'

'ဒါက ရှင်းနေပြီးသားပဲ'

'ဒီလို မပြောပါနဲ့ ရိုလီ၊ ကျွန်မ သေချင်လောက် အောင် စိတ်ညစ်နေလို့ပါ'

'သောရီး....' သူက ညင်သာစွာ ပြောသည်။ 'ကဲ ဒီတော့ သူ ဘယ်သူလဲ'



'တယောဆရာကလေး.... ဟို ဟိုစားတော်ဆက်မှာ တန်းက ပန်းကန်ပြားနဲ့ ပိုက်ဆံလိုက်ခံတဲ့လူ၊ ရှင် မမှတ်မိဘူးလား'

'ဒါကြောင့် ငါက သူနဲ့တူပါတယ် အောက်မေ့နေ တာ၊ သူက နေပယ်တင်ါသည် အဝတ် ဝတ်ထားတဲ့ အကောင် မဟုတ်ဘူးလား၊ ဒါကြောင့် ငါမမှတ်မိ တာပေါ့၊ ခုတော့ သူက အဝတ်တမျိုး ဝတ်ထားတာ ကိုး၊ ဒါနဲ့ သူက ဒီကို ဘယ်လိုရောက်လာတာလဲ ပြော ပါဦး'

မေရီက အင်တင်တင် ဖြစ်နေသည်။

'ကျွန်မ အိမ်ကိုပြန်လာတော့ သူ့ကို လမ်းမှာတွေ့ တယ်၊ သူက ကုန်းမြင့်အလယ်က ရိပ်သာဆောင်နားမှာ ရပ်နေတယ်၊ ကျွန်မကို သူကလှမ်းပြီး ခေါ်တယ်၊ သူ့ကြည့်ရတာ တော်တော်ကို စိတ်မချမ်းသာ ဖြစ်နေ သလိုပဲ'

ရိုလီက သူ့ခြေထောက်ကိုသူ ငုံ့ကြည့်နေသည်။ သူတော်တော် စိတ်လှုပ်ရှားနေသည်။ အံ့လည်း အံ့ဩ သည်။ သည်အလုပ်မျိုးကို မေရီလို အမျိုးသမီး တယောက်က လုပ်လိမ့်မည်ဟု သူလုံးဝမထင်မိခဲ့။

'ဒီမှာ မေရီ၊ မင်းအတွက်သာဆိုယင် ဒီကမ္ဘာမှာ ဘယ်အလုပ်မျိုးမဆို ငါလုပ်မှာပါ၊ မင်းကို ငါကူညီ ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'သူက ထမင်းငတ်နေတယ်၊ ဒါနဲ့ ကျွန်မက သူ့ကို ကားနဲ့ တင်ခေါ်လာပြီး ထမင်းကျွေးတယ်'

ရိုလီက မျက်ခုံးကို တွန့်လိုက်သည်။

'အဲဒီတော့ မင်းက သူ့ကို အာသာပြေ တဝ ကျွေးလိုက်ပြီးတော့ သူက မင်းသေနတ်ယူပြီး သူ့ကိုယ် သူ ပစ်သတ်လိုက်တယ်၊ ဇာတ်လမ်းက ဒီအတိုင်းပဲလား။ ဟုတ်စ'

မေရီ ငိုပါလေတော့သည်။

'ကဲ ဒီမှာ ဝိုင်တကျိုက်သောက်လိုက်၊ ပြီးတော့မှ ငိုတာပေါ့'

မေရီက ခေါင်းကို ခါယမ်းယင်း....

'ဟင့်အင်း.... ကျွန်မ မသောက်ဘူး၊ ကျွန်မ ဘာမှ မဖြစ်ပါဘူး၊ ကျွန်မ ငိုလဲ မငိုတော့ဘူး၊ တကယ်တော့ ကျွန်မ မိုက်တာပါ၊ ကျွန်မ အရူးထမိတာပါ၊ ရှင် ကား ပေါ်က မဆင်းခင် ကားထဲမှာ ရှင့်ကို ကျွန်မ ပြောခဲ့တဲ့စကား ရှင်မှတ်မိဦးမှာပေါ့'

မေရီ ဘာကိုဆိုလိုကြောင်း သူချက်ချင်း နားလည် လိုက်သည်။

'မင်းက သိပ်ပြီး စိတ်ကူးယဉ်တာကိုး၊ ဒါပေမယ့် မင်းအခု အလုပ်မျိုးလုပ်မိလောက်အောင် ရူးလိမ့်မယ် လို့တော့ ငါဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ ဒီတော့ သူ ကိုယ်သူ ဘာဖြစ်လို့ ပစ်သတ်တာလဲ'



'ကျွန်မ မသိဘူး၊ ကျွန်မ မသိဘူး'

ရိုလီ ခေတ္တစဉ်းစားနေသည်။ ပြီးတော့မှ ပန်းကန်ပြားများနှင့် ဖန်ခွက်များကို ကောက်သိမ်းပြီး လင်ဗန်းပေါ်တွင် တင်လိုက်သည်။

'ရှင် ဘာလုပ်မလို့လဲ'

'မင်းက လူကြီးလူကောင်း တယောက်ကို ညစာ ခေါ်ကျွေးတယ်ဆိုတဲ့ သဲလွန်စ မကျန်အောင် လုပ်ရမယ်ဆိုတာ မင်းမတွေးမိဘူးလား၊ ဘယ်မှာလဲ မီးဖိုခန်း'

'ဟို တံခါးကထွက်သွား၊ ပြီးတော့ လှေကား အတိုင်း ဆင်းသွား'

ရိုလီက လင်ဗန်းကို ကောက်ယူ၍ ထွက်သွားသည်။

သူ ပြန်ဝင်လာသောအခါ မေရီသည် ခေါင်းကို လက်နှင့်အုပ်ကာ ထိုင်နေသည်ကို တွေ့ရသည်။

'ငါ ဆင်းသွားတာ ကံကောင်းတယ်၊ မင်းက မီးတွေ အားလုံးဖွင့်ထားခဲ့တာကိုး၊ မင်းက လက်ရာ ခြေရာတွေ မဖုံးပဲ ထားခဲ့တယ်၊ အိမ်ဖော်တွေကလဲ စားသောက်ပြီးတဲ့ ပန်းကန်ခွက်ယောက်တွေ မဆေးပဲ ဒီအတိုင်း ပုံထားတယ်၊ ဒါနဲ့ ငါယူသွားတာတွေကိုလဲ အဲဒါတွေနဲ့ ရောပြီး ထားပစ်ခဲ့တယ်၊ ဒါဆို သူတို့သတိ မပြုမိနိုင်တော့ဘူး၊ ကဲ ဒီတော့ အခု တို့ ပုလိပ်ကို အကြောင်းကြားမှ ဖြစ်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'အို.... ရှိလီ....'

မေရီက အော်လိုက်သည်။

'ငါ ပြောမယ်၊ သေသေချာချာ နားထောင်ပါ၊ မင်းက ခေါင်းအေးအေးထားဖို့လိုတယ်၊ ငါ အများကြီးစဉ်းစားနေတယ်၊ ငါ့စိတ်ကူးကို ပြောပြမယ်၊ သူတို့ စစ်ဆေးတဲ့အခါ မင်းက အိပ်ပျော်နေတယ်လို့ ပြောရမယ်၊ အဲဒီအချိန်မှာ လူတယောက် အခန်းထဲ ဝင်လာတယ်၊ ဖောက်ထွင်းသူခိုး ဖြစ်ကောင်းဖြစ်မယ်၊မင်းက လန့်နိုးလာတော့ မီးကိုဖွင့်လိုက်တယ်၊ ပြီးတော့ စားပွဲပေါ်က သေနတ်ကိုလှမ်းယူလိုက်တယ်၊ အဲဒီမှာ သူခိုးနဲ့ မင်းနဲ့ လုံးလားထွေးလားဖြစ်ပြီး သေနတ်ကျည်ဆန် ထွက်သွားတယ်၊ မင်းက ပစ်တာလား၊ သူက ပစ်တာလားဆိုတာ အကြောင်း မဟုတ်ဘူး၊ ဖြစ်နိုင်တာက သူခိုးဟာ သူ့ကိုယ်သူ ဒေါကျပ်နံကျပ်ဖြစ်ပြီး မလွတ်နိုင်တော့ဘူးလို့ တွေးမိပြီး သူ့ကိုယ်သူ အဆုံး စီရင်လိုက်တာလဲ ဖြစ်နိုင်တယ်၊ မင်းက အိမ်ဖော်တွေကို အော်ခေါ် လိုက်မှာကို ကြောက်ပြီး သူ့ကိုယ်သူ ပစ်သတ်သွားတာလဲ ဖြစ်နိုင်တယ်'

'အဲဒီလိုပြောလို့ ဘယ်သူယုံမှာလဲ၊ ယုံနိုင်စရာမှ မရှိတာ'

'ဒါပေမယ့် အဖြစ်မှန်ကို ပြောတာထက်တော့ ပိုပြီး ယုံနိုင်စရာရှိတယ်၊မင်းက အဲဒီအတိုင်းသာ အသေ



ကိုင်ပြီး ပြောယင် ညာပြောတာလို့ ဘယ်သူမှ ထင်မှာ မဟုတ်ဘူး'

'သေနတ်သံကို နီနာ ကြားတယ်၊ သူ အပြင်က တံခါး လာခေါက်ပြီး ဘာဖြစ်တာလဲလို့ မေးတယ်၊ ကျွန်မက ဘာမှ မဖြစ်ပါဘူးလို့ ပြန်ပြောလိုက်တယ်၊ ပုလိပ်တွေက မေးယင် သူက အဲဒီအတိုင်း ပြောမှာပဲ၊ အဲဒီလိုဆို ကျွန်မက ဘာပြန်ပြောရမှာလဲ၊ အဖြစ်မှန် အားလုံး ပေါ်ကုန်တော့မှာပေါ့၊ ကျွန်မ အခန်းထဲမှာ လူသေ အလောင်းကြီး ထားပြီး ဘာမှ မဖြစ်ပါဘူးလို့ ကျွန်မ ပြောလိုက်မိတာ မှားတာပဲ၊ ဘယ်လိုမှ မတတ်နိုင်တော့ဘူး'

'မင်းက အဖြစ်မှန်ကို ငါ့ကို မပြောပြနိုင်ဘူးလား'

'အဖြစ်မှန်က ရှက်စရာကြီး၊ ဒါပေမယ့် အဲဒီအချိန်ကတော့ ကျွန်မကိုယ် ကျွန်မ အင်မတန် ပျော်စရာကောင်းတဲ့ အလုပ်တခုကို လုပ်နေတယ်လို့ ထင်ခဲ့တယ်'

မေရီက ဆက်မပြောတော့။ ရှိလီက မေရီ့မျက်နှာကို စိုက်ကြည့်နေသည်။ နားလည် တဝက် နားမလည် တဝက်နှင့်။ မယုံတဝက်ယုံတဝက်နှင့်။

မေရီက ဟင်းကနဲ သက်မချလိုက်သည်။

'အေးလေ၊ ကောင်းပါတယ်၊ ပုလိပ်ကို ခေါ်ပြီး ရှင်းလိုက်တာ အကောင်းဆုံးပါပဲ၊ ဟုတ်တယ်၊ ဒီလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်ပါတယ်၊ လုပ်ရဲယင် ခံရဲရမှာပဲ၊ ကျွန်မအနေနဲ့ ဘယ်သူ့မျက်နှာမှ စေ့စေ့ကြည့်ရဲစရာ မရှိတော့ပါဘူး၊ သတင်းစာတွေမှာ ပါလာယင် အရှက်တကွဲ အကျိုးနည်း ဖြစ်ပြီ၊ ဆာအဂ္ဂါကို ဘယ်လို ရင်ဆိုင်ရပါ့မလဲ၊ သွားပြီ၊ ကျွန်မ ဘ၀တော့ ရေစုန် မျောပြီ’ ခဏ ရပ်ပြီး သူက ဆက်ပြောသည်။ ‘ဒါပေမယ့် ဒီကောင်လေးက သူခိုးတော့ မဟုတ်ဘူး၊ ကျွန်မကသာ သူ့ကို ဒုက္ခပေးခဲ့တာ၊ သူက ကျွန်မကို ဒုက္ခ မပေးပါဘူး၊ ကျွန်မ ကျူးလွန်တဲ့ အပြစ်ကို ကျွန်မပဲ ခံရမယ်၊ ဖြစ်လာသမျှ ရင်ဆိုင်ရမယ်’

ရှီလီက မေရီအား လေးလေးနက်နက် စိုက်ကြည့်နေသည်။

‘ဟုတ်ပါတယ်၊ မင်းပြောတာ မှန်တယ်၊ မင်းဘ၀ တခုလုံး စုံးစုံး မြုပ်ပြီ၊ အရှက်တကွဲအကျိုးနည်း ဖြစ်ပြီး တသက်လုံး မျက်နှာ မဖော်နိုင်အောင် ဖြစ်ရတော့မယ်၊ ဒီကိစ္စ ပေါ်သွားယင် မင်းကို ဘယ်သူမှ မကယ်နိုင်တော့ဘူး၊ ဒါပေမယ့် မင်းကို ငါ လေးလေးနက်နက် တခုမေးမယ်၊ မင်း စွန့်စားရဲမလား၊ စွန့်စားမှုက သာမန်တော့ မဟုတ်ဘူးနော်၊ တကယ့် စွန့်စားမှုကြီး၊ အဲဒါတော့ ငါ ကြိုပြီး သတိပေးပါရစေ၊ တကယ်လို့ ဒီစွန့်စားမှု မအောင်မြင်ယင် မင်းဘ၀ ပိုပြီးဆိုးသထက် ဆိုးသွားမယ်’



‘ကျွန်မ စွန့်စားရဲပါတယ်’

‘ဒါဖြင့် တို့ ဒီအလောင်းကို တနေရာ သွားပစ်ပြီး ဖျောက်ဖျက် ပစ်ကြမယ်၊ အဲဒါဆိုယင် ဘယ်သူမှ သိတော့မှာ မဟုတ်ဘူး၊ မင်းနဲ့လဲ ဘယ်လိုမှ ပတ်သက်လာစရာ အကြောင်း မရှိတော့ဘူး’

‘ဘယ်လို ဖျောက်မလဲ၊ မဖြစ်နိုင်ပါဘူး’

‘ဖြစ်တယ်၊ ဖြစ်နိုင်တယ်၊ မင်း က ငါ့ ကို ကူ၊ ဒီအလောင်း ကားပေါ် တင်မယ်၊ မင်းသိတဲ့ အတိုင်း ဒီတဝိုက်မှာက တောင်ကြားတွေ ချောက်တွေ တပုံကြီး ရှိတယ်၊ ချောက်ထဲ ပစ်ချထားလိုက်ယင် လပေါင်း များစွာ ဘယ်သူမှ မတွေ့နိုင်တော့ဘူး’

‘ဒါပေမယ့် သူ ပျောက်နေတယ်ဆိုပြီး လိုက်ရှာကြမှာပေါ့’

‘ဘာလို့ ရှာရမှာလဲ၊ ဒီကလေကချေ အီတာလျံ တယောဆရာကလေးကို ဘယ်သူက ဒုက္ခခံပြီး လိုက်ရှာမှာတဲ့လဲ၊ ဒီကောင်က အချိန်မရွေး ထွက်ပြေးနိုင်တဲ့ အကောင်၊ အခန်းခလဲ မပေးနိုင်ဘူး၊ ပြီးတော့ လင်ရှိမယားတယောက်ကိုလဲ ခိုးချင် ခိုးပြေး သွားနိုင်တာပဲ’

‘သူက အီတာလျံ မဟုတ်ဘူး၊ ဩစတြီးယန်း စစ်ပြေး’

‘ဒါဆို ပိုတောင်ကောင်းသေး၊ မင်း ထတော့ ကွာ လိုက်ဦး၊ ဒီကောင်ကို ဘယ်သူမှ လိုက်မရှာတော့တာ သေချာတယ်’

www.burmeseclassic.com

www.burmeseclassic.com



'လုပ်ရမယ့် အလုပ်က ကြောက်စရာကြီးပါလား ရှိလီရယ်'

'ဒါပေမယ့် လုပ်စရာက ဒီတလမ်းပဲ ရှိတော့တယ် မေရီ၊ မင်း ဘာမှ ကြောက်မနေပါနဲ့၊ အမှန်အတိုင်း ပြောရယင် ဒီလို စွန့်စွန့်စားစား လုပ်ရတာကိုမှ ငါက သဘောကျတယ်'

ရှိလီ၏ စကားကြောင့် မေရီ အားတက်သွားသည်။ သို့သော် သံသယကတော့ ရှိနေဆဲ။

'မကြာခင် ရောင်နီ လာတော့မယ်၊ အရုဏ် တက်ယင် ယာသမားတွေ လုပ်ငန်းခွင် ဝင်ကြတော့မယ်'

ရှိလီက နာရီကို ကြည့်လိုက်သည်။

'အလင်းရောင်က ငါးနာရီမှ လာမှာပါ၊တို့ အချိန် တနာရီ ရှိသေးတယ်၊ ခပ်မြန်မြန်ကလေး လုပ်နိုင်ယင် အချိန် ကောင်းကောင်း ရပါတယ်'

မေရီက သက်ပြင်းတချက် မှုတ်ထုတ်လိုက်ကာ....

'ကျွန်မကို ရှင့်လက်ထဲ အပ်ပါပြီ၊ ရှင် ခိုင်းတာ ကျွန်မ လုပ်တော့မယ်'

'ဒါဖြင့် လာ၊ ဘာမှ မပူနဲ့၊ အပေါ်နှုတ်ခမ်းသာ ခပ်တင်းတင်းကလေး ကိုက်ထားပါ'

ရှိလီက သေသူ၏ ဦးထုပ်ကို ကောက်ယူလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက် အလောင်းရှိရာ အခန်းထဲသို့ ပြန်ဝင်လာကြသည်။



'မင်းက ခြေထောက်ကကိုင်၊ ငါက ချိုင်းကြားက ကိုင်၊ မ မယ်'

သူတို့နှစ်ယောက် အလောင်းကို မ ကာ ခန်းမကြီး အတိုင်း အိမ်ရှေ့တံခါးသို့ ယူလာခဲ့ကြသည်။ ရှိလီက ခက်ခက် ခဲခဲဖြင့် နောက်ပြန် လျှောက် လာ ရသည်။ အလောင်းကို အိမ်ရှေ့ လှေကားပေါ်တွင် ချကြသည်။

'မင်းက ကားကို ဒီရှေ့ မောင်းယူလာခဲ့'

'ဟုတ်ကဲ့၊ ဒါပေမယ့် ကားလှည့်ဖို့ နေရာတော့ မရှိဘူး၊ နောက်ပြန်ဆုတ်ပြီး မောင်းလာရမယ်'

'ရပါတယ်၊ ငါ ကြည့်လုပ်ပါ့မယ်'

မေရီသည် အိမ်ရှေ့ ကားလမ်းအတိုင်း ဆင်းသွားသည်။

ထိုအချိန်တွင် ရှိလီကအိမ်ထဲ ပြန်လာခဲ့သည်။စကျင်ကျောက်ပြား ကြမ်းပြင်ပေါ်တွင် သွေး မျှားမျှား စားစား မရှိ။ကျည်ဆန်က ရင်ဘတ်ကို မှန်သောကြောင့် သွေးက အပြင်သို့ သိပ်မထွက်။

သူသည် ရေချိုးခန်းထဲ သွားကာ မျက်နှာသုတ် ပဝါတထည်ကို ရေဆွတ် ယူလာသည်။ ထို့နောက် သွေးစွန်းနေသော ကြမ်းပြင်ကို ရေပတ်နှင့်သုတ်သည်။ ကြမ်းပြင်က အနီရင့်ရောင် ဖြစ်နေ၍ ဟန်ကျသည်။ အိမ်ဖော်က သန့်ရှင်းရေး လုပ်လျှင်လည်း သွေးစ သွေးနကိုပင် သတိပြုမိစရာ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ရှိလီသည် ရေစို မျက်နှာသုတ်ပဝါကို ယူကာ အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။

မေရီက ကားဘေးတွင် ရပ်စောင့်နေသည်။ ရှိလီဘာသွားလုပ်ကြောင်း သူက ဘာမှ မမေး။

ရှိလီက ကားနောက်တံခါးကို ဖွင့်သည်။ ထို့နောက် အလောင်းကို ချိုင်းမှလျှို၍ မသည်။ သူ တယောက်တည်း မနိုင့်တနိုင် ဖြစ်နေသဖြင့် မေရီက ခြေထောက်မှ ကူမပေးသည်။

သူတို့ စကား မပြောကြ။ အလောင်းကို ကားနောက်ခန်း ကြမ်းပြင်တွင် ချလိုက်ကြသည်။ ရှိလီက ရေစို မျက်နှာသုတ်ပဝါကို အလောင်းကောင်၏ ရင်ဘတ်တွင် ပတ်စည်းလိုက်သည်။ ကားခုန်၍ ဒဏ်ရာမှ သွေးထွက်လျှင် ကားပေါ်တွင် မပေကျံစေရန် ဖြစ်သည်။ သူက ဦးထုပ် ပျော့ကလေးကို သူ့ခေါင်းပေါ်တွင် ဖိဆောင်းလိုက်သည်။

ထို့နောက် ကားပေါ် တက်ထိုင်ကာ ခြံဝင်းဂိတ်ဝအထိ မောင်းချလာသည်။ ဤနေရာတွင် ကားလှည့်ရန်နေရာ ကျယ်သည်။

'ငါ ဆက်မောင်း ရမှာလား'

'မောင်းပါ၊ တောင်ခြေ ရောက်တော့ ညာဘက်ကွေ့မောင်း'



'လမ်းမကြီးပေါ် အမြန်ဆုံး ရောက်ဖို့ အရေးကြီးတယ်'

'လေးငါးမိုင် လောက်မှာ လမ်းခွဲတခု ရှိတယ်၊ အဲဒီလမ်းအတိုင်း သွားယင် တောင်ကုန်းပေါ်က ရွာကလေးကို ရောက်လိမ့်မယ်၊ အဲဒီ တောင်ကုန်း တဘက်မှာ တောကြီးရှိတာ ကျွန်မ မှတ်မိတယ်'

လမ်းမကြီးပေါ်သို့ ရောက်လာသောအခါ ရှိလီက ကားကို အရှိန်မြှင့်လိုက်သည်။

'ရှင် မောင်းတာကလဲ မြန်လိုက်တာ'

'အချိန်က သိပ်မရှိတော့ဘူး'

'ကျွန်မ သိပ်ကြောက်တာပဲ'

'ကြောက်နေလို့ ဘာမှ အကျိုးမရှိဘူး'

သူ့အသံက မာဆတ်ဆတ်။ ထို့ကြောင့် မေရီ ဘာမှ မပြောတော့ပဲ ပါးစပ်ကို ပိတ်ထားလိုက်သည်။

ကောင်းကင်တွင် လ ဝင်သွားပြီ။ ပတ်ဝန်းကျင် တခုလုံး မှောင်နေသည်။ မေရီက မိုင်နှုန်းပြ ဒိုင်ခွက်ကို ကြည့်လိုက်သည်။ မှောင်နေ၍ ဘာမှ မမြင်ရ။ အနည်းဆုံး တနာရီ မိုင်ရှစ်ဆယ် နှုန်းလောက် ရှိလိမ့်မည်ဟု မှန်းကြည့်သည်။ သူက လက်နှစ်ဘက်ကို ဆုပ်၍ ခြေသက်စွာ လိုက်ပါလာသည်။ သူတို့ လုပ်နေသည့် အလုပ်မှာ အလွန်ကြောက်စရာ ကောင်းသော အလုပ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း တွေးမိသည်။ သို့သော် တခြား ရွေးစရာလမ်း မရှိ။ သူ့ရင်တွေ တဖျတ်ဖျတ် တုန်လာသည်။ သူက သူ့ကိုယ်သူ ပြောသလို ညည်းလိုက်သည်။

'တကယ်တော့ ကျွန်မ မိုက်တာ.... သိပ်မိုက်တာ'

'အခု တို့ ငါးမိုင်လောက် ရောက်လာပြီ၊ လှည့်မယ့် နေရာ လွန်သွားဦးမယ်'

'မလွန်ပါဘူး၊ မကြာခင် ရောက်တော့မှာပါ။ ကားကို နည်းနည်း အရှိန်လျှော့လိုက်'

သူတို့ ဆက်မောင်း လာခဲ့ကြသည်။ မေရီက တောင်ပေါ်ရွာသို့ တက်သွားသော လမ်းကျဉ်းကလေးကို တထင့်ထင့်နှင့် ကြည့်၍ လိုက်ပါလာသည်။ သူက ထိုနေရာသို့ နှစ်ခေါက် သုံးခေါက် ရောက်ဖူးသည်။ ရှုခင်း သာယာသောကြောင့် ကားနှင့် ထွက်လာယင်း ရောက်လာခဲ့ခြင်း ဖြစ်သည်။ ရှုခင်းက သမ္မာကျမ်းထဲက ရှုခင်းနှင့် အလွန်တူသည်။ တပ်စကင်နီနယ်၏ တောတောင် အလှကို ဖော်ပြနေသည်။

'ဟော....ရောက်ပြီ၊ ရောက်ပြီ'

မေရီက ရုတ်တရက် အော်ပြော လိုက်သည်။ သို့သော် ရှိုလီက ကျော်၍ မောင်းသွားမိသဖြင့် ကားဘရိတ်ကို နင်းလိုက်သည်။ ကားကို နောက်သို့ပြန်ဆုတ်သည်။



ထိုနောက် လမ်းကျဉ်းထဲသို့ လှည့်ဝင်ကာ တောင်ပေါ် လမ်းအတိုင်း မောင်းတက်လာခဲ့သည်။

နှစ်ယောက်သား ကားထဲမှ နေ၍ ဘေးတဘက်ချက်သို့ ချောင်းကြည့်ကြသည်။ အပြင်တွင် မှောင်ည်း နေတုန်း ရှိသေးသည်။

မေရီက ရှိုလီ၏လက်ကို လှမ်းပုတ်ပြီး ဘယ်ဘက်သို့ လက်ညှိုးထိုးပြသည်။ ရှိုလီက ကားကို ရပ်လိုက်သည်။

မေရီညွှန်ပြသော နေရာတွင် နန်းလုံးကြိုင်ပင်နှင့် တူသော ချုံတောကြီး ရှိသည်။ ချုံတောကြီးက နွယ်ပင် ပင်များဖြင့် ပိတ်ဆီးနေသည်။

ရှိုလီက ကားမီးကို ပိတ်ပစ်လိုက်သည်။

'ငါ ထွက်ပြီး အကဲခတ် ကြည့်လိုက်ဦးမယ်၊ အလုပ်တော့ ဖြစ်မယ့်ပုံပဲ'

သူ ကားပေါ်မှ ဆင်းသည်။ ချုံတောထဲသို့ တိုးဝင်သည်။

ပတ်ဝန်းကျင်တခုလုံး ပိတ်ပိတ်သား တိတ်ဆိတ်နေသည်။ ချုံတောတိုးသံက ကျယ်လောင်လှသလို ထင်ရသည်။

နှစ်မိနစ်ခန့်ကြာတော့ ရှိုလီ တောထဲမှ ပြန်ထွက်လာသည်။

'ဒီနေရာ ကောင်းမယ်ထင်တာပဲ' ကြားနိုင်လောက်သည့် အကွာအဝေးတွင် လူသူ တယောက်မျှ မရှိနိုင်သော်လည်း ရှိုလီက လေသံဖြင့်ပင် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကဲ....သူ့ကို အပြင် ထုတ်မယ်၊ ဝိုင်းကူ ပါဦး... တောထဲကိုတော့ ငါတယောက်တည်းပဲ ထမ်းယူသွား မယ်၊ မင်း လိုက်လို့ မဖြစ်ဘူး၊ တောက သိပ်ထူတယ် မင်းကို ဆူးတွေနဲ့ ခြစ်နေလိမ့်မယ်’

‘ရပါတယ်၊ ကိစ္စမရှိပါဘူး’

‘ငါပြောတာက မင်းအတွက် မဟုတ်ဘူး’ ရိုလီက အသံမာမာဖြင့် ပြောလိုက်သည်။ ‘မင်း ခြေအိတ်ေ... ပေါက်ပြဲပြီး ဖိနပ်တွေ ခြစ်ရာရှရာတွေ ထင်သွားယ... အိမ်ဖော်တွေက ဘယ်လိုထင်ကြမလဲ၊ အေးအေးေ... စမ်းပါ၊ ငါတယောက်တည်း ဖြစ်ပါတယ်’

မေရီ ကားပေါ်မှ ဆင်းလိုက်သည်။

ထို့နောက် နှစ်ယောက်သား ကားနောက်တံခါး... ဖွင့်ကြသည်။ အလောင်းကို မ မလို့ လုပ်နေတုန်း သူ... အထက်မှ မီးရောင်တခု ရုတ်တရက် မြင်လိုက်ရသည်... ဘောင်ပေါ်မှ မောင်းဆင်းလာသော ကားတစီး ဖြ... သည်။

‘ဘုရားရေ....ကျွန်မတို့တော့ သွားပြီ’ မေရီ ... အော်ပြောသည်။ ‘ရှင် ပြေး....ပြေး၊ ရှင့်ကို အမြင်... လို့ မဖြစ်ဘူး’

‘မင်း ဘာတွေ ပြောနေတာလဲ’

‘ကျွန်မက ရှင် ဒုက္ခရောက်မှာ စိုးလို့ပါ’



‘မရှုးစမ်းပါနဲ့၊ မင်းကသာ သွေးအေးအေးထား ယင် ဒုက္ခ မရောက်နိုင်ပါဘူး၊ တို့က သူတို့ကို ဖြီးဖြန်း လို့ ရပါတယ်’

‘မလုပ်ပါနဲ့ရိုလီရယ်၊ ကျွန်မအဖြစ်အတွက် ကျွန်မပဲ ခံပါရစေ’

‘တော်တော့၊ ဘာမှ မပြောနဲ့တော့၊ ဟန်မပျက် စေနဲ့၊ ကားနောက်ပိုင်း ဝင်ထိုင်လိုက်’

‘ဟင်....ဟို အလောင်းကြီးနဲ့’

‘တော်စမ်းပါ’

ရိုလီက မေရီအား အတင်းတွန်း၍ ကားထဲသွင်း သည်။ သူကလည်း ဘေးတွင် ဝင်ထိုင်လိုက်သည်။ ထို အချိန်တွင် အပေါ်မှ ဆင်းလာသော ကားသည် လမ်း ကွေ့နှင့် ကွယ်သွား၍ မီးရောင် မမြင်ရ။ သို့သော် နောက်တကွေ့ ရောက်လျှင် သူတို့ကို ထင်ထင်ရှားရှား မြင်ရတော့မည်။

‘ငါ့ကို တင်းတင်းဖက်ထား၊ သူတို့က တို့ကို အေး အေး လူလူ ချစ်တင်းလာနှောနေတဲ့ သမီးရည်းစားတွေ လို့ ထင်သွားပါစေ၊ ငြိမ်ငြိမ်နေ၊ မလှုပ်နဲ့’

အပေါ်မှ ကားကို မြင်ရပြီ။ နောက် နှစ်မိနစ်၊ သုံး မိနစ်လောက် ကြာလျှင် သူတို့ကားဘေးသို့ ရောက် လာတော့မည်။ လမ်းက ကျဉ်းသဖြင့် ဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



မောင်း၍ သူတို့ကားကို ရှောင်ရမည်။ သူတို့ကား ပွတ်ခြစ်သွားမည်ကိုတောင် စိုးရိမ်ရသည်။

ရှိလီက မေရီကို သိုင်းဖက်ပြီး သူ့ကိုယ်နှင့် ဆွဲ လိုက်သည်။ သူတို့၏ ခြေထောက် အောက်တွင် လူသေအလောင်းကြီး။

'ငါက မင်းကို နမ်းမလိုလုပ်မယ်၊ မင်း တကယ်နမ်းမလို ပြန်လုပ်'

ကားက တော်တော် နီးလာပြီ။ ဘေးတ တချက်ကို ယမ်းပြီး မောင်းလာသဖြင့် လမ်းလုံး နေသလို ထင်ရသည်။ ထို့နောက် ကားထဲတွင် ပါ သူများ၏ သံကုန်ဟစ်၍ သီချင်းဆိုသံများကို ကြ သည်။

'ဘုရားရေ.... သူတို့ မူးလာကြတာ သေချာတ သူတို့က ကျွန်မတို့ကို အန္တရာယ်ပြုယင်တော့ ဒုက္ခ ကဲ....ကျွန်မကို နမ်း'

မေရီက သူ့ပါးစပ်ကို ရှိလီ၏ပါးစပ်နှင့် ဖိ လိုက်သည်။ သူတို့နှစ်ယောက် အနီးသို့ လာနေသော ကားကို သတိမရနိုင်လောက်အောင် တရှိုက်မက် နမ်းနေကြသည့် ဟန်မျိုး လုပ်နေလိုက်ကြသည် ကားထဲတွင် လူတွေအပြည့် ပါလာပုံရသည်။ သူ အော်ဟစ်ဆူညံသံက သေနေသူပင် ငေါက်ကနဲ ထ



လောက်သည်။ တောင်ပေါ်ရွာတွင် မင်္ဂလာဆောင်ပွဲရှိ ပုံရသည်။ သူတို့က မင်္ဂလာဆောင်ပွဲတွင် အရူးအမူး သောက်စားပျော်မြူးပြီး ယခုအချိန်တွင်မှ ပြန်လာကြ တာဖြစ်မည်။

သူတို့ကားသည် လမ်းအလယ်တည့်တည့် မောင်း ဆင်းလာသည်။ မေရီတို့ကားကို မရှောင်တော့ပဲ ဝင် တိုက်သွားတော့မလား ထင်ရသည်။ သို့သော် ဘယ် လိုမှ မတတ်နိုင်တော့။

ရုတ်တရက် ဟစ်အော်သံ ပေါ်ထွက်လာသည်။ ရပ်ထားသော ကားကို မီးရောင်လာထိုးသည်။

ဘရိတ်အုပ်သံ ကျယ်လောင်စွာ ပေါ်ထွက်လာပြီး နောက် အပေါ်မှဆင်းလာသောကား ရပ်သွားသည်။

ထို့နောက် အပေါ်မှ ဖြည်းဖြည်းကလေး ဘီးလိမ့် ဆင်းလာသည်။

ရပ်ထားသော ကားထဲမှ လူနှစ်ယောက်ကို တယောက်ယောက်က လှမ်းမြင်သည်။ ထို့နောက် ကားထဲတွင် ပွေ့ဖက် နမ်းနေကြသည်ကို မြင်သော အခါ အားလုံးက ကျယ်လောင်စွာဖြင့် ဝိုင်းရယ်ကြ သည်။ တယောက်က ညစ်ညစ်ညမ်းညမ်းနောက်ပြောင် စကား ပြောသည်။ နောက်လူတွေက ဆူညံညံ ဝိုင်းအော်ကြသည်။

www.burmeseclassic.com



ရိုလီက မေရီတကိုယ်လုံးကို ကျစ်ကျစ်ပါအောင် ဖက်ထားသည်။ အချစ်ရေလှိုင်းကြောတွင် အတောမသတ် နစ်မျောနေသဖြင့် ပတ်ဝန်းကျင်ကို လုံးဝသတိ မပြုမိကြသည့် ပုံမျိုး။

ခပ်ရွှင်ရွှင်တယောက်က အီတာလျံ တေးပြုစာဆိုကြီး ဗာဒီ၏ 'မိန်းမဆိုတာ ပြောင်းလဲတတ်လို့ မယုံရပါ' ဟူသော သီချင်းစာသားကို အော်ဆိုလိုက်သည်။ တခြားလူတွေကလည်း သံပြိုင်လိုက်ဆိုကြသည်။

သူတို့ကား ဖြည်းဖြည်းမောင်းကာ ဖြတ်ကျော်သည်။ ကားနှစ်စီးက တလက်မခန့်သာ ကွာသည်။

'ငါ့လည်ပင်းကိုဖက်ထား' ရိုလီက တိုးတိုးကလေး ပြောလိုက်သည်။

တခြားကားက သူတို့ကားကို ဖြတ်ကျော်ချိန်တွင် ရိုလီက သူ့နှုတ်ခမ်းကို မေရီ၏နှုတ်ခမ်းနှင့် ဖိကပ်ထားယင်းမှ အရက်မူးသမားများအား လက်ကို ဝှေ့ယမ်း၍ နှုတ်ဆက်လိုက်သည်။

'ဘရာဗို.... ဘရာဗို.... ကိုယ့်လူ ဂွတ်တယ်ထင်ယင် ဒူးသာဒူး.... ဒူးသာဒူး' ဟု သူတို့က အော်ပြောပြီးနောက် စောစောက သီချင်းကို ထပ်မံအော်ဆို သွားကြသည်။

သူတို့ကားသည် ဟိုယမ်း သည်ယမ်းဖြင့် တောင်ပေါ်မှ မောင်းဆင်းသွားသည်။ တော်တော် အဝေး



ကြီးရောက်သွားသည်အထိ သူတို့၏ သီချင်းအော်ဆိုသံနှင့် ဆူညံသံများကို ကြားနေရသေးသည်။

ရိုလီက မေရီအား ဖက်ထားသောလက်ကို ပြန်ဖြုတ်လိုက်သည်။ မေရီမှာ ခြေကုန်လက်ပန်း ကျကာ ကားထောင့်တွင် နောက်ပစ်ထိုင်ချလိုက်သည်။

'ချစ်သူတွေကို တကမ္ဘာလုံးက ချစ်ကြတာ တို့အတွက် ကံကောင်းတာပဲ' ရိုလီက ပြောသည်။ 'ကဲ တို့အလုပ် ဆက်လုပ်ကြရအောင်'

'စိတ်ချရပါ့မလား ဟင်....သူ့ကိုဒီနေရာမှာ တွေ့သွားယင်....'

'သူ့ကို ဒီလမ်းပေါ်က တနေရာရာမှာ တွေ့ယင် တို့ဒီနေရာမှာရှိနေခဲ့တာကို သံသယတော့ ဝင်နိုင်တယ် ဒါပေမယ့် တခြားသွားရှာလဲ ဒီလောက်ကောင်းတဲ့ နေရာမတွေ့နိုင်တော့ဘူး၊ ပြီးတော့ တခြားလိုက်ရှာနေဖို့လဲ အချိန်မရှိတော့ဘူး၊ ဘာမှ ပူမနေပါနဲ့၊ ဒီကောင်တွေက မူးလာတဲ့လူတွေပါ၊ တို့ကားလို ဖီယက်ကားတွေကလဲ သောင်းသောင်းမကပါ၊ ဒီတော့ တို့ကို ဘယ်လိုလုပ်ပြီး ဆက်စပ်လို့ ရနိုင်မှာတဲ့လဲ၊ ပြီးတော့ ဒီလူ သူ့ကိုယ်သူ သတ်သေတာလို့ပဲ ထင်ကောင်းထင်ကြမှာပါ၊ ကဲ ဆင်း....ဆင်း'

'ကျွန်မ ရပ်လို့မှ ရပါ့မလား၊ ဒူးတွေတုန်နေလို့'

www.burmeseclassic.com

www.burmeseclassic.com



'အလောင်းကို အပြင် ထုတ် တဲ့ အခါသာ ဆော့ကူထုတ်ပေးပါ၊ အဲဒါပြီးယင် ပြန်ထိုင်နေပေါ့'

သူက ကားပေါ်မှ အလျင်ဆင်းသည်။ ပြီးတော့ မေရီကို အပြင်ဆွဲထုတ်သည်။ကားတံခါး ခြေနင်းပေါ်သို့ ခြေချမိသောအခါ ရုတ်တရက် စမ်းနည်းစိတ်တွေ ပေါ်လာပြီး မျက်ရည်တွေ စီးဆင်းလာကြသည်။

ဤတွင် ရိုလီက ဘာမပြောညာမပြောဖြင့် မေရီ၏ ပါးကို ခပ်ဆတ်ဆတ်ကလေး တချက် ရိုက်လိုက်သည်။ မေရီမှာ ရုတ်တရက် လန့်သွားပြီး ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ အငိုလည်း တခါတည်း ရပ်သွားသည်။

'ကဲ ငါ့ကူပါဦး'

နှစ်ယောက်သား အလောင်းကို ကားပေါ်မှ သယ်ချကြသည်။ ရိုလီက ချိုင်းနှစ်ဘက်ကြားမှ ကိုင်မသည်။

'အပါး....လူပိန်သလောက် တော်တော် လေးတဲ့ အကောင်ပါလား၊ ကဲ ငါ့ကို ဒီအဝက ချုံကို နည်းနည်း ဖယ်ပေးစမ်း၊ နို့မဟုတ်ယင် ချုံနဲ့ငြိနေလိမ့်မယ်'

မေရီက ချုံကို ဘေးသို့ ဖယ်၍ ရှင်းပေးသည်။ ရိုလီက အလောင်းကို ချုံတောထဲသို့ ဆွဲသွင်းသွားသည်။ ချုံတောတိုးသံမှာ တမိုင်လောက်မှပင် ကြားနိုင်လောက်သည်ဟု မေရီက ထင်မိသည်။



မေရီက ကားနားတွင် ရပ်စောင့် ကျန်ရစ်သည်။ စောင့်နေရသည့်အချိန်သည် ကြာလွန်းလှသည်။

နောက်ဆုံး ရိုလီ တောစပ်မှထွက်၍ လမ်းပေါ်သို့ တက်လာသည်ကို မြင်လိုက်ရသည်။

'အသွားလမ်းအတိုင်း ပြန်တာ မကောင်းဘူး ထင်လို့ ဟိုဘက်က ပတ်ပြီး ပြန်လာတာ'

'ဘယ့်နှယ်လဲ၊ အဆင်ပြေခဲ့ရဲ့လား'

'ပြေပါတယ်၊ တကယ်တော့ အရက်ပြင်းပြင်း ကလေး တခွက်လောက် သောက်ပြီးမှ ဒီအလုပ် လုပ်သင့်တာ' သူက ပြုံးပြီး ပြောသည်။ 'ကိုင်း....မင်း ငိုချင်ယင် ကြိုက်သလောက် ငိုတော့'

မေရီက ဘာမှ ပြန်မပြော။

သူတို့ ကားပေါ်သို့ ပြန်တက်ကြသည်။

ကားကို မောင်းထွက်လာခဲ့သည်။

'ရှင် ဘယ်ကို သွားမလို့လဲ'

'ရှေ့ကို နည်းနည်း ဆက်သွားပြီးမှ ကားကို ပြန်လှည့်မယ်၊ ဒါမှ ဒီနေရာမှာ ကားရပ်ပြီး လှည့်သွားတယ် မထင်ရမှာ၊ ဒါနဲ့ ရှေ့မှာ ကားလှည့်နိုင်မယ့်နေရာ ရှိသလား'

'ကျွန်မ သိသလောက်တော့ မရှိဘူး၊ လမ်းက ရွာဆီကို တန်းသွားတာ'

www.burmeseclassic.com

www.burmeseclassic.com



‘ကိစ္စမရှိဘူး၊ ရှေ့ဆက်မောင်းသွားကြည့်တာပေါ့၊ လှည့်လို့ရတဲ့ နေရာကျတော့မှ ပြန်လှည့်မယ်’

တယောက်မှ စကားမပြောပဲ ဆက်မောင်းလာခဲ့ကြသည်။

အတော်ကလေးကြာတော့မှ မေရီက ပြောသည်။

‘မျက်နှာသုတ်ပဝါ ကားထဲမှာပဲ ရှိသေးတယ်’

‘ရှိပါတယ်၊ တနေရာကျတော့မှ ပစ်ထားခဲ့တာပေါ့’

‘မျက်နှာသုတ်ပဝါမှာ လီယိုနတ် ဆိုတဲ့ စာတန်းပါနေတယ်’

‘မပူပါနဲ့၊ ငါ ကြည့်လုပ်ပါ့မယ်၊ ဘယ်လိုမှလုပ်လို့မရယင် ငါ ဟိုတယ်အပြန်မှာ ကျောက်ခဲနဲ့ ထုပ်ပြီး အာနိုမြစ်ထဲ ပစ်ချလိုက်မယ်’

နှစ်မိုင်လောက် ရောက်လာသောအခါ လမ်းဘေးမှ ကွက်လပ်တခုအနီးသို့ ရောက်လာသည်။ ရှီလီက ကားကို ပြန်လှည့်ရန် ဆုံးဖြတ်လိုက်သည်။

‘ဟာ ဒါနဲ့၊ သေနတ် ဘယ်မှာလဲ၊ သေနတ်....’

‘ဘာလုပ်မလို့လဲ၊ ကျွန်မအခန်းထဲမှာ ကျန်ရစ်တယ်လေ’

‘ငါ အဲဒီကိစ္စ လုံးလုံးမေ့သွားတယ်၊ အလောင်းတွေ့လို့ သေနတ်မတွေ့ယင် သံသယဝင်စရာ ဖြစ်လာ



နိုင်တယ်၊ အမှန်က သေနတ်ကို အလောင်း ဘေးမှာ ချထားခဲ့ရမယ်’

‘အဲဒီတော့ ဘယ်လိုလုပ်မလဲ’

‘ဘာမှ လုပ်စရာ မရှိတော့ဘူး၊ ကံအတိုင်းပဲ ထားလိုက်တော့၊ ပုလိပ်တွေက အလောင်းသာ တွေ့ပြီး သေနတ် မတွေ့ယင် တယောက်ယောက်က အမှတ်မထင် တွေ့လို့ ကောက်ယူသွားတယ်လို့ ထင်နိုင်တယ်၊ အဲဒါဆိုယင် ဘယ်သူ့မှ စစ်ဆေးနေစရာ မရှိတော့ဘူး’

ကားကို အပြန်လမ်းအတိုင်း အမြန် မောင်းနှင်လာခဲ့သည်။

ရှီလီက ကောင်းကင်ကို စိုးရိမ်မျက်နှာဖြင့် မကြာမကြာ စောင့်ကြည့်သည်။ မိုးတော့ မလင်းသေး။ သို့သော် အမှောင်ထုက တဖြည်းဖြည်း နည်း၍နည်း၍ လာနေပြီ။

အီတာလျံယာသမားများ လုပ်ငန်းခွင်သို့ အစောကြီး ဝင်ကြတော့မည်။ ဘယ်သူမှ မနိုးခင် မေရီကို အိမ်ကြီးသို့ အရောက်ပို့ရမည်။ နောက်ဆုံးတွင် သူတို့သည် စံအိမ်ကြီးရှိသော ကုန်းမြင့်ခြေရင်းသို့ ရောက်လာကြသည်။

ရှီလီက ကားကို ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရုဏ်တက် ရောင်နီ လာတော့မည်။

'ကဲ မင်းဟာမင်း မောင်းသွားတော့၊ ငါ့စက်ဘီး ဒီမှာ ထားပစ်ခဲ့တာ'

မေရီ၏ မျက်နှာတွင် ပြုံးရိပ် သန်းလာသည်။ သူ စကားပြောချင်ပုံ ရသည်။ ရိုလီက မေရီ၏ ပခုံးကို အသာ ပုတ်လိုက်ကာ....

'အားလုံး ပြီးသွားပြီ၊ ဘာမှ မပူနဲ့တော့၊ အိမ်ရောက်တော့ အိပ်ဆေး နှစ်လုံး သုံးလုံးလောက် စားလိုက်၊ အိမ်မပျော်ပဲ တောင်တွေး မြောက်တွေး တွေးနေတာ မကောင်းဘူး၊ အိပ်ရေး ဝသွားယင် လူလဲ လန်းသွားလိမ့်မယ်'

'ကျွန်မတော့ ဘယ်တော့မှ အိပ်ပျော်တော့မယ် မထင်ဘူး'

'ဟုတ်ပါတယ်၊ ငါ သိပါတယ်၊ ဒါကြောင့်မို့ အိပ်ဆေး စားလိုက်ပါလို့ပြောတာပေါ့၊ ငါ မနက်ဖြန်မှ လှည့်လာခဲ့ဦးမယ်'

'ကျွန်မ တနေ့လုံး အိမ်မှာပဲ ရှိမယ်'

'အတ်ကင်ဆန်တို့ လင်မယားနဲ့ နေ့လယ်စာ စားဖို့ ဖိတ်ထားတယ် မဟုတ်လား၊ ငါ့ကိုလဲ ဖိတ်ထားတယ်'

'ကျွန်မ မသွားတော့ဘူး၊ နေမကောင်းဘူးလို့ ဖုန်းလှမ်းဆက်လိုက်မယ်'



'မလုပ်ပါနဲ့၊ အဲဒီလို မလုပ်သင့်ဘူး၊ မင်း သွားကို သွားရမယ်၊ မင်းက ဘယ်လိုမှ မှုမပျက်ပဲ နေရမယ်၊ အဲဒါ အကောင်းဆုံးပဲ၊ တကယ်လို့ မင်း အပေါ် သံသယ ဝင်လာတောင်မှ မင်းက ကိုယ့်ကိုယ်ကိုယ် ဘာ အပြစ်မှ မရှိသလို ဟန်မပျက် နေရမယ်၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်'

မေရီက ဒရိုင်ဘာ နေရာတွင် ဝင်ထိုင်လိုက်သည်။ ရိုလီက စက်ဘီးကို ဝှက်ထားခဲ့သော နေရာမှ သွားယူပြီး စီးထွက်သွားသည်။

သည်တော့ မေရီက ကားကို စက်နှိုးကာ မောင်းထွက်လာခဲ့သည်။

ကားကို ခြံဝင်း ဂိတ်ဝအနီးမှ ကားဂိုဒေါင်ထဲ သွင်းလိုက်သည်။ ထို့နောက် အိမ်ရှေ့ ကားလမ်းကလေး အတိုင်း လမ်းလျှောက်လာခဲ့သည်။

တံခါးကို အသံ မမြည်အောင် ဖွင့်၍ အိမ်ထဲသို့ ဝင်သည်။ သူ့အခန်းသို့ တက်လာခဲ့သည်။ တံခါးဝတွင် ရပ်ကာ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

တံခါးကို ဖွင့်လိုက်လျှင် အနက်ရောင် ကုတ်အင်္ကျီ အစုတ်ဝတ်ကာ ရပ်နေသော ကားလ်ကို တွေ့လိမ့်မည်ဟု တွေးပြီး ကြောက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိတ်ကို တင်းပြီး လက် တုန်တုန် ဖြင့် တံခါးဘုကို လှည့်လိုက်သည်။

အခန်းမီးကို မြန်မြန်ကလေး ဖွင့်လိုက်သည်။ တခန်းလုံး ထိန်ထိန် လင်းသွားတော့မှ ကြောက်စိတ် ပြေသွားသည်။ အခန်းထဲတွင် မည်သူမျှ မရှိ။

အခန်းက ခြေရာ လက်ရာမပျက်ပဲ ပုံမှန်အခြေအနေ အတိုင်းပင် ရှိနေသည်။

အိပ်ရာဘေးက နာရီကို လှမ်းကြည့်လိုက်သည်။ ငါးနာရီ မထိုးသေး။

အလွန် တိုတောင်းလှသော အချိန်ပိုင်းကလေး အတွင်းတွင် အလွန်ကြောက်စရာကောင်းသော ဖြစ်ရပ် တခု ဖြစ်ပျက်ခဲ့ပါတကား....။

အကယ်၍ လွန်ခဲ့သော နာရီပိုင်း အတွင်းက သူ့ အဖြစ် ကင်းစင်သောဘဝကိုသာ ပြန်ရနိုင်မည် ဆိုလျှင် သူ့တွင် ရှိသမျှ ပစ္စည်းများကိုပင် ပေးပစ်လိုက်မည်ဟု တွေးမိသည်။

သူ့မျက်နှာတွင် မျက်ရည်တွေ စီးကျလာသည်။ သူ အလွန် မောပန်းနေသည်။ ခေါင်းလည်း အလွန်ကိုက် နေသည်။

အဝတ်အစား ဖြည်းဖြည်းကလေး လဲနေသည်။ ခုတင်ပေါ်သို့ ပြန်တက်ချင်စိတ် မရှိတော့။ သို့သော် မတက်ချင်လည်း တက်ရဦးမည်သာ။



သူသည် ဤအိမ်ကြီးတွင် အနည်းဆုံး သုံးလေးရက် တော့ ဆက်၍နေရပေဦးမည်။ ဘယ်အချိန်တွင် ထွက်သွားသင့်သည်ကို ရှိုလီက ပြောလိမ့်မည်။ သူ ဆာအဂ္ဂါ နှင့် စေ့စပ်ကြောင်းလမ်းလျှင် သူ မျှော်လင့်ထားသည် ထက်စော၍ဖလောရင့်မြို့မှထွက်ခွာသွားနိုင်စရာရှိသည်။ ဆာအဂ္ဂါက အိန္ဒိယ နိုင်ငံသို့ ဘယ်တော့ သွားမည် ဆိုသည်ကို ပြောသွားသလား မပြောသွားဘူးလားတော့ မမှတ်မိတော့။ သို့သော် အမြန်ဆုံးတော့ သွားလိမ့်မည်။ သည်အတိုင်းဆိုလျှင် မေရီအနေဖြင့် စိတ်ချရပြီ။ လုံခြုံပြီ။ အတိတ်ကိုလည်း မေ့ပစ်လိုက်နိုင်ပြီ။

သူ ခုတင်ပေါ် တက်လိုက်တော့ မီးဖိုဆောင်တွင် ရှိုလီ သွားထားခဲ့သော ပန်းကန် ခွက်ယောက်တွေကို သွား၍ သတိ ရမိသည်။ ထိုစဉ်က ရှိုလီပြောခဲ့သော စကားကို သူက သိပ်ပြီးဘဝင်မကျခဲ့။ နေသားတကျရှိ မရှိ ကိုယ်တိုင် သွားကြည့်ချင်သေးသည်။

သို့ဖြင့် ညဥ့်ဝတ်ရုံကြီးကို ကောက်ဝတ်ကာ စားသောက်ခန်းသို့ ဆင်းလာခဲ့သည်။ ထို့နောက် မီးဖိုဆောင်သို့ ဝင်လာသည်။ မတော်လို့ အိမ်စေတယောက် ယောက်က သူ မီးဖိုခန်းထဲ ရောက်နေသည်ကို အသံ ကြား၍ သိသွားလျှင်လည်း ဗိုက်ဆာပြီး အိပ်ရာမှနိုး လာလို့ တခုခု လာစားကြောင်း ပြောလိုက်ရုံသာ ရှိသည်။

www.burmeseclassic.com



တအိမ်လုံး ကြောက်စရာ ကောင်းလောက်အောင် တိတ်ဆိတ်နေသည်။ မီးဖိုဆောင်မှာလည်း စိတ်မချမ်း သာစရာ အသွင်ကိုသာ ဆောင်နေသည်။ စားပွဲပေါ် တွင် ဝက်ပေါင်ခြောက်များ တွေ့ရသည်။ ကြောင်အိမ် ထဲ ပြန်ထည့် ထားလိုက်သည်။ ကြက်ဥခွံများကိုတော့ ရေစင်အောက်မှ ပုံးထဲ ပစ်ထည့်လိုက်သည်။

ထို့နောက် သူနှင့် ကားလ်တို့ စားသောက်ခဲ့သော ပန်းကန်ပြားများနှင့် ဖန်ခွက်နှစ်လုံးကို ရေဆေးထား သူ့နေရာနှင့်သူ ပြန်ထားလိုက်သည်။ ဒယ်အိုးကိုတော့ သံချိတ်တွင် ချိတ်ထားလိုက်သည်။

အားလုံး သူ့နေရာနှင့်သူ နေထားတကျ ရှိသွားပြီ။ သံသယဝင်နိုင်သည့် သဲလွန်စ ဘာမှ မကျန်တော့။

အိပ်ခန်းသို့ ပြန်တက်လာခဲ့ပြီးနောက် ခုတင်ပေါ် တွင် လှဲအိပ်လိုက်သည်။

ဆေးတလုံး သောက်သည်။

မီးကို ပြန်ပိတ်လိုက်သည်။

အိပ်ဆေး တော်တော်နှင့်သတ္တိပြလိမ့်မည် မဟုတ်ဟု ထင်မိသည်။



သို့သော် သူက ကိုယ်ရောစိတ်ပါ တော်တော် ပန်းနေပြီ။

အိပ်မပျော်ယင်တော့ ငါ ရူးတော့မှာပဲဟု တွေးနေတုန်းမှာပင် အိပ်ပျော်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၉

မေရီသည် မျက်လုံးများကို ဖွင့်လိုက်သောအခါ သူ့ဘေးတွင် နီနာ ရပ်နေသည်ကို တွေ့ရသည်။

'ဘာလဲ....' သူက အိပ်ချင်မူးတူးဖြင့် မေးလိုက်သည်။

'မမ.... တော်တော် နောက်ကျနေပြီ၊ တနာရီမှာ တိုလိုဂနိုစံအိမ်ကြီးကို အရောက်သွားရမယ်၊ အခုပဲ ဆယ့်နှစ်နာရီ ထိုးနေပြီ'

သည်တော့မှပင် မေရီ သတိရမိတော့သည်။ သူ ဘော်တော် စိတ်မချမ်းမသာ ဖြစ်သွားသည်။

ယခုတော့ သူ အိပ်ချင်ပြေသွားပြီ။ ကြည်ကြည် လင်လင် ဖြစ်သွားပြီ။

အိမ်ဖော် နီနာ၏ မျက်နှာကို ကြည့်လိုက်သည်။ နီနာက ထုံးစံအတိုင်း ပြုံးနေသည်။

မေရီကလည်း စိတ်ကို ထိန်းကာ ဟန်မပျက်ပင် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညည်းလာနှိုးပြီးတဲ့နောက် ငါအိပ်လို့မရတော့ဘူး၊ အိပ်မပျော်ပဲနဲ့ အိပ်ရာထဲလဲ လှဲမနေချင်ဘူး၊ ဒါနဲ့ ငါအိပ်ဆေးစားပြီး တဝကြီး အိပ်ပစ်လိုက်တာ'

'ဟုတ်ပါရဲ့.... အားနာစရာ ကောင်းလိုက်တာ မမ ရယ်၊ ကျွန်မက အသံတံသံ ကြားလိုက်တာနဲ့ ဘာများ ပါလိမ့် ဆိုပြီး လာကြည့်တာပါ'

'အသံက ဘယ်လို အသံလဲ'

'ကျွန်မအထင်တော့ သေနတ်သံလိုလိုပဲ၊ ကျွန်မက မမကို ဆရာကြီး ပေးထားခဲ့တဲ့ သေနတ်ကို သွားသတိ ရမိပြီး ကြောက်သွားတယ်'

'လမ်းပေါ်က ကားတစီးစီး တာယာပေါက်သံ ဖြစ်ပါလိမ့်မယ်၊ ညဆိုတော့ အသံက အဝေးကြီး သွားတယ်၊ ဒါနဲ့ ငါ့ကို ကော်ဖီတခွက်လောက် လုပ် ပါဦး၊ ပြီးတော့မှ ရေချိုးမယ်၊ အချိန်က သိပ်ကပ် နေပြီ၊ မြန်မြန်လုပ်မှ ဖြစ်တော့မယ်'

နီနာ ပြန်ထွက်သွားသည်။ မေရီသည် ခုတင်ပေါ်မှ ခုန်ဆင်းပြီး ဗီရိုသို့ သွားကာ အံဆွဲကို ဖွင့်လိုက်သည်။

သူ အိပ်ပျော်နေစဉ် ခြောက်လုံးပြူးကို နီနာများ ယူသွားလေမည်လားဟု တွေးပြီး စိုးရိမ်လိုက်မိသေး သည်။ သူ့ယောက်ျား စီရိုက ခြောက်လုံးပြူးတွင် ကျည်ဆန်တတောင့် လျော့နေသည်ကို တွေ့သွားလျှင် တော့ ဒုက္ခ။



သို့သော် ခြောက်လုံးပြူးက အံဆွဲထဲတွင် နေရာ မပျက် ရှိနေတုန်းပင်။

သူသည် ကော်ဖီပွဲအလာကို စောင့်ယင်း လေးနက် စွာ တွေးနေသည်။

နေ့လယ်စာ စားပွဲသို့ သွားဖြစ်အောင် သွားပါဟု သူ့အား ရိုလီက ဘာကြောင့် အတင်း တိုက်တွန်းရပါ သနည်း။ အကြောင်းရင်းကို သူသိပါသည်။ သူ့ဘက် ကတော့ အားလုံး ပုံမှန်အနေအထားအတိုင်းပင် ဖြစ် သည်။ အမူအရာနှင့် သဘောထားပြောင်းလဲမှု လုံးဝ မရှိ။ သို့သော် သတိတော့ ထားရမည်။ သူ့အကျိုး အတွက်လည်း ဖြစ်သည်။ ရိုလီ့အကျိုး အတွက်လည်း ဖြစ်သည်။

သူက ရိုလီကို ကျေးဇူးတော့ အထူး တင်မိသည်။ ရိုလီက အရာရာကို သွေးအေးအေးဖြင့် ကျိုးကြောင်း ညီညွတ်စွာ စဉ်းစားကာ ပိပိရိရိ လုပ်ဆောင်သွားခဲ့ သည်။ သူ့လို လူပွေလူပွေဘယောက်တွင် ယင်းသို့ သော စွမ်းရည် ရှိလိမ့်မည်ဟု ဘယ်သူ ယုံကြည်ပါမည် နည်း။ တကယ့် သေရေးရှင်ရေးတမျှ အရေးကြီးနေ ချိန်တွင် အရက်မူးသမားတွေ ကားနှင့်ဆင်းလာသော အခါ ရိုလီကသာ ခေါင်းအေးအေးနှင့် မဆောင်ရွက် တတ်ခဲ့လျှင် မေရီအတွက် ဘာတွေ ဖြစ်လာလိမ့်မည် နည်း။

www.burmeseclassic.com

www.burmeseclassic.com



မေရီက သက်မ ချလိုက်သည်။

ရိုလီသည် လူ့အသိုင်းအဝိုင်းတွင် တန်ဖိုးရှိသော လူတယောက်တော့ ဟုတ်ချင်မှ ဟုတ်ပါလိမ့်မည်။ သို့သော် မိတ်ဆွေကောင်းတယောက် ဆိုတာ တော့ သေချာသည်။ ဤအချက်ကို မည်သူမျှ မငြင်းနိုင်။

ကော်ဖီသောက်သည်။ ရေချိုးသည်။ ထို့နောက် မှန်တင်ခုံရှေ့တွင် ထိုင်ကာ အလှပြင်သည်။

အခုမှ စိတ်လန်းကိုယ်လန်း ဖြစ်သွားသည်။

သူသည် ဘာမှ မဖြစ်ခဲ့သလို ပုံမှန်ရုပ်သွင်အတိုင်း ပင် ရှိနေသည်။ သူ့မျက်နှာတွင် စိုးရိမ်ရိပ် သောကရိပ် များ အလျဉ်း မမြင်ရတော့။ ပကတိ လန်းဆန်း ရှင်ပျ နေသည်။ သူ၏ ပျားရည်ရောင် အသားအရေတွင် နွမ်းနယ်ခြင်း လက္ခဏာ စိုးစဉ်းမျှ မထင်။ ဆံပင်က ရှန်းလက်နေသည်။ မျက်လုံးက ကြည်စင်နေသည်။

သို့သော် သူ့စိတ်တော့ မသိမသာ လှုပ်ရှားမိသည်။ နေ့လယ်စာ စားပွဲ တက်ရမည်ကို တွေးပြီး ရင်ဖိုချင် သလိုလိုတော့ ဖြစ်မိသည်။ လာသမျှ လူတွေက သူ့ကို ပင် ဝိုင်းကြည့်ကြလိမ့်မည်။ သူ ပြန်ထွက်လာသော အခါကျတော့ 'မေရီတော့ ဒီနေ့ အလှဆုံးပဲ' ဟု ပြော ကြလိမ့်မည်။

ရိုလီ လာနိုင် မလာနိုင် မေးမကြည့်ခဲ့မိ။ သို့သော် သူ့ကိုပါ ဖိတ်ထားသည်ဟုတော့ ပြောသွားသည်။



သူ မလာပဲတော့ နေမည် မဟုတ်ဟု မျှော်လင့်ရသည်။ သူ လာတော့လည်း အဖော်ရတာပေါ့ဟု တွေးကာ အားရှိသွားသည်။

အလှဆင် ပြီးသွားပြီ။ သွားဖို့ အသင့်ဖြစ်ပြီ။ ကိုယ်လုံးပေါ် မှန်ကြီးကို တချက် စောင်းငဲ့ကြည့်လိုက် သည်။

နီနာက အနီးတွင် ရပ်ကာ ပြုံးကြည့်နေသည်။

'မမက အလျှင်ထက်တောင် ပိုပြီး လှနေသေး တယ်'

'မမြှောက်စမ်းပါနဲ့ နီနာရယ်'

'မြှောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ မမ၊ မမက အိပ်ရေးဝသွားလို့ ပိုလှလာတာ၊ အပျို ကလေး ကျနေတာပဲ'

နေ့လယ်စာစားပွဲ ဖိတ်ထားသော အတ်ကင်ဆန်တို့ လင်မယားမှာ လူလတ်ပိုင်းအရွယ် အမေရိကန် လူမျိုး များ ဖြစ်ကြသည်။ သူတို့သည် တချိန်က မယ်ဒီချီ မျိုးဆက်ဝင် မိသားစုများ ပိုင်ခဲ့သော ကြီးကျယ် ခမ်းနားလှသည့် စံအိမ်ကြီးကို ဝယ်ယူခဲ့ ကြသည်။ အဖိုးတန် ရှေးဟောင်း ပန်းချီကားများ၊ ရုပ်တုများနှင့် ပရိဘောဂ ပစ္စည်းများကို နှစ်ပေါင်း နှစ်ဆယ်ခန့် ကတည်းက စုဆောင်းလာခဲ့ကြရာ သူတို့၏ စံအိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ဖလောရင့်မြို့တွင် အကြီးကျယ်ဆုံး အနုပညာပြတိုက်ကြီး တခုသာဖွယ် ဖြစ်နေသည်။"

သူတို့လင်မယားက စေတနာကောင်းသည်။ ရက်ရောသည်။ မိတ်ဆွေ အပေါင်းအသင်းများအား ပါတီပွဲတွေ မကြာခဏ ပေးသည်။

မေရီ ရောက်သွားသောအခါ ဧည့်ခန်းကြီးထဲတွင် လူစုံသလောက် ရှိနေပြီ။ ဧည့်ခန်းကြီးမှာ ရှိနေဆန်းခေတ် ဗီရိုများ၊ ဆယ့်ငါးရာစု ပန်းပုကျော်များ ဖြစ်ကြသော ဆက်တင်ယာနိုနှင့် ဆန်ဆိုဗင်နိုတို့၏ ပန်းပုလက်ရာများ၊ ပန်းချီကျော်များ ဖြစ်ကြသော ပါရူဂျီနိုနှင့် ဖီလစ်ပီနိုလစ်ပီတို့၏ ပန်းချီကားများဖြင့် အခန်းမခန်းလုပနေသည်။

တူညီဝတ်စုံများ ဝတ်ထားကြသော စားပွဲထိုးနှစ်ယောက်မှာ ဧည့်သည်တွေ ကြားတွင် လူးလာခေါက်ပြန် အလုပ်များနေကြသည်။ တယောက်က ယစ်ရွှေရည် မျိုးစုံတင်ထားသော လင်ဗန်းနှင့်၊ ကျန်တယောက်က စားစရာမျိုးစုံ ထည့်ထားသော လင်ဗန်းနှင့်။

အမျိုးသမီး ပရိသတ်များက ပါရီချုပ် ပွဲနေပွဲထိုင် နေ့ရာသီ ဝတ်စုံများဖြင့် ရှုမဝအောင် လှနေကြသည်။ အမျိုးသား ပရိသတ်များကတော့ ပေါ့ပေါ့ပါးပါး ပါတီပွဲဝတ်စုံများကို ဝတ်ထားကြသည်။



ပြတင်းပေါက်များကို ဥယျာဉ်ဘက်သို့ ဖွင့်ထားသည်။ ဥယျာဉ်ထဲတွင် ညီညာလှပစွာ စီချထားသော ကျောက်ပန်းအိုးကြီး များနှင့် ရှေးဟောင်း ရုပ်တုများကို မြင်နေရသည်။

နွေးထွေးသော ဇူလိုင် လဆန်းရက်ဖြစ်၍ လူတိုင်းသည် ပြုံးရွှင် ကြည်နူးနေကြသည်။ ဧည့်ပရိသတ်၏ မျက်နှာတွင် စိုးရိမ်သောကရိပ် လုံးဝ မမြင်ရ။ လူတိုင်းပင် ငွေကို ရေလို သုံးနေသူများဟု ထင်ရသည်။ ကမ္ဘာကြီး၏ တနေရာရာတွင် ဆင်းရဲ ငတ်မွတ်နေသူများရှိနေသည်ကို မည်သူမျှ ယုံကြည်နိုင်လိမ့်မည် မဟုတ်။ သည်လိုနေ့မျိုးတွင် လူ့ဘဝဆိုတာ အလွန် ပျော်စရာ ဌာနကြီးပါလားဟု လူတိုင်းပင် ယူဆကြ ပေလိမ့်မည်။

ဧည့်ခန်းမကြီး ထဲသို့ မေရီ ဝင်လာသော အခါ ဧည့်ပရိသတ်၏ တုံ့ပြန်မှုကို ချက်ချင်း အကဲခတ်လိုက်မိသည်။ လူတိုင်းကပင် မေရီအား ပြုံးရွှင် ဝမ်းမြောက်စွာ ကြိုဆိုကြသည်။ သူ့ကို မြင်တွေ့ရသည့် အတွက် အားလုံးပင် ပျော်ရွှင်နေကြသလို ထင်ရသည်။

သို့သော် မေရီ့ အဖို့ကတော့ ဆန့်ကျင်ဘက် ဝေဒနာကိုသာ ခံစားလိုက်ရသည်။ သစ်ပင်ရိပ်ဖြင့် အေးမြနေသော ဖလောရင့် လမ်းကျဉ်းကလေးထဲမှ ထွက်၍ နေပူရှိန်အောက်မှ ရင်ပြင်ကြီးထဲသို့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သူလို ပူလောင်ကာ စိတ်ထဲတွင် မအီမသာ ခံစားရမိသည်။ သူသည် မဆီမဆိုင်ပင် ကားလ်ကို သွား၍ သတိရလိုက်မိသည်။ သူ့ခမျာ ရင်ဘတ်တွင် ကျည်ဆန်တတောင့် စူးဝင်ကာ တောထဲမှ နေပူကြဲကြဲ ကွက်လပ်ထဲတွင် ရှိနေပေလိမ့်မည်။'

မေရီသည် ညှော့ခန်းအစွန်တနေရာတွင် ရပ်နေသော ရှိုလီကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ သူ့မျက်လုံးများက မေရီ့ဆီသို့ ရောက်နေကြသည်။

မေရီက ရှိုလီပြောခဲ့သောစကားများကို ပြန်လည်သတိရမိသည်။

သူ မေရီ့ထံသို့ လျှောက်လာနေသည်။

အိမ်ရှင် ဟာရီးလ်အတ်ကင်ဆန်မှာ ဝဝဖိုင့်ဖိုင့်နှင့် လူချောလူခန့် တယောက်ဖြစ်သည်။ ဆံပင်က ဖြူစပြုနေပြီ။ အသားအရေက နီရဲနေသည်။ သူ့မျက်လုံးများက မိန်းမချောများကို သဘောကျကြောင်း ဖော်ပြနေကြသည်။

သူက မေရီ၏လက်ကို အကြာကြီး ဆုပ်ကိုင်ကာ ရင်းရင်းနှီးနှီးဖြင့် နောက်ပြောင် ကျီစယ်နေသည်။

ထိုအခိုက် သူတို့အနီးသို့ ရှိုလီရောက်လာသည်။

'ကျုပ်က ဒီသူငယ်မကို ပန်းခြံကား တချပ်လိုလှတယ်လို့ ပြောနေတာ' ဟာရီးလ်အတ်ကင်ဆန်က ရှိုလီဘက်သို့ လှည့်၍ ပြောလိုက်သည်။



'မစ္စတာ အတ်ကင်ဆန်က အလကား အချိန်ဖြုန်းနေတာကိုး' ရှိုလီက လေအေးကလေးဖြင့်ပြုံး၍ ပြန်ပြောလိုက်သည်။ 'လေဘာတီရုပ်တုကြီးကို သွားမြှောက်တာကမှ ပိုပြီးအကျိုးရှိလိမ့်ဦးမယ်'

'သူက မောင်ရင့်ကို အပြတ်ငြင်းလိုက်လို့လား'

'အပြတ်'

'ဒါဆို ကျုပ်က သူ့ကို အပြစ်မဆိုပါဘူး'

'အကြောင်းက ဒီလိုရှိပါတယ် မစ္စတာ အတ်ကင်ဆန်' မေရီက မျက်လုံးတွေ တဖျတ်ဖျတ်ကစားယင်း ဝင်ပြောလိုက်သည်။ 'ကျွန်မက ယေဘုယျအားဖြင့် ယောကျ်ားကလေးတွေကို သဘောမကျပါဘူး၊ ကျွန်မအတွေ့အကြုံအရ ဆိုယင် ယောကျ်ားတယောက်ဟာ အသက်ငါးဆယ်ပြည့်မှ စကားပြောလို့ ကောင်းတယ်'

'ကျုပ်တို့ နောက်မှထပ်တွေ့ပြီး ဒီကိစ္စဆွေးနွေးကြသေးတာပေါ့' မစ္စတာ အတ်ကင်ဆန်က ပြန်ပြောသည်။ 'ကျုပ်တို့မှာ တူညီတဲ့အချက်တွေ အများကြီးရှိပါတယ်'

သူက ယင်းသို့ပြောပြီးနောက် အသစ်ရောက်လာသော ညှော့သည်တယောက်ကို ကြိုဆိုရန် နေရာမှ ပြန်ထွက်သွားသည်။

'မင်းက အရမ်းလှတာပဲ' ရှိုလီက အသံနှိမ့်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုလီ၏ အသိအမှတ်ပြုသောအကြည့်ကြောင့် မေရီအားတက်သွားသည်။ သို့သော် သူက ရိုလီအား စိုးရိမ်ကြည့်တော့ တချက် ဝေ့ကြည့်လိုက်မိသေးသည်။

'ဟန်မပျက်စေနဲ့၊ ကိုယ့်အခန်းကိုယ် သရုပ်ဆောင်နေတဲ့ ဇာတ်လိုက်မင်းသမီးလို သဘောထား'

'ကျွန်မမှာ သရုပ်ဆောင်အတတ်ပညာဗီဇ မပါဘူးလို့ ရှင့်ကိုပြောခဲ့ဖူးသားပဲ' မေရီကပြုံးပြီး ပြန်ပြောလိုက်သည်။

'မိန်းမမှန်ယင် သရုပ်ဆောင်တတ်ရမယ်'

ရိုလီက ပြန်ပက်လိုက်သည်။

စားပွဲတွင် နေရာယူကြသောအခါ မေရီက ဒါရိုက်တာ ရိုလီ၏ ညွှန်ကြားချက်အတိုင်း တကယ်ပင် သရုပ်ဆောင်သည်။

သူ့လက်ယာဘက်တွင် အိမ်ရှင် မစ္စတာ အတ်ကင်ဆန် ထိုင်သည်။ မေရီက မစ္စတာ အတ်ကင်ဆန်အား ရင်းရင်းနှီးနှီးဖြင့် ကျီစယ် နောက်ပြောင်နေသည်။ မစ္စတာအတ်ကင်ဆန်မှာ တပြုံးပြုံးနှင့် အလွန်ပျော်နေသည်။ မေရီ့လက်ဝဲဘက်တွင် ထိုင်နေသူကတော့ အီတာလျံ အနုပညာပါရဂူတယောက်။ သူနှင့်ကျတော့ မေရီက ဆီယာနာမြို့မှ ပန်းချီဆရာများ၏ ဘဝနှင့် လက်ရာတွေအကြောင်းပြောယင်း လေပေး ဖြောင့်နေကြသည်။



ဖလောရင့်မြို့၏ လူ့မလိုင် အသိုင်းအဝိုင်းက သိပ်ပြီး မကျယ်ပြန့်လှ။ ယမန်နေ့က ညစာစားပွဲသို့ တက်ရောက်ခဲ့သည့် ပုဂ္ဂိုလ်များထဲမှ တော်တော်များများပင် ယခု နေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။ ထို့ကြောင့် မင်းသမီးကြီး ဆန်ဖာဒီနန်ဒိုလည်း ယနေ့ပွဲတွင် ပါဝင်ခြင်းဖြစ်သည်။ သူက မစ္စတာအတ်ကင်ဆန်၏ လက်ျာဘက်တွင် ထိုင်နေသည်။ အဘွားကြီး၏ စနက်ကြောင့် မေရီအဖို့ တချိန်လုံး ထိန်းထားသမျှ အားလုံးပျက်ကျသွားတော့မည့် အခြေအနေမှ လက်မတင်ကလေး လွတ်မြောက်သွားခဲ့ရသည်။

ဖြစ်ပုံမှာ အဘွားကြီးက ကိုယ်ကို မေရီဘက်သို့ ကိုင်းလျက်....

'မေရီ.... ညတုန်းက အဖြစ်အပျက်ကို ကိုယ်က မြို့စားကြီးကို ပြောပြမလို့' သူက မစ္စတာအတ်ကင်ဆန်ဘက်သို့ ပြန်လှည့်ယင်း.... 'ကိုယ်က အသံသိပ်ကောင်းတဲ့ အဆိုတော် တယောက်ကို နားထောင်စေချင်လွန်းလို့ သူတို့ကို ပက်ပီနိုစားတော်ဆက်ကို ဖိတ်ပြီး ညစာကျွေးတယ်၊ အဲဒါ ကံဆိုးချင်တော့ အဆိုတော်က မလာဘူး'

'အဲဒီအကြောင်း ကျွန်တော်ကြားပြီးပါပြီ၊ မစ္စတာအတ်ကင်ဆန်ကတောင် အဲဒီအဆိုတော်အတွက် သင်

www.burmeseclassic.com



တန်းစရိတ်ထောက်ပံ့ဖို့ ကျွန်တော့်ကို တိုက်တွန်းနေပါတယ်၊ သူက အဲဒီအဆိုတော်ကို အော်ပရာထဲ ရောက်အောင် ကူညီချင်တယ်’

‘ဒါနဲ့ သူတို့က အဆိုတော်အစား တယောဆရာကလေးတယောက်ကို ထုတ်လာတယ်၊ ကိုယ်က ပက်ပီနို့ကို မေးကြည့်တော့ တယောဆရာကလေးက ဂျာမန် စစ်ပြေး တယောက်ဆိုပဲ၊ပက်ပီနိုက သနားတာနဲ့ အလှူငွေလေး ဘာလေး ရစေချင်လို့တဲ့၊ ပက်ပီနိုကတော့ နောက်ဆိုယင် ဒီလိုလူမျိုး မထားတော့ပါဘူးလို့ ကတိပေးတာပဲ၊ ဒါနဲ့ မေရီ....အဲဒီ တယောဆရာလေးကို ကောင်းကောင်း မှတ်မိပါတယ်နော်၊ တော်တော်ဆိုးတဲ့ သူငယ်ပဲကွယ်’

‘ဟုတ်ပါတယ်၊ ဘာမှ မတီးတတ်ရှာပါဘူး’

မေရီက သူ့အသံမတုန်အောင် မနည်းကြီး ထိန်း ပြောလိုက်ရသည်။

‘ဟုတ်တယ်၊ ကိုယ်သာ ပရိသတ်ရှေ့မှာ အဲဒီလို တယော ထိုးမိမယ်ဆိုယင်တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေ လိုက်မှာပဲ’

မေရီက တခုခုကို ပြောမည်ဟု ဟန်ပြင်လိုက်သည်။ သူ့ပါးစပ်မှ အသံထွက်မလာပဲ ပခုံးကိုသာ မသိမသာ တွန့်လိုက်မိသည်။



‘အဲ့ဒီလို လူစားမျိုးတွေအတွက် အလုပ် ကောင်းကောင်း ရဖို့မလွယ်ပါဘူး’ မင်းသမီးကြီးက မှတ်ချက်ချသည်။

‘ဟုတ်ပါတယ်၊ မလွယ်ပါဘူး’ မစ္စတာ အတ်ကင်ဆန်က ထောက်ခံလိုက်သည်။ ‘ဒါနဲ့ သူက လူငယ်ပဲ မဟုတ်လား’

‘ဟုတ်တယ်၊ ကလေး သာသာပဲ ရှိသေးတယ်’ မင်းသမီးကြီးက ပြန်ပြောသည်။ ‘သူ့ခေါင်းကတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဟုတ်တယ်နော် မေရီ’

‘ကျွန်မက သူ့ကို ကောင်းကောင်း မမှတ်မိလိုက်ပါဘူး၊ သူတို့ ဂီတဝိုင်းက လူတွေအားလုံး ဝတ်စုံတွေ တမျိုးကြီး ဝတ်ထားတာကိုတော့ သတိ ပြုလိုက်မိပါတယ်’

‘သူ စစ်ပြေးဆိုတာ ကိုယ် မသိပါဘူး၊ အခုမှ တွေးပြီး သူ့ကို သနားမိပါသေးတယ်၊ ကိုယ်က ပြောလို့ ပက်ပီနိုက သူ့ကို ဖြုတ်ပစ်လိုက်မယ်တဲ့၊ သူ့ကို ပြန်ရှာလို့ရယင် သူ အလုပ်အကိုင် ကောင်းကောင်း တခု ရှာနိုင်အောင် ငွေကလေး နှစ်ရာ သုံးရာလောက်တော့ ထောက်ပံ့လိုက်ချင်ပါရဲ့’

ထို့နောက်တွင် သူ့ အကြောင်းကိုပင် မဆုံးတမ်း ဆက်ပြောနေကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေရီက စိတ်မကြည်သာစွာဖြင့် ရိုလီဘက်သို့ စောင်းငဲ့ကြည့်လိုက်သည်။ သို့သော် ရိုလီက စားပွဲတဘက်သို့ ရောက်နေသည်။ မေရီဘက်သို့ လှည့်မကြည့်။

ထို့ကြောင့် မေရီမှာ အခြေအနေကို တယောက်တည်း ထိန်းနေရတော့သည်။

မေရီ ကံကောင်းသည်။ စကားဝိုင်းက ခေါင်းစဉ်ပြောင်းသွားသည်။ သူ ရင်မောနေမိသည်။ စိတ်မပါပဲ ပြောနေရသည်။ သူများနှင့်အတူ လိုက်ရယ်နေရသည်။ သူ့ကိုယ်သူ မနည်းထိန်းပြီး ဟန်ဆောင်နေရသည်။

သူ့စိတ်ထဲမှာတော့ တကယ်ပင် ဇာတ်ခုံပေါ်မှ ဇာတ်လမ်းတခုကို ကြည့်နေရသလို ထင်မိသည်။ ယမန်နေ့ ညက အဖြစ်အပျက်ကို အစမှ အဆုံးတိုင်အောင် ပြက်ပြက်ထင်ထင် မြင်ယောင်လာသည်။

နောက်ဆုံး ပြန်ခွင့်ရတော့မှ သူ အလွန်ဝမ်းသာသွားသည်။

'အများကြီး ကျေးဇူးတင်ပါတယ်၊ သိပ်ပြီး ပျော်စရာ ကောင်းတဲ့ နေ့တနေ့ပါပဲ၊ ဘယ်တုန်းကမှ ကျွန်မ ဒီလောက် မပျော်ခဲ့ဖူးလို့တောင် ထင်မိပါတယ်'

ဆံပင် ဖြူဖြူနှင့် စိတ် ကောင်း ရှိ၍ ပါးနပ်သော မစ္စက်အတ်ကင်ဆန်က မေရီ၏လက်ကို ဆုပ်ထားယင်း....

'ကျေးဇူးတင်ပါတယ် မေရီ၊ မေရီက သိပ်ချောတာပဲ၊ မေရီ့ကြောင့် လူတိုင်း ပျော်ရွှင်ကြရတယ်၊ ဟာရီးလ်လဲ ဒီနေ့ အပျော်ကြီး ပျော်နေတာပဲ၊ သူက အင်မတန် ပြည်တည်တည်လုပ်တတ်တဲ့အဘိုးကြီး'

'သူက ကျွန်မကို အလွန်ခင်မင်ပါတယ်'

'ဒါပေါ့၊ ဒါပေါ့.... ဒါနဲ့ မေရီ မကြာခင်မှာ ဖလောရင့်က ထွက်သွားတော့မယ်ဆို'

မစ္စက်အတ်ကင်ဆန်၏ စကားက ဆာအင်္ဂါကို ရည်ရွယ်ကြောင်း ရှင်းနေသည်။ ကေနဒ္ဒ မင်းသမီးကြီးက ဖောက်သည်ချထားဟန် တူသည်။

မေရီက ပြုံးပြီး....

'ဒါကတော့ အတပ် မပြောနိုင်သေးပါဘူး'

'ဟုတ်တာပေါ့၊ ဒါပေမယ့် ကြားရတဲ့ သတင်းကတော့ မှန်နိုင်တယ် ထင်တာပဲ၊ မေရီ သိတဲ့အတိုင်း အန်တီက လူကဲခတ်ဝိဇ္ဇာတယောက်လို့ ကိုယ့်ကိုယ်ကိုယ် ယူဆထားတာ၊ မေရီက ချောလဲ ချောတယ်၊ စိတ်ကောင်းလဲ ရှိတယ်၊ ယဉ်လဲ ယဉ်ကျေးတယ်၊ ဟန်ဆောင်မှုလဲ မရှိဘူး၊ ငါ့တူမကြီး ပျော်ရွှင် ချမ်းမြေ့နိုင်ပါစေလို့ အန်တီ ဆုတောင်းပါတယ်ကွယ်'

မေရီ့ မျက်နှာပေါ်တွင် မျက်ရည်တွေ စီးကျလာသည်။ စိတ်ကောင်းရှိသော မစ္စက်အတ်ကင်ဆန်အား ယွဲ့ယွဲ့ကလေး ပြုံးပြလိုက်ပြီးနောက် ခပ်မြန်မြန်ကလေး လှည့်ထွက်လာခဲ့လေသည်။



●

www.burmeseclassic.com

www.burmeseclassic.com

# ၈

မေရီ အိမ်ရောက်တော့ သံကြိုးစာတစောင် တွေ့ရသည်။

မနက်ဖြန် လေယာဉ်နှင့် လာမည်။ အဂ္ဂါ။

ဥယျာဉ်ထဲတွင် မေရီ အနှစ်သက်ဆုံးနေရာ တနေရာရှိသည်။ ထိုနေရာကား ညီညာစွာ ဖြတ်ထားသည့် စိုက်ပရပ်ပင်များ ဝိုင်းနေသော မြက်ခင်းကလေးဖြစ်သည်။ တဘက် မျက်နှာစာတွင်တော့ စိုက်ပရပ်ပင်များကို လိပ်ခုံးမုခ်ဝပုံစံ ဖြတ်ထားသည်။ ယင်းမုခ်ဝမှ ကြည့်လိုက်လျှင် သာယာလှပသော ရှုခင်းကို မြင်နေရသည်။ ဖလောရင့်မြို့ရှုခင်းတော့ မဟုတ်။ သံလွင်ပင်များ အုပ်ဆိုင်းနေသည့် ကုန်းမြင့်ရှုခင်း ဖြစ်သည်။ ကုန်းမြင့်ပေါ်တွင် ရွာကလေးတရွာရှိသည်။ ရွာထဲမှ အိမ်ခေါင်မိုးနီနီများနှင့်ဘုရားရှိခိုးကျောင်း ခေါင်းလောင်းမျှော်စင်တို့ကိုလည်း မြင်နေရသည်။

မြက်ခင်းပေါ်မှ ရိပ်သာဆောင်ကလေးက အေးချမ်း ဆိတ်ငြိမ်လှသည်။ မေရီသည် ဆိုဖာကုလားထိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြီးပေါ်တွင် လဲလျောင်းယင်း အပန်းဖြေနေသည်။

ဥယျာဉ်ထဲတွင် တကိုယ်တည်း အေးအေးလူလူ နေရသည်မှာ အလွန် စိတ်ချမ်းသာသည်။ သောကဝင်စရာ အတွေးများကိုလည်း လုံးဝ မတွေးမိ။

ခဏအကြာတွင် လက်ဖက်ရည်ပွဲကို ယူကာ နီနာ ရောက်လာသည်။

'ရီလီ လာလိမ့်မယ်၊ သူလာယင် ဝီစကီနဲ့ရေခဲ ယူလာခဲ့'

'ကောင်းပါပြီ မမ'

နီနာသည် အတင်းပြော ဝါသနာပါသော မိန်းကလေးဖြစ်သည်။ ယခုလည်း သူကြားထားသော သတင်းတခု မေရီအား ပြောပြသည်။ ဤသတင်းကို တောင်ပေါ်ရွာမှ ထမင်းချက် အဂါတာက ယူလာသည်ဟုဆိုသည်။ အဂါဘာသည် တောင်ပေါ်ရွာတွင် နေထိုင်သည်။

အဂါဘာ၏ ဆွေမျိုးများက အီတလီနိုင်ငံသို့ ခိုးဝင်လာသော စစ်ပြေး တယောက်အား တဲအိမ်ကလေးတွင် အခန်းတခန်း ငှားထားသည်။ ယခု ထိုစစ်ပြေးသည် ထမင်းလခနှင့် အခန်းခ မပေးခဲ့ပဲ ထွက်ပြေးသွားပြီ။ အိမ်ခန်းရှင်များမှာ ဆင်းရဲကြသည်။



စစ်ပြေး ထားပစ်ခဲ့သော အဝတ်အစားဟောင်းများကို ရောင်းလျှင်လည်း ငါးကျပ်ပင် ရမည်မဟုတ်။ အိမ်ခန်းရှင်များက ထိုသူကို သနားကြသည်။ သို့သော် ယခုကဲ့သို့ ထွက်ပြေးသွားခြင်းကတော့ တော်တော် ရိုင်းသည်။ ထို့ကြောင့် လူ မြင် တိုင်း သနားခြင်းသည် အကျိုးမရှိ။

'သူ ထွက်ပြေးသွားတာ ဘယ်လောက်ကြာပြီလဲ' မေရီက မေးသည်။

'သူ မနေ့ညနေကတည်းက ပက်ပီနိုစားတော်ဆက်မှာ တယောက်ထိုးရမယ်ဆိုပြီး ထွက်သွားသတဲ့ မမ၊ မမလဲ မနေ့ညက အဲဒီမှာပဲ ညစာစားခဲ့တယ် မဟုတ်လား၊ သူက ပြန်လာယင် ပိုက်ဆံပေးပါ့မယ်လို့ ပြောသွားသတဲ့၊ ဒါပေမယ့် သူအဲဒီညနေကတည်းက လုံးဝ ပြန်မလာတော့ဘူး၊ အိမ်ခန်းရှင်မ အင်္ဂဆွန်တာက စားတော်ဆက်ကိုသွားပြီး စုံစမ်းတော့လဲ သူတို့က အဲဒီလူရဲ့နောက်ကြောင်းရာဇဝင်ကို ဘာမှမသိဘူးလို့ ပြန်ပြောလိုက်သတဲ့၊ ဒါပေမယ့် သဒ္ဒါကြေးပေးတဲ့ ပိုက်ဆံ ဝေစုရသွားတယ် ဆိုတာတော့ သိခဲ့ရတယ်၊ သူ့ကို အမျိုးသမီးတယောက်က ငွေတရာတောင် ပေးသွားသတဲ့၊ ပြီးတော့....'

မေရီက ကမန်းကတန်း ကြားဖြတ် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဂါတာကို မေးကြည့်စမ်းပါ၊ အက်ဆွန်တာက အဲဒီလူဆီမှာ ပိုက်ဆံဘယ်လောက်ရစရာရှိသလဲ၊ သူများကို ကူညီတဲ့လူတွေ နှစ်နှစ် နှာနှာ ဖြစ်ရတာ စိတ်မကောင်းစရာပဲ၊ အဲဒီပိုက်ဆံကို ငါပေးချင်လို့ပါ'

'ဝမ်းသာလိုက်တာ မမရယ်၊ အက်ဆွန်တာတို့လင်မယားကတော့ မမကို ကျေးဇူးတင်လို့ဆုံးတော့မှာ မဟုတ်ဘူး၊ သူတို့သားနှစ်ယောက်က စစ်တပ်ထဲမှာ အမှုထမ်းနေကြတယ် မငရဲ့၊ မိဘကို တပြားမှ မထောက်ပံ့နိုင်ကြဘူး၊ ဒါနဲ့ အိမ်ခန်းငှားခ ကလေးနဲ့စားနေကြရတာ၊ သူတို့က အဲဒီလူကို ထမင်းလဲကျွေးတယ်၊ ခုခေတ်မှာ စားစရိတ်က သိပ်ကြီးတာ၊ အဲဒီတလကို တမ္ဘာ့နိုင်ငံကြီးလုပ်တဲ့အတွက် ကျွန်မတို့ဆင်းရဲသားတွေပဲ ပိုဆင်းရဲနေကြရတာပဲ'

'ဒါပေါ့၊ ဒါပေါ့.... ကဲ ပြန်သွားတော့၊ ပြန်သွားတော့'

သည်နေ့ တနေ့တည်းတွင် ကားလ်အကြောင်းကို နှစ်ကြိမ်တိတိကြားရပြီ။ မေရီတွေးပြီး ကြောက်လာမိသည်။ အသက်ရှင်နေစဉ်ကတော့ ကားလ်ကို မည်သူမျှ လူရာမသွင်းကြ။ ယခု သေသော့မှ သူ့ကို လူတွေက သူတို့နည်း သူတို့ဟန်ဖြင့် စိတ်ဝင်စား လာကြသည်မှာ တော်တော်တော့ ထူးဆန်းသည်။



နေ့လယ်စာစားပွဲတုန်းက မင်းသမီးကြီးပြောသော စကားကို ပြန်လည်သတိရမိသည်။ သူ့စကားကြောင့် ကားလ်အလုပ်ပြုတ်ရသဖြင့် ကားလ်အား အလုပ်တခုခု ရှာနိုင်ရန် ပိုက်ဆံထောက်ပံ့ချင်သည်ဟု သူက ပြောခဲ့သည်။ သည်အဘွားကြီးက အလွန်ကတိတည်သည်။ စိတ်ဓာတ်လည်း အလွန်ကြံ့ခိုင်သည်။ ထို့ကြောင့် သူက ကားလ်ကို ရှာကောင်းရှာနိုင်သည်။ ရှာ၍မတွေ့လျှင် ကားလ် ဘယ်ရောက်သွားသလဲ၊ ဘာဖြစ်သွားသလဲ ဆိုသည်ကို အတိအကျသိရအောင် မြေလှန်၍ စုံစမ်းလိမ့်မည်။

**ငါ ဒီနေရာကထွက်ပြေးမှ ဖြစ်တော့မယ်၊ ငါမနေရဲတော့ဘူး....။**

သူက ရိုလီကို သတိရမိသည်။ ဤအချိန်တွင် သူ့အဖို့ ရိုလီသာလျှင် တခုတည်းသော အားကိုးရာ ဖြစ်တော့သည်။

ဆာအဂ္ဂါ၏ သံကြိုးစာကို လက်ပွေ့အိတ်ထဲမှ ထုတ်ကာ ထပ်၍ ဖတ်ကြည့်သည်။ ဤသံကြိုးစာသည် ပင်လျှင် ထွက်ပြေးရန် အကြောင်းတချက်ဖြစ်သည်။ သူ လေးလေးနက်နက် စဉ်းစားနေသည်။

သူ့နာမည်ကို ခေါ်သံကြားလိုက်သည်။
'မေရီ'

www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းကွင်းစပ်မှ ရိုလီပေါ်လာသည်။ သူသည် ကုတ်အင်္ကျီအိတ် နှစ်ဘက်ကို လက်နှိုက်ယင်း ဖြည်းဖြည်း လျှောက်လာနေသည်။ သူ့အမူအရာက ဣန္ဒြေ ဟိတ်ဟန်လုံးဝမရှိ။ ပကတိ အေးဆေး တည်ငြိမ်နေသည်။

'နီနာက မင်း ဒီမှာရှိတယ်လို့ ပြောလိုက်တယ်၊ သူ သောက်စရာတွေ ယူလာလိမ့်မယ်၊ ငါတော့ အာခေါင်ခြောက်နေပြီ၊ အာပါး....ဒီကုန်းပေါ်တက်လာရတာ တော်တော်ပူတာပဲ' သူက မေရီအား အကဲခတ်စောင်းကြည့်ယင်း.... 'ဘာဖြစ်နေတာလဲ၊ မျက်နှာလဲ ခပ်ညှိုးညှိုးပါလား'

'နီနာ သောက်စရာတွေ ယူလာပါစေဦး'

ရိုလီက ကုလားထိုင်တွင် ဝင်ထိုင်ကာ စီးကရက်တလိပ်ထုတ်ညှိသည်။

နီနာ သောက်စရာများ ယူလာသောအခါ ရိုလီက နီနာအား ပျော်ရွှင်စွာ စလိုက်သည်။

'ဘယ့်နှယ် နီနာ၊ အီတာလျံမိန်းမတိုင်း ကလေးတွေမွေးပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုရမယ်လို့ ခေါင်းဆောင်ကြီးက ပြောတယ်မဟုတ်လား၊ ဒီအတိုင်းဆို မင်းက တာဝန်မကျေသလို ဖြစ်မနေဘူးလားဟင်'

'ဘုရားရေ၊ ဒီခေတ်ကြီးမှာ ကိုယ့်ဝမ်းဝဖို့ အရေးတောင် မလွယ်ရတဲ့အထဲမှာ ကျွန်မက ဘယ့်နှယ်လုပ်



ပြီး ကလေး ဒါဇင်ဝက်လောက်ကို ကျွေးထား နိုင်ပါ့မလဲ'

နီနာက ယင်းသို့ပြောပြီးနောက် ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြန်ထွက်သွားသည်။

ရိုလီက မေရီ့ဘက်သို့ လှည့်ကာ....

'ကဲ ပြောပါဦး၊ ဘာဖြစ်တာလဲ'

မေရီက နေ့လယ်စာစားပွဲတွင် မင်းသမီး ပြောခဲ့သော စကားနှင့် ခပ်စောစောက နီနာပြောခဲ့သော စကားများကို ပြန်လည်ပြောပြသည်။ ရိုလီက စိတ်ဝင်စားစွာ နားထောင်သည်။

'ဒါပေမယ့် ဒီအတွက် ပူစရာတော့ လုံးဝမရှိပါဘူး မေရီ၊ မင်းက သက်သက် တွေးပူနေတာပါ၊ သူက စားတော်ဆက်မှာ အမြဲတမ်း အလုပ်ရပြီလို့ ထင်ခဲ့တာ၊ ဒါပေမယ့် အဖြုတ်ခံရတယ်၊ အိမ်ခန်းရှင်ကိုလဲ ကြွေးပေးစရာ ရှိနေတယ်၊ သူက သူ ပေးပါ့မယ်လို့ ကတိပေးသွားတယ်၊ ဒါပေမယ့် ပေးစရာ မရှိဘူး၊ အဲဒီတော့ သူ့အလောင်းကို တွေ့ပြီ ဆိုပါတော့၊ သူ့ကိုယ်သူ စိတ်ညစ်ပြီး သတ်သေသွားတယ်လို့ ထင်နိုင်စရာတွေ တပုံကြီးပဲ'

ရိုလီ ပြောပြချက်များမှာ ယုတ္တိယုတ္တာ ရှိသည်။

မေရီက ပြုံးပြီး သက်မချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ရှင်ပြောတာ မှန်ပါတယ်၊ ကျွန်မက တွေးပူနေတာပါ၊ ရှင်သာ မရှိယင် ကျွန်မဖြင့် ဘာလုပ်ရမှန်းတောင် သိမှာ မဟုတ်ဘူး ရှီလီ’

‘ငါတော့ မထင်ပါဘူး’ ရှီလီက ဟက်ကနဲ ရယ်လိုက်သည်။

‘မနေ့ညက ကျွန်မတို့ကို ဖမ်းမိသွားယင် ဘယ်လိုဖြစ်လာမှာလဲ ဟင်’

‘ဒုက္ခ လှလှကြီး တွေ့တော့မှာပေါ့’

မေရီပင့်သက်တချက် ရှိုက်လိုက်သည်။

‘ကျွန်မတို့ ထောင်ထဲ တန်းဝင်ရမယ်လို့ ဆိုလိုတာလား’

ရှီလီက သရော်ပြုံး ပြုံးယင်း....

‘တို့ကို တွေ့သွားယင် အများကြီး ရှင်းပြရလိမ့်မယ်၊ အင်္ဂလိပ်လူမျိုး နှစ်ယောက်နဲ့ အလောင်းတလောင်း၊ မြို့ပြင်တောစပ်မှာ ဘာလုပ်နေကြတာလဲ၊ သူ့ကိုယ်သူ သတ်သေတာပါလို့ တို့က ဘယ်လိုလုပ် အထောက်အထား ပြမှာလဲ၊ မင်း သော်လည်းကောင်း၊ ငါ သော်လည်းကောင်း သတ်တာပဲ ဖြစ်ရမယ်လို့ သူတို့က ကျိန်းသေထင်ကြလိမ့်မယ်’

‘ရှင်က ဘာကြောင့် သတ်ရမှာလဲ’

‘ရဲဘက်က စိတ်ကူးကောင်းကောင်းနဲ့ တွေးစရာအကြောင်းတွေ အများကြီးရှိတယ်၊ မနေ့ညက မင်းနဲ့



ငါနဲ့အတူ ဟက်ပ်ဖီနီ့ စားတော်ဆက်က ပြန်လာခဲ့ကြတယ်၊ မိန်းမကိစ္စနဲ့ ပတ်သက်လာယင် ရှုပ်တတ်တယ်လို့လဲ ငါ့ကို လူတွေက သတ်မှတ်ထားကြတယ်၊ အဲတော့ မင်းလို မိန်းမချောကလေး တယောက်က ငါ့အဖို့ တကယ့်အမဲပဲလို့ သူတို့က ထင်ကြမှာပေါ့၊ မင်းနဲ့ငါနဲ့ ကြားမှာ ဘာပြဿနာမှ မရှိဘူးလို့ ဘယ်လိုလုပ်ပြီး သက်သေပြနိုင်မှာလဲ၊ ဟိုအကောင်ကို မင်းအခန်းထဲမှာ တွေ့လို့ ငါက ပစ်သတ်လိုက်တာလို့ မထင်နိုင်ဘူးလား၊ ဒါမှမဟုတ် တို့နှစ်ယောက်ကို သူက ဖမ်းတွေ့သွားလို့ မင်းရဲ့သိက္ခာကို ဆည်တဲ့သဘောနဲ့ သူ့ကို ငါက ပစ်သတ်လိုက်တာကော မဖြစ်နိုင်ဘူးလား၊ လူဆိုတာက အဓိပ္ပာယ်မရှိတဲ့ အဲဒီလို အလုပ်တွေကို သိပ် လုပ်တတ်တာ’

‘ရှင် လုပ်နေရတဲ့ အလုပ်က တကယ့် သည်းထိတ်ရင်ဖို စွန့်စားခန်းကြီးပဲနော်’

‘ဒီစကားမျိုး မပြောပါနဲ့’

‘မနေ့ညက ရှင့်ကို ကျေးဇူးတင်စကား မပြောလိုက်မိတာ ကျွန်မ စိတ်တောင် မကောင်းဘူး၊ ကျွန်မက သိပ်ပြီး အကြောက်လွန်နေတာ၊ ရှင့်ကို ကျွန်မ သိပ်ပြီး ကျေးဇူးတင်ပါတယ် ရှီလီ၊ ကျွန်မအပေါ်မှာ ရှင့် ကျေးဇူး ကြီးလှပါတယ်၊ ရှင်သာမရှိယင် ကျွန်မဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေမိ လိမ့်မယ်၊ ရှင့်ကျေးဇူးကို ဘယ်လို ဆပ်ရမှန်းတောင် မသိတော့ပါဘူး’

ရှိလီက မေရီ့မျက်နှာကို စိုက်ကြည့်နေသည်။ ခဏကြာတော့မှ သူက ရွှင်လန်းစွာ ပြုံးလိုက်ပြီး....

‘အမှန်ကတော့ ငါက မိတ်ဆွေတယောက်ကို ကူညီတာပါ မေရီ၊ တစိမ်း လူတယောက်အတွက် ဆိုယင် ကူညီချင်မှ ကူညီလိမ့်မယ်၊ ပြီးတော့လဲ မင်းသိတဲ့အတိုင်း ငါက ပင်ကိုက စွန့်စားရတာကို သဘောကျတဲ့လူ၊ တကယ်တော့ ငါက ဥပဒေကို သိပ် လေးစားတဲ့လူ မဟုတ်ဘူး၊ ဥပဒေ နှုတ်ခမ်းမှာ စွန့်စွန့်စားစား လျှောက်ချင်တဲ့လူ၊ တခါက မွန်တီကာလိုမှာ ဖဲတချပ် လိမ်ပြီး ပေါင်တထောင် ရခဲ့ဖူးတယ်၊ အဲဒါလဲ စွန့်စားခန်းပဲပေါ့၊ ဒါပေမယ့် အခုအဖြစ်မျိုးနဲ့တော့ မတူဘူးပေါ့၊ ဒါနဲ့ သေနတ် ဘယ်မှာလဲ’

‘ကျွန်မအိတ်ထဲမှာ၊ ကျွန်မက သေနတ်ကို အိမ်မှာ ထားမပစ်ခဲ့ရဲဘူး၊ နီနာ တွေ့သွားမှာ ကြောက်တယ်’

ရှိလီက လက်ကို ဖြန့်လိုက်သည်။

‘မင်းအိတ် ပေးစမ်းပါ’

ဘာကြောင့် အိတ်ကို တောင်းမှန်း မေရီ စဉ်းစား၍ မရ။ သို့သော် သူက ဘာမှ ပြောမနေတော့ပဲ ရှောရှော ရှူရှူပင် ကမ်းပေးလိုက်သည်။



ရှိလီက လက်ဆွဲအိတ်ကို ဖွင့်သည်။ သေနတ်ကို ယူသည်။ သူ့ ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

‘ရှင်က ဘာလုပ်မလို့လဲ’

ရှိလီက ကုလားထိုင်တွင် သက်သောင့် သက်သာ နောက်မှီ ထိုင်လိုက်သည်။

‘ဒီညနေ သိပ်ပြီး သာယာတယ်၊ ငါ လမ်းလျှောက်ယင်း လေ့ကျင့်ခန်း လုပ်ချင်တယ်၊ စက်ဘီးတစီးလဲ ငှားလာခဲ့တယ်၊ လမ်းမကြီးအတိုင်း စက်ဘီးစီးသွားမယ်၊ ပြီးတော့ ကုန်းမြင့်ပေါ်က ရွာကလေးရဲ့ ရှုခင်းကို ဇိမ်နဲ့ကြည့်မယ်’

‘ရှင့်အကြံ ကျွန်မသဘောပေါက်ပါပြီ၊ ရှင်တောထဲ ဝင်သွားတာကို တယောက်ယောက် မြင်သွားမှာ မကြောက်ဘူးလား’

‘ဒီအတိုင်း ဘယ်ဝင်ပါ့မလဲ၊ နီးနားတဝန်းကျင်မှာ လူသူ ရှိမရှိ သေချာအောင် ကြည့်ဦးမှာပေါ့’

ရှိလီက ထိုင်ရာမှ ထရပ်လိုက်သည်။

‘ရှင် အခုသွားမလို့လား’

‘အခုသွားမယ်၊ အမှန်က အဲဒီနေရာမှာ သိပ်ပြီး တောမနက်လှဘူး၊ အဲဒါကို မနေ့ညက မင်းကို ငါ မပြောမိခဲ့ဘူး၊ မင်း ပိုပြီး ကြောက်သွားမှာ စိုးလို့ ပြီးတော့ သေသေချာချာကြည့်နေဖို့ အချိန်လဲ မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား၊ တောနက်ကြီး မဟုတ်တဲ့ အတွက် အလောင်းကို တယောက်ယောက်က သိပ်မကြာခင်မှာ တွေ့သွားနိုင်တယ်'

'ကျွန်မတော့ ရှင်ပြန်ရောက်လာမှပဲ ရင်အေး ရတော့မှာပဲ'

'ဟုတ်လား' ရှိလီက ပြုံးလိုက်သည်။ 'ငါအပြန် ဝင်လာဦးမယ်၊ နောက်ထပ် တခွက်လောက် ထပ် သောက်ရဦးမှာပေါ့'

'အို.... ရှိလီရယ်'

'မကြောက်ပါနဲ့၊ မကောင်းတာ လုပ်တဲ့ လူဟာ သတိရှိပါတယ်၊ သူ့သတိက သူ့ကို စောင့်ရှောက်ပါ လိမ့်မယ်'

ရှိလီ ပြန်အလာကို စောင့်နေရသည်မှာ ရင် တထိတ် ထိတ်နှင့် စိတ်ပင်ပန်းစရာ ကောင်းလှသည်။

ယနေ့လုပ်ရပ်က မနေ့ညက လုပ်ရပ်နှင့် နှိုင်းယှဉ် လျှင်တော့ အသေး အဖွဲ့ ကလေး မျှသာ ဖြစ်သည်။ သို့သော် ယခုလို လုပ်စရာမလိုဟု ထင်သည်။ တကယ်



တော့ ရှိလီလုပ်ပုံက ကျားပါးစပ်ထဲ ခေါင်းသွားသွင်း သလို ဖြစ်နေ၏။ သူက အန္တရာယ်ကြားထဲမှ စွန့်စွန့် စားစားလုပ်ရတာကို သဘောကျသည်။

မေရီက သူလုပ်ပုံကို တွေးပြီး အလွန် စိတ်ဆိုးမိ သည်။ သူ့အနေဖြင့် ယခုလို မလုပ်သင့်။ လုပ်ပိုင်ခွင့် လည်းမရှိ။ အမှန်က သူ့ကို မသွားခင်ကတည်းက တားထားလိုက်ဖို့ ကောင်းသည်။ သို့သော် သူက ဘာမှ အရေးမကြီးသလို သွေးအေးအေးဖြင့် ပြောနေပြန် တော့လည်း တားရမှာ ခက်နေသည်။ ရှိလီက သာမန် လူတယောက်တော့ မဟုတ်။ အကဲခတ်ရ ခက်သော လူထူးလူဆန်းတယောက်။

သို့သော် မေရီက သူ့ကို သိပ်ပြီးစိတ်မချ။ ကိစ္စတခု ကို ပေါ့ပေါ့တန်တန်မလုပ်သင့်ဟု ထင်သည်။ သေသေ ချာချာ စဉ်းစားဆင်ခြင် ပြီးမှသာ လုပ်သင့်သည်ဟု ထင်သည်။ အရာရာကို ပြောင်ချော်ချော် ပေါ့ပေါ့ပျက် ပျက် လုပ်တတ်သော လူတယောက်ကို မည်သူက အလေးအနက် ယုံကြည်ရဲပါမည်နည်း။

**တကယ်တော့ သူသိပ်မှားတာပဲ။ ကိုယ့်လည်ပင်း ကိုယ် ကြိုးကွင်းစွပ်တာနဲ့ အတူတူပဲ။**

မေရီအတွေးမဆုံးခင်မှာပင် သူ့ကို လှမ်းမြင်လိုက် ရသည်။ ရင်ထဲက အလုံးကြီးကျသွားသလို စိတ်ချမ်း သာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ထုံးစံအတိုင်း အေးအေးဆေးဆေးဟန်ဖြင့် လျှောက်လာနေသည်။နှုတ်ခမ်းပေါ်တွင်လည်း သရော်ပြုံးကလေး သန်းလို့။

ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ဝီစကီနှင့်ဆိုဒါ စပ်၍ ခပ်ပြင်းပြင်းတခွက်ကို သောက်လိုက်သည်။

'အခြေအနေကတော့ အိုကေပဲ၊ အနီးအနားမှာ တယောက်မှမရှိဘူး၊ တခါတလေ ရာဇဝတ်ကောင်ကို မထင်မှတ်ပဲနဲ့ အခြေအနေပေးတတ်တာမျိုး ရှိတယ်'

မေရီက အလောင်းအခြေအနေကို အလွန်သိချင် နေသည်။ သို့သော် မမေးရဲအောင် ဖြစ်နေသည်။

သို့ဖြင့် နှစ်ယောက်သား တော်တော်ကြာကြာ ငြိမ်၍ထိုင်နေကြသည်။ ရှိလီက အရက်တကျိုက် စုပ် လိုက် ဆေးလိပ်တဖွာရှိုက်လိုက်ဖြင့် ဇိမ်ယူနေသည်။

'မနေ့ညက ဖြစ်ခဲ့တာတွေကို အပြည့်အစုံ ရှင့်ကို ပြောပြချင်တယ်' မေရီက စပြောသည်။

'မလိုပါဘူး၊ ငါမှန်းကြည့်လို့ သိပါတယ်၊အဓိက ကို သိရယင်ပြီးတာပဲ၊ ကျန်တာတွေက အရေးမကြီး ပါဘူး'

'ဒါပေမယ့် ကျွန်မက ပြောကို ပြောချင်လို့ပါ၊ ကျွန်မကို အဆိုးဆုံးအခြေအနေအထိ သိစေချင်တယ်၊



အဲဒီကောင်လေး ဘာဖြစ်လို့ သူ့ကိုယ်သူ သတ်သေ သွားရတာလဲ၊ ကျွန်မ တွေးမိတိုင်း စိတ်မချမ်းသာ ဘူး'

ထို့နောက် မေရီက ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြန် လည်ပြောပြသည်။

သူ ညစာစားပွဲမှ ပြန်လာတော့ ကားလ်ကို လှမ်း မြင်မိပုံ၊ ကားလ်က စိုက်ပရပ်ပင်ရိပ်ထဲမှ ထွက်လာပုံတို့ မှစ၍ နောက်ဆုံး သေနတ်သံကြားလိုက်ရ၍ သူ ခုတင် ပေါ်မှ လန့်ပြီး ခုန်ဆင်းလိုက်ပုံ အထိ စီကာပတ်ကုံး ပြောပြသည်။ သို့သော် တချို့နေရာများတွင် အဖြစ် အပျက်အတိုင်း ပြောပြရန် တော်တော်ခက်နေမိသည်။

ရှိလီက မေရီ့မျက်နှာကို စူးစိုက် ကြည့်နေယင်း ဟန်မပျက် နားထောင်နေသည်။ သူ၏ တည်ငြိမ်သော မျက်လုံးပြာများတွင် သံသယရိပ်များ ပေါ်နေသည်ကို မေရီ သတိပြုမိသည်။ မေရီက တချို့နေရာများတွင် အမှန်အတိုင်း မပြောပဲ ခြွင်းချန်ထားတာများ ရှိနေ သေးသလား ဟူ၍ စူးစမ်းနေသည့် မျက်လုံးမျိုး....။

ထို့ကြောင့် မေရီမှာ ရှိလီ၏ မျက်လုံးဒဏ်ကို မခံနိုင် တော့သဖြင့် ဖြစ်ပျက်ခဲ့သမျှကို ရှေ့မျက်နှာ ရှောင် ထားကာ တခုမကျန် ပြောပြလိုက်ရတော့သည်။

www.burmeseclassic.com

မေရီ ပြောပြီးသွားသောအခါ ရိုလီသည် ကိုယ်ကို ကုလားထိုင်တွင် နောက်ပစ်မှီကာ အပေါ်သို့ တက်သွားသော စီးကရက် မီးခိုးကွင်းများကို စိုက်ကြည့်နေသည်။

အတော်ကလေး ကြာတော့မှ သူက လေသံ အေးအေးဖြင့် စပြောသည်။

'သူကိုယ်သူ ဘာကြောင့် သတ်သလဲဆိုတာ ငါ ပြောနိုင်ပြီလို့ ထင်တယ်၊ သူက အိမ်ခြေ ရာခြေ မရှိတဲ့ လူ၊ ငတ်တရက် ပြတ်တရက် ဖြစ်နေတဲ့လူ၊ သူ့အတွက် အသက်ရှင်နေလို့ သိပ်မထူးတော့ဘူး၊ အဲဒီအချိန်မှာ မင်းနဲ့ လာတွေ့တယ်၊ သူ့အနေနဲ့ လောကမှာ လှတဲ့ မိန်းမတယောက်ယောက်နဲ့ ဘယ်တုန်းကမှ တွေ့ခဲ့ဖူးပုံလဲ မရှိဘူး၊ အဲဒီလို အခြေအနေမှာ မင်းက သူ့ကို စိတ်ကူး လို့မရနိုင်တဲ့ ပျော်ရွှင်မှုကို ရက်ရက်ရောရော ပေးလိုက် တယ်၊ အဲဒီအချိန်မှာ သူ့ဘဝ တခုလုံး ပြောင်းလဲသွား တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက သူ့ကို အချစ် ပေးလိုက်တာကိုး၊ သူ့ကို ပေးလိုက်တာဟာ အချစ် မဟုတ်ဘူးလို့ မင်း ဘယ်လို ပြောနိုင်မှာလဲ၊ သူ့ကိုပေး တာ သနားကြင်နာမှုပါလို့ မင်းက သူ့ကို ပြောလိုက် တယ်၊ ဒီမှာ မေရီ....၊ ယောကျ်ားတွေဟာ အလကား လူတွေပါ၊ အထူးသဖြင့် လူငယ်တွေက ပိုဆိုးတယ်၊



မင်း အဲဒါကို သတိပြုမိရဲ့လား၊ မင်းက သူ့ကို သနား တယ်လို့ ပြောလိုက်တာဟာ သူ့ကို စော်ကားလိုက်တာ၊ သူ့ကို နှိမ်လိုက်တာ၊ သူ့ကို အရှက်ခွဲလိုက်တာ၊ အဲဒီမှာ သူ သိပ်ရှက်သွားပြီး သူ့ကိုယ်သူ သတ်သေသွားတာပဲ၊ မင်းက သူ့ကို နတ်ပြည် ခေါ်ပြပြီးတော့ နောက်ဆုံး မှာ ဗွက်ထဲ ပစ်ချလိုက်တယ်၊ သူ့ဘဝက ဘာနဲ့တူ သလဲဆိုယင် အကျဉ်းသားကို ထောင်ဗူးဝနား ဆွဲခေါ် လာတယ်၊ အကျဉ်းသားက ငါတော့ လွတ်ပြီ ကျွတ်ပြီ ဆိုပြီး အပြင်ထွက်မလို့ ခြေလှမ်းလိုက်တယ်၊ အဲဒီမှာ တံခါးစောင့်က တံခါးကို ဘန်းကနဲ ပြန်ပိတ်လိုက်တော့ တယ်၊ အဲ သူ့ဘဝလဲ အဲဒီ အကျဉ်းသား ဘဝအတိုင်း ဖြစ်သွားတယ်၊ အဲဒီမှာ သူ့အနေနဲ့ အသက်ရှင်နေလို့ ဘာထူးတော့မလဲ ဆိုတဲ့ စိတ် ပေါက်သွားတော့တာ ပါပဲ'

'အဲဒီအတိုင်းသာ မှန်ယင်တော့ ကျွန်မကိုယ်ကျွန်မ တသက်လုံး ခွင့်လွှတ်နိုင်စရာ မရှိတော့ပါဘူး'

'ငါတော့ အဲဒီအတိုင်း မှန်တယ်လို့ ယူဆတယ်၊ ဒါပေမယ့် အပြည့်အစုံ မှန်မယ်လို့တော့ မထင်ဘူး၊ မင်း စဉ်းစားကြည့်ပါ၊ သူက ဘဝပျက်နေတဲ့လူ၊ စိတ်ဓာတ်ကျနေတဲ့လူ၊ သူ့စိတ်ဟာ ပုံမှန် အနေအထား မှာတောင် ရှိမယ် မထင်ဘူး၊ တဝက် ရူးနေတဲ့လူ ဖြစ်

www.burmeseclassic.com



ချင်ဖြစ်နေမယ်၊ အခြား အကြောင်းတွေလဲ ရှိချင်ရှိနေဦးမယ်၊ မင်းက သူ့တသက် မရဖူးတဲ့ အရာကို ပေးလိုက်တော့ သူကစဉ်းစားမိလိမ့်မယ်၊ ငါ့ဘဝမှာ ဒါမျိုး တသက် မရနိုင်တော့ပါဘူး၊ အဲဒီတော့ သေသွားတာကမှ ပိုကောင်းလိမ့်ဦးမယ် ဆိုတဲ့ အတွေး ဝင်လာတာ ဖြစ်လိမ့်မယ်၊ တခါတလေ လူတွေဟာ အပျော်ဆုံး အခြေအနေကို ရပြီးတော့ နောက်တခါ ပြန်မရနိုင်ကြောင်း ခံစားမိတဲ့ အခါမှာ ငါ သေသွားတာကမှ ပိုကောင်းလိမ့်ဦးမယ် လို့ တွေးမိတတ်ကြတာ ရှိတယ်၊ အခုလဲ ဒီလူဟာ အဲဒီ အခြေအနေ ရောက်သွားတယ်၊ အဲဒီလို ခံစားတယ်၊ ပြီးတော့ သတ်သေသွားတယ်'

မေရီက ရှိုလီအား အံ့အားသင့်စွာ ကြည့်နေသည်။ ပြောင်ချော်ချော် ပြောတတ်သော၊ အရာရာကို ပေါ့ပေါ့တန်တန် သဘောထားတတ်သော လူတယောက်က သည်စကားမျိုး ပြောနေတာ ဟုတ်မှ ဟုတ်ပါရဲ့လား။ သူက ရှိုလီကို သည်အထိ မမျှော်လင့်ခဲ့တာ အမှန်။

'ရှင်က ဒီစကား ကျွန်မကို ဘာလို့ ပြောရတာလဲ'

'ဘာလို့ ပြောရသလဲဆိုယင် တချက်က မင်းကို ဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်ထဲ စွဲမထားစေချင်လို့၊ အခုအချိန် ရောက်မှတော့ မင်း ဘာမှ မတတ်နိုင်တော့ဘူး၊ အကောင်းဆုံး အလုပ်က မေ့ပစ်လိုက်ဖို့ပဲ၊ အဲဒါကြောင့်



မင်းအနေနဲ့ သံသယ ကင်းကင်းနဲ့ မေ့ပစ်နိုင်အောင်လို့ ငါက ပြောနေတာ၊ ပြီးတော့ နောက်တချက်က ငါ အရက် တော်တော် များနေပြီ၊ ငါ မူးနေပြီ'

မေရီ ဘာမှ ပြန်မပြော။ ဆာအင်္ဂါထံမှ သံကြိုးစာကိုသာ ကမ်းပေးလိုက်သည်။

ရှိုလီက သံကြိုးစာကို ဖတ်ကြည့်သည်။

'မင်း သူနဲ့ တကယ်ယူတော့မှာလား'

'ကျွန်မ ဒီနေရာမှာ မနေချင်တော့ဘူး၊ အမြန်ဆုံး ထွက်သွားချင်ပြီ၊ ဒီအိမ်ကြီးကို ကျွန်မ မုန်းနေပြီ၊ ကြောက်လဲကြောက်နေပြီ၊ အခန်းထဲဝင်ယင် လန့်ပြီး မအော်မိအောင် မနည်း ထိန်းနေရတယ်'

'အိန္ဒိယ ဆိုတာက အဝေးကြီးပဲ'

'အင်္ဂါမှာ အားမာန် ရှိတယ်၊ အကျင့်စာရိတ္တ ကောင်းတယ်၊ ကျွန်မကိုလဲ ချစ်တယ်၊ ကျွန်မလဲ နှစ်ပက်သောက်ထားတာ မူးချင်လာပြီ ရှိုလီ၊ ကျွန်မ အနေနဲ့ ကျွန်မကို စောင့်ရှောက်ဖို့လူ လိုနေပြီ၊ ကျွန်မက ပြုစုရမယ့်လူ လိုနေပြီ'

'ဒါဆိုလဲ အားလုံးပြီးနေပြီပဲ မဟုတ်လား'

ရှိုလီ့ စကားကို မေရီသိပ်ပြီး အဓိပ္ပာယ်မပေါက်။ သူက ရှိုလီကို စောင့်ကြည့်လိုက်သည်။ ရှိုလီက သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြည့်နေသည်။ တစက်ကလေးမျှဟန်မပျက်။ သူ့ကို မကျေမနပ် ဖြစ်သွားသည့် အရိပ်အရောင်မျိုး လုံးဝ မမြင်ရ။"

မေရီက သက်မကို မျှင်မျှင်ကလေး ချကာ....

'ဒါပေမယ့် သူက ကျွန်မကို လက်ထပ်ချင်မှ ထပ်ချင်မှာပါ'

'မင်းက အခုမှ အဓိပ္ပာယ်မရှိတာတွေ ဘာလို့ ပြောနေရတာလဲ၊ သူက မင်းကို အရူးအမူးချစ်နေတဲ့ ဥစ္စာပဲဟာ'

'ကျွန်မ သူ့ကို ဖွင့်ပြောရလိမ့်မယ် ရိုလီ'

'ဘာဖြစ်လို့လဲ'

'ဒီကိစ္စကြီးကို ကျွန်မရင်ထဲမှာ မျိုသိပ်ထားယင်းနဲ့ ကျွန်မသူ့ကို လက်ထပ်လို့ မဖြစ်နိုင်ဘူး၊ ကျွန်မ လိပ်ပြာသန့်နိုင်မှာ မဟုတ်ဘူး၊ ကျွန်မစိတ်လဲ တသက်လုံး ချမ်းသာတော့မှာ မဟုတ်ဘူး'

'အို.... မင်းက မင်းစိတ်ချမ်းသာဖို့ကိုသာ တွက်နေတာကိုး၊ သူ့စိတ်ချမ်းသာဖို့ကိုရော မတွက်တော့ဘူးလား၊ မင်းက ဒီကိစ္စ သူ့ကိုဖွင့်ပြောလိုက်ယင် သူက မင်းကို ကျေးဇူးတင်မယ်ထင်လို့လား၊ ဒီမှာ ငါပြောမယ် မေရီ....၊စိတ်ကူးမလွဲပါနဲ့၊အခုအချိန်မှာ အားလုံး



ပြေလည်သွားပြီ၊ ခြေသလုံးအိမ်တိုင် လူတယောက် သေတာနဲ့ မင်းနဲ့ဘာမှ မပတ်သက်တော့ပါဘူး'

'ဒါပေမယ့် ကျွန်မအနေနဲ့ အဂ္ဂါအပေါ်မှာ ရိုးသားမှုရှိဖို့လိုတယ်'

ရိုလီက မျက်ခုံးချီ ကြည့်လိုက်သည်။

'မင်း တော်တော်မှားနေပြီ မေရီ၊ မင်း ကြောက်စရာကောင်းတဲ့ အမှားကြီးကို ကျူးလွန်နေပြီ၊ ဒီ အင်ပိုင်ယာ အမှုတော်ထမ်းအရာရှိကြီးတွေ အကြောင်းကို ငါချေးခါးအူမ သိပါတယ်၊ သူတို့က သိပ်ပြီး သိက္ခာ ထိန်းတဲ့ လူတွေ၊ သူတို့မှာ ခွင့်လွှတ်ခြင်းဆိုတာ မရှိဘူး၊ ဘယ်တော့မှ ခွင့်မလွှတ်ကြဘူး၊ ဒီတော့ အခုအချိန်ထိ သူက မင်းအပေါ်မှာ အကြွင်းမဲ့ ယုံကြည်နေတာကို မင်းက ဖျက်ဆီးပစ်တော့မှာလား၊ သူက မင်းကို ငုံထားမတတ် ချစ်နေတာ၊ မင်းကို ခြောက်ပြစ်ကင်း သဲလဲစင် ထင်နေတာ'

'အဲဒီတော့ ကျွန်မက သူထင်သလို မဟုတ်ယင် ဘယ်လိုဖြစ်လာမလဲ'

'လူကြီးလူကောင်းတွေက မင်းကို ခြောက်ပြစ်ကင်းသဲလဲစင်လို့ ထင်နေကြတယ်၊ ဖြစ်နိုင်ယင် ခြောက်ပြစ်မကာ ပိုပြီးတောင် ကင်းစေချင်ကြတယ်၊ မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါက တကယ့်အထက်တန်းလွှာ လူကြီးလူကောင်း တယောက်၊ ဒါပေမယ့် ငါပြောတာကို မင်းစိတ်မဆိုး ယင် ငါက သူ့ကို မိုက်မိုက်မဲမဲ ခေါင်းမာသူလို့ ခေါ် ချင်တယ်၊ ဒီအရည်အချင်းကြောင့်လဲ သူ ဒီအဆင့် အတန်း ရောက်လာတာပဲ၊ ဒီအရည်အချင်း မရှိယင် သူဒီလိုကြီးကျယ်တဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်မလာဘူး၊ အဲဒီတော့ မင်းလုပ်ပုံက သူ့ဘဝ သူ့အခြေအနေနဲ့ ဘယ်လိုမှမဆိုင်တဲ့ ကိစ္စတခုကို သူ့ကို နားလည်အောင် လုပ်နေသလို ဖြစ်နေတယ်၊ မိန်းမသား တယောက်ရဲ့ စိတ်ကစားမှု ဆန်းကြယ်ပုံကို ခွင့်မလွှတ်နိုင်တဲ့ လူဆီမှာ တောင်းပန်သမှုပြုနေသလို ဖြစ်နေတယ်'

'သူက ကျွန်မကို တကယ်ချစ်ယင် ခွင့်လွှတ်မှာပေါ့'

'ကဲ ဒါဆိုယင်လဲ အမိသဘောအတိုင်းပဲ၊ ကြိုက် သလိုသာ လုပ်ပါတော့၊ ငါသာ မိန်းမဆိုယင်တော့ သူဟာ ငါလက်ထပ်ချင်တဲ့ လူစားမျိုး မဟုတ်ဘူး၊ ဒါပေမယ့် မင်းက သူ့ကို တကယ်ချစ်ယင်တော့ ငါ ဘာမှမပြောလိုတော့ပါဘူး၊ ဒါပေမယ့် မင်းစိတ်ချမ်း သာချင်ယင်တော့ ငါ အကြံပေးတဲ့အတိုင်း လုပ်စေချင် တယ်'

ရှိုလီက ခပ်သဲ့သဲ့ကလေး ရယ်ပစ်လိုက်သည်။ မေရီ၏ လက်ကို သူ့လက်ဖြင့် ရွရွကလေး ထိတို့သည်။



ထို့နောက် သူ့ထုံးစံအတိုင်း ခပ်ပျော့ပျော့ ခပ် အေးအေးဟန်ဖြင့် နေရာမှ ပြန်ထွက်သွားသည်။

ရှိုလီအား နောက်ထပ် ဘယ်တော့မှ ပြန်တွေ့ရ တော့မည်မဟုတ်ဟူသော အတွေးက မေရီ၏ ခေါင်းထဲ သို့ ရုတ်တရက် ဝင်ရောက်လာသည်။

သူ မသိမသာ စိတ်မကောင်း ဖြစ်သွားမိသည်။ ရှိုလီက သူ့ကို လက်ထပ်ခွင့် တောင်းခဲ့သည်မှာ ရယ် စရာ ကောင်းလှသည်။ သူက ရှိုလီအား အလေးအနက် ထား၍ သဘောတူခဲ့လျှင် ရှိုလီ၏ ညှိုးနွမ်းနေသော မျက်နှာကို ကြည့်ကာ ပြုံးမိကောင်း ပြုံးမိပေလိမ့်မည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ၉

နောက်တနေ့ ညနေ လေးနာရီခန့်....။

မေရီသည် စိတ်ပြေ လက်ပျောက် သဘောဖြင့် ဥယျာဉ်ထဲတွင် ထိုင်ယင်း ပန်းထိုးနေစဉ် နီနာ ရောက်လာသည်။

'ဆာအင်္ဂါ ဖုန်းဆက်နေတယ် မမ၊ သူ ခုတင်ကလေးပဲ ဟိုတယ်ကို ရောက်တယ်တဲ့၊ မမနဲ့ ဘယ်အချိန် လာတွေ့နိုင်မယ်ဆိုတာ သိပါရစေတဲ့'

လေယာဉ် ဘယ်အချိန် ဆိုက်မည်ဆိုသည်ကို မသိသောကြောင့် မေရီသည် နေ့လယ်စာ စားပြီးကတည်းကပင် ဆာအင်္ဂါအား စောင့်မျှော်နေခဲ့သည်။

'လာချင်တဲ့အချိန် လာနိုင်ပါတယ်လို့ ပြန်ပြောလိုက်ပါ နီနာ'

'ကောင်းပါပြီ မမ'

မေရီ၏ ရင်သည် မသိမသာ သိမ့်သိမ့်ကလေး ခုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ပွေ့အိတ်ထဲမှ မှန်ကိုထုတ်ကာ သူ့မျက်နှာကို သူကြည့်သည်။ မျက်နှာက သွေးရောင်မဲ့ပြီး ဖြူရော်နေသည်။ သို့သော် သူက မိတ်ကပ်မခြယ်။ မိတ်ကပ်ခြယ်ခြင်းကို ဆာအဂ္ဂါ မနှစ်သက်မှန်း သိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် မျက်နှာကို တို့ပတ်တို့သည်။ နှုတ်ခမ်းကို ဆေးဆိုးသည်။ ဝတ်စုံက အဝါရောင် ဖျင်သားနွေရာသီဝတ်စုံ။ အဝတ်အစားကို ကြည့်၍ပြောလျှင် အိမ်ဖော် မိန်းကလေးတယောက်ဟု ထင်စရာရှိသည်။ သို့သော် သာမန်ဆိုင်တွင် ချုပ်ခြင်းမဟုတ်။ ပါရီမှ အကောင်းဆုံး ဖက်ရှင်တိုက်ချုပ် လက်ရာဖြစ်သည်။

ကားမောင်းတက်လာသံ ကြားရသည်။ နှစ်မိနစ်ခန့်ကြာတော့ ဆာအဂ္ဂါ ပေါ်လာသည်။

မေရီက ကုလားထိုင်မှ ထကာ ကြိုဆိုရန် လျှောက်သွားသည်။

ဆာအဂ္ဂါသည် ရာထူးဂုဏ်သိန်နှင့် လိုက်ဖက်စွာ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ မြက်ခင်းပေါ် လျှောက်လာသော သူ့ကို မြင်ရသည်မှာ စိတ်ကြည်နူးစရာ ကောင်းလှသည်။ သူ့ရုပ်သွင်က အရပ်မြင့်မြင့် သွယ်သွယ်နွှဲ့နွှဲ့။ သို့သော် သူသည် ကိုယ်ကို မတ်မတ်ထား၍ လျှောက်လာသည်။



သူ ဦးထုပ်ကို ချွတ်လိုက်သည်။

ဆံပင်က ထူပြီး နက်သည်။ လှိုင်းတွန့်ကလေးများတွင် ဆီရောင် လက်နေသည်။ ထူထဲသော မျက်ခုံးအောက်မှ အပြာရောင် မျက်လုံးများက ဖော်ရွေစွာ တောက်ပနေကြသည်။ သူ၏ သွယ်သွယ်နွှဲ့နွှဲ့ ရုပ်သွင်တွင် ခါတိုင်း မြင်နေကျ တည်ငြိမ် တင်းမာသော အမူအရာ အလျဉ်းမရှိ။ ရှင်ပျသော အပြုံးဖြင့် သိမ်မွေ့နူးညံ့မှု ပေါ်လွင်နေသည်။ သူက မေရီ၏ လက်ကိုဆုပ်ကိုင်ကာ ဝမ်းသာလိုက်လှဲ နှုတ်ဆက်သည်။

'မင့်မျက်နှာက တည်ငြိမ်လန်းဆန်းပြီး ပန်းချီကားတချပ်လို လှနေတာပဲ'

သည်စကားကို မစ္စတာ အတ်ကင်ဆန်ကလည်း တွေ့တိုင်းပြောတတ်သည်။ ယခု ဆာအဂ္ဂါထံမှ ကြားရပြန်တော့ လူကြီးလူကောင်း အဘိုးကြီးတွေက သူတို့ထက် အသက်အများကြီး ငယ်သော မိန်းမတွေကို ပြောနေကျစကား ထင်ပါရဲ့ဟု တွေးမိပြီး မေရီရင်ထဲ ယားကျိကျိ ဖြစ်မိသည်။

'ထိုင်ပါ၊ နီနာ လက်ဖက်ရည် ယူလာပါလိမ့်မယ်၊ ဘယ့်နှယ်လဲ....၊ ခရီးသွားတာ ပျော်ခဲ့ရဲ့လား'

'ငါက မင်းနဲ့ ပြန်တွေ့ရတာကိုပဲ သိပ်ပြီး ပျော်နေတယ်၊ ငါထွက်သွားတာ နှစ်ဘရာလောက်တောင် ကြာလိမ့်မယ် ထင်မိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်လဲ မဟုတ်ပါဘူး'

'ဒါပေမယ့် မင်း ဒီမှာ တချိန်လုံး ဘာလုပ်နေမယ် ဆိုတာ ငါက သိနေတော့ မင်းနဲ့ ဝေးနေပေမယ့် မပျင်းပါဘူး၊ ဘယ်အချိန်မှာ မင်းဘယ်မှာရှိလိမ့်မယ်၊ ဘယ်အချိန်ကျတော့ ဘာလုပ်နေလိမ့်မယ်ဆိုတာ ငါ သိနေတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းသွားရာတိုင်းကို ငါက စိတ်ကူးနဲ့ လိုက်နေတာကိုး'

မေရီက ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

'ကျွန်မကတော့ ဦး အလုပ်တွေလက်မလည်အောင် များနေလိမ့်မယ်လို့ တွေးနေမိတယ်'

'မှန်ပါတယ်၊ တကယ်တော့ တော်တော်လဲ အလုပ်များခဲ့တယ်၊ ဝန်ကြီးနဲ့ နာရီပေါင်းများစွာ ထိုင်ပြီး နှစ်ကြိမ်တိတိ ဆွေးနွေးခဲ့ရတယ်၊ အားလုံး ပြေပြေလည်လည်ပါပဲ၊ လာမယ့် စက်တင်ဘာလဆန်းမှာ ငါ အိန္ဒိယကို သင်္ဘောနဲ့ သွားရမယ်၊ ဝန်ကြီးက ငါ့အပေါ်မှာ တော်တော် ကောင်းရှာပါတယ်၊ ဒါပေမယ့် ဒီအလုပ်ဟာ ခက်ခဲတဲ့အလုပ်ဆိုတာကိုလဲ ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်၊ ဒါကြောင့်လဲ ငါ့ကို သူတို့က တမင် ရွေးချယ်လိုက်တာပဲလို့လဲ ပြောတယ်၊ ငါ့ကို သူ ချီးကျူးတဲ့စကားတွေကို ဆက်ပြောနေယင် မင်း နားညည်းနေမှာပဲ'



'မညည်းပါဘူး၊ ကျွန်မ ကြားချင်ပါတယ်၊ ပြောသာ ပြောပါ'

'နားထောင်ချင်ယင်တော့ ပြောပါ့မယ်၊ အဲဒီမှာ ထူးခြားတဲ့ အခြေအနေကြောင့် စေ့စပ်ဖျန်ဖြေပေးနိုင်တဲ့ စွမ်းရည်နဲ့ စိတ်ခဘတ်ခိုင်မာမှုရှိတဲ့ပုဂ္ဂိုလ်ကိုခန့်ထားဖို့ အလွန် အရေးကြီးဘယ်လို့ ဝန်ကြီးက ပြောတယ်၊ အဲဒီလို စွမ်းရည်နှစ်မျိုးစလုံးနဲ့ ပြည့်စုံတဲ့ လူတွေထဲမှာ ငါဟာ အတော်ဆုံးပဲလို့လဲ သူက ပြောသေးတယ်'

'ဟုတ်ပါတယ်၊ သူပြောတာမှန်တယ်ဆိုတာ ကျွန်မ ထောက်ခံပါတယ်'

'ဘာပဲပြောပြော သူ့စကားက သိပ်ပြီး မြှောက်လွန်းရာတော့ ရောက်တယ်၊ မင်းသိတဲ့အတိုင်း ငါဟာ တိုက်ပွဲရှည်ကြီးကို တိုက်လာခဲ့ရတဲ့ လူပါ၊ နောက်ဆုံး အောင်ပွဲခံရတဲ့အခါကျတော့လဲ ဝမ်းတော့ သာတာပေါ့၊ ဒီအလုပ်က သိပ်ကြီးတဲ့အလုပ်၊ သိပ် အရေးကြီးတဲ့ အလုပ်၊ ငါ ဘယ်လောက် စွမ်းဆောင်နိုင်တယ် ဆိုတာ ပြနိုင်မယ့် အခွင့်အရေးမျိုးပေးတဲ့ အလုပ်၊ ဒီ အလုပ်ဟာ မင်းနဲ့ ငါနဲ့ နှစ်ယောက် အတွက် ဘဝ မှတ်တိုင်ကြီးပဲ၊ မင်း အကူအညီကိုသာရယင် ဒီအလုပ်မှာ ငါ အချားကြီး အောင်မြင်နိုင်မယ်လို့ပဲ ယုံကြည်ဘယ်' သူက စကားကို ခဏဖြတ်ထားပြီးတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောသည်။ 'ငါ ယုံကြည်သလို၊ သူတို့ ယုံကြည်သလိုသာ ငါ ထူးထူးချွန်ချွန် လုပ်နိုင်ခဲ့ယင် ရှေ့မှာ တက်လမ်းတွေလဲ အများကြီး ရှိသေးတယ်'

'ဦးက သိပ်ပြီး မျှော်လင့်ချက် ကြီးတာပဲနော်'

'ဟုတ်တယ်၊ ငါက အာဏာလိုချင်တယ်၊ တာဝန်ကို မကြောက်ဘူး၊ ငါ့မှာ ပင်ကိုစွမ်းရည်တွေ ရှိတယ်။ အခုလို မိမိပင်ကိုအရည်အချင်းကို အရေးပါပါ ပြခွင့်ရတာကို ငါ ဝမ်းသာတယ်'

'ဟိုညတုန်းက ပါတီပွဲကို ဗိုလ်မှူးကြီး ထရိုင်ယယ် ဆိုတဲ့ ပုဂ္ဂိုလ်တယောက်လဲ တက်ပါတယ်၊ သူက ပြောတယ်၊ ဦးသာ ဘင်္ဂလားပြည်နယ်မှာ အောင်မြင်ခဲ့ယင် ဘုရင်ခံချုပ်အထိတောင် ဖြစ်လာနိုင်တယ်တဲ့'

ဆာအင်္ဂါ၏ ရဲရင့်သော မျက်လုံးများ ရွှန်းလက်တောက်ပလာကြသည်။

'သူတို့က အဲဒီရာထူးကို မဟာမင်းကြီးလို့လဲ ခေါ်ကြတယ်၊ ဟုတ်ပါတယ်၊ သူပြောသလို ဖြစ်နိုင်တဲ့ အလားအလာတွေ ရှိပါတယ်၊ ဝီလင်ဒန်ကိုလဲ ဒီလိုပဲ ဘုရင်ခံချုပ်ရာထူး တိုးမြှင့်ပေးခဲ့ဖူးတာပဲ'

သူတို့ လက်ဖက်ရည် သောက်ပြီးသွားကြသည်။ ဆာအင်္ဂါက လက်ဖက်ရည်ပန်းကန် ကို ပြန်ချထားလိုက်သည်။



'ဒါပေမယ့် ဒီလိုရှိတယ် မေရီ၊ မင်းကသာ ငါနဲ့ အတူ မျှဝေမခံစားခဲ့ယင် အဲဒီရာထူးကရမယ့် ပျော်ရွှင်မှုတွေ ဂုဏ်သိက္ခာတွေကို ငါ့အနေနဲ့ တဝက်တောင် ခံစားနိုင်မှာ မဟုတ်ပါဘူး'

မေရီ နှလုံးခုန် ရပ်သွားသည်။ သူ့ဘဝအတွက် အရေးကြီးသော အချိန်ပိုင်းသို့ ရောက်လာခဲ့ပြီ။

စိတ်ငြိမ်ရန် စီးကရက်တလိပ် ယူပြီး မီးညှိလိုက်သည်။ သူက ဆာအင်္ဂါ၏ မျက်နှာကိုမကြည့်။ သို့ပေမယ့် ဆာအင်္ဂါ၏ မျက်လုံးအစုံနှင့် ကြင်နာသော အပြုံးတို့က သူ့အပေါ် စူးစိုက်နေကြသည်ဆိုတာကိုတော့ မေရီက စိတ်မှန်းဖြင့် သိနေသည်။

'ဒါနဲ့ ငါပြန်ရောက်ယင် အဖြေပေးမယ်လို့ မင်းကတိပေးထားတယ်နော်' သူက ခဏနဲတချက် ရယ်လိုက်ပြီးတော့မှ.... 'ဒီနေ့မနက် ဒီကို ပြန်ရောက်နိုင်ဖို့အတွက် လေယာဉ်စင်းလုံးငှားခဲ့ရတယ်၊ ဒါဟာ မင်းရဲ့ အဖြေကို စောင့်ရတာ ငါ့အနေနဲ့ ဘယ်လောက်အထိ စိတ်မရှည် ဖြစ်နေရတယ်ဆိုတာ ထင်ရှားနေတယ်'

မေရီသည် ညှိခါစ စီးကရက်ကို လွှင့်ပစ်လိုက်သည်။ သူက မသိမသာကလေး သက်မချလိုက်သည်။

'ကျွန်မ.... ဦးရဲ့ မေးခွန်းကို မဖြေခင် အလျင်ပြောပြချင်တာတခုရှိပါတယ်၊ ဦး စိတ်ချမ်းသာဖြစ်မှာကို

www.burmeseclassic.com

www.burmeseclassic.com



လဲ ကျွန်မ အများကြီး စိုးရိမ်မိပါတယ်၊ ဒါပေမယ့် ဒီကိစ္စက မပြောမဖြစ်တဲ့ကိစ္စဖြစ်နေပါတယ်၊ ဦး ဘာမှ ဝင်မပြောပဲနဲ့ ကျွန်မ ပြောတာကို ဆုံးအောင် နား ထောင်စေချင်ပါတယ်၊ ပြောစရာရှိယင် မေးစရာရှိယင် ကျွန်မစကားဆုံးတော့ ပြောစေ မေးစေချင်ပါတယ်'

ဆာအင်္ဂါ၏မျက်နှာ ရုတ်ခြည်းတင်းမာသွားသည်။ သူက မေရီ့မျက်နှာကို ဖြတ်ကနဲကြည့်လိုက်သည်။

'ပြောပါ၊ ငါ ဘာမှ မပြောပါဘူး'

'တကယ်တော့ ဒီကိစ္စနဲ့ ပတ်သက်လို့ တသက်လုံး နှုတ်ပိတ်နေခွင့်ရယင် လောကမှာ ကျွန်မ ပေးနိုင်သမျှ အရာတွေကို အားလုံးပေးပစ်လိုက်ချင်ပါတယ်၊ ဒါပေမယ့် မပြောယင် မရိုးသားရာကျမှာ ကြောက်လို့ ပြော ရတာပါ၊ ဦးက အဖြစ်အပျက်ကို နားထောင်ပြီးတဲ့ နောက် ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်'

'ပြောသာ ပြောပါ'

သို့ဖြင့် မေရီသည် လောကမှာ သူ ဘယ်တော့မှ ပြန်မပြောပြချင်ဆုံး၊ ပြောရမှာကို စိတ်မကောင်း အဖြစ် ရဆုံးဇာတ်လမ်းကို ရိုလီအား ပြောပြခဲ့သလို ဆာအင်္ဂါ အားလည်း အစအဆုံး လုံးစေ့ပတ်စေ့ ပြောပြရပြန် သည်။ သူက တလုံးတပါဒ မျှလည်း ချန်မထား၊ အကျယ်ချဲ့၍လည်း မပြော။ အကျဉ်းချုပ်၍လည်း



မပြော။ အရှိကို အရှိတိုင်း တိတိကျကျပင် ပြောပြ သည်။ သို့သော် ဆာအင်္ဂါအား ပြောပြရသည်မှာ ရိုလီအား ပြောပြရသာထက် ပို၍ခက်သည်။

ဆာအင်္ဂါက ငြိမ်သက်စွာ နားထောင်နေသည်။ မျက်နှာက တည်ငြိမ်သည်။ သူ့မျက်လုံးများတွင် မည်သည့် ပြောင်းလဲမှု အရိပ်အရောင်မျှ မမြင်ရ။ သူ ဘယ်လို တွေးနေမှန်း လုံးဝခန့်မှန်း၍မရ။

မေရီက သူ ယခုပြောပြနေပုံမှာ ရိုလီအား ပြောပြ ခဲ့စဉ်ကထက်ပို၍ အသက်မဲ့သည်၊ ပေါ့ပျက်ပျက် နိုင် သည်ဟု ထင်မိသည်။ သိသာထင်ရှားနေသော ဖြစ်ရပ် တခုအတွက်ပင် သူ၏ထင်မြင်ချက်ကို အတိအကျမပြော နိုင်ပဲဖြစ်နေသည်။ အချို့အချက်များမှာ လုံးဝ ယုံနိုင် စရာမရှိ။ ဆာအင်္ဂါ ယုံမှယုံပါ့မလားဟု သံသယဖြစ်မိ သည်။ အလောင်းကို ကားထဲသို့ သယ်ယူချိန် တွင် လည်းကောင်း၊ ကုန်းမြင့်ပေါ်မှ တောချုံထဲသို့ သွားပစ်ချိန်တွင်လည်းကောင်း၊ ရိုလီနှင့် သူတို့ နှစ် ယောက် တော်တော် ကြောက်နေကြသည် ဟူသော အချက်ကို ယခုပြန်လည် သတိရမိသည်။ လူပုံအလယ် တွင် အရှက်တကွဲ အကျိုးနည်းဘဝမှ ကင်းလွတ် အောင် ယင်းအလောင်းကောင်ကြီးကို ဘယ်လိုလုပ်ရ မည်ဆိုသည်ကို သူ ယခုအထိ စဉ်းစား၍မရသေး။

www.burmeseclassic.com

www.burmeseclassic.com



ဌာနာကို အကြောင်းကြားလိုက်လျှင် ဘယ်လိုပြဿနာ ပေါ်လာမည်ဆိုသည်ကိုလည်း ဘုရားသခင်သာ သိပေလိမ့်မည်။ သို့သော် ခြောက်အိပ်မက်ထဲတွင်သာ ဖြစ်နိုင်သော ဤဖြစ်ရပ်မျိုးသည် ဘယ်လိုမှ မဆိုင်သည့် သူ့လို အမျိုးသမီးတယောက်နှင့် ပတ်သက် ဖြစ်ပေါ်လာခြင်း ကတော့ တော်တော်ပင် ဆန်းကြယ်လှသည်။

မေရီက အဖြစ်အပျက်ကို ပြောပြီးသွားပြီ။ ဆာအဂ္ဂါသည် ဘာစကားမှ မပြောပဲ ငြိမ်သက်စွာ ထိုင်နေသည်။

ထို့နောက် သူသည် ထိုင်ရာမှ ထကာ မြက်ခင်းလမ်း မြှောင်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ခေါင်းကို အောက်စိုက်ထားသည်။ လက်နှစ်ဘက်ကို နောက်ပစ်၍ ယှက်ထားသည်။ မျက်နှာက ငူတူတူ မှောင်ကုပ်ကုပ်။ ဆာအဂ္ဂါ၏ သည်လိုအမူအရာ မျိုးကို မေရီ သည်တခါသာ မြင်ဖူးသေးသည်။ သူသည် ခဏတာ အချိန်ပိုင်းကလေး အတွင်း အိုသြရာ ကောင်းလောက်အောင် အိုစာသွားသည်။

နောက်ဆုံးတွင် သူသည် မေရီ၏ ရှေ့တွင် ရပ်လိုက်သည်။ မေရီ့ကို ငုံ့ကြည့်နေသည်။ သူ့နှုတ်ခမ်း အစုံတွင်တော့ မချိုပြုံး ပြုံးလျက်။ သို့သော် သူ့အသံက ညင်သာသည်။ ကြင်နာသည်။ မေရီ၏ နှလုံးသားကို ရစ်ပတ်သည်။



'ငါ့စကား လွန်သွားယင် ခွင့်လွှတ်ပါ၊ မင်းအနေနဲ့ ဒီလိုအလုပ်မျိုးကို လုပ်လိမ့်မယ်လို့ ငါ ဘယ်တော့မှ မထင်ခဲ့ဘူး၊ မင်းကို ဘာမှ မသိတတ်သေးတဲ့ ကလေး ဘဝကတည်းက ငါသိခဲ့တယ်၊ မင်း ဒီပြစ်မှုမျိုးကို ကျူးလွန်မိတယ်ဆိုတာ ငါလုံးဝ မယုံနိုင်ဘူး'

သူက စကားကို ရပ်လိုက်သည်။ သူ့ စိတ်ထဲတွင် ဘယ် လို တွေး နေ သည် ဆို သည် ကို မေရီ က သိသည်။ မှန်သည်။ မေရီလို အမျိုးသမီး တယောက် အ နေ ဖြင့် ကားလ် ကဲ့ သို့ သော ကလေ ကချေ ခြေသလုံးအိမ်တိုင် လူစားမျိုး၏ အသုံးတော်ခံ ဖြစ် လိမ့်မည် ဆိုသည်ကို မည်သူကမျှ ယုံနိုင်စရာမရှိ။

'ကျွန်မအနေနဲ့ ကျွန်မ ကျူးလွန်မိတဲ့ အပြစ်ကို ထုချေစရာ ဘာမှ မရှိပါဘူး'

'မင်းလုပ်ရပ်ဟာ တော်တော်မိုက်မဲတဲ့ လုပ်ရပ်လို့ ငါထင်တယ်'

'ဟုတ်ပါတယ်၊ ကမ်းကုန်အောင် မိုက်မဲတဲ့ လုပ်ရပ် ပါပဲ'

'တို့ ဒါတွေ လျှောက်ပြောနေစရာ မလိုတော့ပါ ဘူး၊ မင်းကို ငါ နားလည် ခွင့်လွှတ်နိုင်လောက်အောင် ချစ်တယ်လို့ ငါထင်တယ်' စိတ်ခဏတ် ခိုင်မာသော ဤ

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်၏ အသံတွင် အက်သံ ပါလာသည်။ သို့သော် သူ့အပြုံးက ချိုသာသည်။ သိမ်မွေ့သည်။ ‘မင်းက တော်တော် စိတ်ကူးယဉ်တဲ့ အမိုက်မကလေးပဲ၊ အဲဒီ ကောင်လေး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားပြီးတဲ့ နောက် မင်းလုပ်တဲ့ လုပ်ရပ်ဟာ အခြေ အနေ အရ မှန်ကန်ပါတယ်၊ တကယ့် ခွန့်စားရတဲ့ ကြောက်စရာ လုပ်ရပ်ပဲ၊ ဒါပေမယ့် မင်းတို့လုပ်ရပ် အောင်မြင်တဲ့ သဘောတော့ ရှိပါတယ်၊ အဲဒီအချိန်မှာ မင်းအနေနဲ့ ကူညီမယ့်လူ တယောက်ယောက် လိုအပ်နေတာလဲ အမှန်ပဲ’

မေရီက သူ့ကို သံသယစိတ်ဖြင့် ကြည့်လိုက်သည်။

‘ကျွန်မအဖြစ်ကို ဦး အားလုံး သိရပြီ၊ အဲဒီတော့ ကျွန်မကို လက်ထပ်ချင်စိတ် ရှိသေးသလား’

သူ အင်တင်တင် ဖြစ်နေသည်။ ခဏကြာတော့မှ သူက ပြောသည်။

‘မင်း အကျပ်အတည်း တွေ့နေတဲ့ အချိန်မှာ မင်းကို ငါ ပစ်သွားလိမ့်မယ်လို့ မင်း မထင်ပါဘူး၊ ငါဟာ အဲဒီလိုလူစားမျိုး မဟုတ်ပါဘူး မေရီ’

‘ကျွန်မတော့ သိပ်ပြီး ရှက်တာပဲ ဦး’

‘ငါ မင်းကို လက်ထပ်ချင်တယ်၊ မင်း စိတ်ချမ်းသာ မယ် ဆိုယင် ငါ ဘာမဆို လုပ်မှာပဲ၊ အလုပ်ဆိုတာ အရူး



ခပ်သိမ်း မဟုတ်ပါဘူး၊ ပြီးတော့ ငါ့အသက်ကလဲ မငယ်တော့ဘူး၊ တိုင်း ပြည် အတွက် လဲ လုပ်နိုင် သလောက် လုပ်ခဲ့ပြီးပြီ၊ ငါ ပြန်ပြီး ထိုင်မနေနိုင်စရာ အကြောင်း မရှိပါဘူး၊ လူငယ်တွေ အခွင့်အရေး ရကြ ပါစေ’

မေရီက နားမလည်စွာဖြင့် သူ့မျက်နှာကို စိုက် ကြည့်လိုက်သည်။

‘ဦးက ဘာကို ဆိုလိုတာလဲ’

ဆာအင်္ဂါက ကုလားထိုင်တွင် ပြန်ထိုင်ပြီးတော့ မေရီ၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

‘ငါ့အနေနဲ့ ရာထူး လက်မခံပဲ ငြင်းပယ်လိုက်ဖို့ ပြောတာပါ၊ လက်ခံယင် မမှန်ဘူး၊ မတော်လို့ မင်း ကိစ္စ ပေါ်လာယင် အများကြီး ဆိုးရွားလာနိုင်တယ်’

မေရီ အံ့အားကြီး သင့်သွားသည်။

‘ကျွန်မတော့ ဘာမှ နားမလည်တော့ဘူး’

‘ဒီကိစ္စအတွက် မပူပါနဲ့၊ ငါ လက်ထပ်တော့မှာမို့ အိန္ဒိယကို မသွားနိုင်တော့ဘူးလို့ ဝန်ကြီးဆီကို သံကြိုး ရိုက်လိုက်မယ်၊ မင်း ကျန်းမာရေး မကောင်းလို့လို့ အကြောင်းပြယင် ဖြစ်ပါတယ်၊ အဲဒီလိုဆိုယင် ငါ မျှော်လင့် ထားတဲ့ အဆင့်အတန်းကိုတော့ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်တော့ဘူးပေါ့၊ ဒါပေမယ့် တို့နှစ်ယောက် အတွက် ပျော်စရာ အချိန်တွေတော့ အများကြီးရလာမှာပဲ၊ တို့ ရိဗီးရား ကမ်းခြေမှာ အိမ်တဆောင်ဝယ်မယ်၊ လှေတစင်း ဝယ်မယ်၊ ပြီးတော့ လှေလှော်ရွက်တိုက် ထွက်ကြမယ်၊ ငါးဖမ်း ထွက်ကြမယ်'

'အောင်မြင်မှု အထွတ်အထိပ် ရောက်ခါနီးတော့မှ စွန့်လွှတ်ပစ်လို့ ဘယ်ကောင်းပါ့မလဲ'

'ဒါက ဒီလိုရှိတယ် မေရီ၊ အခုအလုပ်က သိပ်ပြီး အရေးကြီးတဲ့အလုပ်၊ စိတ်ကူးဉာဏ် လိုတယ်၊ တည်ငြိမ်မှုလဲ လိုတယ်၊ တနေ့နေ့မှာ တခုခုတော့ ဖြစ်လာတော့မှာပဲလို့ အမြဲတမ်း စိုးရိမ်နေရယင် အလုပ် လုပ်လို့ ဘယ်ဖြစ်တော့မလဲ၊ မီးတောင် ထိပ်ဝမှာ ရပ်နေတဲ့ လူတယောက်ဟာ ဘယ်လိုလုပ်ပြီး စိတ်တည်ငြိမ်မှု ရနိုင်တော့မှာလဲ၊ ဘယ်လိုလုပ်ပြီး ဆုံးဖြတ်ချက် မှန်နိုင်တော့မှာလဲ'

'ဒီအချိန် ရောက်မှတော့ ဘာမှ ဖြစ်မလာနိုင်တော့ပါဘူး'

'ဖြစ်လာနိုင်တယ်၊ သေနတ်ကိစ္စ မေ့ထားလို့ ဘယ်ရမလဲ၊ ပုလိပ်တွေက သေနတ်ကို တွေ့သွားယင် ငါ့သေနတ်ဆိုတာ ပေါ်တော့မှာပဲ'



'ကျွန်မ ဒီအချက်ကိုလဲ ထည့်တွက်ခဲ့ပါတယ်၊ ဒါပေမယ့် ဟိုလူက သေနတ်ကို စားတော်ဆက်မှာ ကျွန်မ လက်ပွေ့အိတ်ထဲက ခိုးယူသွားတယ်ဆိုယင် ဖြစ်နိုင်တာပဲ'

'ဟုတ်ပါတယ်၊ ကိုယ့်ဘက်ကတော့ အကြောင်းပြစရာ နည်းလမ်းတွေ အများကြီးရှိတာပေါ့၊ ဒါပေမယ့် ရှင်းပြနေရလိမ့်မယ်၊ ငါ့အနေနဲ့တော့ ရှင်းပြလို့မဖြစ်ဘူး၊ ငါက ဟန်မဆောင်ချင်ဘူး၊ ငါက မမှန်တဲ့စကားတွေကို တခုပြီးတခု ပြောနေရမယ့် လူစားမျိုး မဟုတ်ဘူး၊ ပြီးတော့ ဒီကိစ္စက မင်းတယောက်တည်းသာ သိတာ မဟုတ်ဘူး၊ ရိုလီဖလင့်လဲ သိတဲ့ ကိစ္စ'

'သူ ကျွန်မကို ဘယ်တော့မှ သစ္စာမဖောက်ဘူး ဆိုတာတော့ ယုံစေချင်တယ်'

'ငါ မယုံနိုင်တာ အဲဒီအချက်ပဲ၊ ဒီကောင်က ဘာမှ အတည်တကျ မရှိတဲ့ လူတေ လူပွေ လူပျင်း လူပေါ ကြော့၊ ငါတော့ ဒီကောင်ကို ဘယ်လိုမှ စိတ်မချဘူး၊ သူက သူကြိုက်နေတဲ့ မိန်းမတယောက် တွေ့ယင် မင်း အဖြစ်ကို မြိန်ရည်ရှက်ရည် ပြောပြမှာပဲ၊ အဖြစ်ကလဲ သိပ်ပြီး ပြောလို့ကောင်းတဲ့ အဖြစ်မျိုး၊ ဒီလိုနဲ့ သူ့ မိန်းမတွေကို တယောက်ပြီး တယောက် ပြောပြယင်း ဒီသတင်း လန်ဒန်ထိ ရောက်သွားမယ်၊ မကြာခင်မှာ အိန္ဒိယကိုလဲ ရောက်လာမှာ ကျိန်းသေပဲ'

www.burmeseclassic.com



'အဲဒါတော့ ဦးမှားတယ်၊ သူ့ကို ဦး အကဲခတ် မှားတယ်၊ သူက လူရိုင်း လူကြမ်းတယောက်ဆိုတာတော့ ကျွန်မ သိတယ်၊ ဒါကြောင့်လဲ သူက ကျွန်မကို ကူညီတာပေါ့၊ ဒါပေမယ့် သူ့ကို ကျွန်မ စိတ်ချတယ်၊ သူ ကျွန်မကို ဘယ်တော့မှ သစ္စာမဲ့ဖောက်နိုင်ပါဘူး၊ သူ အသေသာ ခံလိမ့်မယ်'

'မင်းက လူ့သဘာဝကို ငါ့လောက် မသိသေးပါဘူး၊ ဒီကောင့်မှာ အဲဒီကိစ္စကို မပြောပဲ ပါးစပ်ပိတ်ပြီး နေနိုင်တဲ့ အရည်အချင်း လုံးဝ မရှိဘူးဆိုတာ ငါ အာမခံပြောနိုင်တယ်'

'ဦးက အဲဒီလို ယူဆယင် အလုပ်ကို လက်ခံခံ မခံခံ ဘာထူးမှာလဲ၊ အတူတူပဲပေါ့'

'အများကြီး ထူးတယ်၊ လုံးဝ မတူဘူး၊ ငါက သာမန် ပြည်သူတယောက် ဖြစ်နေယင် ဒီကိစ္စကို လက်ဖျောက် တီးပြီး ရင်ဆိုင်နိုင်တယ်၊ ဒါပေမယ့် ဘင်္ဂလား ပြည်နယ် ဘုရင်ခံအနေနဲ့ကျတော့ မလွယ်ဘူး၊ အများကြီး ပြဿနာ ကြီးထွားလာနိုင်တယ်၊ အင်္ဂလန်နိုင်ငံနဲ့ အင်္ဂလိပ် လူမျိုးတွေကို မုန်းနေတဲ့ အီတလီ အစိုးရ အနေနဲ့ အခွင့်ကောင်းယူပြီး သဲသဲမဲမဲ လိုက်တော့မယ်၊ မင်းကို လူသတ်မှုနဲ့ တရားစွဲမယ်၊ နိုင်ငံ ပြောင်းပြီး ရှုံးတင် စစ်ဆေးခွင့် တောင်းမယ်၊ အဲဒါဆိုယင် ငါ့ ဘဝရော မင်းဘဝပါ ရေစုန်မျောပြီ'



သူက မေရီမျက်နှာကို ခပ်တည်တည် စိုက်ကြည့်နေသည်။ မေရီ့တကိုယ်လုံး သိမ့်သိမ့်တုန်သွားသည်။

ဆာအဂ္ဂါက ဆက်၍ပြောသည်။

'အဲဒီလို ကြုံလာယင် ငါ့အနေနဲ့ ရှုံးသွားရမယ်၊ အစိုးရသစ္စာကို စောင့်သိရမယ်၊ နိုင်ငံနဲ့ အစိုးရကို သိက္ခာချလို့ မဖြစ်ဘူး၊ ဘုရင်ခံနဲ့ဘုရင်ခံကတော်တို့ဟာ အကျင့်စာရိတ္တအရာမှာ မှဲ့တပေါက် အစွန်းမခံနိုင်ဘူး၊ အိန္ဒိယနိုင်ငံက ငါတို့ရဲ့ ဒီကနေ့ အခြေအနေဟာ အုပ်ချုပ်ရေး အာဏာထမ်းတွေရဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တ အပေါ်မှာ အဓိက တည်နေပါတယ်၊ ငါ့အနေနဲ့ သိက္ခာကျပြီး အလုပ်က နုတ်ထွက်ရယင် အကျိုးဆက် အဖြစ် ကြီးမားတဲ့ အခက်အခဲတွေ ပေါ်ပေါက်လာနိုင်တယ်၊ အဲဒီတော့ အချေအတင် စကားပြောနေလို့ အကျိုးမရှိပါဘူး မေရီ၊ ငါကတော့ ငါ မှန်တယ်ထင်တာကို လုပ်ရမှာပဲ'

သူ့မျက်နှာက တည်သလို အသံကလည်း မာသည်။ ဤပုဂ္ဂိုလ်ကြီးသည် အုပ်ချုပ်ရေးစွမ်းရည် ပြည့်ဝသူ အဖြစ်သာ ထင်ရှားသည် မဟုတ်။ စိတ်ဓာတ်ခိုင်မာသူ အဖြစ်လည်း ထင်ရှားသည်။ ဤအချက်ကို ယခုမှ မေရီမြင်ရပြီ ဖြစ်သည်။ ဆာအဂ္ဂါ၏ ခန့်ထည်သော မျက်နှာနှင့် ငြိမ်သက်သော မျက်လုံးများကို စေ့စေ့

www.burmeseclassic.com

www.burmeseclassic.com



စပ်စပ်ကြည့်ယင်း သူ၏ အတွင်းစိတ်ကူးကို မေရီက အကဲခတ် ရှာဖွေနေမိသည်။ သူ၏ ဖြောင့်ချက်ကြောင့် ဆာအဂ္ဂါသည် အတော်ပင် စိတ်ထိခိုက်သွားကြောင်းကို မေရီက ကောင်းစွာ အကဲခတ်မိသည်။

ယခုကဲ့သို့သော ကျော်မကောင်း ကြားမကောင်း ဖြစ်ရပ်ကြောင့် သူ့အပေါ်တွင် ဆာအဂ္ဂါ၏ ယုံကြည်မှုကို ဖျက်ဆီးပစ်လိုက်မိပြီ။ ဆာအဂ္ဂါက သူ့အား တသက်လုံး ယုံကြည်နိုင်မည် မဟုတ်တော့။ သို့သော် ဆာအဂ္ဂါကတော့ ကမ်းပြီးသော လက်ကို ပြန်ရုပ်မည့် လူစားမျိုးမဟုတ်။ သူသည် မေရီအား လက်ထပ်နိုင်ရန်အတွက် ဂုဏ်သိန်ကြီးမားလှသည့် ရတော်ရဲ ရာထူးကြီးကိုပင် စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။ ယင်းသို့ စွန့်လွှတ်လိုက်ရသည့်အတွက် သူ့အနေဖြင့် ဝမ်းနည်းဝမ်းသာ ခံစားနေရသည်ကို မေရီက မျက်နှာရိပ်ကိုမြင်၍ အကဲခတ်မိသည်။

ဆာအဂ္ဂါက ရာထူးကိုစွန့်လွှတ်ရန် ဆုံးဖြတ်ခြင်းမှာ မေရီအား ချစ်လွန်း အားကြီးသောကြောင့် တော့ မဟုတ်၊ သူ့ဂုဏ်သိက္ခာကို ထိန်းလိုသော မာနဖြင့် စွန့်လွှတ်ခြင်းသာဖြစ်သည်။ မေရီ့ကြောင့် သူ့ရာထူးကြီးကို စွန့်လွှတ်လိုက်ရခြင်းအတွက် သူက မေရီအားဘယ်တော့မှ အပြစ်တင်လိမ့်မည် မဟုတ်ဆိုသည်ကိုလည်း မေရီက ကောင်းစွာ သိပါသည်။ သို့ရာတွင် သူသည် အလွန်



စိတ်ဓာတ်ပြင်းပြသည်။ အလုပ်ကြီးအကိုင်ကြီးကို အလွန်လုပ်ချင်သည်။ ကြီးပွားတိုးတက်လိုစိတ် ရှိသည်။ ထို့ကြောင့် ဘုရင်ခံ ရာထူးကြီးကို စွန့်လွှတ်လိုက်ရခြင်းအတွက် နောင်အခါတွင် သူ့အနေဖြင့် နောင်တရ၍ ဆုံးနိုင်တော့မည် မဟုတ် ဆိုသည်ကိုလည်း မေရီက ကောင်းစွာသိသည်။ ဆာအဂ္ဂါသည် မေရီအား အလွန်ချစ်သည်။ ထို့ကြောင့် မေရီကို လက်မထပ်ရလျှင် သူ့အနေဖြင့် အလွန် စိတ်မချမ်းသာစရာ ဖြစ်ရလိမ့်မည်။ သို့သော် မေရီ သံသယဖြစ်မိတာ တခုတော့ ရှိသည်။ တကယ်တော့ သံသယဖြစ်မိတာထက်ပင် ပိုသေးသည်။ ယင်းမှာ တခြားမဟုတ်။ ဆာအဂ္ဂါသည် မိမိဂုဏ်သိက္ခာကို ငဲ့သောအားဖြင့် သူ့ကို စိတ်မချမ်းသာစွာဖြင့်ပင် စွန့်ခွာသွားနိုင်သည်ဆိုသော အချက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆာအဂ္ဂါသည် ဂုဏ်သိက္ခာ၏ ကျေးကျွန် တယောက် ဖြစ်သည် မဟုတ်ပါလား။

မေရီက မျက်လွှာချလိုက်သည်။ သူ့မျက်လုံးထဲမှ အပြုံးရိပ်ကို ဆာအဂ္ဂါ မမြင်စေလိုသောကြောင့် ဖြစ်သည်။ အခြေအနေသည် ထူးဆန်းစွာ တမျိုးတမည် ပြောင်းလဲသွားခဲ့သည်။ ဆာအဂ္ဂါ အနေဖြင့် ဘာမှစိုးရိမ်စရာ မရှိအောင် ဘာဖြစ်ရပ်မျိုးမှ မပေါ်ပေါက်ခဲ့သည်ဖြစ်စေ၊ မနက်ဖြန်တွင် သူ အင်္ဂလန်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ ဘုရင်ခံချုပ်ကြီး ဖြစ်တော့မည့် အခြေအနေမျိုးနှင့်ပင် ကြုံရသည်ဖြစ်စေ၊ ဘယ်လိုအခြေအနေမျိုးမှာပင်ဖြစ်ဖြစ် မေရီအနေဖြင့် ဆာအဂ္ဂါအား လက်ထပ်လိုစိတ် လုံးဝမရှိတော့။

•

တကယ်တော့ သူက ဆာအဂ္ဂါကို သံယောဇဉ်ရှိပါသည်၊ ခင်မင်ပါသည်။ သူ၏ဆိုးရွားသော ဖြစ်ရပ်ကို ကြင်နာစွာဖြင့် ခံယူသည့်အတွက် ကျေးဇူးလည်း တင်ပါသည်။ သို့သော် ဆာအဂ္ဂါ တသက်လုံး စိတ်မချမ်းသာ ဖြစ်ရမည့်ကိစ္စမျိုးကို သူ့အနေဖြင့် လုံးဝမလုပ်ချင်တော့။ ထို့ကြောင့် သူသတိထားရမည်။ စကားကို သတိနှင့်ပြောရန်လိုသည်။ သူ့ဘက်က မှားသွားလျှင် ဆာအဂ္ဂါက ပို၍ဖိသခံနိုင်သည်။ သူ့ငြင်းပယ်ချက်ကို လုံးဝလက်မခံပဲ သူ့ကို အားနှင့် အတင်းလက်ထပ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် သူကတော့ ငြင်းကို ငြင်းရတော့မည်။ စိတ်မချမ်းသာစရာတော့ အလွန်ကောင်းမည်။ သို့သော် လိုအပ်သည်။ သူ့အပေါ်မှာ ဆာအဂ္ဂါက အပြစ်မြင်လေလေ ဆာအဂ္ဂါအတွက် ကောင်းလေလေပင် ဖြစ်သည်။

မေရီက သက်မတချက် ချကာ ရိုလီအကြောင်းကို တွေးမိသည်။ ရိုလီက ကလေကချေလူစားမျိုး ဖြစ်သော်လည်း ဆက်ဆံရတာ အလွန်အဆင်ပြေသည်။



သူ ဘယ်လိုလူစားပင် ဖြစ်ဖြစ် အမှန်တရားကိုတော့ သူက ရင်ဆိုင်ရဲသည်။

မေရီက စိတ်ကိုတင်းပြီး ပြောလိုက်သည်။

'ကျွန်မကြောင့် ဦးရဲ့ ရတောင့်ရခဲ အခွင့်အရေးကြီး ဆုံးရှုံးရတယ်ဆိုယင် ကျွန်မတသက်လုံး စိတ်ချမ်းသာနိုင်စရာ မရှိတော့ဘူး'

'အဲဒီကိစ္စကို ဘာမှမတွေးပါနဲ့ မေရီ၊ ငါက အငြိမ်းစားယူထားပြီးတဲ့ လူတယောက်ပဲ၊ ဘာမှဆုံးရှုံးစရာမရှိပါဘူး'

'ဒါပေမယ့် ကျွန်မက ကျွန်မတို့ အတွက်ကိုသာ ပြောနေတာ မဟုတ်ပါဘူး၊ ဦးက အဲဒီအလုပ်အတွက် အထူးအသင့်တော်ဆုံး ပုဂ္ဂိုလ် ဖြစ်နေတယ်၊ ဦးကို တကယ်လိုအပ်နေတယ်၊ ဒါကြောင့် ပုဂ္ဂိုလ်ရေးကိစ္စကို ဘေးချိတ်ပြီး တိုင်းပြည်ကိစ္စ တိုင်းပြည့်တာဝန်ကိုသာ ဦးစားပေးသင့်ပါတယ်'

'ငါ့သာ အရေးအပါဆုံး၊ ငါမရှိယင် လုံးဝမဖြစ်ဘူးဆိုတဲ့ သဘောထားမျိုး ငါ့မှာလုံးဝမရှိဘူး'

'ဦးကို ကျွန်မ သိပ်ပြီးလေးစားပါတယ်၊ ဦးကို တကယ်လိုအပ်နေတဲ့ အချိန်မှာ ဒီလိုတာဝန်ကြီးတရပ်ကို လက်လွှတ်စပယ် ငြင်းပယ်ပစ်တာမျိုးဟာ လုံးဝ

www.burmeseclassic.com



မသင့်တော်ပါဘူး၊ ကိုယ့်အနေနဲ့လဲ ပျော့ညံ့ရာရောက်ပါလိမ့်မယ်’

မေရီ၏ စကားကြောင့် ဆာအဂ္ဂါ မသိမသာ ဂနာမငြိမ်ဖြစ်သွားသည်။ မေရီ၏စကားက တကယ့်ပစ်မှတ်ကို သွားထိသည်။

‘ငါ့အနေနဲ့ တခြားရွေးစရာ နည်းလမ်းမရှိတော့ဘူး၊ ဒီလိုအခြေအနေနဲ့ အဲဒီရာထူးကို လက်ခံလိုက်ယင် ပိုပြီးတောင် ဆိုးရွားလာလိမ့်မယ်’

‘ရွေးစရာနည်းလမ်း ရှိပါသေးတယ် ဦး၊ ကျွန်မကို လက်မထပ်ယင် အားလုံးအဆင်ပြေသွားနိုင်ပါတယ်’

ဆာအဂ္ဂါက မေရီ့မျက်နှာကို ဖြတ်ကနဲကြည့်လိုက်သည်။ ဘာသဘောဆိုသည်ကို မေရီက ခန့်မှန်း၍မရ။ တကယ်တော့ သူ့အကြည့်၏ အဓိပ္ပာယ်က ရှင်းနေသည်။ ‘ဟ.... အဲဒီလိုသာ လုပ်လို့ဖြစ်ယင် ငါလုပ်မှာပေါ့၊ အခုက အခြေအနေအရ ဘယ်လိုမှ မလုပ်နိုင်လို့ မလုပ်တာပေါ့’ ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။

သို့သော် သူက ခံစားချက်ကို သတိကြီးစွာဖြင့် ထိန်းထားသည်။

အတန်ကြာတော့မှ သူက ပြောသည်။

‘ဒါပေမယ့် ငါက မင်းကို လက်ထပ်ချင်တယ်၊ ဒါဟာ လောကမှာ ငါ အလိုချင်ဆုံး အရာပဲ’



သူ့နှုတ်ခမ်းက ပြုံးနေသည်။ မျက်လုံးတွေက ကြင်နာခြင်း အရိပ်အရောင် ပေါ်လွင်နေသည်။

‘ဦးကို ကျွန်မ အများကြီး ခင်ပါတယ်၊ ဦး ကျေးဇူးလဲ ကျွန်မအပေါ်မှာ အများကြီး ရှိပါတယ်၊ ဦးဟာ ကျွန်မဘဝမှာ အကောင်းဆုံး မိတ်ဆွေတယောက်လဲ ဖြစ်ပါတယ်၊ ဦး ဘယ်လောက်တော်တယ်၊ ဘယ်လောက် စိတ်ကောင်းရှိတယ်၊ ဘယ်လောက် သစ္စာရှိတယ် ဆိုတာကိုလဲ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ကျွန်မက ဦးကို လင်မယား အချစ်နဲ့တော့ ချစ်လို့ ဘယ်လိုမှ မရပါဘူး’

‘ငါဟာ မင်းထက် အသက် အများကြီး ကြီးပါတယ်၊ အဲဒါကြောင့်မို့ မင်းအရွယ် ယောက်ျားတယောက်ကို ချစ်တဲ့ အချစ်မျိုးနဲ့ ငါ့ကို မင်း မချစ်နိုင်ဘူးဆိုတာကိုလဲ ငါသဘောပေါက်ပါတယ်၊ သို့သော်လဲ အဲဒီအတွက် ငါ့အနေနဲ့ မင်းကို အစားထိုးပြီး ပေးနိုင်တဲ့အရာတွေ ရှိတယ်လို့ ငါ ယုံကြည်ထားတယ်၊ ငါပေးမယ့် အရာက မင်းအတွက် သိပ်ပြီး တန်ဖိုးမရှိဘူး ဆိုယင်တော့ ငါ အများကြီး ဝမ်းနည်းပါတယ်’

အို....သူ့ စကားက အဖြေရ ကျပ်လိုက်တာနော်။ သူကငါ့ကို မိန်းမယူတာ မလို့ တဲ့တိုးကြီးပြောလိုက်ယင် သိပ်ကောင်းမှာပဲ။ ငါ့ရှေ့မှာ ဆီပူအိုးကြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ပွက်ပွက်ဆူနေပြီ။ တခြား ဘာမှ မတတ်နိုင်တော့ဘူး။ မျက်စိစုံမှိတ်ပြီး ခုန်ချလိုက်ရုံပဲ ရှိတော့တာပဲ။

'ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်ဦး၊ ဦး အနေနဲ့ ဘင်္ဂလားပြည်နယ် ဘုရင်ခံ ဖြစ်လာသင် ဦးမှာ အလုပ်တာဝန်တွေ သိပ်ပြီး များလိမ့်မယ်၊ ကျွန်မလဲ ဘုရင်ခံကတော် တယောက် အနေနဲ့ လုပ်စရာ အလုပ် တွေအများကြီး ရှိမှာပဲ၊ ကျွန်မဟာ သာမန် လူသား တယောက်ပါ၊ ဒါကြောင့် ဘုရင်ခံကတော် ဆိုတဲ့ ရာထူးကို အများကြီး တပ်မက်မိပါတယ်၊ ကျွန်မနဲ့ ဦးတို့ကြားမှာ တူညီတဲ့ စိတ်ဝင်စားစရာတွေ အများ ကြီး ရှိပါတယ်၊ ဦးကို ကျွန်မ လင်မယားချင်နဲ့ မချစ်နိုင် တာဟာ အဓိက မဟုတ်ပါဘူး'

ဤတွင် အခက်ခဲဆုံးအပိုင်းသို့ ရောက်လာသည်။

'ဒါပေမယ့် တကယ်လို့ ကျွန်မ တို့ နှစ်ယောက် လက်ထပ်ပြီးတဲ့နောက် ရီဗီးရားကမ်းခြေမှာ အေးအေး လူလူသွားနေကြမယ်ဆိုယင် နေ့ထွက်က နေဝင်ကျွန်မတို့ ဘာလုပ်နေကြမှာလဲ၊ဦးကကျွန်မကို ချစ်သလို ကျွန်မက ဦးကို ချစ်နိုင်ယင်တော့ တမျိုးပေါ့လေ၊ ခုတော့....'

'ငါက ရီဗီးရားမှာ တသက်လုံးနေဖို့ မရည်ရွယ်ပါ ဘူး၊ ကြိုက်တဲ့နေရာ အချိန်မရွေး ပြောင်းနိုင်တာပဲ'

'နေရာပြောင်းတော့ကော ဘာထူးလာမှာတဲ့လဲ'



ဆာအင်္ဂါက ဘာမှ ပြန်မပြောပဲ အကြာကြီး နှုတ် ဆိတ်နေသည်။ နောက်ဆုံးမှ အေးစက်စက် အမူအရာ ဖြင့် သူက ပြောသည်။

'ဒါဆို မင်းက အငြိမ်းစား အိန္ဒိယပဋိညာဉ်ခံ ဝန် ထမ်းတယောက်ကို လက်မထပ်ချင်ဘူး၊ ဘင်္ဂလားပြည် နယ် ဘုရင်ခံချုပ်ကိုပဲ လက်ထပ်ချင်တယ် ဆိုပါတော့၊ ဟုတ်စ....'

'မူအားဖြင့် ပြောရယင်တော့ ကျွန်မက အဲဒီလိုပဲ ခံယူချင်ပါတယ်'

'ဒီလိုဆိုယင်တော့ တို့ နောက်ထပ် ဆွေးနွေးနေစရာ မရှိတော့ပါဘူး'

'နောက်ထပ် ဆွေးနွေးနေလို့ကော ပိုပြီး အကျိုး ထူးလာနိုင်စရာ ရှိသေးသလား'

ဆာအင်္ဂါ ငြိမ်သွားပြန်သည်။ သူ့ မျက်နှာက အလွန် တည်သည်။ သူ ဘာတွေ စဉ်းစားနေသည်ကို လုံးဝ ခန့်မှန်း၍ မရနိုင်အောင် ဖြစ်နေသည်။

သူ့ ခမျာ တော်တော် သနားစရာ။ တော်တော် စိတ်မကောင်း ဖြစ်သွားရှာပြီ။ အနိုင် ခံလိုက်ရရှာပြီ။ သို့သော် သူ့ အတွင်းစိတ်ကတော့ တမျိုး ထွေးပြီး ဝမ်းသာနေမှန်းကို မေရီက သေချာပေါက် ပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ဘယ်လိုပင်ဖြစ်ဖြစ် သူ စိတ်မကောင်းခြင်း ဖြစ်ရသည် ဆိုတာကိုလည်း မေရီက သိသည်။

နောက်ဆုံး သူ ကုလားထိုင်မှ ပြန်ထလိုက်သည်။

'ငါ့အနေနဲ့ ဖလော်ရင့်မှာ ကြာကြာ နေစရာ အကြောင်း မရှိတော့ပါဘူး၊ ဒါပေမယ့် သူ့ ကိုယ်သူ သတ်သေတဲ့လူ ကိစ္စနဲ့ ပတ်သက်လို့ မင်းက ငါ့ကို နေစေချင်သေးသပ ဆိုယင်တော့....'

'အို...မလိုပါဘူး၊ နေစရာမလိုတော့ပါဘူး ဦး'

'ကောင်းပြီ၊ ဒါဖြင့် ငါ မနက်ဖြန် လန်ဒန် ပြန်တော့မယ်၊ ကိုင်း ဒီတော့ မင်းကို ငါ အခုပဲ နှုတ်ဆက်ခဲ့ပါတယ်'

'ကျေးဇူးတင်ပါတယ် ဦး၊ ကျွန်မကို ခွင့်လွှတ်စေလိုပါတယ်'

'ငါ့မှာ မင်းကို ခွင့်လွှတ်စရာ ဘာအကြောင်းမှ မရှိပါဘူး'

သူက မေရီ၏လက်ကို ဆွဲယူကာ နမ်းသည်။ ထို့နောက် ဘာမှမဖြစ်သလို ဣန္ဒြေသိက္ခာအပြည့်ဖြင့် မြက်ခင်း လမ်းအတိုင်း ဖြည်းဖြည်းချင်း ပြန်လည်လျှောက်ထွက်သွားသည်။



ခဏကြာတော့ မြေစိုက်ပန်းအိုးများ နောက်ကွယ်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

မောင်းထွက်သွားသော ကားသံကို မေရီ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

ဆာအဂ္ဂါနှင့် အကြာကြီး စကားပြောလိုက်ရသော ကြောင့် မေရီ အတော်မောသွားသည်။ သူသည် နှစ်ည လုံးလုံး သဘာဝအတိုင်း မအိပ်ခဲ့ရ။ ယနေ့ညတွင်မူ နွေရာသီ လေနုရေအေးကလေးနှင့် နားဝင် ချိုလှသော ပုစဥ်းရင်ကွဲမြည်သံတို့၏ ချော့သိပ်မှုကြောင့် နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့၏။

တနာရီခန့်ကြာတော့ လန်းဆန်းစွာ ပြန်နိုးလာခဲ့ သည်။ အိပ်ရာမှ ထလာခဲ့ပြီး ဥယျာဥ်ထဲတွင် လမ်း လျှောက်သည်။ ထို့နောက် ကုန်းမြင့်အောက်မှ ဖလော ရင့်မြို့၏ လှပသော ညရှုခင်းကို ကြည့်ချင်သောကြောင့် ရိပ်သာဆောင်တွင် သွားထိုင်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော် အိမ်နားမှ ဖြတ်လျှောက်လာစဥ် နီနာ၏ ယောကျ်ား စီရို အိမ်ထဲမှ ထွက်လိုက်လာပြီး စကား ပြောသည်။

'ဆီညော် ရိုလန်ဒိုဆီက ဖုန်းလာနေတယ် မမ'

www.burmeseclassic.com

www.burmeseclassic.com



'မှာစရာရှိ မှာထားခဲ့ပါလို့ ပြောလိုက်'

'သူက မမနဲ့ စကားပြောချင်လို့တဲ့'

မေရီက ပခုံးကို မသိမသာ တွန့်လိုက်မိသည်။ သူသည် ယခုအချိန်တွင် ရိုလီနှင့် စကားပြောချင်စိတ် မရှိ။ သို့သော် ရိုလီတွင် အရေးကြီးသောကိစ္စ တခုခု ရှိသောကြောင့် ဖြစ်နိုင်သည်။ ကုန်းမြင့်ဘေးမှ တောထဲတွင် ပစ်ထားခဲ့သော အလောင်းကိုလည်း မေရီက ရုတ်တရက် သတိရမိသည်။

သူ တယ်လီဖုန်းစားပွဲသို့ လာခဲ့သည်။

'မင်း အိမ်မှာ ရေခဲ အသင့်ရှိရဲ့လား'

ရိုလီက မေးသည်။

'ရှင်က ဒီကိစ္စကြောင့် ကျွန်မဆီဖုန်းဆက်တာလား'

မေရီက အေးစက်စက်အသံဖြင့် ပြန်မေးလိုက်သည်။

'အဲဒီကိစ္စသက်သက် မဟုတ်ပါဘူး၊ မင်းမှာ ဂျင် အရက်နဲ့ ဝိုင်အရက် အဆင်သင့်ရှိသလားဆိုတာ မေးချင်လို့'

'နောက်ကော ဘာမေးချင်သေးသလဲ'

'အေး၊ ငါ့ကို အရက်စုံစပ်ပြီး တိုက်နိုင်မလား ဆိုတာလဲ မေးချင်သေးလို့၊ ငါ တက္ကစီငှားပြီး ခုချက်ချင်း လာခဲ့မယ်'

'ကျွန်မမှာ လုပ်စရာအလုပ်တွေ တပုံကြီး ရှိနေသေးတယ်'



'အဲဒါ ပိုကောင်းတာပေါ့၊ ငါလာပြီး အကူအညီ ပေးမယ်လေ'

မေရီက အောင့်သက်သက်ဖြင့် ပခုံးကို တွန့်လိုက်သည်။ ထို့နောက် စီရီအား အရက်စုံ ယူလာခဲ့ရန် ပြောလိုက်ပြီး ရိပ်သာဆောင်သို့ ထွက်လာခဲ့သည်။

မေရီသည် ဖြစ်နိုင်လျှင် ဖလောရင့်မြို့မှ မြန်နိုင်သမျှ မြန်မြန် ထွက်သွားချင်လှပြီ။ သူ ဖလောရင့်မြို့ကို မုန်းနေပြီ။ သို့သော်လည်း ဆိုင်းမဆင့် ဗုံမဆင့် ရုတ်တရက် ထွက်သွားလျှင် လူတွေက သံသယ ဝင်မည်ကိုလည်း စိုးရိမ်မိသည်။ ရိုလီလာတာ တမျိုးတော့ ကောင်းသည်။ သူနှင့် တိုင်ပင်နိုင်သည်။ တွေးကြည့်ပြန်တော့လည်း အတော် ခက်နေပြန်သည်။ ယုံနိုင်စရာ မရှိသော လူတေ လူပေ တယောက်အပေါ်တွင် သူ့အနေဖြင့် လုံးဝ မှီခို အားထားနေရသည်မှာ အဓိပ္ပာယ်မရှိသော လုပ်ရပ်တခုလို ဖြစ်နေသည်။

ဆယ့်ငါးမိနစ်ခန့် အကြာတွင် ရိုလီ ပေါက်ချလာသည်။ မြက်ခင်းလမ်းကိုဖြတ်၍ သူ လျှောက်လာပုံကို ကြည့်ရသည်မှာ ဆာအင်္ဂါနှင့် အပြတ်အသတ် ကွာခြားလှသည်။ ဆာအင်္ဂါက အရပ်ရှည်ရှည် သွယ်သွယ် နှောင်းနှောင်းနှင့် အလွန် ခန့်ချော ချောသူ ဖြစ်သည်။ တည်ကြည်သော ဥပဓိရုပ်နှင့် တခြားသူများ အပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် လွှမ်းမိုးနိုင်သည့် ရုပ်သွင်မျိုး ရှိသည်။ လူအုပ်ထဲတွင် ရှိနေလျှင် သူ၏ ထူးထူးခြားခြား ခန့်ညားတည်ကြည်သော ရုပ်သွင်ကြောင့် ဘယ်သူပါလိမ့်ဟု အမေးခံရသည်အထိ ဥပဓိရုပ်ကောင်းသူ ဖြစ်သည်။

ရှိလီကတော့ အရပ်ပုသည်။ အဝတ်အစားကိုလည်း ပိုသိပတ်သီ ဝတ်ထားသည်။ လက်နှစ်ဘက်ကို ကုတ်အင်္ကျီအိတ်တွင် အမြဲတမ်း နှိုက်ထားသည်။ သူ့ကို ကြည့်ရသည်မှာ ပြောင်ချော်ချော် ပေါ့ပျက်ပျက်ပုံစံမျိုး။ ဘယ်အရာကိုမျှ လေးလေးနက်နက် ထားပုံ မရသည့် ဟန်မျိုး။ သို့သော် သူ့တွင် စွဲမက်စရာတခုတော့ ရှိသည်ဟု မေရီက ထင်သည်။ သူ့ပါးစပ်က အမြဲတမ်းပြုံးနေသည်။ မွဲပြာပြာမျက်လုံးများက နောက်နောက်ပြောင်ပြောင် နေတတ်သည့် သဘောကို ဖော်ပြနေသည်။ သူ့ရုပ်ကို ကြည့်လျှင် လေးလေး နက်နက် အမူအရာမျိုး မမြင်ရ။ သို့သော် တစိမ်းလူတယောက်နှင့် ခင်မင် ရင်းနှီးလွယ်သည်။ သူ့မှာ ချွတ်ယွင်းချက်များ ရှိသော်လည်း မေရီကတော့ သူ့ကို သဘောကျသည်။ သူနှင့် စကားပြောရာတွင် အလွန် အဆင်ပြေသည်။ ဟန်ဆောင်နေစရာ မလို။ ဟိတ်ဟန်ထုတ်နေစရာ မလို။ သူ့မျက်လုံးများက တော်တော် စူးရှသည်။ သူ့ကို လိမ်ပြောလျှင် သူ့မျက်လုံးများက အလိုလိုသိသည်။ ထိုအခါ သူက ရယ်ပစ်လိမ့်မည်။ သူက ဘယ်တော့မှ ဟန်ဆောင် ပြောဆိုတတ်သူ မဟုတ်။



သူက အရက်တခွက်ကို ကိုယ်တိုင်ရောစပ်ပြီးနောက် တကျိုက်တည်း မော့သောက်လိုက်သည်။ ထို့နောက် လက်တင်ကုလားထိုင်တွင် သက်သောင့်သက်သာ မြှင့်ထိုင်လိုက်သည်။ ပြီးတော့ မေရီ့မျက်နှာကို ပြောင်ချော်ချော်အကြည့်ဖြင့် ကြည့်ယင်း မေးလိုက်သည်။

'ဘယ့်နှယ် ဒါလင်.... အင်ပိုင်ယာ အမှုတော်ထမ်းကြီးကတော့ မင်းကို ကျော့ခိုင်းသွားပြီ မဟုတ်လား'

'ရှင် ဘယ်လိုလုပ် သိတာလဲ' မေရီက ခပ်မြန်မြန်ကလေး ပြန်မေးလိုက်သည်။

'ငါက ဆက်စပ်ပြီး တွေးကြည့်တာပါ၊ သူဟိုဘယ်ကို ပြန်ရောက်တော့ ရထား ဘယ်အချိန် ထွက်မလဲလို့ မေးသွားတယ်၊ ရောမ ပါရီ ဒီမြန်ရထား ဒီည ထွက်မယ်ဆိုတာ သိရတော့ သူ့ကို ပိဇာဘူတာကို ပို့ပေးဖို့ တက္ကစီ ငှားခိုင်းတော့တာပဲ၊ ဒီတွင်ပဲ ငါက တွက်လိုက်မိပြီ၊ ဧကန္တ ဒီလူကြီးတော့ တပ်လန့်ပြီး ပြန်လာတာ ဖြစ်ရမယ်၊ နို့မဟုတ်ယင် ဒီလောက် ကမန်းကတန်းကြီး ပြန်မှာမဟုတ်ဘူးလို့၊ ဒါကြောင့်မို့ သူ့ကို ဖွင့်ပြောလိုက်လို့ အကျိုးမရှိနိုင်ဘူးလို့ မင်းကို ငါ ပြောခဲ့တာပေါ့၊ မင်းအဖြစ်လို ကိစ္စမျိုးကို သူ့လို ပုဂ္ဂိုလ်တယောက် အနေနဲ့ ဘယ်နည်းနဲ့မှ အဝင်ကျနိုင်စရာ မရှိပါဘူး မေရီ'

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စကို ရှိလီက အရေးမကြီးသလို သဘောထား၍ ပြောနေချိန်တွင် မိမိက အလေးအနက် သဘောထား၍ မဖြစ်ဟု မေရီက ယူဆမိသည်။

ထို့ကြောင့် သူက ပြုံးလိုက်ပြီး....

'ဒါပေမယ့် သူက လူကြီးလူကောင်းလို ဆက်ဆံ ပြောဆိုပါတယ်'

'ဒါပေါ့၊ သူက လူကြီးလူကောင်းတယောက်ပဲဟာ၊ လူကြီးလူကောင်းစကားပဲ ပြောမှာပေါ့၊ ဒါ အဆန်း မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ ဆာအင်္ဂါက တကယ့် ရှာမှ ရှားတဲ့ လူကြီးလူကောင်း တယောက်ပါ'

'ငါနဲ့တော့ တခြားစီပဲ၊ ငါလဲ ဇာတိအားဖြင့်တော့ လူကြီးလူကောင်း တယောက်ပါ၊ ဒါပေမယ့် သဘာဝအားဖြင့်တော့ လူပွေလူရှုပ်'

'အဲဒီလို မပြောပါနဲ့ ရှိလီ'

'မင်းက စိတ်မကောင်း ဖြစ်နေလို့လား'

'ကျွန်မလား.... မဖြစ်ပါဘူး၊ ကျွန်မပြောတာ ယုံချင်မှယုံပါ၊ ကျွန်မတို့ နှစ်ယောက် စကားပြောယင်း ပြောယင်းနဲ့ နောက်ဆုံးတော့ သူ့ကို ကျွန်မ ဘယ်လို နည်းနဲ့မှ လက်မထပ်နိုင်ဘူးဆိုတဲ့ ဆုံးဖြတ်ချက် ကျွန်မ ခေါင်းထဲဝင်လာတယ်'

'မင်း အဲဒီလို ဆုံးဖြတ်လိုက်တာ ကောင်းတယ်၊ မင်းက သူ့အပေါ်မှာ စိတ်ညွှတ်နေတာကြောင့် ငါ



သိပ်မပြောခဲ့ဘူး၊ တကယ်တော့ သူနဲ့ လက်ထပ်ယင် မင်း စိတ်ဆင်းရဲပြီး သေမှာပဲ၊ ငါက မိန်းမတွေ အကြောင်း နောကြေနေတဲ့လူပါ၊ မင်းက အင်ပိုင်ယာ အမှုတော်ထမ်းတယောက်ကို လက်ထပ်ရမယ့် မိန်းမ စားမျိုး မဟုတ်ဘူး'

'ဆာအင်္ဂါက တကယ့်ကြီးကျယ်တဲ့ လူကြီးလူကောင်းတယောက်ဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး'

'ဟုတ်တယ်၊ မငြင်းနိုင်ပါဘူး၊ ဒါကို ငါသိပါတယ်၊ သူက သူ့ကိုယ်သူ ကြီးကျယ်တဲ့ လူတယောက်လို ဟန်ဆောင်နေတဲ့ ကြီးကျယ်တဲ့ လူတယောက်ပါ၊ ဒါကြောင့် သူ့အကြောင်း တော်တော် စဉ်းစားရကျပ်နေတာပေါ့၊ သူလုပ်နေပုံက ချာလီချက်ပလင်လို သရုပ်ဆောင်နေတဲ့ ချာလီချက်ပလင်နဲ့ တူနေတယ်'

'ကျွန်မ ဒီက ထွက်သွားချင်ပြီ ရှိလီ'

'ရပါတယ်၊ မထွက်သွားနိုင်စရာ အကြောင်း မမြင်ပါဘူး၊ ကောင်းပါတယ်၊ မင်းအနေနဲ့ စိတ်အပြောင်းအလဲကလေးလဲ ရသွားနိုင်တာပေါ့'

'ရှင်က ကျွန်မအပေါ်မှာ အများကြီး စေတနာထားတယ်၊ ကျွန်မ ထွက်သွားယင် ရှင့်ကို သတိရနေမှာပဲ'

'အို ကိစ္စမရှိပါဘူး၊ နောက်တော့လဲ တို့နှစ်ယောက် တွေ့ကြရဦးမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် အဲဒီလို ဘာကြောင့် ပြောနိုင်တာလဲ'

'ဘာကြောင့် ပြောနိုင်သလဲ ဆိုတော့ လောလော ဆယ်အားဖြင့် မင်းမှာ ငါ့ကိုလက်ထပ်ဖို့ကလွဲပြီး ဘာမှ လုပ်စရာမရှိဘူးဆိုတာ ငါ တွေးမိလို့ပါ'

မေရီက ကိုယ်ကို မတ်မတ်ပြင်ထိုင်ပြီး ရှိလီအား စိုက်ကြည့်လိုက်သည်။

'ရှင် ဘာပြောတာလဲ'

'ငါ အများကြီး ပြောခဲ့ပြီးပါပြီ၊ မင်းမေ့နေလို့ပါ၊ ဟိုနေ့ညက မင်းကို ငါတောင်းပန်ခဲ့တယ်၊ မင်းကို ငါလက်ထပ်ပါရစေလို့ ပြောခဲ့တယ်၊ အဲဒီနေ့က မင်း စကားကို ငါက နောက်ဆုံးစကားလို့ မယူဆခဲ့ဘူး၊ မင်း သိတဲ့အတိုင်း ငါချစ်ခွင့်ပန်ခဲ့တဲ့ မိန်းမတိုင်း ဘယ်တော့မှ မငြင်းဖူးဘူး'

'ကျွန်မက ရှင် တမင်နောက်နေတာလို့ ထင်ခဲ့တာ၊ ခုလဲပဲ ရှင်တကယ်ပြောနေတယ်လို့ ကျွန်မ မယူဆသေးဘူး'

ရှိလီက ကုလားထိုင်တွင် နောက်မှီ၍ ထိုင်လိုက်သည်။ စီးကရက်ဘာလိပ်ယူ၍ မီးညှိသည်။ သူ့နှုတ်ခမ်းများက ပြုံးလျက်၊ သူ့မျက်လုံးတွေက တလက်လက် တောက်လျက်၊ သူ့လေသံက ရိသဲ့သဲ့ ပြောင်ချော်ချော် လေသံမျိုး။

'မေရီ.... မင်းသိတဲ့အတိုင်း ငါက ပေတေနေတဲ့လူ၊ ဒါဟာ ငါ့အတွက်တော့ သူများထက် တပန်းသာတဲ့



အချက်တချက်ပဲ၊ လူ တော်တော်များများက ငါ့ကို မကြိုက်ကြဘူး၊ ငါ့လုပ်ရပ်တွေကို အပြစ်ပြောကြတယ်၊ သူတို့ပြောတာ မမှားပါဘူး၊ ဒါပေမယ့် ငါ့ကိုယ်ငါ တခုတော့ယုံကြည်တယ်၊ ငါဟာ ဘယ်သူ့ကိုမှ နစ်နာ အောင် မလုပ်ခဲ့ဘူး၊ မိန်းမတွေက ငါ့ကို သဘောကျ ကြတယ်၊ ငါ့မှာ ပင်ကို သဘောကျစရာကောင်းတဲ့ စိတ်ကောင်းရှိတယ်၊ လူတွေက ငါ့ကို ဘယ်လောက်ပဲ အပြစ်ပြောပြော သူတို့ကို ငါဒေါသ မထွက်ဘူး၊ မမုန်း ဘူး၊ ငါလဲပျော်ပျော်နေမယ်၊ သူများတွေလဲ ပျော် ပျော်နေပါစေ၊ ဒါဟာ ငါ့ရဲ့ ဘဝခံယူချက်ပဲ၊ ဒီမှာ.... ငါဟာ အင်ပိုင်ယာ အမှုတော်ထမ်းတယောက် မဟုတ် ဘူး၊ ဂုဏ်သိက္ခာရှိတဲ့ လူကြီးလူကောင်း တယောက် မဟုတ်ဘူး၊ ငါက ပျော်ပျော်နေတတ်တဲ့ အကောင်၊ ဘဝမှာ ကိုယ်နေချင်သလို နေသွားနိုင်တဲ့ ပိုက်ဆံလဲ ရှိ တဲ့အကောင်၊ ငါ့ကို လူပေါ်ကြော့ လူရှုပ် လူပွေလို့ မင်းကထင်မယ်၊ အဲဒီတော့ ငါ့ကိုယ်ငါ ဘယ်လိုပြုပြင် ရမှာလဲ၊ ငါ့မှာ ကင်ညာနိုင်ငံမှာ ခြံကြီးရှိတယ်၊ မန် နေဂျာက မကောင်းဘူး၊ သူ့ကို ဖြုတ်ပစ်ရမယ်၊ အဲဒီ သွားပြီး ခြံကြီးကို ကိုယ်တိုင် ကြီးကြပ် အုပ်ချုပ်ယင် ကောင်းမလားလို့ ငါစဉ်းစားနေတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါ့အနေနဲ့ ဘဝမှာ အတည်တကျ နေနိုင်ဖို့ အချိန်တန်ပြီ၊ အဲဒီမှာနေရတာကို မင်းလဲ သဘောကျ မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



သူက မေရီစကားပြောမလားဟု စောင့်ကြည့်နေသည်။ သို့သော် မေရီက ဘာစကားမှမပြော။ ရှီလီ့ပါးစပ်မှ မမျှော်လင့်သော စကားတွေ ထွက်လာ၍ မေရီ အံ့သြနေမိသည်။ နားမလည်နိုင်အောင်ဖြစ်ရသည်။

ရှီလီက လေအေးအေးဖြင့် ခပ်မြူးမြူး ကလေး ဆက်ပြောသည်။

'အမှန်အတိုင်း ပြောရယင် အစတုန်းက မင်းကို ငါလက်ထပ်ဖို့ မရည်ရွယ်ခဲ့ဘူး၊ မင်းနဲ့ချစ်ရယင် တော်ပြီလောက်ပဲ သဘောထားခဲ့တယ်၊ ဟုတ်တယ်လေ၊ မင်းကို ငါသိပ်ပြီး ချစ်ချင်တာပေါ့၊ မင်းက သိပ်လှတဲ့ အမျိုးသမီးတယောက်မဟုတ်လား၊ ငါးကြော်မြင်လို့မှ မနိုက်ယင် ကြောင်မိုက်ပေါ့၊ တနေ့ညက တို့နှစ်ယောက်ကားမောင်းသွားတုန်း မင်းပြောတဲ့ စကားတခွန်းနှစ်ခွန်းကို ငါသိပ်ခိုက်သွားတယ်၊ မင်းက သိပ်ပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ'

'အဲဒီနောက်ပိုင်းမှာ အဖြစ်အပျက်တွေက အများကြီး ဖြစ်ပျက်သွားခဲ့ပါပြီ'

'အဲဒါကို ငါသိပါတယ်၊ ဒါနဲ့ အချက်တချက်မှာတော့ မင်းကို ငါသိပ်ပြီး စိတ်ဆိုးသွားမိခဲ့တယ် မေရီ'

မေရီက ရှီလီအား မျက်စောင်းကလေးဖြင့် ကြည့်လိုက်သည်။

BURMESE CLASSIC



'အဲဒါကြောင့် ရှင်က ကျွန်မကို ရိုက်တာပေါ့ ဟုတ်လား'

'မင်း ကားပေါ်က ဆင်းတုန်းက ကိစ္စကို ပြောတာလား၊ မင်း အငိုတိတ်အောင်လို့ ငါရိုက်မိတာပါ'

'ရှင်ရိုက်တာက တော်တော် နာတယ်'

'နာအောင် ရိုက်တာကိုး'

မေရီက မျက်လွှာ ချလိုက်သည်။ ကားလ်နှင့် ဖြစ်ပျက်ခဲ့သော ကိစ္စကို သူက ဆာအင်္ဂါအား ပြောပြသောအခါ ဆာအင်္ဂါသည် စိတ် မချမ်းသာစွာဖြင့် မျက်နှာ မည်းပုပ်သွားခဲ့သည်။ ဆာအင်္ဂါ အကြီးအကျယ် တုန်လှုပ်သွားခဲ့သည်။ သူ ယင်းသို့ စိတ်ထိခိုက်ရသည်မှာ မေရီ၏ဖြူစင်မှုကို အလွန် တန်ဖိုးထားခဲ့သောကြောင့်ပင် ဖြစ်သည်။ အဖြစ်မှန်ကတော့ သူသည် ယခုလက်ရှိ မေရီကို မချစ်နိုင်တော့။ သူ ချစ်ခဲ့သည်မှာ ဖြစ်မျိုး မှုမထင်သော၊ သူ ချောကလက် ဝယ်ကျွေးခဲ့ဖူးသော မိန်းမချောကလေး မေရီသာ ဖြစ်သည်။

ရှီလီက မေရီအား ရိုက်ခဲ့သည်မှာ ရမ္မက်ကြောင့် ဖြစ်ပေါ်လာသော ဝန်တိုစိတ်ကြောင့်ပင် ဖြစ်သည်။ ယင်းအချက်ကို မေရီက ယခုမှပင် ထူးထူးဆန်းဆန်း သတိရမိသည်။

သူက ရှီလီအား သံသယအပြုံးဖြင့် ကြည့်လိုက်သည်။ မျက်လုံးနှစ်စုံ ဆုံတွေ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မင်းကို ငါ အခု စိတ်မဆိုးတော့ပါဘူး၊ မင်းမှာ ပြဿနာ ကြုံနေတုန်း ငါ့ကို လှမ်းခေါ်တာကို ငါ သဘောကျတယ်၊ နောက်ပိုင်း မင်းစိတ်ကို မင်း ထိန်းပြီး ပိပိရိရိ လုပ်သွားပုံတွေကိုလဲ ငါ သဘောကျ တယ်၊ တကယ်တော့ မင်းက တော်တော် တော်တဲ့ မိန်းကလေး တယောက်ပဲ၊ ပြီးတော့ မင်းမှာ ရက်ရော တဲ့ နှလုံးသားလဲ ရှိတယ်၊ အမှန်အတိုင်း ပြောရရင် မင်းလို မိန်းမမျိုး ငါ တယောက်မှ မတွေ့ဖူးသေးဘူး၊ မင်းကို ငါ အရူးအမူး ချစ်မိနေပြီ မေရီ'

'ယောကျ်ားတွေဟာ သိပ်ပြီး ထူးဆန်းတာပဲနော်' မေရီက သက်ပြင်းတချက် ချယင်း ပြောသည်။ 'ဆာ အင်္ဂါနဲ့ ရှင်တို့ နှစ်ယောက်စလုံးက အရေးမကြီးတဲ့ ကိစ္စကိုပဲ အရေးထားနေကြတယ်၊ တကယ့် အရေးကြီး တဲ့ ကိစ္စ၊ ကျွန်မရဲ့ အသည်းနှလုံးကို ရစ်ပတ်ထားတဲ့ ကိစ္စကတော့ ကျွန်မ အပြစ်ကြောင့် သေဆုံးသွားတဲ့ ကောင်လေးပါပဲ၊ သူ့ခမျာ မြေတောင် မမြှုပ်ရပဲ ဟင်းလင်းပြင်ကြီးထဲမှာ ခွေးသေ ငက်သေ ငင်ထားခံ နေရရှာတယ်'

'အဲဒါ သူ့ရဲ့ သချိုင်းပဲပေါ့၊ သူ့ အကြောင်းတွေး ပြီး စိတ်ဆင်းရဲခံ မနေပါနဲ့တော့၊ မင်း တွေးပူနေလို့လဲ သူ့ အသက် ပြန်ရှင် မလာနိုင်တော့ပါဘူး၊ ဒီကောင် လေးဟာ အညာတြကလေးပါ၊ မင်းအတွက် ဘာမှ



အဓိပ္ပာယ် မရှိပါဘူး၊ လမ်းမှာ ပြန်တွေ့တောင်မှ မင်းက မှတ်မိမယ့် လူစားမျိုး မဟုတ်ပါဘူး၊ မင်းရဲ့ စိတ်ကို ရှင်းရှင်း ကလေး ထားစမ်းပါ၊ အဲဒါ ဒေါက်တာ ဆင်မြူရယ် ဂျွန်ဆင် ပြောတဲ့စကား၊ သိပ် ကောင်းတဲ့ ဩဝါဒပဲ'

မေရီက ရိုလီအား မျက်လုံးအဝိုင်းသားနှင့် ကြည့် လိုက်သည်။

'ရှင်က ဒေါက်တာဂျွန်ဆင် အကြောင်း ဘယ် လောက် သိလို့လဲ'

'ငါ ပေပေတေတေ နေခဲ့တုန်းက အားလပ်ချိန်မှာ စာ သိပ်ဖတ်ခဲ့တယ်၊ ဂျွန်ဆင်ကြီးဟာ ငါ အကြိုက်ဆုံး စာရေးဆရာပဲ၊ သူ့မှာ ဘုံဉာဏ် ရှိတယ်၊ လူ့သဘာဝ ကိုလဲ ကောင်းကောင်း နားလည်တယ်'

'ရှင်ကတော့ တကယ့် အံ့ဩစရာ ကောင်းတဲ့ လူ တယောက်ပဲ ရိုလီ၊ ကျွန်မက ရှင့်ကို အားကစား သတင်းက လွဲပြီး ဘာစာမှ မဖတ်တဲ့ လူတယောက်လို့ ထင်ခဲ့မိတာ'

'ငါက ကောင်းတာ ကလေးတွေ အားလုံး မှန် ဗီရိုထဲ ထုတ်ပြတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး' သူက ပြုံးပြီး ပြောသည်။ 'ငါနဲ့ လက်ထပ်ယင် စိတ် မချမ်းသာ ဖြစ်ရလိမ့်မယ်လို့ မင်းက ထင်နေတယ်၊ ငါကတော့ အဲဒီလို မထင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဟာ သာမန် အဆင့်လောက်တောင် သစ္စာ ရှိနိုင်လိမ့်မယ်လို့ ကျွန်မ ဘယ်လိုလုပ်ပြီး ယုံကြည်နိုင်ပါ့မလဲ' မေရီက ပြောင်ချော်ချော်ကလေး ပြောလိုက်သည်။

'ဒါကတော့ မင်းက အဓိကပါပဲ၊ မိန်းမတယောက် အဖို့ အလုပ်ရှိမှ ဖြစ်မယ်လို့ သူတို့ ပြောလေ့ရှိကြတယ်၊ မင်းနဲ့ အသင့်တော်ဆုံး အလုပ်ကတော့ ကင်ညာနိုင်ငံမှာပဲ ရှိတယ်'

မေရီက ရှိလီ့ မျက်နှာကိုကြည့်ကာ စဉ်းစားနေသည်။ ပြီးတော့မှ....

'ရှင်က ဒုက္ခမရှိ ဒုက္ခရှာပြီး ကျွန်မကို ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ ဟင်၊ ရှင်ပြောသလို ရှင်က ကျွန်မကို တကယ်ချစ်ယင် ကျွန်မတို့ နှစ်ယောက် ခရီးထွက်ကြရအောင်လေ၊ ကားမောင်းပြီး ပရိုဗင့်နယ်တခွင်ကို လျှောက်လည်ကြမယ်'

'မင်းအကြံ သိပ်မဆိုးဘူး၊ သို့သော် သိပ်မကောင်းဘူး'

'မိန်းမအလိုကို မလိုက်တဲ့ ယောကျ်ားတယောက်နဲ့ စာယင် မိတ်ဆွေကောင်းတယောက်အဖြစ် နေရတာက ပိုမကောင်းဘူးလား'

'အမျိုးကောင်းသမီး တယောက်အနေနဲ့ ပြောသင့် ပြောထိုက်တဲ့ စကားပါပဲ'



'ကျွန်မက အမျိုးကောင်းသမီးတယောက် မဟုတ် ပါဘူး၊ ကျွန်မကို အပေါ်ယံ ဟန်ဆောင် မြောက်လုံး ပင့်လုံးတွေနဲ့ စည်းရုံးလို့ မရဘူးဆိုတာ ရှင် မစဉ်းစား မိဖူးလား'

'မဟုတ်ပါဘူး၊ မင်းကို ငါမြှောက်နေတာ မဟုတ် ပါဘူး၊ မင်းအနေနဲ့ ဒီလောက်တောင် ကိုယ့်ကိုယ်ကိုယ် အထင်သေးပြီး အားငယ်နေယင် ငါက မင်းတလတိတိ မမေ့နိုင်တဲ့ စကားနဲ့ မြှောက်တတ်ပါတယ်၊ အခု ငါ ပြောနေတာက အိမ်ထောင်ရေးကိစ္စပါ၊ ဒီကိစ္စ အပြင် ငါ ဘာကိုမှ စိတ်မဝင်စားဘူး၊ မင်းကို ငါ ရာသက်ပန် ရွယ်ကိုးပြီး ချစ်ခွင့်ပန်နေတာပါ အချစ်ရယ်'

'ဒါပေမယ့် ကျွန်မက ရှင့်ကိုမှ မချစ်တာ'

'တနေ့ညက မင်းကို ငါပြောခဲ့ပြီးပြီပဲ၊ မင်း နည်း နည်းကလေး ပြန်စဉ်းစားယင် ငါ့ကို ချစ်လာမှာပါ'

မေရီက ရှိလီကို သံသယစိတ်ဖြင့် တော်တော်ကြာ ကြာ စိုက်ကြည့်နေသည်။ ထို့နောက်တော့ မေရီ၏ ချစ်စရာ မျက်လုံးအစုံတွင် ရှက်ပြုံးကလေးများ ရုတ် တရက် ရစ်ဝဲလာကြသည်။

'ရှင်ပြောတာ မှန်ပါ့မလားလို့ ကျွန်မတွေးကြည့် မိတယ်' သူက တိုးတိုးပြောသည်။ 'ဟိုနေ့ညက ဟို အရက်မူးသမားတွေ ကားနဲ့ ဖြတ်သွားတုန်းမှာ ရှင်က ကျွန်မကို ကားထဲမှာ ဖက်ထားတော့ ကျွန်မ ကြောက် လိုက်တာ မပြောပါနဲ့တော့၊ ချက်ချင်း အသက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မတတ်ပဲ၊ ရှင်က ကျွန်မကို နှုတ်ခမ်းချင်း ဖိပြီး နမ်းစုပ်တော့ ကျွန်မ လုံးဝမသာယာမိတာတော့ အမှန်ပဲ'

ရိုလီက လည်ချောင်းသံကြီးနှင့် တခစ်ခစ် ရယ်လိုက်သည်။ ပြီးတော့ ထိုင်နေရာမှ ရုတ်တရက် ခုန်ထကာ မေရီ့ တကိုယ်လုံးကို သိုင်းကြုံး ပွေ့ဖက်လိုက်သည်။

ထို့နောက် မေရီ၏ နီတျာတျာ နှုတ်ခမ်းလွှာကို ရမ္မက်ပြင်းစွာ စုပ်နမ်းနေယင်းမှ....

'ကဲ....အဲဒီတော့ အခု ဘာလုပ်ကြမလဲ'

'ဘာလုပ်ကြမလဲ ဟုတ်လား၊ ရှင်က ကျွန်မနဲ့ လက်ထပ်ပါရစေလို့ အတင်း ပူဆာ နေတော့....၊ ဒါပေမယ့် ကျွန်မတို့ လုပ်ရမယ့် အလုပ်က တကယ့် စွန့်စားခန်းကြီးပါလား မောင်ရယ်'

'ဒါပေါ့ အချစ်ရယ်၊ တကယ်တော့ ဘဝဆိုတာ စွန့်စားခြင်းပါပဲကွယ်'

မောင်ပေါ်ထွန်း။

ဧပြီလ ၁၇၊ ၁၉၈၅
နှစ်ဆန်းတရက်နေ့။

ဝတ္ထုတိုရေးနည်း အတတ်ပညာကို
တစေ့တစောင်း လေ့လာဆည်းပူး လိုသူများ အတွက်
ကမ္ဘာကျော် စာရေးဆရာကြီး ဆမ်းမားဆက်မွမ်၏
ဝတ္ထုတိုများစွာ အနက်မှ
လက်ရွေးစင်ဝတ္ထုတို ဆယ့်နှစ်ပုဒ်ကို
ရွေးချယ်ပြန်ဆိုထားသည့် စာအုပ်

ကျော်အောင်

ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ

* ဆမ်းမားဆက်မွမ်၏ အမှာ
* ကျော်အောင်၏ ဆမ်းမားဆက်မွမ် နိဒါန်း
* ဝတ္ထုတိုဆိုသည်မှာ.... ....စာတမ်းတိုနှင့် အတူ

မကြာမီ ထွက်တော့မည်
အမှာစာ မရသေးသူများ စာရေး ဆက်သွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

* သံတမန်တို့၏ လုပ်ငန်းဆောင်တာများ

* သံတမန်တို့၏ လုပ်ထုံးလုပ်နည်းများ

* သံတမန်တို့၏ နည်းပရိယာယ်များ

* သံတမန်တို့၏.... .... ....

မန်းတင်

သံကြီးတမန်ကြီး

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်၏
အထူးအာဏာကုန် လွှဲအပ်ခြင်း ခံရသော
ပါကစ္စတန် နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီးနှင့်
အီရန်နိုင်ငံဆိုင်ရာ
မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲ၍
သုံးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့စဉ်က
မြင်ရသမျှ၊ ကြားရသမျှ၊ ကြုံရသမျှတို့ကို
ရိုးရိုးရှင်းရှင်း ပြန်လည်တင်ပြထားသည့်
ရှားပါးသော သုတရသစာအုပ်

* မကြာမီ ထွက်တော့မည် *

* တီကျူမှန်ကန်သော အထောက်အထား
အချက်အလက်များ

* သမိုင်းဝင် စာရွက်စာတမ်းများ

* ရှားပါးသော ခေတ်ပုံများနှင့် အတူ

ဒုတိယမှူးကြီး သောင်းထိုက် (အငြိမ်းစား)

ဂျပန်ခေတ်စစ်တက္ကသိုလ်နှင့်

ဗြိတိန် ဆင်းဟတ်စ် ဘုရင့်စစ်တက္ကသိုလ်

စစ်တက္ကသိုလ် နှစ်ခုတွင် စာရေးသူ ကျောင်းသား
ဘဝဖြင့် တက်ရောက်ခဲ့စဉ်က ကြုံတွေ့ရသမျှ အတွေ့
အကြုံတို့ကို ပြန်လည် တင်ပြထားသည်။

မကြာမီ ထွက်တော့မည်
အမှာစာမရသေးသူများ စာရေး ဆက်သွယ်ပါ။

BURMESE CLASSIC
www.burmeseclassic.com